www.burmeseclassic.com


SYNERGY Publication

ရင်မိုး (ဆေးတက္ကသိုလ်)

# ၂၀၁၂ အချစ်ပုံပြင်




BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို မိုခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ရှင်မိုး (ဆေးတက္ကသိုလ်)

## ၂၀၁၂ အချစ်ပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

Synergy Publications
အမှတ်(၉၄)၊ ၃-လွှာ၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၅၄၁၂၇၊ ၀၁၀-၃၀၀၁၃၃၂။

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် (၂၀၁၂ ဒီဇင်ဘာ)။ |
| အုပ်ရေ | ၅၁၀ |
| မျက်နှာဖုံး | ဖေယျာဝင်းထက် |
| ကွန်ပျူတာစာစီ | Syncrgy |
| ထုတ်ဝေသူ | ဦးသုတ (ယ ၁၆၂၁)<br>Synergy Publication<br>အမှတ်(၉၄)၊ ၃-လွှာ၊ (၃၉)လမ်း၊ ကျောက်တံတား။ |
| အဖုံး/အတွင်းပုံနှိပ် | ဒေါ်နွဲ့နွဲ့ရီ (မြဲ ၀၉၈၇၀)<br>ရွှေရောင်လင်းပုံနှိပ်တိုက်<br>အမှတ် (၄၂၃)၊ အောက်ပုဇွန်တောင်လမ်း၊<br>(၁)ရပ်ကွက်၊ ပုဇွန်တောင်။ |
| တာအုပ်ချုပ် | မေသူဝင်း |
| တန်ဖိုး | ၁၆၀၀ |

ရှင်မိုး(ဆေးတက္ကသိုလ်)
၂၀၁၂ အချစ်ပုံပြင် / ရှင်မိုး(ဆေးတက္ကသိုလ်)။ - ရန်ကုန်၊
ဦးသုတ၊ Syncrgy Publication၊ ၂၀၁၂။
၂၃၇-စာ၊ ၁၂ စင်တီမီတာ၊ ၁၈.၃ စင်တီမီတာ။
(၁) ၂၀၁၂ အချစ်ပုံပြင်

## အဲဒီနေ့က....

မိုးကောင်းကင်ဟာ တော်တော့်ကို အုံ့မှိုင်းနေတယ်။ မိုးက အခုပဲ ရွာချတော့မလိုလိုနဲ့။ နေရောင်ခြည်ဟာ ထူထပ်တဲ့ တိမ်စိုင်တိမ်ခဲတွေကို ဘယ်လိုမှ ထိုးမဖောက်နိုင်အောင် အလင်းရောင်မပေးနိုင်တာမို့ နေ့ခင်း ဘက်ကြီးပေးမယ့်လည်း ညနေစောင်းလိုပဲ လောကတစ်ခုလုံးဟာ မှောင်မှုဖြစ်နေတာပေါ့။ မုန်တိုင်းအထူးသတင်း ကြေညာချက်ကလည်း ရှိနေ တယ်။ သုံးရက်ဆက်တိုက် (သို့မဟုတ်) ငါးရက်ဆက်တိုက်လောက်ထိ တောင် မိုးဆက်လက်ရွာသွန်းပါမည်။ ရွာရန်ရာခိုင်နှုန်း အပြည့်ရှိပါသည် တဲ့လေ။ မုတ်သုံရာသီဝင်ခါစဆိုတော့ မုတ်သုံမိုးနဲ့အတူ မုန်တိုင်းမိုးကပါ ထိုက်ရွာမယ်ဆိုတော့ မိုးကောင်းကင်ဟာ ဘယ်လိုများ ကင်းနိုင်ပါတော့ မလဲ။

ဒီလို မိုးရွာပြီဆိုရင် လူတော်တော်များများကတော့ မကြိုက်ကြ။ အပြင်မထွက်ဘဲ အိမ်ထဲမှာနေလို့ရရင် နေကြမယ့်သူတွေချည်း ဖြစ်လိမ့်...



www.burmeseclassic.com

www.burmeseclassic.com



ညြ။ မဟာတ်သာလို့သာ ဝတ္ထုရေးအရ ကျောင်းသွား၊ ရုံးသွားဖို့ အပြင်ထွက်ကြရပေမယ့် အကြောင်းပြချက်ကောင်းကောင်းတစ်ခုနဲ့ ခွင့်ပြုချက်ရရင်တော့ဖြင့် အိမ်ထဲမှာနေချင်ကြတဲ့သူချည်း ဖြစ်ပါသည်။

သို့သော် ခင်ပြည့်သူကတော့ ဒီလိုမဟုတ်။ မိုးရွာလျှင် အင်မတန်မှ လမ်းများချင်လျှက် မိုးရွာထဲ ထီးတစ်ချောင်းနှင့် လမ်းလျှောက်လိုသူဖြစ်သည်၊

"လမ်းလျှောက်တာလည်း ကြည့်ကျက်လျှောက်ဦး၊ မိုးရွာလို့ လမ်းရေလျှံနေရင် မြောင်းပေါက်တွေကမြင်ရတာမဟုတ်ဘူး၊ မြောင်းပေါက်ထဲ ကျွံကျမှ ကျော်မကောင်း၊ ကြားမကောင်း ဖြစ်နေမယ်"

ဟု အိမ်ကလူကြီးတွေ မသွားစေချင်ဟန်ဖြင့် ဘယ်လောက်သတိပေးပေး ခင်ပြည့်သူ ဂရုမစိုက်ချေ။

ထီးတစ်ချောင်းကားပေါ်တင်ပြီး အပြင်ထွက်လာလေသည်။ မိုးက ခပ်ဖွဲဖွဲလေး စပြီးရွာလာသည်။ လူစည်ကားသော လမ်းမကျယ်ကြီးတစ်ခု အရောက်မှာ စိတ်ဆုံးဖြတ်လိုက်ပြီး ကားကို ပါကင် ဝင်ရပ်လိုက်သည်။ ရောင်စုံထီးကြား အကြီးကြီးကို ခလုတ်နှိပ်ဖွင့်ဆောင်းရင်း ခင်ပြည့်သူသည် မိုးရေထဲ ဇိမ်ခံလမ်းလျှောက်လာလိုက်ပါသည်။

ခြေထောက်တွေ ရေမစိုအောင် လည်ရှည်လည်သာဘုတ်ကို ဝတ်ထားသောကြောင့် ရေအိုင်တွေထဲ ဘယ်လောက်ပဲ ဖြတ်ပြီးနင်းပါစေ၊ ရေမစိုပါ။ ပြီးတော့ ထီးကလည်း လူတစ်ကိုယ်စာမကလုံသော ထီးအကြီးကြီးမို့ လူကို ရေစိုဖို့ မလွယ်ပါ။ မိုးကလည်း သိပ်သဲသဲမဲမဲရွာတာမျိုး မဟုတ်ဘဲ ခပ်ဖွဲဖွဲ (သို့သော်) အဆောင်းအကာမပါဘဲ လျှောက်ရင်တော့ တော်တော်လေးစိုနိုင်သော ပုံစံမျိုးဖြစ်ပါသည်။





မိုးထဲထီးဆောင်းလျှောက်ရင်း ဆိုင်တွေ ဟိုငေးဒီငေးလုပ်ရင်း ကော်ဖီပူပူလေး သောက်ချင်လာသဖြင့် ဆိုင်ရှာကြည့်မိသည်။ Coffee & Bakery (ကော်ဖီ အင်န်ဘေကာရီ) ဟု အမည်တပ်ထားသော ဆိုင်လေးတစ်ဆိုင်တွေ့တော့ စိတ်ဝင်စားသွားပါသည်။

ဆိုင်ထဲဝင်လိုက်ပြီးလျှင် ကောင်တာမှာရပ်ပြီး သောက်ချင်သော ကော်ဖီပူပူတစ်ခွက်ရယ်၊ Blueberry Muffin (ဘလူးဘယ်ရီမက်ဖင်း)ဟု ခေါ်သော အပြာရောင်ဘယ်ရီသီးလေးတွေပါသည့် ကိတ်မုန့်လုံးလေးတစ်ခုရယ်ကို မှာလိုက်သည်။ ဗန်းထဲထည့်သယ်လာပြီး ထိုင်စရာနေရာရှာတော့မှ ဒုက္ခရောက်တော့သည်။ ထိုင်စရာနေရာလုံးဝမရှိချေ။ စားပွဲဝိုင်းလေးတွေက လေးယောက်ဝိုင်း၊ နှစ်ယောက်ဝိုင်းပုံစံလေးတွေဖြစ်ရာ ဘယ်နေရာကြည့်လိုက်ကြည့်လိုက်၊ သူ့နေရာနဲ့သူ ပြည့်နေတော့သည်။

ဟော . . . တစ်နေရာတွေ့ပြီ။ ဒါပေမယ့် အဲဒီ့ထောင့်စားပွဲဝိုင်းလေးက လူနှစ်ယောက်စာဝိုင်းဖြစ်ကာ လုံးဝကြီးလွတ်နေတာတော့မဟုတ်။ လူတစ်ယောက် ထိုင်နေသည်။ ထိုသူက ဆိုင်အတွင်းကို ကျောခိုင်းထားပြီး ထိုင်နေသည်၊ ခေါင်းစွပ်လည်သာမိုးကာအင်္ကျီအနက်ကို ဝတ်ထားပြီး ဆိုင်ထဲမှာ ထိုင်နေတာတောင် ခေါင်းစွပ်ကြီးမချွတ်ဘဲ ဝတ်ထားဆဲဖြစ်သည်။ ကျောခိုင်းပြီး ခေါင်းစွပ်စွပ်လျက် ခေါင်းကို ခပ်ငုံ့ငုံ့နေနေပေမယ့် သူဟာ ခေါင်းစွပ်အကွယ်မှတစ်ဆင့် ဘေးပတ်ဝန်းကျင်ကို လေ့လာနေသောပုံစံမျိုးဟု၍ ခင်ပြည့်သူ အလိုလိုသတိထားမိသည်၊

သောက်စရာလည်း ဝယ်ပြီးနေပြီ။ စားစရာမုန့်တစ်ခုလည်း ပါနေပြီ။ ဗန်းကြီးတစ်ဗန်းကိုင်ပြီး ဆိုင်ထဲ ဟိုကြည့်၊ ဒီကြည့်လုပ် နေရာရှာရတာဟာ အတော်တော့ ကသိကအောက်နိုင်ကာ ရှက်စရာလည်း ကောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခင်ပြည့်သူလို စတိုင်လ်လှလှပုံစံလေးနဲ့ ချစ်စရာရုပ်ရည်ရှိသူလေး ဆိုရင်တော့ ပြောမနေနဲ့၊ သတိထားပြီး လိုက်ကြည့်နေကြတာမို့ ခြေလှမ်းတောင် မှားနိုင်သည်။ ဒါတောင် ထီးက လက်ကိုင်ရိုးတွင် ထီးရိုးကောက်ကောက်ကြီးပါသဖြင့် လက်တံတောင်မှာ ချိတ်ထားလို့ရတာမို့ လက်က ကိုင်စရာမလို။ နောက်မို့ ထီးအကြီးကြီးတစ်ချောင်းရယ်၊ ဗန်းတစ်ဗန်းရယ်၊ စလွယ်သိုင်းပြီး ဖြစ်သလိုလွယ်လိုက်ရတဲ့ သားရေပိုက်ဆံအိတ် အသေးလေးရယ်နဲ့ ခင်ပြည့်သူ ဘယ်လိုများ စခန်းသွားရမည်မသိ။

"ကျွတ်…ဒီလိုလူပြည့်နေမှန်းသိရင် ဒီဆိုင်ကို ဝင်မလာပါဘူး"

ကိုယ့်ဘာသာ ခပ်တိုးတိုးတစ်ယောက်တည်း ရေရွတ်၊ နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး ခေါင်းစွပ်ဝတ်၊ ကျောနိုင်းထိုင်နေသူထံသာ ချဉ်းကပ်သွားလိုက်ပါသည်။

"တစ်နေရာလွတ်နေတာလားဟင်"

ခေါင်းစွပ်ကိုမျက်နှာတစ်ဝက်နီးပါးအုပ်အောင်စွပ်ချထားတဲ့သူက ခေါင်းမော့မလာဘဲ အသာခေါင်းညိတ်ပြသည်။

"ဒါဆို…ကျွန်မ…ထိုင်မယ်နော်"

အသိပေးသလိုပြောလိုက်ပြီး ထိုသူနဲ့ မျက်နှာချင်းဆိုင်လိုလိုမှာ ချထားသော ခုံကို ဆွဲထိုင်လိုက်ပါသည်။ ထိုသူ့ဗန်းထဲတွင် ဘာစားစရာမှ မရှိ။ မေ့စ်ရှိတ်တစ်ခွက်သာ ရှေ့မှာချထားပါသည်။ သောက်လက်စ မေ့စ်ရှိတ်ဖန်ခွက်မှာ ရေခဲငွေ့တွေသီးနေသည်၊ မိုးရွာပြီး အေးနေတာတောင် ရေခဲငွေ့သီးနေတဲ့အအေးကို သောက်နေသူအနားမှာ ထိုင်လိုက်လျှင်ထိုင်လိုက်ခြင်း ခင်ပြည့်သူ့စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားပါသည်။ အေးစက်သောအငွေ့တစ်ခုခုကို ခံစားလိုက်ရသလိုလိုဖြစ်ပေမယ့် ထိုအေးစက်မှုဟာ ပြင်ပ





ခန္ဓာကိုယ်အပြောင်းအလဲတစ်လျှောက်မှာ ခံစားရတာမဟုတ်ဘဲ ရိုးတွင်းချဉ်ဆီဘက်နေရာရာကလိုလို အေးစက်သွားတာကို ခံစားလိုက်ရတာမျိုးဖြစ်သည်။

ခင်ပြည့်သူမှာ အအေးဓာတ်ပျောက်အောင် ကော်ဖီပူပူကို မြန်မြန်သောက်လိုက်ပါသည်။ ကော်ဖီပူပူလေး လည်ချောင်းထဲ စီးဝင်သွားမှ နည်းနည်းသက်သာသလို ဖြစ်သွားသည်။ ကိတ်မုန့်လေးကို တစ်ကိုက်ယူကိုက်စဉ် ခင်ပြည့်သူ သတိထားမိတာက တစ်ဝိုင်းထဲအတူထိုင်နေသောရှေ့ကလူရဲ့လက်ချောင်းတွေပင်။ လည်သာမိုးကာအနက်လက်ရှည်ကို ဝတ်ထားတာမို့ အကျီလွတ်နေသော လက်ဖဝါး၊ လက်ဖမိုးနဲ့ လက်ချောင်းတွေကိုသာ မြင်ရသည်။ သို့သော် ထိုလက်ဖဝါးနဲ့ လက်ဖမိုးတွေဟာ တော်တော့်ကို ဖြူဆွတ်နေပုံမှာ သာမန်အသားဖြူပုံနဲ့တောင် မတူဟု ထင်မိသည်။ ဒီအပြင် အသားဒီလောက်ဖြူနေတာတောင် လက်ပေါ်က သွေးကြောစိမ်းစိမ်းလေးတွေ၊ လက်သည်းခွံ ပန်းရောင်သမ်းနေတာတွေ ပေါ်မနေဘဲ လက်က အဖြူပြင်ကြီးလို ဖြစ်နေခြင်းပင်။ ဘယ်လိုလက်ကြီးပါလိမ့်။ ဖြူဖျော့ဖျော့နဲ့ အဖြူရောင်များနေတဲ့ အသားအရေပိုင်တဲ့သူ၊ ဘယ်လိုလူများပါလိမ့်။ သူ့အသားအရေပုံစံဟာ နေရောင်တောင် ထိဖူးပုံမပေါ်တဲ့ပုံစံမျိုး။

ခင်ပြည့်သူ လက်တွေကိုသာ အာရုံစိုက်နေရာမှ စပ်စုချင်စိတ်လွန်ကဲလာပြီး ထိုသူ့မျက်နှာကိုပါ အကဲခတ်ဖို့မသိမသာ မျက်လုံးလှန်ကြည့်လိုက်ပါသည်။

"အို…"

ဟု စိတ်ထဲမှာ ယောင်ယမ်းလန့်အော်မိမလို ဖြစ်သွားပါသည်။ ဘာကြောင့်လဲဆိုတော့ ခေါင်းငုံ့နေရာမှ ခင်ပြည့်သူကို မျက်လုံးလှန်စိုက်ကြည့်နေသော ခေါင်းစွပ်တစ်ဝက်တစ်ပျက် ကွယ်နေသည့် မီးခိုးရောင်ရင့်ရင့်

www.burmeseclassic.com



မျက်ဝန်းတစ်စုံကို ဆုံလိုက်ရ၍ပင်။ သူ့မျက်လုံးတွေ ဆုံလိုက်ရစဉ်မှာ အသည်းနှလုံးထဲတွင် စိမ့်ခဲအေးစက်သွားသလို ခံစားလိုက်ရသည်။ မီးခိုးရောင်ရင့်ရင့်ပေမယ့် အတွင်းမျက်ဆန်ကတော့ ပြာသလို၊ နက်သလိုလို သိသိသာသာ ပေါ်လွင်နေတာလည်း သတိပြုမိပေမယ့် ညှို့ငင်မှုတစ်မျိုး ပါသလိုလို၊ အေးခဲမှုတစ်ခု ပါသလိုလို၊ ဘာမှန်းမသိတဲ့ ခံစားမှုကိုပေးသော မျက်လုံးတစ်စုံကို ကြည့်လည်းကြည့်ချင်။ ကြည့်မိရင် တစ်ခုခုများ ဖြစ်သွားနိုင်မလားဆိုသောစိုးရွံ့ထိတ်လန့်စိတ်လည်းဖြစ်နင့်လှုကတုန်ရီချောက်ချား လာသည်။

အခုလောလောဆယ်မှာတော့ ခင်ပြည့်သူ့ကသာလျှင် ကိုယ့်မျက်လုံးတွေ ထိုသူမမြင်အောင် ဖုံးကွယ်ခေါင်းငုံ့ထားရသူဖြစ်လျှက် ထိုသူကတော့ ခေါင်းခပ်ငုံ့ငုံ့နှင့် ခေါင်းစွပ် Hoodie (ဟူဒီး)မျက်နှာတစ်ဝက်နီးပါး စွပ်ချထားတာတောင် ခင်ပြည့်သူ့ကို မျက်လုံးလှန်စိုက်ကြည့်နေသူအဖြစ် အခြေအနေ ပြောင်းသွားပါသည်။

နောက်ဆုံးတော့ ခင်ပြည့်သူ ဆက်ထိုင်မနေရဲတော့ဘဲ ကော်ဖီမကုန်ခင်၊ မုန့်လည်း မကုန်ခင်၊ ထပြန်တော့မလို့ စဉ်းစားနေလျှင် ...

"မသွားပါနဲ့၊ ငါ သွားတော့မှာပါ"

ဟူသော ထိုသူ့အသံ ရုတ်တရက် ထွက်လာသည်။ သူ ခပ်တိုးတိုး ခေါင်းငုံ့ပြောတတ်ပေမယ့် စကားသံမှာ ခင်ပြည့်သူ့အနီးကို ကပ်လာပြီး နားရွက်နားတိုးကပ်ပြောလိုက် သကဲ့သို့ ခံစားလိုက်ရလေသည်။ ဘုရားရေ ... သူ ငါ့ဒီလိုစိတ်ကူးနေတာ ဘယ်လိုလုပ်သိလဲ။ သူဟာ စိတ်အာရုံကို ဖတ်နိုင်စွမ်းရှိသူလား ... ဘာပါလိမ့်။





"ဒါပေမယ့် စိတ်ချထားလိုက်တော့၊ မင်း သွားလေရာ နေရာတိုင်းမှာ ငါ့ကို အမြဲတွေ့ရဖို့ ရှိတယ်၊ အခုလို မိုးအုံ့ပြီး နေမထွက်တဲ့နေ့တွေမှာပေါ့"

ခင်ပြည့်သူ ငြိမ်နားထောင်မနေနိုင်တော့ဘဲ လည်ချောင်းထဲမှ အသံကို ကြိုးစားညှစ်ထုတ်လိုက်ရသော အသံမျိုးဖြင့် ...

"ရှင် ... ရှင် ... ဘာတွေပြောနေတာလဲ၊ ဘယ်သူလဲ၊ ကျွန်မကို သိလို့လား" ပြန်မေးလိုက်မိသည်။

"မင်း ... ငါ့ကို ရွေးချယ်ပြီး ငါ့အနားမှာ လာထိုင်လိုက်တာဟာ တော်တော်မှားသွားတယ်၊ ဘာကြောင့်လဲဆိုတော့ မင်းကိုလည်း ငါက ရွေးချယ်လိုက်မိပြီ"

အသံက နီးလာလိုက် ဝေးလာလိုက်လို ဖြစ်သွားကာ ပဲ့တင်သံလို ဖြစ်သွားသဖြင့် ခင်ပြည့်သူ ခေါင်းကို ငုံ့ထားရာမှ ထိုသူ့ကို အကဲခတ်လေ့လာချင်လာပြန်သဖြင့် ခေါင်းပြန်မော့ကြည့်လိုက်ပါသည်။

"ဟင် ... ဟယ်"

ခင်ပြည့်သူ အံ့အားသင့်စွာ ရေရွတ်မိ၏။ ခေါင်းငုံ့ပြီး မျက်လွှာချထားမိသဖြင့် ထိုသူရှိနေသေးသည်ဟု ထင်ခဲ့သလို၊ ခင်ပြည့်သူ့အနီး တစ်ဝိုက်မှာလည်း ထိုသူ ထိုင်နေဆဲရှိသေးကြောင်း၊ အလိုလိုသိနေတာ သေချာပါလျှက် ခင်ပြည့်သူ တကယ်ပဲ ခေါင်းမော့ရင်ဆိုင်ကြည့်လိုက်သော အခါ တစ်ဝိုင်းထဲထိုင်နေခဲ့သော မျက်နှာချင်းဆိုင်ခုံမှလူဟာ လုံးဝရှိမနေ တော့ပါ။

ရေခဲငွေ့တွေ သီးနေဆဲဖြစ်သော မှန်ရိုက်တစ်ဝက်တစ်ပျက်ကို သာ တွေ့ရသည့် ထိုင်ခုံနေရာအား ကြောင်ပြီးငေးစိုက်ကြည့်နေမိပါသည်။

www.burmeseclassic.com



“ဘယ်လိုပါလိမ့် . . . ထူးဆန်းလိုက်တာ၊ အဲဒီလူဟာ မျက်လှည့်ပြတဲ့သူများလား၊ လှစ်ခနဲ ပျောက်သွားလိုက်တာ အသံတောင်မကြားလိုက်ရဘူး၊ ဒါပေမယ့် သေချာတယ်၊ ငါ့နားမှာ သူရှိနေတယ်လို့ကို ခံစားရတာ”

ခင်ပြည်သူ့ခေါင်းထဲ ပဟေဠိတွေဖြင့် စုပြုံနေသည်။ ဘဝမှာ တစ်ခါမှ မကြုံခဲ့ဖူးသော အသစ်အဆန်း၊ အတွေ့အကြုံနှင့် လူထူးလူဆန်းတစ်ယောက်ကို တွေ့ဆုံလိုက်ရသည့်နေ့အား ဘယ်တော့မှ မေ့တော့မည်မထင်။

အပြင်မှာတော့ မိုးက ပုံမှန်အတိုင်းလေး ဆက်လက်ရွာနေဆဲ။ မိုးသားတိမ်လိပ်တို့ကတော့ ကောင်းကင်ကို ဖုံးကွယ်ထားဆဲ။

* * *

# အပိုင်း(၁)

## (၁)

## (ခင်ပြည်သူ)

ခင်ပြည်သူ့ထံတွင် အမြဲတွဲနေကျသူငယ်ချင်းက သုံးယောက်ရှိလေသည်။ နှစ်ယောက်က သီရိခင်နှင့် ရူဘီ (Ruby)။ နောက်တစ်ယောက်ကတော့ ယောကျ်ားလေးပေမယ့် မိန်းမစိတ် နည်းနည်းပေါက်နေတာ မိန်းကလေးတွေနဲ့ပဲ အပေါင်းအသင်းလုပ်နေသူ၊ ယောကျ်ားလေးတွေနဲ့ ပေါင်း၍မရသူ၊မိန်းကလေးတွေအတင်းပြောရင်သူလည်းပြော၊မိန်းကလေးတွေ ဟိုမင်းသား၊ ဒီမင်းသား၊ ဟိုအဆိုတော်ကောင်လေး၊ ဟိုကိုရီးယားမင်းသားလေး ကြိုက်ရင် သူလည်း ကြိုက်ပြသူ၊ ကိုယ့်ကိုယ်ကိုယ် နူးပဲ ချောမွတ်နေအောင် ပြင်ဆင်နေတတ်ပေမယ့် တကယ်စစ်စစ်ကြီးခြောက်



www.burmeseclassic.com

www.burmeseclassic.com



နေသလိုမျိုး မိတ်ကပ်လိမ်း၊ နှုတ်ခမ်းနီဆိုး မိန်းမအဝတ်အစား ဝတ်တာမျိုး ထိလည်းမဟုတ်ပြန်ဘဲ ရုပ်အင်္ကျီလေးတွေ၊ တီရှပ်စပို့ရှပ်လေးတွေကို လှလှပပ၊ အရောင်အသွေးတွေပဲ ရွေးချယ်ကာ ခါးအပြင်မှာ ထုတ်ဝတ်ပြီး ပုဆိုး (ဒါမှမဟုတ်) ဂျင်းနဲ့တွဲဝတ်တတ်သူ၊ အောင်သစ်ဆိုသော မိန်းမလျာ ကောင်လေးဖြစ်ပါသည်။

သူတို့နဲ့တွေ့ကြသောအခါ ခင်ပြည်သူတစ်ယောက် ပြောပြစရာ အသစ်အဆန်းတစ်ခုဖြင့် စိတ်အားထက်သန်စွာပင်…

"ငါ…မနေ့ကအကြောင်း ပြောစရာရှိတယ်"

ဟု အရင်ဦးအောင် ကြိုပြောထားလိုက်သည်။ နောက်မို့ အဲဒီ သုံးယောက်နဲ့ ဆုံလို့ကတော့ သူတို့က အတော်ပင် ရေပက်မဝင်အောင် စကားပြောနိုင်သူတွေဖြစ်ရာ ခင်ပြည်သူပြောချင်တာတွေဟာ ပြီးအောင် မပြောလိုက်ရတာ များသည်။ အားလုံးထဲမှာ ခင်ပြည်သူက စကားအနည်း ဆုံးလိုဖြစ်နေပြီးထိုသုံးယောက်ကတော့စကားကိုပြိုင်လုပြောရလွန်းသဖြင့် တစ်ခါတစ်ရံ ထသတ်တော့မလိုတောင် ဖြစ်ကြရပေါင်းလည်း များပြီ။

ဒါကြောင့် ဒီတစ်ခါတော့ ကျောင်းရောက်ရောက်ချင်း သူတို့မှာ ပြောစရာခေါင်းစဉ်တစ်ခုမရခင် ကိုယ်က အရင်ဦးအောင် ကြိုစတင်ထား လိုက်ရတာဖြစ်ပါသည်။

ခင်ပြည်သူတို့သူငယ်ချင်းတစ်သိုက်က ဂျပန်ဘာသာဒီပလိုမာ တက်နေကြသူများဖြစ်သဖြင့် ကျောင်းဖွင့်ရက်တိုင်း ဆုံသလို၊ ကျောင်းပိတ် ရက်တွေမှာကျ ဖုန်းပြော၊ မက်ဆေ့ချ်ပို့၊ ဒါမှမဟုတ် Facebook (ဖေ့စ်ဘွတ်) မှာ ရေးချင်တာဝင်ရေးကြနဲ့ အဆက်အသွယ်ဘယ်တော့မှ ပြတ်တယ်ရယ် မရှိချေ။





"မနေ့က မိုးရွာလို့ နင် ကားတစ်စီးနဲ့ထွက်တယ်၊ ကားရပ်ပြီး မိုးရေ ထဲ လမ်းသလားတယ်၊ ဒါပဲမဟုတ်လား"

"အဲဒီလောက်ဆို ပြည်သူက ပြောစရာရှိတယ်လို့ စကားစပ့ါ မလား မောင်အောင်သစ်ရယ်၊ နည်းနည်းပါးပါး ဦးနှောက်လေးဘာလေး သုံးပါဦး"

"အေးလေ…ရွှေဘိရယ်၊ ဆုံးမလိုက်စမ်းပါ၊ မောင်အောင်သစ်တို့က ကျောင်းနှစ်ရက်ပိတ်လို့ မတွေ့ဖြစ်ရတာနဲ့ နည်းနည်းပြန်ချောင်သွားပြီ၊ ပြန်ကြပ်ပေးမှ"

"ကောင်မတွေ…ကျီးအာသလို ဝိုင်းအာမနေနဲ့၊ ငါ နင်တို့ကို ပြော တာမဟုတ်ဘူး၊ ပြည်သူ့ကိုပြောတာ"

"ပြည်သူက စကားတစ်ခွန်းကို ထွက်အောင် တုတ်ဆယ်ချက် လောက်ရိုက်ယူရတဲ့ပုံစံလေ၊ သူမှ ပြန်မပြောတာ၊ ငါတို့က သူ့အစား ဝင်ပြော ပေးရတာပေါ့"

ထုံးစံအတိုင်း ခင်ပြည်သူ ဝင်ပြော၊ ဝင်ငြင်းဖို့ အခွင့်မသာတော့ အောင်ပင်။ သုံးယောက်သား အငြင်းအခုံဖြစ်လို့ မဆုံးတော့။ ခင်ပြည်သူမှာ ဟိုလူ့မျက်နှာကြည့်လိုက်၊ ဒီလူ့မျက်နှာကြည့်လိုက်ဖြင့် ဘယ်အချိန် ဝင် ဖြတ်ပြောရမလဲဆိုတာ စောင့်ဆိုင်းနေရတော့လေသည်။

"တော်ကြပါ…ငါ ပြောရမှာလား၊ နင်တို့ငြင်းတာ နားထောင်ရင်းနဲ့ ငြိမ်နေရမှာလား"

တစ်စက္ကန့်လောက် ခဏစကားအဆက်ပြတ်သွားချိန်ကျမှ အမြန် ဆုံး ဝင်ပြောလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြော...ပြော...နင်ပြောပါ...နင်ပြောချင်လို့အရင်စတာပဲ"

"အေးလေ...အဲဒါကို ကောင်မတွေ နင်တို့ပဲ လျှာရှည်နေတာ"

"အံမာ... မောင်အောင်သစ်၊ ဘယ်သူအရင်လျှာရှည်လဲ၊ ကြည့် ပြောဦး၊ ပြည်သူက မနေ့ကအကြောင်း ပြောစရာရှိတယ်လို့ စကားစတာကို နင်ပဲမိုးရွာထဲထီးနဲ့လမ်းလျှောက်တာမဟုတ်လားတွေ၊ ဘာတွေကြို့ပြောပြီး လျှာရှည်တာလေ"

"မနေ့က ... ငါ လူတစ်ယောက်နဲ့ တစ်စားပွဲထဲထိုင်ပြီး ကော်ဖီ အတူသောက်လာတယ်"

နောက်ဆုံးတော့ ခင်ပြည်သူ ဆက်ငြိမ်မနေနိုင်တော့ဘဲ သူတို့ သုံးယောက်ရဲ့ ငြင်းခုံသံတွေကို ဖုံးသွားအောင် (ပြီးတော့) သူတို့လည်း စိတ်အဝင်စားနိုင်ဆုံးဖြစ်ကာ ငြိမ်သွားအောင် အော်ပြီး ပြောလိုက်ရတော့ လေသည်။

သုံးယောက်...ဟင်...ဟယ်...အို...ဟာတွေဖြစ်ကုန်လျက် ခင်ပြည်သူ့ကိုပြူးပြီးဝိုင်းစိုက်ကြည့်ကြလေရာအကြည့်ခံရသောခင်ပြည်သူ ရယ်ချင်လာပြီး တဟားဟားရယ်မိသည်။ ကြည့်ပုံတွေက အပြစ်ကျူးလွန် လာတဲ့ ရာဇဝတ်သားကို ဝိုင်းဝန်းစစ်ဆေးတော့မယ့် စုံထောက်တွေရဲ့ အကြည့်မျိုးနဲ့လေ။

"ဘာရယ်တာလဲ၊ ရစ်ကိုက..."

"မဟုတ်တာလုပ်လာတာကိုး"

"ဒါကြောင့်...ဒီအကြောင်းကို တသသပြောချင်နေတာ"

"ပြော...ပြောစမ်း။ ညည်း ဘယ်အကောင်နဲ့ ချိန်းတွေ့လာတာလဲ"





"အံမာ...မောင်အောင်သစ်ရယ်၊ မအေကြီးလေသံမျိုးနဲ့"

"ဟဲ့ . . . အဲဒီလေသံမပြောရင် ရမလား၊ နင်တို့သူငယ်ချင်းကိုပဲ ကြည့်ဦး၊ ဘယ်သူမှ ဒီအုပ်စုထဲမှာ ရည်းစားမရှိသေးဘူး၊ သူက အရင်စပြီး ဖောက်ချင်နေတာ"

"ကဲ . . . ကဲ . . . ငါတို့ ငြင်းနေတာတွေ ရပ်မှဖြစ်မယ်၊ တော်ကြာ ပြည်သူက သူပြောပြရမယ့်စကားတောင် သူပြန်မေ့သွားနိုင်တယ်"

"ဟုတ်တယ်၊ ပြည်သူက အူကြောင်ကြောင်ရယ်၊ တစ်ခါတလေ သူပြောနေတဲ့ အကြောင်းအရာတောင် အလယ်လောက်ရောက်လာရင် ပြောရင်းတန်းလန်းနဲ့ဘာကိုပြောနေမှန်းမသိအောင်မေ့ချင်မေ့သွားတာလေ"

"ဟင်းဟင်း . . . အကြောင်းသိရင်လည်း တိတ်တိတ်နေပါ မောင် အောင်သစ်ရယ်၊ သူများသားသမီးကိုများ မို့ရိုးမျှစ်ချိုးနဲ့"

သုံးယောက်သား ငြင်းခုံနေတာနဲ့တင် ခင်ပြည်သူ ပြောရမည့် အကြောင်းအရာဟာ အခုထိ အကောင်အထည်မပေါ်သေးသလို ဖြစ်နေ သည်။ ခင်ပြည်သူကလည်း စိတ်ရှည်ရှည်နဲ့သာ စောင့်နေလိုက်သည်။ ဘာ ကြောင့်လဲဆိုတော့ ဒီသုံးယောက်ဟာ သူတို့သိချင်တာရှိရင် မဖြစ်မနေ အစ ဖော်ပြီး ပြန်မေးကိုမေးလိမ့်မယ်ဆိုတာ အလိုလိုသိထား၍ပင်။

"ပြည်သူ...နင် ဘယ်သူနဲ့တွေ့တာလဲ၊ ပြောပါဦး၊ အံမယ်...တိတ် တိတ်လေးပြန်ငြိမ်နေတယ်"

"လာစပြီးရင် ဆုံးအောင်ပြောရမယ်လေ"

"နင်တို့ပဲစပ်ပိတ်ပြီး နားထောင်ပေးလိုက်ကြပါလား ကျိုးကန်းမတွေ"

အောင်သစ်က သူတို့ကို ကျီးကန်းမတွေဟု ခေါ်သဖြင့် နှစ်ယောက် သား အောင်သစ်ကျောကို တစ်ချက်စီထွယ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါအဆုတ်ကွာပြီးပွဲချင်းပြီးသေရင် နင်တို့အသိပ၊ Zombie (ဖွန်ဘီး)တွေလိုမသေနိုင်ဘဲချက်ချင်းပြန်ထလာပြီးနင်တို့ကိုကိုက်စားပစ်မယ်"

"သူ့ကို ဂရုစိုက်မနေနဲ့ပြည်သူ၊ နင် ပြောစရာရှိတာသာ . . . ပြော"

သုံးယောက် အသံတိတ်သွားတော့မှ ခင်ပြည်သူ သူမ၏အတွေ့အကြုံကို ပြောပြလိုက်ပါသည်။ ပြောတယ်ဆိုပေမယ့် ပြီးဆုံးအောင် တောက်လျှောက်ပြောရတာမျိုး မဟုတ်ဘဲ ထိုသုံးယောက် ဝင်နှောင့်ယှက်သမျှစောင့်လိုက်၊ သူတို့ထပ်မေးလာရင် ဆက်ပြောလိုက်ဖြင့် ပြတ်တောင်းပြတ်တောင်း ပြောနေရတာမျိုး ဖြစ်ပါသည်။ တော်ရုံခင်မင်မှုနဲ့ဆိုရင် သူတို့ကိုစိတ်ဆိုးမှာပေမယ့် ရှစ်တန်းထဲက ခင်လာတဲ့ သူငယ်ချင်းတွေဖြစ်သလို ခင်ပြည်သူကိုယ်တိုင်ကလည်း စစ်အေးအေးပုံစံမို့ သူတို့သုံးယောက် ပူသမျှသည်းခံလို့ရနေတာလည်း ပါပါသည်။

"ဒါပဲလား...နင့်ဖာတ်လမ်းက"

အားလုံးလည်းသိပြီးရော၊သူတို့သုံးယောက်တစ်သံတည်းမေးသံပြိုင်တူကြားရသည်။

"ဟင်...ဒါပဲပေါ့"

"အဲဒါများဟယ်"

"မထူးဆန်းပါဘူးပြည်သူရယ်"

"ငါက နင့်ကို ကြိုက်ပြီးတော့များ နောက်က ပါလာသလားလို့ ရင်ခုန်လိုက်ရတာ"

အောင်သစ်ကရင်ဘတ်နေရာမှာ သူ့လက်နှစ်ဖက်ဖြင့် အသည်းနှလုံးပုံလုပ်လျှက် လက်ချောင်းတွေ လှုပ်ရှားရင်း နှလုံးခုန်တဲ့ပုံစံမျိုး လုပ်ပြနေသေး၏။





"နင်တို့မထူးဆန်းပေမယ့်အဲဒီလူ့ပုံစံကငါ့အတွက်တော့ထူးဆန်းနေလို့ပါ၊ ဒါကြောင့် ပြောပြတာပါ"

"ဘယ်လိုထူးဆန်းလို့လဲ"

"ဘယ်လိုပြောရမလဲ၊သူ့ငါ့အနားမှာရှိနေတုန်းကငါ့ကိုတစ်ခုခုကဖမ်းချုပ်ထားသလိုပဲ ခံစားရတယ်၊ ပြီးတော့ သူ့ကို ပြန်ရင်ဆိုင်ကြည့်ချင်ပေမယ့် ကြောက်လည်းကြောက်နေတယ်၊တော်ရုံဆို ငါ ဘယ်သူ့ကိုမှ မကြောက်တတ်ပါဘူး၊ နင်တို့ သိပါတယ်"

"အေး . . . ဟုတ်တယ်၊ ပြည်သူက စကားနည်းပြီး အေးပေမယ့် သိပ်မကြောက်တတ်ဘူး၊ ငါတို့ ကိုးတန်းတုန်းက အရှုးကြီး ရှဘီလက်ကိုဆွဲပြီး ဖမ်းထားတော့ ငါတို့ ဝိုင်းအော်ရုံအော်ပြီး ဘာမှမလုပ်ရဲဘူး၊ ပြည်သူကပဲ ထီးတွေရော၊ စတီးချိုင့်တွေရော၊ လက်နှစ်ဖက်စလုံး အပြည့်ကိုင်ပြီး အရူးကြီးကို ဝင်ရိုက်တာနော်၊ တကယ်လို့ အရူးကြီးသာ စိတ်ဆိုးပြီး ပြန်လုပ်ရင် ကြောက်စရာကြီး၊ အဲဒါကို ပြည်သူ မကြောက်ဘူး"

"အဲဒါတင်မကဘူးလေ၊ ငါတို့ ဆယ်တန်းတုန်းက ဝိုင်းကျူရှင်သွားတက်တဲ့အိမ်မှာလေ . . . အဒေါ်ကြီးတစ်ယောက် ကားမှောက်ပြီး ပွဲချင်းပြီးသေလို့ အသုဘဖြစ်ပါရောလား၊ ပြီးတော့ မကျွတ်ဘဲ အိမ်ထဲမှာ လှည့်ပတ်ခြောက်နေလို့ ငါတို့စာသင်ရင် ပူးကပ်ထိုင်ကြတယ်၊ အိမ်သာသွားရင် တစ်ပုံကြီးသွားကြပေမယ့်ပြည်သူကတော့မကြောက်ဘူး၊ သူ့ဘာသာ အိမ်သာသွားချင်ရင် သွားလိုက်တာပဲ၊ ဟိုလူ့ခေါ် ဒီလူ့ခေါ် မလုပ်ဘူး"

"မောင်အောင်သစ်၊ နင်သာ မမြင်ဖူးတဲ့သရဲဆိုလည်း ကြောက်ကြည့်လိုက်ရင်လည်း သရဲကား၊ Zombie (ဖွန်ဘီး) ကား၊ Vampire (ဝန်ပိုင်းယား)ကားမျိုးပဲကြည့်တဲ့ကောင်" သီရိခင်က သတိရသွားပြီး...



www.burmeseclassic.com

www.burmeseclassic.com



"နေဦး . . . နေဦး . . . ပြည်သူ့ကို အဲဒီလူက ရွေးချယ်လိုက်ပြီလို့ ပြောသွားတယ်ဆိုတဲ့ စကားကို ငါ စဉ်းစားနေတာ၊ အဲဒါ ဘာသဘောလဲ၊ သူက ပြည်သူ့ကို ကြိုက်တယ်၊ ချစ်တယ်လို့ ရည်းစားစကားပြောသွားတဲ့ ပုံစံလား"

ဟူ၍ ချက်ချင်းကောက်မေးတော့သည်။ သုံးယောက်သား ခင်ပြည်သူ့ကို ဝိုင်းစိုက်ကြည့်ကြပြန်သည်။

"ငါ့ကို ဘာလို့ကြည့်ကြတာလဲ"

"နင်က အနီးကပ်တွေ့လာတဲ့သူဆိုတော့ ပိုပြီးတော့များ သိမလား လို့"

"ငါလည်း ဘယ်သိပါ့မလဲ၊ သူ့ကို တစ်ခါကြည့်ပြီး စေ့စေ့တောင်မှ ပြန်မကြည့်ရဲတဲ့ဟာကို"

"နင်နဲ့သူ ပြန်တွေ့မယ်ထင်လား"

သူတို့ မေးနေတုန်းမှာ ခင်ပြည်သူမျက်လုံးထဲ ခပ်လှမ်းလှမ်း တစ်နေရာတွင် ထိုသူ့အရိပ်ကို မြင်လိုက်သလိုလိုရှိသည်ဟု ထင်ပြီး အကြာကြီး စိုက်ကြည့်နေမိသည်။

"ဟဲ့...ဘာကြည့်နေတာလဲ"

"ငါ...ငါ...သူ့ကို တွေ့လိုက်တယ်ထင်လို့"

"ဟိုလူလား"

ခင်ပြည်သူ အသာအယာ ခေါင်းညိတ်ပြလိုက်ပါသည်။

"ဘယ်မှာလဲ"

သုံးယောက်သား ဦးခေါင်းတွေ ခင်ပြည်သူကြည့်ရာဘက် စုပြုံ ကြည့်နေကြသည်။





"ဘယ်သူမှ မရှိပါလား"

"လာ . . . အဲဒီနေရာကို သွားရှာကြည့်ရအောင်၊ သစ်ပင်အကွယ် မှာများ ပုန်းကြည့်နေလားမသိဘူး"

"ဟင့်အင်း...မသွားဘူး၊ ငါမသွားချင်ဘူး၊ နင်တို့သွားရင်သွား"

"ဘာဖြစ်လို့လဲ"

"ငါ...ငါ...သူ့ကို..."

ခင်ပြည်သူ တံတွေးတစ်ချက်မျိုချလိုက်ပြီးမှ ခပ်တိုးတိုးဝန်ခံသလို ပြောလိုက်ပါသည်။

"ငါက သူ့ကိုရှာရတဲ့သူ မဖြစ်ချင်ဘူး၊ သူကပဲ ငါ့ကို ရှာတွေ့ပြီး ငါ့ ဆီရောက်လာစေချင်တယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၂)

ဂျပန်ဘာသာဒီပလိုမာတန်းတက်ရုံတင်မကဘဲ ကွန်ပျူတာပိုင်းဆိုင်ရာကိုလည်း အဆင့်မြင့်မြင့်သိချင်၊ တက်ချင်သော ခင်ပြည့်သူသည် အတန်းပြီးရင် အိမ်မပြန်သေးဘဲ ကွန်ပျူတာသင်တန်းကို ဆက်သွားရလေ့ရှိပါသည်။ ခင်ပြည့်သူတက်သောကွန်ပျူတာသင်တန်းမှာတော့ သူငယ်ချင်းတွေ လိုက်မတက်ပါ။ သူတို့လည်း သူတို့ဝါသနာနဲ့သူတို့မို့ သီရိခင်က မော်ဒယ်သင်တန်း၊ ကိုယ်ကာယအလှသင်တန်းတွေဆီ ဆက်သွားပါသည်။ တစ်ခါတလေ သင်တန်းမရှိတဲ့ရက်တွေကျ Gym (ဂျင်မ်) မှာ သွားကစား၊ ရေကူး လုပ်တတ်ပါသည်။ ရွှေဘိုကတော့ သူ့ဒယ်ဒီ၏ ကုမ္ပဏီလုပ်ငန်းတွေ စတင်သင်ယူနေသည်ဖြစ်ရာ အတန်းပြီးရင် ကုမ္ပဏီရုံးခန်းကို ဆက်သွားလေသည်။ အောင်သစ်ကတော့ ဒီဇိုင်နာရှူးရှူးနေကာ နာမည်ကြီးဒီဇိုင်နာသင်တန်းကျောင်းကို တက်ပါသည်။

Synergy Publications

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ လေးယောက် လေးနေရာခွဲထွက်လာရစမြဲ။ ဒီနေ့ကျတော့ သူငယ်ချင်းတွေနဲ့ ခွဲလာမှ စိတ်ထဲမှာ ကိုယ့်ကို တစ်ယောက်ယောက်ကပဲ လိုက်စောင့်ကြည့်၊ နောက်ယောင်ခံနေသည်ဟု ခံစားလာရလေရာ ကွန်ပျူတာသင်တန်းကို ရောက်လာရသည်အထိ စိတ်မကြည်ပါ။ သင်တန်းမှာ သင်ကြားသမျှ မနည်းလိုက်မှတ်နေရသည်။ ခါတိုင်းတော့ သင်ကြားသမျှ ဆိုလျှင် လုံးစေ့ပတ်စေ့ လိုက်၍မှတ်သားတတ်ပေမယ့် ဒီနေ့ စိတ်မပါသလို ဖြစ်နေသည်။

ကွန်ပျူတာသင်တန်းကဆင်းတော့ ညနေ ခြောက်နာရီကျော်ကျော်ဖြစ်နေပြီမို့ မီးရောင်တွေတောင် စတင်ထွန်းညှိခါစပြုနေပြီ။ ကားကိုသော့ဖွင့်၊ ကားထဲဝင်ထိုင်၊ မောင်းထွက်လာသည်အထိ စိတ်ထဲမှာ လုံခြုံမှုမရှိသလို ခံစားနေရပါသည်။ ကြောက်နေတာမျိုးမဟုတ်ဘဲ တစ်ယောက်ယောက်က လိုက်ကြည့်နေ၍ မလုံခြုံသလိုလို၊ လွတ်လပ်မှုမရှိသလိုလို ခံစားနေရခြင်းပင်။

လမ်းချိုးတစ်ခုထဲ ချိုးအကွေ့တွင် ကားက သူ့အလိုလို တုံ့နှေးတုံ့နှေးဖြစ်ကာ ထိုးရပ်သွားပါသည်။ ခင်ပြည့်သူ့ကားလေးက သိပ်အသစ်စက်စက်ကြီး မဟုတ်သလို၊ မော်ဒယ်အောက်နေသော ကားအဟောင်းလည်း မဟုတ်။ သို့သော် ဒီကားဟာ စဝယ်ကတည်းက မကြာခဏ ဒုက္ခပေးတတ်သော ကားမျိုးဖြစ်နေသည်။ ဝပ်ရှော့သွားပြီး ဟိုပြင်ဒီပြင် လုပ်လိုက်ပြန်ရင်လည်း လေးငါးခြောက်လလောက် ပြန်ကောင်းချင်ကောင်းနေသော ကားမျိုးဖြစ်သည်။ အခုလည်း ဘာဖြစ်ပြန်သည်မသိ။ အလိုလိုနေရင်း ရပ်သွားပြန်ပြီ။ ဘရိတ်အသာလေးနင်းလိုက်စဉ်မှာ စက်ပါရပ်သွားပြီး ပြန်စက်နှိုး





ကြည့်တော့ မရတော့။ လမ်းမီးရောင်သာ လင်းနေသော လူသွားလူလာ သိပ်မရှိသည့် လမ်းမှာ မဆင်းချင်။

ဒါနဲ့ပဲဖုန်းကိုထုတ်ပြီး အိမ်ကို ဖုန်းဆက်ဖို့ပြင်ပါသည်။ ထိုအချိန်မှာပင် မှောင်ရိပ်ခိုစောင့်ကြည့်နေသော လူသုံးယောက်အုပ်စု ရုတ်တရက် ကားရှေ့ရောက်လာသည်။ ကားထဲကို သေသေချာချာ စိုက်ကြည့်ပြီး...

"ကား...ဘာဖြစ်တာလဲ၊ ကြည့်ပေးရမလား"

"တစ်ယောက်တည်း ဒီလို ညဘက်လျှောက်သွားတော့ ခက်ပြီပေါ့... အသည်းလေးရဲ့"

"ဘောနက်ဖွင့်လိုက်ပါ၊ ကြည့်ပေးပါ့မယ်၊ စိတ်ချပါ"

သုံးယောက်သား တစ်ယောက်တစ်မျိုးစီ ပြောရင်း ကားပြတင်းနားရောက်လာတာမို့ ခင်ပြည့်သူ အလျင်အမြန်ပဲ မှန်အပြည့်တင်ပြီး အတွင်းမှ လော့ခ်ချထားလိုက်သည်။ မှန်ကို လက်ဖြင့်ခေါက်ရင်း...

"မှန်လေး ဖွင့်ပါဦး၊ ဘာလို့ မှန်ကြီးပိတ်ပြီး ငြိမ်နေတာလဲ"

"ကားပြင်ပေးပါ့မယ်ကွာ၊ ဘာမှကြောက်စရာမရှိပါဘူး၊ ဘာမှ မလုပ်ဘူး၊ စိတ်ချ"

"ပြင်ပေးခ တန်ရာတန်ကြေးလေးပဲ လိုချင်တာပါ"

ခင်ပြည့်သူ ထိုသူတွေကိုပြန်ကြည့်ပြီး လက်ထဲကဖုန်းကို ထောင်ပြလိုက်ကာ ပြန်အော်ပြောလိုက်သည်။ စိတ်ထဲမှာ ကြောက်နေပေမယ့်လည်း မကြောက်ချင်ဟန်တော့ ဆောင်ထားရပါသည်။

"ရှင်တို့ ဘာမှကူညီစရာမလိုပါဘူး၊ အိမ်ကို ဖုန်းဆက်ခေါ်ထားပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



“အိမ်ကလာခေါ်ရင်စောင့်နေရဦးမယ်၊အခုကိုယ်တို့ပြင်ပေးလိုက်မယ်၊ဘောနက်ဖွင့်လေ”

“ရတယ်…မပြင်နဲ့”

“မပြင်နိုင်းပေမယ့် ပြင်ပေးမယ်ပြောတဲ့အတွက် ဥက္ကာပုဇော်ခတော့ ပေးရမယ်”

“ဟုတ်တယ် . . . ဟုတ်တယ် . . . ပြင်ပေးချင်စိတ်ရှိလို့ တကူးတကတောင် လာပြောရကျိုးနပ်အောင် ဥက္ကာပုဇော်ခလေးတော့ မစပါ ညီမလေးရယ်”

“ညီမကား အကောင်းအတိုင်းကျန်စေချင်ရင် ကိုယ်တို့တောင်းတာ အေးအေးသက်သာ ပေးလိုက်ပါ၊ သိပ်မများပါဘူး၊ မင်းဝတ်ထားတဲ့ နားကွင်းရယ်၊ လည်ပင်းက ဆွဲကြိုးရယ်၊ လက်စွပ်ရယ်၊ နာရီရယ်၊ မင်းပိုက်ဆံအိတ်ရယ်၊ ဖုန်းရယ်၊ ပေးလိုက်ရုံပါ၊ အဲဒါတွေပေါင်းလိုက်ရင် ကားတစ်စီးစာတောင် မရှိပါဘူး”

ခင်ပြည့်သူ ယောင်ယမ်းပြီး သူမ၏လက်ဝတ်ရတနာလေးတွေကို ကိုင်လိုက်မိသည်။ ပုလဲလုံးလုံးလေးတွေကို နားကွင်းပုံစံလုပ်ဝတ်ထားတဲ့ နားကပ်တစ်ရန်၊ ခပ်ပါးပါးလက်လက် ရွှေဆွဲကြိုးတိုတိုလေးမှာ ပန်းသီးပုံစံ ထွင်လျက် ပုလဲဖြူလေးကို ရွှေဖြင့်ကွပ်ထားသော လော့ကတ်ရယ်၊ ပုလဲ တစ်လုံးတည်းပါသော လက်စွပ်ရယ်၊ တန်ဖိုးက သိပ်အများကြီးမဟုတ်လှ ပေမယ့် ဒါလေးတွေကိုကြိုက်လို့ အမြဲဝတ်ထားလေရာ အင်မတန်မှ နှမြောလှသည်။

နာရီကတော့ တကယ့်အကောင်းစား Cartier (ကာတီယာ) တံဆိပ်နာရီဖြစ်ကာစင်ကာပူသွားလည်တုန်းကဝယ်လာတာမို့ပျောက်သွား





ခဲ့ရင်တောင် ပြန်ဝယ်ဖို့မလွယ်။ ပိုက်ဆံအိတ်ထဲမှာ ဆိုတာကလည်း အမြဲတမ်း တစ်သိန်းနီးပါးလောက်တော့ ထည့်ထားတတ်လေရာ မားပြတိုက်နေသော ထိုသူသုံးယောက်အတွက်တော့ အကြိုက်တွေ့စရာပင်။

“ဟေ့ . . . ကြာတယ်ကွာ . . . အချိန်ဆွဲမနေနဲ့၊ ငါတောင်းတာ ပေးစမ်း၊ ခုချက်ချင်း ချွတ်ပေးစမ်း”

“ဟေ့ကောင်…တောင်းလို့မရရင် ကားကို ရိုက်ခွဲဖို့သာပြင်”

“မီးလုံးတွေ…ကားမှန်တွေဆိုတာ တော်ရုံတန်ရုံအုတ်ခဲလောက်ဆို ကွဲနိုင်တယ်ဆိုတာ ခေါင်းထဲထည့်ထားပါ၊ မင်းကားလှလှလေး မနာချင်ရင် ငါတို့တောင်းတာတွေ အခုပေးစမ်း”

အုတ်ခဲတစ်ပြင်ပြင်၊ သစ်သားတုတ်တစ်ပြင်ပြင်လုပ်လျက် လုယက်ဓားပြတိုက်နေကြသော လူသုံးယောက် ထင်တိုင်းကြဲလို့ရနေအောင်လည်း ဒီနေရာက လူသွားလူလာပြတ်ကာ မှောင်ရိပ်တော်တော်ကျနေသည်။ ခင်ပြည့်သူမှာ ဖုန်းကို အသာနှိပ်ရင်း အိမ်ကိုခေါ်ပေမယ့် အိမ်မှာ ဘယ်သူမှ ဖုန်းကိုင်သူမရှိ။ ဒါနဲ့ အဖေ၊ အမေတွေရဲ့ဟန်းဖုန်းတွေကို ပြောင်းခေါ်မလို့ပြင်လျှင်…

“ဟိတ် . . . ဖုန်းခေါ်မနေနဲ့လေ . . . အံမာ . . . ဘာအချိုးချိုးတာလဲ၊ ငါတို့ရှေ့မှာ ပေါ်တင်ကြီး အကူအညီခေါ်ရဲတယ်ပေါ့၊ ကြာတယ်ကွာ . . . ဟေ့ကောင်…ကားမီးကို တစ်ချက်လောက် ပညာပေးလိုက်စမ်းပါကွာ”

တစ်ယောက်လက်ထဲက အုတ်ခဲကိုမြှောက်ပြီး ကားမီးကို ထုမလို့ပြင်လျှင် ခင်ပြည့်သူ ယောင်ယမ်းလန့်ဖျပ်ပြီး မျက်စိကို မှိတ်လိုက်မိသည်။

“အား…”

“ဟာ.. ဟိုကောင် ဘာဖြစ်သွားတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟို…ကိုဝသုန်…ခဏလေး"

သွားတော့လို့ပြောပြီး သူပဲ အရင်ကျောခိုင်းထွက်သွားတော့မလို ပြင်သောကြောင့် ခင်ပြည့်သူ အမြန်လှမ်းခေါ်လိုက်ရသည်။ သူက လှည့်မကြည့်ဘဲ ရပ်နေသည်။

"ကိုဝသုန်…ဘယ်သွားမှာလဲ၊ ပြည်သူ လိုက်ပို့ပေးမယ်လေ"

"ငါ့မှာ ကားပါတယ်"

"အဲဒီကားဆီ ပို့ပေးမယ်"

"ခင်ပြည့်သူ…"

"ရှင်…"

ခပ်တည်တည်နဲ့ အေးစက်စက်ခေါ်လိုက်သံကြောင့် ခင်ပြည့်သူ အလန့်တကြား ထူးလိုက်မိပါသည်။ ကောင်းကောင်းမွန်မွန် စကားပြောနေရင်းက သူ့အသံဟာ ချက်ချင်း အေးစက်မာကြောသွားပြန်ပြီ။ ဘာများပါလိမ့်။ တော်တော် ပဟေဠိဆန်တာပဲ။

"မင်းနဲ့ လုံးဝမရင်းနှီးသေးတဲ့ လူစိမ်းတစ်ယောက်ကို ဘာကြောင့် ကားပေါ်ခေါ်တင်ချင်ရတာလဲ၊ အဲဒါဟာ အန္တရာယ်ကို ဖိတ်ခေါ်သလိုပဲဆိုတာရော…သိရဲ့လား"

"ရှင်က မိတ်ဆွေပဲဟာ"

"ဘယ်လိုလုပ်ပြောနိုင်လဲ"

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ရှင် ပြည်သူ့ကို ကူညီခဲ့တယ်လေ၊ ကူညီတတ်တဲ့လူဟာ လူကောင်းပဲ၊ ပြီးတော့ ရှင်နဲ့ အချင်းချင်း နာမည်ပြော မိတ်ဖွဲ့ပြီးပြီပဲ၊ ဒါဟာ မိတ်ဆွေဖြစ်တဲ့သဘောပေါ့"





"နာမည်ဆိုတာ ကြုံကြိုက်တဲ့နာမည်ပြောလို့ရတယ် ခင်ပြည့်သူ၊ ငါ့နာမည်ဟာ အခု ဝသုန်ဖြစ်ပေမယ့် နောက်တစ်ခါကျရင် တစ်မျိုးဖြစ်ရင် ဖြစ်နေမယ်ဆိုရင်ရော"

"ရှင် ဘာတွေပြောနေတာလဲ၊ နားမလည်တော့ဘူး။ မလိုက်ရင် လည်း နေ"

ခင်ပြည့်သူ စိတ်ဆိုးပြီး ကားကို မောင်းထွက်တော့မလိုပြင်တော့၊

"မင်းဖုန်းနံပါတ် ပြောပြမလား"

ဟု လှမ်းမေးလိုက်သံ ကြားရသည်။

တကယ်တော့ ခင်ပြည့်သူဟာ သူနဲ့ အဆက်အသွယ်မပြတ် ရှိချင်နေသူဖြစ်ရာ သူ ဒီလိုလည်းမေးလာရော ရင်ထဲမှာ ထိတ်ခနဲတောင်ဖြစ်ပြီး ပျော်သွားပြန်ပါသည်။ ခုနကတော့ ဆရာလုပ်သလိုလို၊ ဆူသလိုလို၊ ဝေါက်သလိုလိုပြောလို့သူ့ကိုအမြင်ကတ်သွားပြီးမုန်းမိတော့မလိုဖြစ်နေတာလေ။ အခုကျော့ စိတ်က တကယ့်ကို မြန်မြန်ဆန်ဆန်ပဲ ပြောင်းလဲသွားပါတယ်။

"ရှင့်ဖုန်းနံပါတ်ရော"

"မင်းဖုန်းနံပါတ်ကို ငါ ခေါ်လိုက်မယ်လေ"

"အိုကေ…ဒါဆို နံပါတ်က (၀၉၄၄ - - - - - -)"

နံပါတ်ရွတ်ပြအပြီးမှာ ချက်ချင်းပဲ ခင်ပြည့်သူ့ဖုန်းကို ခေါ်သံမြည်လာသည်။ ခင်ပြည့်သူနဲ့ မရင်းနှီးသော နံပါတ်တစ်ခု ပေါ်လာသည်၊ ဒါပေမယ့် ဒီနံပါတ်ဟာ ဝသုန့်ဖုန်းနံပါတ်ပဲဆိုတာသိလျှက် ခင်ပြည့်သူ လက်ခံလိုက်သည်။

"အဲဒါ ငါ့ဖုန်းနံပါတ်ပဲ၊ ခင်ပြည့်သူ ဘိုင့်ဘိုင်"



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာသင်တန်းပြီးတော့ မှောင်ပျပျအချိန် ဖြစ်နေပြီ။ ခင်ပြည်သူမှာ ဆေးဘီဝဲယာမှန်သမျှ အလွတ်မပေးဘဲ လိုက်လံရှာဖွေကြည့်ပေမယ့် ဝသုန္ဓအရိပ်အယောင်ကိုမျှ မတွေ့ရပါ။ လုံးဝမတွေ့ရသောအခါမှာတော့ စိတ်ထဲ နည်းနည်းတော့ အားပျော့သွားပြီး ကားရပ်ထားရာဆီ လျှောက်လာမိသည်။

"ခင်ပြည်သူ"

"အမယ်လေး"

ကားတံခါးကို ငုံ့အဖွင့်မှာ အနားကို လေအေးတစ်ခုဟပ်လိုက်သလို ခံစားချက်နဲ့အတူ ခပ်တိုးတိုးခေါ်လိုက်သံတစ်ချက်ကြောင့် ခင်ပြည်သူ လန့်သွားပါသည်။ ကြက်သီးမွေးညင်းတချို့တောင် ထသွားသလို ခံစားလိုက်ရ၏။

"လန့်သွားလား…ဆောရီး"

"ဝသုန်…ရှင် အဲဒီလို ရုတ်တရက်ကြီးပေါ်လာတာမျိုး မလုပ်ပါနဲ့"

"ဘာလို့ဒီလောက်လန့်သွားရတာလဲ"

"မသိဘူး . . . ရှင် အနားကိုရောက်လာတာဟာ အအေးဓာတ်တစ်ခုခု ရောက်လာသလိုပဲ ခံစားလိုက်ရတယ်"

"ဟား…ဟား…ဟား…ကိုယ်က လူအေးကောင်ကြီးပေါ့"

သူက ခပ်သဲ့သဲ့ရယ်သည်။ သူ့မျက်လုံးလက်လက်တွေကို မီးရောင်ဟပ်သဖြင့် တွေ့နေရသည်။ ခေါင်းစွပ်ပါသော ဂျာကင်အင်္ကျီကို ဝတ်ထားပြီး ခေါင်းစွပ်ကိုလည်း စွပ်ထားသေးသည်။ ခေါင်းစွပ် Hoodie တွေကို စတိုင်လ်တစ်မျိုးရှိလို့ ဝတ်တာလား။ နှစ်သြိုက်လို့ဝတ်တာလား။ သူ့ကြည့်ရတာ မပူမအိုက်တဲ့အတိုင်းပဲ။ မြန်မာပြည်ရဲ့ မိုးရာသီဟာ မိုးရွာရင်တောင်





မချမ်းလှဘဲပူအိုက်ချွေးပြန်နေတတ်တာ၊ အခုလိုမိုးမရွာတဲ့ရက်ကြာလာရင် ပူအိုက်နေတတ်ပြန်တာမို့ သူကတော့ မပူမအိုက်သလို ဖြစ်နေပြီ။

"အိမ်မပြန်နဲ့ဦးနော်"

သူ့အသံက ပိုင်စိုးပိုင်နင်းနဲ့ အမိန့်ပေးသံဆန်နေသလား၊ တရင်းတနှီးဖြစ်နေသလား။ မခွဲခြားနိုင်ပေမယ့် ခင်ပြည်သူကတော့ ဤသို့ကြားလိုက်ရသည့်အတွက် ပီတိဖြစ်နေသည်။

"ကားကို ဒီမှာရပ်ထားခဲ့၊ ကိုယ့်ကားနဲ့ လိုက်ခဲ့"

အရင်တစ်ခေါက်က "မင်းနဲ့ငါ" လို့ သုံးနှုန်းပြီးပြောပေမယ့် အခုကျတော့ သူ့ကိုယ်သူ "ကိုယ်" ဟုသုံးနှုန်းပြီး တော်တော်လည်း ပိုင်စိုးပိုင်နင်း ပြောနေသဖြင့် ခင်ပြည်သူမှာ ဝသုန္ဓကို နားလည်ရတော့ ခက်နေသည်။ ဒီလောက်ကြီးလည်း ရင်းနှီးလှတာမဟုတ်သေး။ ဘာမှပတ်သက်တာလည်း မရှိသေးဘဲ ဘာကြောင့် ဒီလောက် ချက်ချင်းပြောင်းလဲပြီး ဆက်ဆံပြောဆိုရသလဲ။

ခင်ပြည်သူဟာ မိန်းကလေးပီပီ အလွယ်တကူ လက်မခံသင့်။ သူ တောင်းဆိုနေတာတွေ ဣန္ဒြေလေးဖြင့် ငြင်းသင့်မှန်း စိတ်ထဲမှာ သတိပေးနေမိပေမယ့် ငြင်းလို့မရဘဲ ငေးကြောင်သလိုဖြစ်နေသည်။ သူ့မျက်လုံးလက်လက်တွေကို ငေးစိုက်ကြည့်ရင်း လောကကြီးကို မေ့သလိုတောင် ဖြစ်သွားသည်။

"ကားလျှောက်မောင်းမယ်"

သူ့ကားထဲ ထိုင်မိတော့မှ ငြင်းဖို့သတိရသလို ဖြစ်သွားပေမယ့် မရတော့။ ကားက လေအဟုန်လိုပဲ မောင်းထွက်ပြီးနေပြီ။ ပြိုင်ကားပုံစံမို့လို့ ကားရဲ့တံခါးတွေက ဖွင့်လိုက်ရင် မိုးပေါ်ကို အတောင်တွေ ပျံထွက်သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပုံမှာ Batman (ဘတ်ထ်မင်းန်) ရုပ်ရှင်ကားထဲမှ ကားပုံစံမျိုး ဖြစ်နေသည်။ အနက်ရောင်ပြောင်လက်ပြီး ပုပုပြားပြားနဲ့ ဘီးတွေက တော်တော်ကြီးကာ အိပ်ဇောသံကလည်း "ဝူး...ဝူး" နဲ့ အသံကျယ်လှလေသည်။ ကားက တရိပ်ရိပ်ပြေးနေသည်။ ကားတွေ ဒီလောက်ကြပ်ညပ်နေတာတောင် ကျွမ်းကျင်စွာပင် ကွေ့ကာဝိုက်ကာ ရှောင်တိမ်းကာ ဖောက်ထွက်မောင်းနှင်နေပုံမှာ အသည်းတယားယားနှင့် ဘယ်တော့တိုက်မိမလဲ၊ ငြိမိတော့မလဲ ပုံစံဖြစ်နေသည်။

မြို့ထဲကထွက်လာတော့မှ ကားသိပ်မရှုပ်လှသော လမ်းတွေပေါ်ရောက်တော့သူ့ကားလေးက တရိပ်ရိပ်ပြေးနေသလိုမောင်းနှင်တော့သည်။ ဘေးကတိုက်တာတွေ၊ သစ်ပင်တွေ၊ လူတွေ၊ ကားတွေဟာ ဖျတ်ခနဲဖျတ်ခနဲ အမြင်အာရုံထဲမှ ဖြတ်သွားပါသည်။

"ဝသုန်..ရှင် ကားကို ဖြည်းဖြည်းမောင်းပါလား"

"ကြောက်နေပြီလား"

"ရှင့်ကားမောင်းပုံကို ကြောက်စရာမကောင်းပါဘူးလို့ ဘယ်သူမှ မပြောဘူး"

"မပူပါနဲ့၊ ကိုယ် ခင်ပြည်သူ့ကို ဘာမှထိခိုက်ဒဏ်ရာရအောင် မလုပ်ပါဘူး၊ ကိုယ့်အနားမှာရှိနေရင် မင်း အစစအရာရာ လုံခြုံစိတ်ချရပြီလို့ပဲ မှတ်ထားလိုက်တော့"

ဟင်...ဘာစကားကြီးလဲ၊ သူနဲ့ကိုယ် ဘာမှလည်း မသက်ဆိုင်ပါဘဲ ဒီလိုပြောပုံဟာ တော်တော့်ကို ပိုင်စိုးပိုင်နင်းနိုင်လှသည်။ အင်းလျားရောက်တော့ သူက ကားကို ချိုးဝင်ပြီး ရပ်လိုက်ပါသည်။





"ကန်ပေါင်ပေါ်လမ်းလျှောက်မယ်"

ဝသုန်က သူသဘောအတိုင်းပင် ကားတံခါးကိုဖွင့်ဆင်းပြီး လမ်းလျှောက်ဖို့ပြောသည်။ တစ်ဖက်သားကို ဒီလိုလုပ်ချင်သလား၊ မလုပ်ချင်သလားမမေးဘဲ သူ လုပ်ချင်တာချည်း ကြုံပြောသွားတတ်တာဟာ သူ့အကျင့်ပေပဲလား။ ဒါဟာ သူ့ရဲ့ တစ်ဖက်သားကို အနိုင်ယူစိုးမိုးတတ်သော စိတ်ခံတတ်တစ်မျိုးများလား။

ခင်ပြည်သူကတော့ အရင်တည်းကပင် သူငယ်ချင်းတွေနဲ့ဆိုရင်တောင် ခပ်အေးအေးနေတတ်လှပြီး နောက်လိုက်တစ်ယောက်သာ ဖြစ်ချင်သူ၊ ခေါင်းဆောင်မလုပ်တတ်သူဖြစ်လေရာ ဝသုန်က ဒါလုပ်မယ်၊ ဒါသွားမယ်ဆိုလည်း အထူးတလည် ငြင်းခုံနေစရာမလိုဘဲ အလိုက်သင့်ပါလာခဲ့သည်။

"ထိုင်မယ်နော်"

သူ အရင်ဝင်ထိုင်တော့ ခင်ပြည်သူက တစ်ဖက်ခုံအစွန်းမှာ ဝင်ထိုင်ပါသည်။ ကန်ပေါင်ပေါ်က မီးရောင်ရယ်၊ လရောင်ရယ်ကြောင့် ပတ်ဝန်းကျင်က လင်းဖျော့ဖျော့နှင့် လှနေသည်။ ခင်ပြည်သူက ဝသုန့်ကို အကဲခတ်ကြည့်တော့ ကန်ရေပြင်ကို ငေးနေတာ တွေ့ရသည်။ အဝတ်နဲ့လွတ်နေသော သူ့လက်တွေ၊ မျက်နှာပြင်တွေကိုကြည့်ရင်း သူတော်တော့်ကို အသားဖြူတာပဲ။ တကယ့်ကို ဖြူဆွတ်ဆွတ်ကြီးဖြူတာ။ သူ ဘာလူမျိုးပါလိမ့်လို့ တွေးနေမိသည်။

"ခင်ပြည်သူ့အကြောင်းတွေ ပြောပြပါလား"

"ဝသုန့်အကြောင်းရော ပြောပြမှာလား"

"အဟားဟား...မဆိုးဘူး၊ အပေးအယူ လုပ်တတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖွဲ့ကြမယ်ဆိုရင် အချင်းချင်း ကိုယ့်အကြောင်းကိုယ် မျှမျှတတ အသိပေးမှဖြစ်မှာပေါ့"

"ဟုတ်ပါပြီ၊ ပြောပြတာပေါ့၊ ခင်ပြည့်သူ့အကြောင်း ပြောပါဦး"

"ဘာမှထူးထူးခြားခြား မရှိပါဘူး၊ ဆယ်တန်းအောင်ပြီး ဒီပလိုမာပဲတက်ချင်တာနဲ့ Japanese (ဂျပန်နိုစ်)တက်တယ်။ ကွန်ပျူတာနဲ့ပတ်သက်ရင် ဇဟုသုတရှိရုံမက အဆင်မြင့်မြင့်လေးသိချင်လို့ ကွန်ပျူတာသင်တန်းတက်တယ်။ အဖေရယ်၊ အမေရယ်၊ အစ်ကိုတစ်ယောက် ရှိတယ်။ သူငယ်ချင်းသုံးယောက်ပဲ ရှိတယ်။ မိန်းကလေးနှစ်ယောက်၊ ယောကျ်ားလေးတစ်ယောက်။ ဒါပေမယ့် သူက ခြောက်နေတယ်။ ကဲ . . . . ဘာသိချင်သေးလဲ"

ခင်ပြည့်သူ စိတ်မရှည်သလိုဟန်ဖြင့် တောက်လျှောက် အမြန်ပြောပြလိုက်ပြီးသောအခါ ဝသုန်က သဘောကျသလိုရယ်သည်။ ပြီးမှ . .

"သိချင်တာကျန်သေးတယ်၊ ရည်းစားရှိလား"

"အံမာ . . . အဲဒါ ပြောပြစရာလား"

"ရည်းစားရှိရှိ၊ မရှိရှိပါ၊ ကိုယ် ဂရုမစိုက်ပါဘူး၊ ကိုယ့်အတွက် မင်းက အမိကပဲ"

ခင်ပြည့်သူ့ရင်ထဲ ဖျတ်ခနဲခုန်သွားသည်။

"မင်းဟာ ကိုယ့်နဲ့ပဲ သက်ဆိုင်တယ်နော် ခင်ပြည့်သူ၊ အခုကစပြီး မင်းဟာ . . . ငါ့ဘဝပဲ"

"ရှင် . . . ရှင် . . . ဘာပြောတာလဲ ဝသုန်၊ ဘာသဘောနဲ့ပြောနေတာလဲ"

"မင်းဟာ ကိုယ့်ချစ်သူပဲ ခင်ပြည့်သူ"





"ချစ်သူဆိုတာ ဘာလဲ၊ ပြည့်သူသိထားတာကတော့ ယောကျ်ားလေးတစ်ယောက်က သူချစ်နေတဲ့မိန်းကလေးကို ချစ်စကားပြောမယ်၊ မိန်းကလေးကလည်း ချစ်တယ်လို့ ပြန်ဖြေရမယ်၊ ဒါမှ ချစ်သူလို့ခေါ်တာ"

"ကိုယ်က သာမန်လူနဲ့ မတူဘူး ခင်ပြည့်သူ၊ မိန်းကလေးတစ်ယောက်ကို ကိုယ် ချစ်မိပြီဆိုရင် သူဟာ ကိုယ့်ချစ်သူပဲ။ သူနဲ့ပတ်သက်တဲ့အရာမှန်သမျှ ကိုယ် ရင်ဆိုင်မယ်။ ကိုယ်နဲ့ပတ်သက်သမျှဟာလည်း မင်းနဲ့ အားလုံး သက်ဆိုင်တယ်"

"မတရားဘူး"

"တရားပါတယ် ခင်ပြည့်သူ၊ မင်းရင်ထဲ ဘာရှိသလဲဆိုတာ ကိုယ် မြင်ရပါတယ်၊ ဟန်ဆောင်နေလည်း ကိုယ် သိနေမှတော့ အပိုအလုပ်ပဲလေ၊ ဘာမှဟန်ဆောင်စရာမလိုဘူး၊ မင်းနဲ့ကိုယ့်ကြားမှာ ဘာမှဟန်ဆောင်စရာတွေမလိုဘူး"

ခင်ပြည့်သူ သူ့ကိုနိုင်အောင်ပြောလို့မရဘဲ အခါခါကျရှုံးနေရသည့်အတွက် ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်နေသည်။ အံ့သြစရာကောင်းတာကတော့ ခင်ပြည့်သူ့နှလုံးသားဟာ ဝသုန့်ကို လိုလိုလားလား လက်ခံချင်နေတာပင်။

တစ်ခါမှ ရည်းစားလည်းမရှိခဲ့ဖူးသူ ကိုယ့်ကို လာကြိုက်ကြသောကောင်လေးတွေကိုလည်း ဘယ်တစ်ယောက်အပေါ်မှာမှ စိတ်မလှုပ်ရှားခဲ့ဖူးသူ။ အချစ်နဲ့ပတ်သက်ရင် တော်တော်ကြီး အလှမ်းဝေးနေသေးသူဟု ကိုယ့်ဘာသာ သတ်မှတ်ခဲ့မိသော ခင်ပြည့်သူမှာ ချက်ချင်းအလွယ်တကူပင် ဝသုန့်ကို လက်ခံချင်နေခဲ့သည်တည်း။

"ပြည့်သူ အညှာလွယ်သလိုများ ဖြစ်နေပြီလားမသိဘူး ဝသုန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်ပြည်သူတစ်ယောက် ဝသုန်ရဲ့ရင်ဘတ်တစ်ခြမ်းမှာ ခေါင်းမှီနေစဉ် ခပ်တိုးတိုးလေး ရေရွတ်နောင်တရမိနေပြန်သည်။ သို့သော် နွေးမနေဘဲ အေးသောအထိအတွေ့ရှိသည့် ရင်ခွင်တွင် ပျော်မွေ့သွားသည့်အခါ အရာအားလုံးကို မေ့သွားပြန်ပါသည်။

* * *

(၄)

"ဟင်....ဘယ်လို"

"အမယ်လေး...ဘုရား...ဘုရား"

"လူကြည့်တော့ မရုတ်တတ်တဲ့ကြောင်လိုလိုနဲ့ လုကွယ်တာနဲ့ ဟင်းခိုးစားတဲ့ကြောင်ဆိုတာ ခင်ပြည်သူပဲ"

"ဟယ် . . . တော်စမ်းပါဟယ် . . . ပေါက်တတ်ကရဥပမာတွေနဲ့ ညည်းပြမနေစမ်းပါနဲ့ မောင်အောင်သစ်ရယ်"

"မညည်းလို့ရမလား၊ နင်တို့ကောင်မကိုပဲ ကြည့်ဦး၊ တွေ့တာဖြင့် သုံးခါမပြည့်သေးဘူး၊ ချက်ချင်း ရည်းစားတော်ပစ်လိုက်သတဲ့၊ အံ့ပါရဲ့ ဒီလောက်ထိန်းနေတဲ့ကြားက.."

"အံမာ . . . ထိန်းရအောင် နင်က မိန်းမထိန်းကြီးရာထူး ရထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမထိန်းမဟုတ်ဘူး ရှာဘီရဲ့တရုတ်ကားတွေထဲမှာပါတဲ့နန်းတွင်းမှာ မိဖုရားတွေနား ခစားရတဲ့ ကုန်းကုန်းမောင်အောင်သစ်ပါ...ဟီးဟီး"

ထုံးစံအတိုင်း ခင်ပြည့်သူ၏အင်မတန်မှ စကားများပြီး အကြောင်းအရာတစ်ခုရလျှင် သူတို့သုံးယောက် လှည့်ပတ်ငြင်းခုံရန်ဖြစ်နေရတာနဲ့ တိုးမပေါက်အောင် ပြောတတ်သော သူငယ်ချင်းတွေဟာ ခင်ပြည့်သူ ပြောခွင့်မသာအောင် သူတို့ကချည်း ပြောစရာပြည့်နေပြန်သည်။

"နာမည်လေးတစ်ခုသိရုံနဲ့တင် ရည်းစားအဖြစ် လက်ခံလိုက်ရသလားဟယ်"

"မသိဘူး . . . ငါ သူ့ကို ချစ်သွားတယ်ထင်တယ်၊ စတွေ့တွေ့ချင်းကလား၊ လုယက်စားပြတိုက်တဲ့လူတွေလက်က ကယ်ခဲ့တုန်းကလား၊ သေသေချာချာမသိဘူး"

"ချစ်တာကတော့ ချစ်ပေါ့၊ ဒါပေမယ့် စဉ်းစဉ်းစားစားလည်း လုပ်ပါ၊ သူက ဘယ်ကဘယ်လို ပေါ်လာမှန်းလည်း မသိဘူး၊ magician (မက်ဂျစ်ရှင်း) မျက်လှည့်ပြတဲ့သူလား၊ mind reader (မိုင်းထ်ရီဒါ) စိတ်အာရုံကို ဖတ်တတ်သူလား၊ အဲဒီလိုပုံစံကြီးဆိုတော့ နင့်အတွက် စိတ်ပူလို့ ပြောတာ"

"ကဲပါ . . . မောင်အောင်သစ်ရယ်၊ ပြည့်သူ့ကို ဖိပြောမနေနဲ့၊ ငါတို့သုံးယောက်နဲ့ မိတ်ဆက်ပေးနိုင်းပေါ့၊ ငါတို့ တွေ့ပြီး အကဲခတ်ကြတာပေါ့၊ ပြည့်သူက စကားနည်းပြီး အေးတော့ ဝသုန့်အကြောင်းတွေ မေးဖို့ စကားမသွက်ရင် ငါတို့ပဲ ဝိုင်းမေးပေးကြမယ်၊ ဝိုင်းစုံစမ်းကြမယ် . . . ကဲ"

သီရိခင်က အကောင်းဆုံးအကြံကို ပေးလိုက်သောအခါ အားလုံးသဘောတူလက်ခံလိုက်ကြသည်။





"သူ့အသက်က ဘယ်လောက်ရှိပြီလဲ ပြည့်သူ၊ ငါတို့ကသာ ဝသုန်ဝသုန်နဲ့ ခေါ်ခေါ်နေတာ၊ ငါတို့ထက် ကြီးတဲ့ပုံလား"

"မတိမ်းမယိမ်းလောက်ပါပဲ၊ ဆယ့်ကိုးဖြစ်မလား၊ နှစ်ဆယ်ဖြစ်မလားမသိဘူး"

ခင်ပြည့်သူကတော့ မကြာခင်မှာပင် ဆယ့်ကိုးနှစ်ပြည့်တော့မှာဖြစ်သည်။ ဝသုန့်ကိုကြည့်တော့လည်း ဘယ်လိုမှ အသက်နှစ်ဆယ် မကျော်နိုင်သေးသော ရုပ်မျိုးမို့ ခင်ပြည့်သူကိုယ်တိုင်ပင်လျှင် သူ့ကို ဝသုန်ဟုခေါ်မိသည်။ သေသေချာချာ စဉ်းစားကြည့်တော့ ခင်ပြည့်သူ ဝသုန့်မျက်နှာကိုပင် ခုထိ အကြာကြီးငေးစိုက်မကြည့်ရသေး။

မျက်ခုံးထူထူ နက်နက်တွေနဲ့ ခတောက်ပသော မျက်ဝန်းရှိတာတော့ သတိထားမိသည်။ ဖျတ်ခနဲကြည့်လိုက်ရင်တော့ လူချောတစ်ယောက်ဟုပင် သတ်မှတ်နိုင်ပါသည်။

သူငယ်ချင်းတွေက အတင်းပဲ ချက်ချင်း ဖုန်းဆက်ခိုင်းပြီး သူတို့နဲ့တွေ့ဖို့ ချိန်းခိုင်းနေသောကြောင့် ဖုန်းဆက်လိုက်ရသည်၊ ဖုန်းအကြာကြီးခေါ်နေပေမယ့် ဖုန်းမကိုင်ပါ။ ဖုန်းက ခုနစ်ချက်လောက်မြည်ပြီးသောအခါမှ ကလစ်ခနဲ အသံတစ်ချက်ကြားလိုက်ရပြီး . . .

"ဖုန်းနံပါတ်နဲ့ နာမည်လေး ကျေးဇူးပြု၍ ပြောထားခဲ့ပေးပါ၊ ပြန်ဆက်သွယ်ပါမယ်ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

ဟူသော ဝသုန့်အသံထည့်ထားသည့် voice mail (ဗွိုက်(စ်)မေးလ်)ကိုသာ ကြားရသည်။ နေ့ခင်းဘက်ကြီး ဖုန်းမကိုင်ဘဲ voice mail ဖွင့်ထားရလောက်အောင် ဘာတွေများ အလုပ်များနေလို့လဲ။ ဝသုန့်အသံ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်များ လုပ်သလဲ။ ဘယ်မှာနေသလဲ။ ဒီလောက်အသက်အရွယ်ငယ်ငယ်နဲ့ အလုပ်အကိုင်တစ်ခုခု ရှိနေသလား။ ဒါမှမဟုတ် ကျောင်းတက်နေဆဲပဲလား။ ခင်ပြည်သူသည် ဖုန်းဆက်၍မရသောအခါမှသာ စိတ်ထဲတွင် ဝသုန်နဲ့အကြောင်းတွေ သိချင်လာသည်။ သူငယ်ချင်းတွေ သတိပေးတာလည်းဟုတ်သားပင်။ လူတစ်ယောက်အကြောင်းကို ဘာမှသေသေချာချာမသိရသေးဘဲနဲ့ ရည်းစားကောက်တော်လိုက်မိပြီ။ အခုမှ နောင်တရသလိုလို ဖြစ်လာသည်။

"ဘာလဲ၊ ဖုန်းမကိုင်ဘူးလား"

"voice mail ပဲ ဖွင့်ထားတယ်"

"အံမာ ... နေ့ခင်းကြောင်တောင် သူက ဘာတွေများ အလုပ်များနေလို့ ဖုန်းမကိုင်ရသလဲ"

"ဒါတော့ ငါလည်း ဘယ်သိမလဲဟယ်"

"အသက်နှစ်ဆယ်အရွယ်ဟာ ဖုန်းခေါ်တာတောင် မဖြေနိုင်လောက်အောင် အလုပ်ကြီးအကိုင်ကြီး ဘာရှိရမှာလဲ၊ ကျောင်းသားအရွယ်ပဲဟာ"

"မောင်အောင်သစ် ဘယ်လိုဖြစ်နေတာလဲ၊ ပြည်သူ့ကို ဗိုဟောက်မနေပါနဲ့၊ သူ ဘာမှသိတာမှ မဟုတ်တာ"

"အဲဒါကြောင့် ပြောတာပေါ့၊ သုံးခါလောက်တွေ့ဖူးရုံ၊ နာမည်လေးတစ်ခုသိရုံနဲ့ ရည်းစားကောက်တော်လိုက်တာကိုး၊ နည်းနည်းပါးပါး ငါတို့ကို အသိပေးပြီး စုံစမ်းလေ့လာခိုင်းပါလား၊ အခုတော့ ဘယ်လိုက်ဆက်သွယ်ရမှန်းမသိ"

"အံမာ ... အရေးတကြီး လိုက်ဆက်သွယ်နေတာမှ မဟုတ်တာ၊





ပြောပုံက ကြည့်ဦး။ ပြည်သူကပဲ ပြဿနာတစ်လုံးနဲ့ ကျန်ခဲ့လို့ အရေးတကြီး လိုက်ရှာရမယ့်ပုံစံမျိုး"

သုံးယောက် လှည့်ပတ်ရန်ဖြစ်နေတာနဲ့ပင် ခင်ပြည်သူ ခေါင်းနောက်လာပြီး နောက်တစ်ခေါက် ထပ်၍ဖုန်းဆက်လိုက်ပါသည်။ voice mail နဲ့သာ တိုးပေမယ့် ဒီတစ်ခါတော့ ခင်ပြည်သူ အသံထည့်လိုက်ပါသည်။

"ဝသုန်ရေ ... ပြည်သူ ဖုန်းဆက်တာပါ၊ အချိန်ရရင် ဖုန်းပြန်ဆက်ပါနော်"

ခင်ပြည်သူ အသံထည့်ပြီး ဒီဘက်ပြန်လှည့်တော့ သူငယ်ချင်းသုံးယောက်၏ ဝိုင်းကြည့်နေသော မျက်လုံးသုံးစုံကို တွေ့ရလေသည်။

"ငါတို့ စေတနာနဲ့ပြောတာ ပြည်သူ၊ နင် သေသေချာချာစုံစမ်းမှ ဖြစ်တော့မယ်နော်၊ သူ ဖုန်းပြန်ဆက်လာရင် မသိမသာ အစ်အောက်မေးသိလား၊ နင့်ဖုန်းမှန်းသိရက်နဲ့တောင် အချိန်ပေး မကိုင်နိုင်တာ သူ ဘာလုပ်နေလို့လဲပေါ့၊ အဲဒါ မေးဖြစ်အောင်မေးနော်"

"အေးပါ ... မောင်အောင်သစ်ရယ်၊ ငါ နင့်စေတနာကို နားလည်ပါတယ်၊ ငါလည်း သူနဲ့ပတ်သက်ပြီးမှ နောင်တရလာတယ်၊ တကယ်ဆို ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားဖို့ မသင့်ဘူးလေ၊ ငါ ဘာဖြစ်သွားမှန်းကို မသိပါဘူး"

"အချစ်နဲ့တွေ့ရင် လူတွေဟာ အမှားကြီးတတ်ကြတယ် ပြည်သူရဲ့၊ နင့်လူကို တွေ့ချင်စမ်းပါဘိဟယ်၊ နင် တစ်ချက်တည်းနဲ့ ချက်ချင်းလက်ခံချင်သွားရလောက်အောင် သူဟာ ဘယ်လောက်များ ချောမောပြီး ဆွဲဆောင်မှုရှိနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး ဝသုန့်ဆီက ဖုန်းပြန်ဆက်လာမှာကို မျှော်နေခဲ့ပေမယ့် ဖုန်းပြန်မဆက်သောအခါ ခင်ပြည့်သူတစ်ယောက် သူငယ်ချင်းတွေကြားထဲ မျက်နှာငယ်စွာပင် ဝမ်းနည်းကြေကွဲနေရလေသည်။ စကားများပြီးနေရာတကာ စပ်စပ်စုစုပါတတ်လှသော သူငယ်ချင်းတွေက ဒီတစ်ခါမှာတော့ အလိုက်သိစွာပင် ဝသုန့်အကြောင်း ပြောလည်းမပြော၊ မေးလည်းမမေး၊ ဖုန်းပြန်မဆက်တဲ့ကိစ္စလည်း သတိတရ ပြောမနေတော့ဘဲ ခင်ပြည့်သူ စိတ်ပြောင်းပြီး ပျော်နေအောင်သာ တခြားအကြောင်းအရာတွေ ရှာကြံပြောနေခဲ့ကြသည်။

တခြားအကြောင်းအရာဆိုသည်ကား အထူးသဖြင့် မောင်အောင်သစ်ကိုပင် ဦးတည်ကာ နှိပ်ကွပ်ပြောဆိုနေတာမျိုး ဖြစ်သည်။

"ဟိုလိုလို ဒီလိုလို အလယ်မှာ ရပ်မနေနဲ့၊ ခြောက်ချင်ရင်လည်း လုံးဝခြောက်လိုက်ပါလား၊ နင့်ပုံစံက ကိုးလိုးကန့်လန့်ကြီး"

သီရိခင်က အောင်သစ်၏ ဝတ်ပုံစားပုံကို ကဲ့ရဲ့သလိုပြောရင်း ပန်းပွင့်လေးတွေ၊ လိပ်ပြာလေးတွေ၊ အသည်းပုံလေးတွေ ဒီဇိုင်းပါသော အောင်သစ်၏ ရှပ်အင်္ကျီကို ဆောင့်ဆွဲသည်။

"ဝတ်ပုံစားပုံက ကြည့်ဦး၊ ရှပ်အင်္ကျီကို ဖင်ဖုံးအောင် အပြင်ထုတ်ဝတ်တယ်၊ ခါးကလည်း သေးပြီး နွဲ့လိုက်တာမှ ငါတို့တောင် အရှုံးပေးရတယ်၊ မထူးပါဘူး၊ မိန်းမအင်္ကျီပဲ ဝတ်လိုက်ပါလား"

"အသားအရေကလည်း ကြည့်ဦး၊ နုဖပ်ပြီး ဝက်ခြံတောင် မရှိဘူး မနာလိုချင်စရာကောင်းလိုက်တာ၊ နင့်အရေပြားကို ငါ လဲယူချင်တယ်"

"ဒီပုံနဲ့များ အသက်နှစ်ဆယ်ပြည့်ရင် ပဥ္စင်းတက်ဦးမတဲ့"





"ကောင်မတွေ... ဘယ်လိုဖြစ်နေကြတာလဲ၊ ငါ့ဘာသာ အတိတ်ဘဝက ဝဋ်ကြွေးပါလို့ ဒီဘဝမှာ ဒီလိုဖြစ်နေတာ၊ ငါ့ဘာသာ စိတ်ထဲမှာ မိန်းမဆန်ရင် ဆန်နေမယ်၊ ယောက်ျားက ယောက်ျားပဲ၊ ဒီတော့ ဗုဒ္ဓဘာသာ ယောက်ျားတစ်ယောက် လုပ်ရတဲ့ ထုံးတမ်းစဉ်လာကို လုပ်ရမှာပဲ"

"ဒါဖြင့် ဘုန်းကြီးဝတ်ပြီးရင် နင့်ကိုယ်နင် ဘယ်ဘဝကို အပြီးခံယူမလဲ"

"ငါ မဆုံးဖြတ်ရသေးဘူး၊ ငါ့ဘာသာ အခြောက်လုံးဝဖြစ်တယ်ဆိုတာသားပါတော့၊ အဲဒါကြောင့် ရှက်တယ်ဆိုရင် ငါ့ကို မပေါင်းနဲ့၊ ရတယ်"

အောင်သစ် ငိုမဲ့မဲ့နဲ့ ပြန်ပြောလာတော့ သီရိခင်တို့ သနားသွားကာ ပြန်ချော့မော့ကြ၊ ပြောကြဆိုကြ၊ ရယ်မောကြနဲ့ သူတို့သုံးယောက်ထဲ ရေတက်မဝင်အောင်ပင် စကားတွေ များလွန်းလှသည်ဖြစ်ရာ ခင်ပြည့်သူတောင် ဝသုန့်အကြောင်း မေ့သွားရတဲ့အထိပင်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၅)

ညသန်းခေါင်အချိန်လောက်တွင် ခင်ပြည်သူ့ဖုန်းလေး အသံမြည်လာသည်။ အိပ်မောကျနေသော ခင်ပြည်သူမှာ ဖုန်းသံကြောင့် နိုးသွားပါသည်။ ကောက်ယူကြည့်လိုက်သောအခါ ဝသုန္ဒြာထံမှ ဖြစ်နေသည်။ တစ်နေ့လုံးလည်း မခေါ်၊ တစ်ညနေလုံးလည်း မခေါ်ပါဘဲ ညဘက်ကြီးမှ ဖုန်းပြန်ခေါ်သော ဝသုန္ဒြာကို စိတ်ကောက်ကာ ဖုန်းမကိုင်ဖို့ တွေးလေသည်။

ဖုန်းကို အပြီးပိတ်ချလိုက်ကာပြန်အိပ်ဖို့ကြိုးစားပါသည်။ သို့သော် အိပ်မရတော့။ သူ ဘာကြောင့် အခုမှ (ဒီအချိန်ကြီးကျမှ) ဖုန်းဆက်ပါလိမ့်။ ဘယ်များသွားနေလို့လဲ။ ဘယ်ကိုခရီးလွန်နေလို့လဲ။ ဘယ်သူနဲ့တွေ့နေသလဲ။ ဘာတွေလုပ်နေသလဲ စသော အတွေးတွေ၊ မေးခွန်းတွေ၊ သိချင်စိတ်တွေနဲ့ နပန်းလုံးနေရသည်၊ ဖြစ်ရသည်ဖြစ်ရာ စိတ်က ဘယ်လိုမှ မငြိမ်နိုင်တော့ပါ၊ လူဆိုတာ သိချင်တာ တစ်ခုခုရှိရင် ချက်ချင်းသိလိုက်ရမှဆိုသော



www.burmeseclassic.com

www.burmeseclassic.com



စိတ်မျိုး အနည်းနဲ့အများတော့ ပိုင်ဆိုင်လေရာ သိချင်စိတ်ကို ခင်ပြည်သူ တစ်ယောက် မျိုသိပ်၍မရနိုင်သလို ဖြစ်နေသည်။

ဒါနဲ့ပဲ ဖုန်းကိုပြန်ဖွင့်ကြည့်တော့ missed calls (မစ်(စ) ကောလ်) တွေ အများကြီး တွေ့ရလေသည်။ message (မက်ဆေ့ချ်) တွေလည်း တောက်လျှောက်ပို့ထားတာ တွေ့ရသည်။

"I want to talk to you"

(ငါ မင်းနဲ့ စကားပြောချင်တယ်)

"Please pick up the phone"

(ကျေးဇူးပြုပြီး ဖုန်းကိုင်လိုက်ပါ)

"I love you Khin Pyi Thu"

(ငါ မင်းကို ချစ်တယ် ခင်ပြည်သူ)

"I don't wanna lose you"

(မင်းကို အဆုံးရှုံးမခံနိုင်ဘူး)

"Please forgive me"

(ငါ့ကို ခွင့်လွှတ်ပါ)

ခင်ပြည်သူ message တွေဖတ်ရင်း တစ်ယောက်တည်း ပြုံးနေမိသည်။

"Please don't be angry at me"

(ငါ့ကို စိတ်မဆိုးပါနဲ့)

ဟူသော message တစ်ခု ထပ်ဝင်လာ၏။ ခင်ပြည်သူ မနေနိုင်တော့ပါ။ ဝသုန့်ဖုန်းကို ပြန်၍ message ပို့လိုက်မိသည်။





"Why are you calling me at midnight?"

(ဘာဖြစ်လို့ ညဥ့်သန်းခေါင်ကျမှ ဖုန်းခေါ်လဲ)

message ကို send ခလုတ်နှိပ်လိုက်လျှင်လိုက်ပြီးချင်းပဲ ခင်ပြည်သူ တုံ...တုံ...တုံ...တုံနှင့် မြည်သံ (Happy Tone (ဟက်ပီးတုန်း)) ထည့်ထားသော ဖုန်းသံလေး မြည်လာပါသည်။

ခင်ပြည်သူ ကျေနပ်ပျော်ရွှင်စွာပင် ဖုန်းကိုင်လိုက်ပါသည်။

"ဟေး...ကောင်မလေး စိတ်ကောက်နေတာလား"

ဖုန်းဖွင့်ဖွင့်ချင်း ကြားလိုက်ရသော ညြသြရှရှအသံသည် ခင်ပြည်သူ့နှလုံးအိမ်ကို နွေးထွေးသွားစေပါသည်။

"စိတ်ကောက်တာပေါ့၊ ချက်ချင်းမှ ဖုန်းပြန်မခေါ်ဘဲ"

"ဆောရီးကွာ၊ ကိုယ် ဖုန်းပိတ်ပြီး တစ်နေ့လုံး အိပ်နေလို့ပါ"

"အံမယ် . . . ဟုတ်ရဲ့လား၊ တခြားကောင်မလေးတစ်ယောက်ကို အချိန်ဖွဲ့ပေးနေရလို့မဟုတ်လား"

"မဟုတ်ပါဘူး၊ ကိုယ့်မှာ ခုလောလောဆယ် ကောင်မလေး တစ်ယောက်ပဲရှိတယ်၊ သူ့နာမည်က ခင်ပြည်သူတဲ့၊ ကိုယ် သူ့ကိုပဲ အရမ်းချစ်တယ်"

ရင်ထဲတွင် နှိုင်းပြ၍မရနိုင်သော ကြည်နူးမှုကို ခံစားနေရလေသည်။ အင်း . . . သူငယ်ချင်းတွေသာကြားရင် ရင်ထုပြီး အံ့သြလို့မဆုံး ဖြစ်တော့မှာပဲ။ သူ့အသံလေးကြားတာနဲ့ ချက်ချင်း အရည်ပျော်သွားမိလို့။

"ကိုယ် မညာပါဘူး၊ ကိုယ့်မှာ ကောင်မလေးတွေ ရှိခဲ့ဖူးပါတယ်၊ ဒါပေမယ့် အခုချိန်မှာတော့ ခင်ပြည်သူ့ကိုပဲ ချစ်တယ်၊ တခြား ဘယ်သူ့ကိုမှ မချစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ကောင်မလေးတွေ ဘယ်နှစ်ယောက်တောင်လဲ”

ဝသုန် ခပ်သွဲ့သွဲ့ရယ်သည်။ ခင်ပြည်သူ စိတ်ကောက်သလိုဖြစ်သွားပြီး...

“အများကြီးမဟုတ်လား ... ဟင်း ... ရှင်ဟာ လူရှုပ်လူပွေပဲ၊ ပြန်ချစ်မိတာ တကယ်မှားတယ်”

ဟု ခပ်တိမ်တိမ်အသံဖြင့် ပြန်ပြောမိလေသည်။

“ကိုယ် ခင်ပြည်သူ့ကိုပဲ အခုချိန်မှာ ချစ်တယ်လို့ ကတိပေးထားပြီးပြီ၊ ကိုယ်က ကတိကို ဘယ်တော့မှ ဖြီးလွှယ်မပေးတတ်ဘူး၊ ကိုယ် တကယ်လိုက်နာနိုင်မှ ပေးတာပါ”

“ပြည်သူ့ကို ဘာကြောင့် ချစ်ရသလဲ”

“မင်းက ကိုယ့်ဆီကို ရွေးချယ်ပြီး ရောက်လာခဲ့တယ်လေ၊ မင်းရောက်လာခဲ့ပုံက ကိုယ့်နှလုံးသားထဲကို တံခါးခေါက်ပြီး ဝင်လာခဲ့သလိုပဲ ခံစားရတယ်၊ အဲဒီတော့ ကိုယ် ချစ်မိသွားတယ်၊ ကိုယ် အမှန်အတိုင်းပြောမယ်၊ လှလို့၊ ဆွဲဆောင်မှုရှိလို့ဆိုတဲ့ အကြောင်းပြချက်တွေ မရှိပါဘူး၊ မင်းက ရိုးသားပြီး ချစ်စရာကောင်းနေတယ်၊ အဲဒါလေးကို ကိုယ် ချစ်တာ”

“ပြည်သူက မရိုးသားရင် မချစ်ဘူးပေါ့”

“ဟားဟားဟား ... မရစ်ပါနဲ့ ကောင်မလေးရယ်၊ ကိုယ့်ကိုရစ်ရင် ကိုယ် မဖြေတတ်တော့ဘူး”

“ကဲပါ...ဒါဆိုလည်း မနက်ဖြန် ကျောင်းကို လာတွေ့မလား”

“မနက်ဖြန်”

သူက သံယောင်လိုက်ပြီး ပြန်မေးသလိုအသံဖြင့် မေးပါသည်။





“ဟုတ်တယ်၊ သူငယ်ချင်းတွေက တွေ့ချင်လို့တဲ့၊ သူငယ်ချင်းထဲမှာ ဘယ်သူမှ ရည်စားမရှိကြသေးဘူး၊ ပြည်သူက အရင်ဆုံး ရည်းစားရှိသွားလို့ သူတို့ သိပ်စိတ်ဝင်စားနေကြတယ်၊ ဝသုန့်ကိုလည်း တွေ့ချင်တယ်”

“မနက်ဖြန် ဘယ်အချိန်လဲ”

“နေ့လယ်တစ်နာရီဆို သူငယ်ချင်းတွေနဲ့ ထမင်းစားကြတယ်လေ၊ ဝသုန် လာခဲ့ပေါ့”

“ညနေဘက်ကျမှ လာရင် ရမလား”

“ညနေသုံးနာရီဆို အတန်းအားလုံးပြီးပြီ”

“ကိုယ်က ခြောက်နာရီကျော်လောက်မှ အပြင်ထွက်လို့ရမှာ”

“ပြည်သူ့အတွက်ပဲ၊ အဲဒီတစ်ရက်လေးတောင် အချိန်မပေးနိုင်အောင် ဘာအလုပ်ကိစ္စတွေများ အရေးကြီးနေလို့လဲ”

“နေသိပ်ပူရင် ကိုယ် အပြင်မထွက်ချင်တာပါ၊ မိုးအုံ့နေရင်တော့ ထွက်လာလို့ရပါတယ်”

“ဘာဖြစ်လို့လဲဟင်”

ခင်ပြည်သူ အံ့သြသလို ပြန်မေးမိ၏။ ဝသုန့်အသံ ခဏလေးတိတ်သွားပြီးမှ ....

“ကိုယ် နေသိပ်ပူတဲ့အခါကို မခံနိုင်ဘူး၊ သေသွားလိမ့်မယ်”

ဟု ဖြေပါသည်။ ခင်ပြည်သူမှာ စိတ်ထဲတွင် ကျိတ်ပြီး “ဟင် ... ယောကျ်ားဖြစ်ရက် ဒီလောက်တောင် အခံမခံနိုင်ဘူး၊ တော်တော်ပျော့တာပဲ” လို့ ကဲ့ရဲ့ရှုတ်ချမိတော့မလိုတောင် ဖြစ်သွားပါသည်။

“ဟင်းဟင်းဟင်း ... သေတော့မသေနိုင်ပါဘူး ဝသုန်ရယ်၊ နေလောင်ရုံပါပဲ၊ အဆင်မသင့်ရင် အပူရှပ်ပြီး ဖျားမယ်၊ ဒီလောက်ပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ပြည်သူ မပယ်လည်း နေပါ၊ ရပါတယ်၊ ကိုယ် နေပူရင်တော့ ထွက်လို့မရတာ အမှန်ပဲ"

"ဒါဖြင့် ညနေမှတွေ့မယ်ပေါ့၊ အဲဒီလိုလား"

"အဲဒီလိုပါပဲ"

"ဒါဖြင့် သူငယ်ချင်းတွေကို ချိန်းလိုက်ဦးမယ်"

"သူတို့နဲ့မချိန်းခင် ကိုယ်နဲ့ခင်ပြည်သူ တွေ့ကြဦးမယ်မဟုတ်လား"

အမှန်တော့ ခင်ပြည်သူ တွေ့ချင်ပါသည်။ သို့သော် သူ့ဘက်က ကိုယ်တောင်းဆိုသမျှ မလိုက်လျောပေးနိုင်သည်ဖြစ်ရာ သူ့ကို မတွေ့သေးဖို့ ဆုံးဖြတ်လိုက်သည်။ အမြဲတမ်း အလျှော့ပေးပြီး သူကြိုးဆွဲရာလိုက်ကနေတဲ့ အရုပ်လေးတော့ မဖြစ်ချင်ဘူး။

"မတွေ့တော့ပါဘူး၊ သူငယ်ချင်းတွေနဲ့ချိန်းလို့ရမှ တွေ့မယ်လေ"

"ဩော်...စိတ်ကောက်တာပေါ့လေ"

"မကောက်ပါဘူး ဝသုန်၊ ယောကျ်ားလေးဘက်က တွေ့မယ်ပြောတိုင်း လိုက်လျောလက်ခံနေဖို့ မသင့်ဘူးထင်လို့ပါ"

"မင်းနဲ့ကိုယ်ကြားမှာ အဲဒါတွေ မလိုဘူး ခင်ပြည်သူ"

"ဝသုန်...အခု ညတစ်နာရီရှိပြီ၊ ညဉ့်သိပ်နက်နေပြီ၊ ပြည်သူ အိပ်ချင်လာပြီ၊ ဖုန်းပြောတာ ရပ်လိုက်ရအောင်နော်"

"ရတယ်...ရတယ်...ရပ်လိုက်၊ ခင်ပြည်သူ အိပ်နေတာလေးကို ကိုယ် အဝေးကပဲ ငေးနေမယ်နော်၊ ကိုယ်ကတော့ ညဘက်တွေဆို အိပ်မနေတော့ဘူး၊ မအိပ်တော့ဘူး"

သူ ဘာတွေပြောမှန်း မသိပေမယ့် ခင်ပြည်သူမှာ ဖုန်းဆက်မပြောချင်တော့တာမို့ ဖုန်းကို အပြီးပိတ်ချလိုက်ပါသည်။ သူ့အသံက နူးညံ့ကြင်နာ





နေကာ ဆွဲဆောင်မှုရှိလွန်းလှတာမို့ တကယ်တော့ တစ်ညလုံး ဖုန်းပြောရင်း နားထောင်နေချင်ပါသည်။ ဒါပေမယ့် မနက်ကျ မထနိုင်ရင် အတန်းတွေလည်းပျက်၊ လုပ်နေကျ အလုပ်တွေလည်းပျက်၊ လူလည်း ခေါင်းမူးပြီး စိတ်မကြည်မလင်ဖြစ်ရတဲ့ဒုက္ခတွေ မခံစားချင်တာကြောင့် ဖုန်းပြောတာ ဖြတ်ပစ်လိုက်ရတာ ဖြစ်ပါသည်။

ဝသုန်နဲ့ပြောခဲ့သော စကားလေးတွေပြန်စဉ်းစားကြားယောင်ရင်း ခင်ပြည်သူ အိပ်ပျော်သွားပါသည်။ အိပ်မက်လိုလို ဘာလိုလိုလားတော့ မသိ။ ဝသုန်က ခင်ပြည်သူတို့အိမ်ရဲ့ခြံဝန်းထဲမှာရှိသော ပိတောက်ပင်ကြီးမှာ ရှိနေခဲ့ပြီး ခင်ပြည်သူ့အခန်းလေးကို တစ်ညလုံး ငေးကြည့်နေသည်ဟု ထင်မိသည်။ Lava Lamp (လာဗာလန့်(ပ))ဟုခေါ်သော မီးရောင်လေး လဲ့လဲ့ရှိသည့် ခင်ပြည်သူ့အခန်းလေးဟာ တိတ်ဆိတ်နေပေမယ့် ဝသုန်ကတော့ မနက်မိုးလင်းတဲ့အထိ စောင့်ကြည့်နေခဲ့သည်ဆိုသော ခပ်ဆန်းဆန်းအိပ်မက်ကို မက်ခဲ့လေသည်။

*　*　*

www.burmeseclassic.com

www.burmeseclassic.com

# (၆)

"အမယ်လေးနော် . . . မင်းသားတစ်ယောက်တွေ့ဖို့ ရက်ချိန်းယူရတာကျနေတာပဲ"

အောင်သစ်က မကျေမနပ်တော့ ပြောပေမယ့် ဘယ်တော့များ ဝသုန်ဆိုတာ ရောက်လာတော့မလဲဆိုတဲ့ မျက်လုံးတွေနဲ့ ဟိုကြည့်ဒီကြည့် လုပ်နေပါသည်။ သူတို့ပဲ ညနေပိုင်းတွေ့မယ်လို့ သဘောတူတာနဲ့ ဝသုန့်ဆီ message ပြန်ပို့တာ တစ်ရက်ကြာသည်။ ထုံးစံအတိုင်း နေ့ခင်းကပို့လိုက်သော message ကို ချက်ချင်းမပြန်ဘဲ ညကျမှ အကြောင်းပြန်သဖြင့် တစ်ရက်စောင့်ရသလိုဖြစ်သွားတာကြောင့် သူငယ်ချင်းတွေကို ဒီမနက်မှ ပြော၊ ဒီညနေ လာစောင့်ကြရတာဖြစ်သည်။ ဒီတော့ အကြောင်းအရာတစ်ခုရှင် ရေရှုတ်ဝေဖန်မဆုံးဖြစ်တတ်တဲ့ အောင်သစ်ရယ်၊ ဝသုန်ဆိုတာ မြင်ရအသေးပေမယ့်...

Synergy Publications

www.burmeseclassic.com

www.burmeseclassic.com



"ဘဝင်တော်တော်ကိုင်ပြီး သူပဲ အသာစီးရချင်တဲ့ လူစားမျိုး ဖြစ်မယ်"

ဟု ကြိုတင်ဝေဖန်ကာ ကြိုအမြင်ကတ်နေသော သီရိခင်ရယ်၊

"နေပူတာကို မခံနိုင်ရအောင် သူ့မှာ Albino (အယ်လ်ဘိုင်နို) ရောဂါရှိနေလို့လား။ Albino တွေက အရေပြားမှာ နေရောင်ခြည်ဒဏ်ကို ခံနိုင်တဲ့ melanin (မယ်လန်နင်) ဓာတ် မပါကြဘူးလို့ ကြားဖူးတယ်"

ဟူ၍ ဘယ်သူ့ကိုမဆို ရောဂါတစ်ခုခု ရာကြဲပေးတတ်သော ဆရာဝန်ဖြစ်ချင်လှပေမယ့် ဆယ်တန်းမှာ ဖြစ်ဖြစ်မြောက်မြောက် အမှတ် လည်းမရ၊ ဟုတ်တိပတ်တိလည်း စာမကြိုးစားခဲ့တာမို့ ဆေးကျောင်းမဝင် ပေမယ့် ဆေးပညာနဲ့ပတ်သက်သော စာတွေ ရာကြဲဖတ်နေတတ်သော ရှုဘီရယ်။

အဲဒီသုံးယောက်ရဲ့ ရေပက်မဝင်အောင် ဝေဖန်ပြောဆိုကြသော ဝသုန်အကြောင်းတွေကြား ခင်ပြည်သူ နားအူလျက် ဝသုန်ကို မျှော်နေ ရသည်။

နာမည်ကြီးရှော့ပင်းမောလ်ကြီးတစ်ခုရှေ့မှာ ညနေခြောက်နာရီ တွေ့ကြမယ်၊ ဘယ်နေရာဘယ်အခြမ်းဘက်မှာလို့ အတိအကျချိန်းထား တာမို့ နေရာလွဲစရာတော့ မရှိနိုင်။ နေရာလွဲနေရင်လည်း တစ်ယောက်နဲ့ တစ်ယောက် ဖုန်းဆက်လို့ရတာပဲ၊ သူ ခုထိ ဘာကြောင့် ပေါ်မလာသေး တာလဲ၊ ခုနစ်နာရီတောင် ထိုးတော့မယ်ဟု ခင်ပြည်သူတစ်ယောက် စိတ် အနှောင့်အယှက်ဖြစ်စွာပင် စောင့်စားနေမိသည်။ ခြောက်နာရီတွေ့မယ်ချိန်း ထားပြီး အတိအကျ ရောက်မလာတာကြောင့် သူငယ်ချင်းတွေကြားထဲ မျက်နှာပူကာ ဝသုန်ကိုလည်း သံသယဖြစ်မိသည်။ သူ ငါ့ကို တကယ်ရော





ချစ်တာလား။ သူ့ခေါင်းထဲမှာ ငါ့အကြောင်းရော တကယ်ထည့်ရဲ့လား။ ငါ့ အပေါ်အလေးအနက်ရော ထားရဲ့လား။

"ဟော..."

ခင်ပြည်သူ့စိတ်ထဲက အသံဖြစ်ပါသည်။ အနက်ရောင် ခပ်ပြား ပြားဘီးကြီးကြီးဆလွန်းကားလေးကို လှစ်ခနဲ လှမ်းမြင်လိုက်၍ဖြစ်ပါသည်။ သို့သော် အတိအကျတော့ မပြောရဲသေး။ ဒီလိုကားမျိုးလေးတွေက ဆင်တူ တွေလည်း ရှိတတ်တာမို့ လူမမြင်ရသေးဘဲ ကားအရင်မြင်ရုံဖြင့် ဝမ်းမသာ ရသေးပါ။

လူအုပ်ကြားထဲကနေ သူ ဘယ်အချိန်ပေါ်လာမလဲလို့ လိုက်ရှာ ကြည့်နေစဉ်...

"ခင်ပြည်သူ"

ဟု အနားကပ်ခေါ်လိုက်သော အသံကြောင့် ဖျတ်ခနဲ ရင်ခုန်သွား ရသည်။

"လူတွေကြားထဲမှာရှာနေတာ မတွေ့ပါလား။ ရောက်မယ့်ရောက် တော့လည်း ချက်ချင်းရောက်လာတယ်"

"ကိုယ့်ကားကို ခင်ပြည်သူ မြင်တယ်မဟုတ်လား"

ခင်ပြည်သူ ခေါင်းညိတ်ပြလိုက်ရပေမယ့် အဝေးကြီးကနေ သူ့ ကားဝင်လာတာကို ခင်ပြည်သူ လှမ်းမြင်တာဖြစ်ပြီး သူ ဘယ်လိုလုပ် ဒါကို သိသလဲလို့ တွေးနေမိသည်။ သူ ခင်ပြည်သူ့ကို ဘယ်လိုမှ မမြင်နိုင်။ သူဟာ အောင်သစ်ပြောသလိုပဲ လူ့စိတ်ကိုဖတ်နိုင်သည့် mind reader ပေပဲလား။

"ဟဲ့...ငါတို့ဘေးမှာ ရှိသေးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အောင်သစ် ငြိမ်မနေနိုင်တော့ဘဲ ဘေးကနေ တံတောင်နဲ့တွက်ပြီး ပြောလေသည်။ ဝသုန်ကတော့ သူဝတ်နေကျပုံစံအတိုင်းပင် ခေါင်းစွပ်တစ်ဆက်တည်းပါသော တီရှပ်လက်ရှည်ကို ဝတ်ထားပြီး ခေါင်းစွပ်ကြီးလည်း စွပ်ထားသေးသည်။

ညဘက်မီးရောင်များနဲ့အတူ မီးနီးနှင့်အပြာရင့်လိုလို စပ်ထားသော ဝသုန့်မျက်ဝန်းတွေကို ခင်ပြည်သူ အခုမှ သတိထားမိသည်။ အရင်ကတော့ သူ့မျက်လုံးအရောင်ဟာ ဘာရောင်မှန်းပင် အသေအချာ မကြည့်မိခဲ့ပါ။

"ဝသုန် ရောက်လာပြီဆိုတော့ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်"

"ဒီမှာ ... လူတွေကြားထဲ ရပ်မနေပါနဲ့၊ ဆိုင်တစ်ဆိုင်မှာ သွားထိုင်မယ်လေ"

ဝသုန်က အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး ပြောသည်။

"အားလုံး အောင်သစ်ကားကို ဝိုင်းကပ်ပြီး စီးလာကြတာ အောင်သစ်ကားနဲ့ပဲ သွားမယ်"

"ခင်ပြည်သူ ကိုယ့်ကားနဲ့လိုက်ခဲ့ပါ၊ အိုကေ"

ဝသုန် ပြောပြောဆိုဆို ခင်ပြည်သူ့လက်တစ်ဖက်ကို ဆွဲခေါ်ပြီး ဖြစ်နေသည်။

"ကိုယ့်ကားနောက်က လိုက်ခဲ့ကြနော်"

"ဟေ့ ... ဟေ့လူ ... ဝသုန် နေဦး ... ခင်ဗျားကားက ဘာလဲ၊ ဘယ်မှာလဲ၊ ကျွန်တော်တို့မှ မသိတာ"





"မပူပါနဲ့ ... ကျွန်တော် စောင့်ခေါ်ပါ့မယ်"

အောင်သစ်တို့သုံးယောက်သား မျက်လုံးအပြူးသားနှင့် ကျန်ရစ်တော့သည်။ တစ်ယောက်နဲ့တစ်ယောက် လက်ကုတ်ကြရင်း ...

"ဟယ် ... ဘယ်လိုကောင်လည်း မသိဘူး၊ အကြောကြီးနဲ့၊ သူက ည်းဦးဆောင်ပြောသွားတယ်"

"ရုပ်ကတော့ အပျံစားပဲ"

"ဘာလူမျိုးလည်း မသိဘူး။ အသားအရမ်းဖြူပြီး မျက်လုံးက က်ရောင်လည်း မဟုတ်ဘူးနော်"

"ပြည်သူတစ်ယောက်ဟာ ကြည့်ပါဦး . . . ကောက်ကောက်ပါ အောင် လိုက်သွားတော့တာပဲ"

"သူ့ပုံစံက လူတစ်ဖက်သားကို အရမ်းလွှမ်းမိုးတဲ့ပုံစံ"

"အဲဒီလောက် အိုက်နေတာ၊ လက်ရှည်ကြီးနဲ့၊ ခေါင်းစွပ်အကျီ တော့"

"ငါ အတန်တန် မပြောဘူးလား၊ ဒီကောင်ဟာ ဘယ်ကဘယ်လို ဆောင်ပေါက်ပြီးရောက်လာတဲ့လူမှန်းမသိဘဲ ပြည်သူ့ကိုတစ်ချက်တည်း ခဲ့ဆောင်သွားတာ ပေါ့သေးသေးတော့ မဟုတ်ဘူး၊ အစစအရာရာ မလွှန် ပြည်သူ့ကို ငါတို့ ပြန်သိမ်းနိုင်မှ ..."

"ဟယ် ... မောင်အောင်သစ် ... စကားပြောတာ ရှေ့နောက်ဆင် ဦး၊ ပြည်သူ နိုးရာလိုက်သွားတာ မဟုတ်သေးဘူး"

သုံးယောက်သား အပြန်အလှန်ရန်ဖြစ်၊ စကားနိုင်လုရင်း ချော်လဲ မတတ် ခြေလှမ်းတွေနဲ့ အောင်သစ်၏ကားဆီ အမြန်လျှောက်လာကြ သည်။ သူတို့အားလုံးရဲ့စိတ်ထဲမှာ ဝသုန်ဟာ သူတို့မလိုက်စေချင်လို့



www.burmeseclassic.com

www.burmeseclassic.com



...သွားတာ၊ သူ့ကားနဲ့ စောင့်ခေါ်မယ်ဆိုတာဟာ လိမ်သွားတာ ...သော သံသယက ရှိနေလေရာ ဝသုန်တို့ကို မမီလိုက်တော့မှာ စိုးရိမ်နေသည်။

ဝသုန်နဲ့ခင်ပြည့်သူကတော့ ဒီလောက်လူရှုပ်နေတဲ့ကြားက ဘယ်လိုနည်းနဲ့ လူတွေကို တိုးထွက်ပြီး သွားသလဲမသိ။ ချက်ချင်းလိုလိုပင် မြင်ကွင်းမှ ပျောက်သွားပါသည်။

ခင်ပြည့်သူသည် ဝသုန်ဆွဲခေါ်ရာသို့ လိုက်ခဲ့ရသည်ဖြစ်ရာ ကားပေါ်ရောက်မှပဲ ဝသုန့်ကို ရန်လုပ်ဖို့ သတိရတော့သည်။

"ဝသုန်...ဝသုန်... ရှင် သိပ်မတရားလုပ်တာပဲ"

ဝသုန့်လက်မောင်းတစ်ဖျက်ကို ထုပြီး အော်ပစ်လိုက်သည်။ အခုတော့ ဝသုန့်လက်ဖဝါးတွေ အေးစက်လှတာ၊ ဝသုန့်အသားအရေဟာ သာမန်နဲ့မတူအောင် အေးနေတာတွေကို အထူးအဆန်း မဖြစ်တော့ဘဲ ခင်ပြည့်သူ နေသားကျနေလေပြီ။

"ဘာဖြစ်လို့လဲ၊ ဘာမတရားလုပ်လို့လဲ"

"ပြည့်သူ့သူငယ်ချင်းတွေကို ထားခဲ့ပြီ"

"မထားခဲ့ပါဘူး၊ စိတ်ချ၊ သူတို့ပါလာစေရမယ်၊ ကိုယ့်ကားသူတို့ကားရှေ့မှာ ရှိကိုရှိစေရမယ်"

"သူတို့ ဘယ်ကားလဲဆိုတာဖြင့် ရှင် မသိဘဲနဲ့"

"ကိုယ် သိပါတယ်၊ ကိုယ်မသိရင်လည်း သိအောင်လုပ်လို့ရတယ်၊ စိတ်မပူနဲ့ ... အိုကေ"

ဝသုန်က ခင်ပြည့်သူ့နဖူးလေးကို တစ်ချက်ရှိုက်နမ်းလိုက်ပြီး ပြောသဖြင့် ခင်ပြည့်သူမှာ ပရမ်းပတာ ရင်ခုန်သွားပြန်သည်။ ဝသုန်ကတော့





...တ်ကို နှိုးလိုက်ပြီး အဆင်သင့်ထည့်ထားသော စီဒီကိုပါ တစ်ခါတည်း ...လိုက်သည်။

"You can count on me ... like ... one .... two .... three ... ... be three ...."

Bruno Mars (ဘရူနိုမားစ်)၏သီချင်းလေးတစ်ပုဒ်က အေးအေး ...သာစွာ ထွက်ပေါ်လာသည်။ ဝသုန် Bruno Mars ကြိုက်သလား၊ ...သော်တွေထဲမှာ သူ့အပြင် ဘယ်သူ့သီချင်းတွေ ကြိုက်သေးလဲ၊ ဘာ ...အစာ ကြိုက်လဲ၊ ဘာအရောင်ကြိုက်လဲ၊ ဘာကို Favourite (ဖေး ...တ်) ဖြစ်လဲ၊ သီချင်းနားထောင်တာလား၊ ရုပ်ရှင်ကြည့်ရတာလား စ ...ဖြင့် ခင်ပြည့်သူ့ခေါင်းထဲမှာ မေးခွန်းတွေ အစီအရီရှိနေပေမယ့် တကယ် ... တစ်ခါမှလည်း မမေးခဲ့ဖူးပါ။ ဆုံလိုက်တိုင်း အသေအချာ စကားပြော ...မရှိဘဲ ဘာတွေ အချိန်ကုန်မှန်းမသိ ကုန်သွားတတ်နေသည်။

"ဟော ... တွေ့လား၊ ခင်ပြည့်သူ ... နောက်ကို လှည့်ကြည့်လိုက်၊ ...ပြည့်သူ့သူငယ်ချင်းကား ရှိနေပြီ"

"ဟင် ... ဟုတ်သားပဲ"

"သူတို့ ဒီကားကို မသိဘူး၊ တွေ့သွားအောင် ခင်ပြည့်သူ လက်ပြ ...ဦး၊ ဒါမှ ဒီကားနောက် လိုက်လာလို့ရမှာ"

ခင်ပြည့်သူ ဝမ်းသာစွာပင် ကားမှန်ကိုချပြီး ခေါင်းခကာထွက်ကာ ...ပြလိုက်သည်။ အောင်သစ်၊ သီရိခင်နှင့် ရွှေဘိုတို့သုံးယောက်သား ...လုံးကြီးတွေပြူး၊ အံ့တွေကြိတ်ပြလျက် ခင်ပြည့်သူ့ကို မာန်မဲပြလေ ...ည်။ ခင်ပြည့်သူ တဟင်းဟင်းရယ်ရင်း ကားထဲပြန်လှည့်လိုက်သည်။

ဝသုန်က ခင်ပြည့်သူ့ကို ပြုံးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေနပ်သွားပြီမဟုတ်လား....ကောင်မလေး"

"ဝသုန်က တော်လိုက်တာ၊ အောင်သစ်ကားကို သိနေတယ်ပေါ့ ... ဝသုန် . . . ရှင် ကျုပ်ကို ဘာများညာထားတာရှိလဲ၊ ကျုပ်အကြောင်းတွေ နောက်ကလိုက်ပြီးတော့များ တိတ်တိတ်စုံစမ်းထားသလား၊ ရှင်က S... (စပိုင်)တစ်ယောက်လား"

"ဟားဟားဟား...ကျုပ်တဲ့...သူ့ကိုယ်သူ"

"တစ်ခါတလေ ပြည်သူ့ အဲဒီလိုပြောနေကျ"

"အဲဒါဖြင့် ကိုယ်နဲ့ကျရင် အမြဲပြော"

"ဟင်...ဘာဖြစ်လို့လဲ"

"အဲဒီလိုပြောတာလေးက ပိုပြီး ချစ်စရာကောင်းတယ်"

"အမေတို့က ပြောတယ်၊ အဲဒီလိုကြီး မသုံးရဘူးတဲ့"

"ဘာဖြစ်လို့လဲ"

"တောဆန်တယ်တဲ့"

"ဟားဟားဟား"

"ဝသုန်...ရှင့်အသက် ဘယ်နနှစ်လဲဟင်"

"ဟောဗျာ...ပြောနေရင်း ခေါင်းစဉ်ချက်ချင်းပြောင်းသွားပါလား"

"သတိရသွားလို့ ကြုံမေးထားတာ၊ မောင်အောင်သစ်တို့တစ်... ရှင့်ကို ဝိုင်းမေးရင် ပြည်သူ အဲဒီကျမှသိတဲ့ပုံကြီး ဖြစ်နေမယ်၊ မကောင်း... ကိုယ့်ရည်းစားအကြောင်း တခြားဟာ မသိရင်နေ၊ အသက်လေးတော့ ... ထားမှပေါ့"

ဝသုန် တစ်ချက်စဉ်းစားလိုက်ပြီး...

"ကိုယ့်အသက် နှစ်ဆယ်"





ဟု ခပ်တိုးတိုး ပြောသည်။

"ယုံရဲ့လား..."

ဟု ထပ်မေးပါသည်။

"ဘာလို့ အဲဒီလိုမေးတာလဲ"

"ကိုယ်က အသက်နှစ်ဆယ်နဲ့မတူဘဲ ပိုကြီးတဲ့ပုံများ ပေါက်နေလားလို့ပါ"

"ဝသုန်က အသက်ကြီးတဲ့ပုံ မပေါက်ပါဘူး"

"ဟော...ဒီဆိုင်လေး ကောင်းမယ့်ပုံပဲ၊ ဝင်လိုက်မယ်နော်"

ခြံဝန်းလေးထဲမှာ သီးသန့်ပုံစံဖွင့်ထားသော Burgers & Snacks (ဘာဂါ(စ်)အင်နဲ့စနက်(စ်)) ဆိုင်လေးထဲ ဝသုန့်ကားလေး ချိုးဝင်သောအခါ အောင်သစ်ရဲ့ဆလွန်းကားလေးပါ နောက်ကလိုက်ဝင်လာလေသည်။

ကားတွေ ပါကင်ရပ်ပြီးသောအခါ ဝသုန်ကပဲ ဦးဆောင်ပြီး...

"အားလုံးပဲ ဒီဆိုင်ကို ကြိုက်မယ်ထင်ပါတယ်"

ဟု အသိပေးသလိုလို၊ အဖော်ညှိသလိုလိုပုံစံဖြင့် ပြောပြီး ခင်ပြည်သူ့လက်ကိုဆွဲကာ ရှေ့က အရင်ဝင်သွားပါသည်။

အောင်သစ်တို့သုံးယောက်သား လက်တွေကုတ်၊ မျက်စတွေပစ်၊ အသံတိတ်အတင်းတွေပြောပြီး ဆိုင်ထဲပါလာခဲ့ပါသည်။ ဆိုင်က သိပ်လင်းလင်းချင်းချင်းမဟုတ်ဘဲ ခပ်မှိန်မှိန်ဒီဇိုင်း ဖြစ်နေပါသည်။

အောင်သစ်က ရှုံ့မဲ့လျက်...

"မှောင်တယ်...ဘာမှလည်း မမြင်ရဘူး"

ဟု၍ ခပ်တိုးတိုးရေရွတ်လိုက်သောအခါ ဝသုန် ဂရုတစိုက်ဆင်ထားတာကို လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှောင်တယ်တဲ့… ဖယောင်းတိုင်မီးဖြစ်ဖြစ် စားပွဲမှာ ထားပေးလို့ ရမလား"

"ရပါတယ်ခင်ဗျာ"

ဝိတ်တာက ဝါဆိုဖယောင်းတိုင်အရှည်ကြီးတစ်တိုင် လာထွန်းပေးသည်။ အားလုံး Menu (မီနူး) ကြည့်နေပေမယ့် ဘာမှာရမလဲ စဉ်းစားမရဖြစ်နေသေးတာမို့ ဝိတ်တာက ခဏပြန်ထွက်သွားပါသည်။

"ဝသုန်နဲ့ မိတ်ဆက်ပေးရမယ်၊ သူက အောင်သစ်တဲ့၊ သီရိခင် ရှာဘီ"

သီရိခင်နဲ့ရှာဘီ့ကို တစ်ယောက်စီ လက်ညှိုးညွှန်ပြရင်း မိတ်ဆက်ပေးလိုက်သည်။

"ကျွန်တော့်ကို အခုလို အသိအမှတ်ပြု တွေ့ဆုံတာ ဝမ်းသာပါတယ်၊ ခင်ပြည်သူ့သူငယ်ချင်းတွေမို့ ကျွန်တော့်သူငယ်ချင်းအဖြစ် မှတ်ထားလိုက်ပါ့မယ်"

"ကိုဝသုန်က…"

"အဟင်း… ဝသုန်ပဲခေါ်ပါ၊ ရပါတယ်၊ ကျွန်တော် စိတ်မဆိုးပါဘူး တရင်းတနှီးခေါ်ပါ"

"ဟုတ်ပြီ… ဝသုန်ပေါ့"

အောင်သစ်မှာ ဝသုန်၏ ဖော်ဖော်ရွေရွေပုံစံကြောင့် နည်းနည်းဘဝင်ကျသွားဟန်ဖြင့် အရယ်အပြုံးတွေက လိုက်လိုက်လှဲလှဲ ဖြစ်လာပါသည်။

"ကြိုက်တာမှာစားကြနော်… အားမနာနဲ့၊ ကျွန်တော်နဲ့ ခင်ပြည်သူ ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ကျွေးတယ်လို့ သဘောထားလိုက်ပါ"





သီရိခင်ကတော့ မျက်လုံးအရောင်မှာ မီးခိုးလိုလို အပြာရင့်လိုလို ချက်ဆန်ဖြစ်နေကြောင်း တအံ့တသြ သတိထားမိပြီး အသေအချာ ကြည့်နေသည်။ ကြည့်ရင်းအေးစိမ့်သလိုလို၊ ဘာလိုလို ဖြစ်လာတာကြောင့် အခန်းကတန်း အကြည့်လွှဲရင်း ဘာကို သံသယဖြစ်မှန်းမသိ ဖြစ်နေသည်။

ရှာဘီကတော့ ဖြူလွန်းလှသော အသားအရေမှာ သွေးရောင်ပင် မရှိသလိုပုံပေါက်နေသည့် ဝသုန့်ကိုကြည့်ရင်း…

"သေချာပါတယ်၊ သူ Albinism (အယ်လ်ဘီနစ်ဆင်) ဖြစ်နေတယ်"

ဟု၍ ရောဂါအမည်တစ်မျိုးတပ်ကာ ခင်ပြည်သူ့ကို သတိပေးရသည်ဟု ကျိတ်တွေးနေတာနဲ့ပဲ ကိုယ် ဘာစားရမှာလို့ မှာလိုက်မှန်းပင် သတိမထားမိချေ။

"ဝသုန်က ဘာလူမျိုးလဲ"

အောင်သစ်ကပါ ဝသုန်၏ မြန်မာတစ်ယောက်နှင့် မတူသော အသွင်အပြင်ကြောင့် သတိပြုမိပြီး မေးတော့လေသည်။

ဝသုန်… တစ်ချက်မျှ အောင်သစ်ကို အကဲခတ်ကြည့်ရင်း…

"ဘာလူမျိုးလို့ထင်လဲ"

ဟု၍ပင် ပြန်မေးခွန်းထုတ်လေသည်။

"မြန်မာ… မစစ်ဘူးမဟုတ်လား"

"အဖေက အင်္ဂလိပ်လူမျိုးစစ်စစ်ပါ၊ အမေက ရှမ်းနဲ့အင်္ဂလိပ် ကပြားပါ"

"သြော်… ဒါကြောင့်ကိုး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘိုဘသဲ အခုမှထွက်လာသည်။ ဝသုန်က စူးစမ်းသလိုကြည့်လိုက်ရာ...

“ရှင့်ကြည့်ရတာ အသားသိပ်ဖြူလွန်းလို့ ရောဂါရှိတယ် ထင်နေတာ”

“ဟုတ်လား၊ ဘယ်လိုရောဂါသည်နဲ့တူလဲ”

“Albinism လေ”

“ကျွန်တော် သိတယ်၊ အဲဒါ အရေပြားမှာ melanin pigment (မယ်လန်နင်ပစ်မန့်) မပါတဲ့ ရောဂါတစ်မျိုးမဟုတ်လား”

“ရှင် တယ်တော်ပါလား၊ ဒီလိုရောဂါအကြောင်းသိတဲ့လူ သိပ်မရှိဘူး”

“ကျွန်တော့်အဖေက ဆရာဝန်ပါ”

“ဒါဖြင့် ရှင်ကရော...”

“ကျွန်တော်က ရိုးရိုးပါပဲ”

“ဘာရိုးရိုးလဲ၊ ရိုးရိုးမေဂျာကို ပြောတာလား”

“အင်း...ဟုတ်တယ်”

“ဘွဲ့ရပြီးပြီလား”

သီရိခင်က တစ်ခွန်းမေးတစ်ခွန်းဖြေဖြစ်နေသော ဝသုန့်ကို အားမရဟန်ဖြင့် သူပါ ဝင်မေးလာသည်။ ခင်ပြည်သူမှာ သူငယ်ချင်းသုံးယောက် တစ်ယောက်တစ်ပေါက် ဝင်မေးမှပဲ ဝသုန့်အကြောင်းတွေ ကြားသိရသူဖြစ်ကာ စိတ်ဝင်တစား နားထောင်နေမိပါသည်။

“ဘွဲ့မရသေးဘူး”





“ဘာမေဂျာလဲ”

“Psychology (ဆိုက်ကိုလော်ဂျီ)”

“သြော်...ဒါကြောင့် ရှင်က စိတ်ညှို့တတ်တာကိုး”

“ကျွန်တော် စိတ်မညှို့တတ်ပါဘူး”

“ပြည်သူက အရမ်းအေးပြီး ရည်းစားလည်း တစ်ခါမှ မထားဖူးဘူး၊ ...ကျားလေးသူငယ်ချင်းဆိုလည်း မောင်အောင်သစ်ကလွဲရင် ဘယ်သူ ...ကားပြောတာမဟုတ်ဘူး၊ အဲဒီလိုလူကို ရှင်က အလွယ်တကူပဲ ရည်းစား ...တ်တော်သွားအောင် စိတ်ညှို့တတ်လို့ပါ”

ဝသုန်က ပြုံးရုံပြုံးနေသည်။ သူ့ကို ဝေဖန်နေတာတွေအတွက် ...အနောင့်အယှက်ဖြစ်ပုံတော့ မရ။ စိတ်ရှည်လက်ရှည် ဖြေနေတာ တွေ့ ...ည်။ ခင်ပြည်သူ့လက်တစ်ဖက်ကိုတော့ မလွှတ်တမ်း ဆုပ်ကိုင်ထားခဲ့ ...ည်။

“ရှင့်မိဘတွေကမြန်မာမစစ်ကြဘဲရှင်တို့ဒီမှာပဲနေကြတယ်နော်”

“အဖေက ဆရာဝန်အဖြစ် ဒီကိုလာတာပါ၊ အမေနဲ့တွေ့ပြီး လက် ...ပြီး ဒီမှာပဲ သူ့အလုပ်သူလုပ်ရင်း ဆက်နေခဲ့တဲ့သဘောပါ”

“အခုလည်း ဆရာဝန်လုပ်နေတုန်းပေါ့”

“အဖေရော၊ အမေရော ဆုံးသွားပါပြီ”

“အို...ဆောရီး...ဆောရီး”

“ရပါတယ်”

“ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးတာဆိုတော့လေ”

“မငယ်ပါဘူး”

“ရှင်...ဘာဘာသာကိုးကွယ်လဲ”



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော့်မိဘတွေရှိတုန်းကတော့ ခရစ်ယာန်ဘာသာဝင်တွေပေါ့”

“အဖေနဲ့အမေလို့ပဲ ခေါ်တယ်မဟုတ်လား”

“ဒယ်ဒီနဲ့မာမီလို့ ခေါ်ပါတယ်”

“မိဘရှိတုန်းက ခရစ်ယာန်ကိုးကွယ်တယ်၊ အခုတော့ ဘာကိုးကွယ်လို့လဲ”

“အခုတော့ ဘာမှမကိုးကွယ်ပါဘူး”

“ဟင်…ဘယ်လိုလဲ၊ ဘာဖြစ်လို့လဲ”

“ Tom Cruise (တွမ်ခရု(စ်))လိုမျိုး scientolog (ဆိုင်ယင်တော်လော်ဂျီ)ဖြစ်နေတာလား”

“မဟုတ်ပါဘူး၊ မိဘတွေ မရှိတော့ကတည်းက အိမ်မှာ ဘာမှမထားတော့သလို Church (ချာ့ချ်)လည်းမသွားဖြစ်တော့ဘူး၊ဘုရားလည်းမရှိခိုးဖြစ်တော့ဘူး၊ အဲဒါနဲ့ တဖြည်းဖြည်း ဘယ်ဘာသာမှ မကိုးကွယ်တော့သလိုဖြစ်သွားတာပါ”

“မိဘတွေမရှိတော့ အခု ဘယ်သူနဲ့နေလဲ”

“တစ်ယောက်တည်း နေတာပေါ့”

“ရှင့်အိမ်ကို အလည်ခေါ်မှာလား”

“ခေါ်မှာပါ”

“ကျွန်တော်တို့ပဲ မှာကျွေးနေတယ်၊ ခင်ဗျား ဘာမှမစားပါလား”

“ကျွန်တော် မဆာလို့ပါ၊ အရည်ပဲ သောက်တော့မယ်”

ရှေ့ပေါက်မဝင်အောင်မေးသော မေးခွန်းတွေကို ဖြေနေတာနဲ့





သုန်ဟာ သူမှာထားသော မွှေခ်ရှိတ်အရည်ကိုတောင် ပြီးအောင်မသောက်ရသေးချေ။

အောင်သစ်တို့သုံးယောက်သား ကျေနပ်လောက်အောင်မေးပြီးမှပဲ ဝသုန်က ခင်ပြည့်သူ့လက်ကို ဆွဲလှုပ်ပြီး…

“ခင်ပြည့်သူကရော… ဘာမေးချင်သေးလဲ”

ဟု ချစ်စနိုးကြည့်ရင်း မေးလေသည်။

“မေးစရာမရှိပါဘူး၊ သူတို့မေးလိုက်တာနဲ့တင် အားလုံးစုံသွားပြီ”

“ကိုယ့်အကြောင်း အကုန်သိသွားပြီလား”

“အကုန်သိသွားပါပြီ”

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စကားပြောနေမိကြသဖြင့် သူငယ်ချင်းတွေ အဟင်း…အဟမ်းတွေလုပ်ပြီး ကြေ နောက်ကြတော့လေသည်။

စားသောက်ပြီး ပြန်ကြမည်ဆိုသောအခါ ဝသုန်က မပြန်ချင်သေးဟန်ဖြင့် ခင်ပြည့်သူ့ကို တိုးတိုးကပ်ပြောသည်။

“သူတို့နဲ့ ပြန်မလိုက်ဘဲနဲ့ ကိုယ့်ကားနဲ့ လိုက်ပါလား၊ ကိုယ် ပြန်ပို့ပေးမယ်၊ Promise (ပရောမစ်(စ်))၊ သိပ်နောက်မကျစေရပါဘူး၊ ကိုးနာရီအလွန်ဆုံးပဲ”

“ဟာ… မဖြစ်ဘူးထင်တယ်၊ ညနေစာနဲ့ ညကိုးနာရီအထိ အပြင်မှာ လျှောက်လည်တယ်ဆိုရင် မိန်းကလေးတစ်ယောက်အတွက် မသင့်တော်ဘူး… ဝသုန်”

“ကိုယ်တို့ ကားလျှောက်မောင်းမှာပဲ၊ ဘယ်မှလျှောက်လည်တာမှမဟုတ်တာ၊ ပြီးတော့ ကိုယ့်မှာ အဖော်မရှိဘူး၊ သိပ်ပျင်းတာပဲ၊ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိဘူး၊ ခင်ပြည့်သူ့ကို ဘေးမှာထားပြီး ကားလျှောက်မောင်းရရင် ပျော်လို့ပါ”

“ဝသုန်ရယ်…ဘာလို့ သူငယ်ချင်းမရှိရတာလဲ”

“ကိုယ့်ကိုယ်တိုင်က ဘယ်သူနဲ့မှ အလွယ်တကူ ပေါင်းလို့မရတာ”

နှစ်ယောက်သား သီးသန့်လို ချန်ရစ်ပြီး စကားပြောနေကြလေရာ ဒီအကြောင်းကို ခင်ပြည့်သူရဲ့သူငယ်ချင်းတွေတော့ မသိလိုက်ကြပါ။ ဝသုန်က ခင်ပြည့်သူ့လက်ကို မလွှတ်တမ်း တွဲထားကာ တမင်ပဲ နှေးလျှောက်တာမို့ နောက်မှာကျန်ရစ်သလိုဖြစ်နေသည်။

“ပြည့်သူ့သူငယ်ချင်းတွေကိုရော၊ ခင်ကြည့်လို့မရဘူးလား”

“မရဘူးထင်တယ်၊ ကိုယ့်စိတ်ထဲမှာ ခင်ပြည့်သူက ကိုယ့်ရဲ့ သူငယ်ချင်းပဲ၊ ကိုယ့်ရဲ့ချစ်သူပဲ၊ တစ်ယောက်တည်းပဲရှိတယ်”

ရင်ထဲမှာ ကြည်နူးချမ်းမြေ့နေသော ခင်ပြည့်သူသည် ဘုရားရေ… ငါ သူ့ကို အရမ်းကို ချစ်လာမိနေပါလားလို့လည်း တအံ့တသြ တွေးမိလေသည်။ သူ့အတွက်ဆို ဘာပဲရင်ဆိုင်ရ..ရင်ဆိုင်ရ၊ ဘာပဲကြုံတွေ့ရ..ကြုံတွေ့ရ အားလုံးကို ရဲရဲရင်ဆိုင်ကြုံတွေ့ရဲသလို သတ္တိတွေ အလိုလိုရှိလာသည်။

“ဘယ်လိုလဲ ခင်ပြည့်သူ၊ ကိုယ်နဲ့လိုက်မှာလား”

“အင်းပေ့ါ”

“သိပ်လိမ္မာတဲ့ကောင်မလေးပဲ”

ခင်ပြည့်သူ ဝသုန့်လက်ကို ဖြုတ်လိုက်ပြီး သူငယ်ချင်းတွေဆီ ပြေးသွားလိုက်သည်။

“နင်တို့ကားနဲ့ ငါ မလိုက်ဘူးနော်၊ ဝသုန့်ကားနဲ့ပဲ လိုက်မယ်၊ အဲဒါ လာပြောတာ၊ စောင့်မနေနဲ့”





ခင်ပြည့်သူမှာ သူငယ်ချင်းတွေမျက်နှာကို မကြည့်ရဲဘဲ ပြောမိသလိုဖြစ်နေသည်။

“အံမာ…အံမာ…မိန်းကလေး…ဘာအရှိုးရှိုးတာလဲ”

အောင်သစ်အသံ အရင်ဆုံးထွက်လာသည်။

“ပြည့်သူ…နင့်လူက တစ်မျိုးတော့တစ်မျိုးပဲ၊ ဘာတစ်မျိုးလဲတော့ ငါ မပြောတတ်ဘူး၊ သူပြောတဲ့ သူ့အဖြစ်အပျက်တွေကလည်း ရှုပ်ထွေးနေတာပဲ၊ ချက်ချင်း မယုံလိုက်နဲ့နော်၊ သိပ်ပြီးတော့လည်း မချစ်သွားပါနဲ့နော်”

သီရိခင်က စေတနာပါသော သတိပေးမှုမျိုးဖြင့် ခင်ပြည့်သူ့လက်ကို ဆွဲကိုင်ကာ ခပ်တိုးတိုးပြောသည်။ ဝသုန်က အနားကို ရောက်မလာဘဲ သူ့ကားနံဘေးမှာ လက်ပိုက်မှီရပ်ရင်း ဒီဘက်ကို စောင့်ကြည့်နေသည်။

“အဖေရော၊ အမေရော တစ်ယောက်မှ မြန်မာမစစ်ကြလို့ သူ့ တစ်ကိုယ်လုံး ဖြူဆွတ်နေတာ ထားပါ၊ သူကိုယ်တိုင်လည်း မြန်မာမစစ်ဘဲ ဘာလည်း မရှိနေမှတော့ ဘာလို့ သူ့နိုင်ငံသူ မပြန်လဲ၊ ဟိုမှာ အမျိုးအဆွေ တွေ ရှိနေတာပဲ၊ သူ တစ်ခုခုတော့ ထူးခြားနေတာ အမှန်ပဲ ပြည့်သူ၊ သီရိ ပြောတာ မှန်တယ်၊ သိပ်မယုံလိုက်ပါနဲ့”

ရွှေဘီကပါ ထောက်ခံသလိုပြောလေသည်။

“ဝသုန်က သူပြန်ပို့ချင်တယ် ပြောတယ်”

“သေချာလား၊ ငါတို့ပြန်ရောက်ပြီးရင် မရှေးမနှောင်း နင်လည်း ပြန်ရောက်မှာ သေချာလားပြည့်သူ”

“ငါ မညာပါဘူး၊ သူနဲ့ ညစာကားလျှောက်စီးပြီးမှ ပြန်မှာ၊ ကိုးနာရီ အရောက်ပြန်ပို့ပေးမယ်လို့ သူ ကတိပေးထားပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ နင့်ရဲ့အုပ်ထိန်းသူတွေလည်း မဟုတ်တော့ မတားပါဘူး ဒါပေမယ့် ငါတို့သုံးယောက်လုံးကတော့ နင့်ကို သူနဲ့ မလိုက်စေချင်ဘူး"

ခင်ပြည့်သူဟာ အရင်ကနဲ့မတူ သတ္တိရှိစွာ ကိုယ့်ဆန္ဒကိုယ် ဖွင့်ပြောရဲနေပြီ။ သူငယ်ချင်းတွေက ဒါလုပ်မယ်၊ ဒါမလုပ်ဘူးဆိုရင် အရင်ကလို အလွယ်တကူ နောက်လိုက်လုပ်ချင်တဲ့စိတ်တွေလည်း မရှိတော့။ အချစ်က သင်ကြားပေးလိုက်သော သတ္တိများနဲ့အတူ။

"ငါဝသုန်နဲ့ပဲ သွားတော့မယ်"

* * *

# (၇)

ခင်ပြည့်သူနဲ့ ဝသုန်တို့၏ ချစ်သူဘဝက သာမန်ချစ်သူစုံတွဲတွေနဲ့ တူဘဲ နည်းနည်းကွဲပြားနေသလိုတော့ ဖြစ်နေသည်။ ဘာကြောင့်လဲဆိုတော့ ဝသုန်ဟာ နေ့ခင်းဘက်မှာဆို ခင်ပြည့်သူ အတန်းတက်နေမှန်း သိသားပေမယ့် ဘယ်တော့မှ အတန်းပြီးချိန် လာစောင့်ခေါ်တာမျိုး၊ ကျောင်းကို အလည်လာတာမျိုး လုပ်လေ့လုပ်ထမရှိတာ တစ်ချက်။

ချစ်သူနဲ့အတူ လျှောက်လည်ချင်သော မိန်းကလေးက ညနေနဲ့ ညပိုင်းတွေမှာသာ ချစ်သူကို တွေ့ခွင့်ရကာ ဘယ်တော့မှ အချိန်ကြာကြာ တွေ့ရတယ်မရှိဘဲ အိမ်ပြန်နောက်ကျမှာစိုးတာနဲ့ပဲ ခဏလေးတွေ့ပြီး အိမ်ပြန်ရတာတစ်ချက်။



www.burmeseclassic.com

www.burmeseclassic.com



"ဝသုန်ရေ...မနက်ဖြန် (---) ရှော့ပင်းမောလ်ကို လာခဲ့ပါလား ကျွပ် ရေးဝယ်မလို့"

ဆိုရင် ဝသုန်က ပြန်မေးတတ်တာ...

"ဘယ်အချိန်လဲ"

"နေ့လယ်လောက်ပေါ့"

"ဒါဆို ... ကိုယ် ... မလာဘူး၊ ညဘက်မှ သွားပါလား၊ ရှော့ပင်း မောလ်က ညထိဖွင့်တာပဲ"

"မသွားချင်ပါဘူး၊ နေ့ခင်းဘက်ပဲ သွားလို့ကောင်းတာ၊ ညကျ အိမ်မှာ အေးအေးဆေးဆေးနားပြီး ရုပ်ရှင်ကြည့်ချင်တယ်၊ ဘယ်မှမထွက်ချင်ဘူး"

"ဆောရီးပဲမိန်းကလေးရေ...ကိုယ်....လိုက်မပေးနိုင်တော့ဘူး"

ဆိုသော အဖြေမျိုးနဲ့ မကြာခဏ ငြင်းခံရတာတစ်ချက်။

"ဘာကြောင့် ... ညကို ကြိုက်နေရတာလဲ၊ ရှင့်ကိုချိန်းလိုက်ရင် ညနေမှ ... ညမှနဲ့ နေ့ခင်းဘက် ဘာလုပ်နေလဲမေးရင် ဘယ်တော့မှ ကောင်းကောင်းမဖြေဘူး"

"အိပ်နေတယ်ပြောတော့ ယုံမှမယုံဘဲ"

"ရှင့်ဥစ္စာက နေ့နဲ့ညမှားတဲ့ ကလေးပေါက်စလို ဖြစ်နေပြီ"

ဟူ၍ မကြာခဏ စိတ်ကောက်မိနေတာကလည်း အဲဒီတစ်ချက်။

စသဖြင့် ဘာတွေမှန်းမသိ နည်းနည်းကွဲပြားမှုလေးတွေ ရှိနေသည်ဟု ခင်ပြည်သူ ထင်မိနေလေသည်။ ဒါပေမယ့် ဝသုန်နဲ့ပတ်သက်ရင် ဘာတွေကွဲပြားနေမှန်းမသိ။ ဘယ်နေရာမှာ ကွဲနေမှန်းမသိသလိုလည်း ဖြစ်နေသည်။ အဖြေက ရှာမရသလိုပင်။





ဝသုန့်ကြောင့်လည်း သူငယ်ချင်းတွေနဲ့ ခဏခဏ စိတ်ကွက်ရသည်။ သူတို့က ဝေဖန်တာမှန်နေတိုင်း ခင်ပြည်သူ စိတ်ခုကာ သူငယ်ချင်းတွေနဲ့တောင် အဆက်အသွယ်မလုပ်ဘဲ ကောက်နေတတ်၍ပင်။

"ပြည်သူဟာ အရင်က ဒီလိုမဟုတ်ပါဘူး၊ စိတ်လည်း မကောက်တတ်ဘူး၊ ငါတို့ဝေဖန်ရင် ဘာမဆို ဟုတ်ဟုတ်၊ မဟုတ်ဟုတ် နားထောင်နေတာပဲ၊ အခုကျ ဝသုန်နဲ့ပတ်သက်ရင် ဆတ်ဆတ်ထိမခံကို ဖြစ်နေပြီ"

အောင်သစ်ကပြောတော့...

"ဝသုန်ဟာတစ်မျိုးကြီးပဲ၊ သူကြည့်ရတာစိတ်ညို့တတ်တဲ့လူလိုပဲ၊ ပြည်သူ့လို ခပ်အေးအေးလူကို အလွယ်တကူ စိတ်ညို့နိုင်တာ မဆန်းဘူး၊ အခုတော့ ပြည်သူဟာ ဝသုန်ညို့တာခံရပြီး စိတ်အမူအကျင့်တွေ ပြောင်းနေပြီပေါ့"

ဟူ၍ သီရိခင်က သုံးသပ်ပြပါသည်။

"နင့်ကို ချစ်တာရော တကယ်ဟုတ်ရဲ့လား ပြည်သူ၊ သူ ဘယ်တော့မှ နင့်ကို လာကြိုတာ၊ လာစောင့်တာတောင် မလုပ်ဘူး၊ သူ တကယ်တွေ့ချင်ရင် နေ့ခင်းဘက်ဖြစ်နေလည်း ဘာဖြစ်လဲ၊ လာပေါ့။ အခုတော့ နင်က သူတွေ့ချင်တဲ့အချိန်ကျမှပဲ တွေ့ရတယ်၊ ညနေဘက် ကွန်ပျူတာ သင်တန်းကိုပဲ လာတယ်ဆိုတာ ဘာသဘောလဲ"

"ရှင်းရှင်းလေးပဲ၊ ငါတို့ကို ရင်မဆိုင်ချင်တဲ့သဘော"

"မောင်အောင်သစ်ပြောတာ မှန်တယ်၊ ငါတို့က ပြည်သူ့လိုမဟုတ်ဘူး။ အလွယ်တကူ လှည့်ရင် မရဘူး။ ဒါကြောင့် ငါတို့ကို ရင်မဆိုင်ချင်တာ"

"ငါတော့ အဲဒီလိုမထင်ဘူး။ ဝသုန်ဟာ နေ့ခင်းဘက်တွေမှာ အိပ်နေတယ်၊ နေရောင်နဲ့ ထိရမှာလည်း ကြောက်တယ်၊ ညကျ ထလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆန်းဆန်းသတ်ကြနေတယ်ဆိုရင် ဘာဖြစ်နိုင်မလဲဆိုတာ အဖြေရှာကြည့်ကြရအောင်"

ခင်ပြည့်သူအပါအဝင် အားလုံးက ရှုဘီ့စကားကို စိတ်ဝင်တစား စောင့်နေကြသည်။ ရှုဘီက လူတစ်ယောက်ကို ရောဂါရှာဖွေနာမည်တပ် လွန်းလှတယ်ဆိုတော့ ဘာရောဂါများ နာမည်တပ်ဦးမလဲပေါ့။

"သူဟာ Vampire (ဗန်ပိုင်းယား)ပဲ ဖြစ်လိမ့်မယ် ပြည့်သူ"

အားလုံး တအံ့တဩနဲ့ ဝိုင်းရယ်ကြသည်။ Vampire ဆိုတဲ့ သွေးစုပ်ဖုတ်ကောင်ဟု နာမည်ရှာကြံတတ်သဖြင့် ရယ်လိုက်ကြတာဖြစ်သည်။

"ဒီတစ်ခါ ရောဂါနာမည်တပ်စရာ ကုန်သွားပြီလား ရှုဘီ"

"မဟုတ်ဘူး မောင်အောင်သစ်၊ ငါ တကယ်ပြောနေတာ၊ serious (ဆီးယီးရက်(စ်))နော်၊ တကယ်၊ ဖြစ်နိုင်ခြေတွေ တွက်ချက်ပြီးမှ ပြောတာ"

"ရှုဘီရယ်၊ ငါတို့ထဲမှာ မောင်အောင်သစ်တစ်ယောက်ပဲ ဟောလီဝုဒ်ကထုတ်တဲ့ သရဲကား၊ Vampire ကား၊ Zombie ကားတွေ ကြည့်တတ်တယ်ထင်နေတာ၊ နင်လည်း အဲဒီလိုပါပဲလား"

"ငါ ဘာရုပ်ရှင်ကားမှ မကြည့်ဘူး၊ ဒါပေမယ့် ဝသုန်နဲ့ဆုံပြီး ကတည်းက ငါ စပြီး လေ့လာကောတာပဲ၊ စာအုပ်တွေ ရှာဖတ်တယ်၊ Internet (အင်တာနက်) ကနေရှာပြီး ဖတ်ကြည့်တယ်၊ တဖြည်းဖြည်းနဲ့ ဘာကိုတွေ့လာသလဲဆိုတော့ ဝသုန့်ပုံစံတွေဟာ Vampire တစ်ကောင်ဖြစ်လောက်တဲ့ အချက်တွေနဲ့ ကိုက်ညီနေလို့ သံသယရှိလာတယ်၊ ငါ အသေအချာ မစွပ်စွဲသေးပါဘူး။ ငါတို့အားလုံး သူ့ကို စုံစမ်းရမှာဖြစ်မယ်၊ စုံစမ်းပြီးမှ အသေအချာ စွပ်စွဲလို့ရမယ်၊ ဘယ်လိုလဲ"





ရှုဘီက စကားအဆုံးသတ်မှာ ဘယ်လိုလဲနှင့် အဆုံးသတ်ကာ အားလုံးကို တစ်ချက်ကြည့်ပြီး အကြံတောင်းခံသလို မေးလိုက်ပါသည်။

ခင်ပြည့်သူကတော့ ရုတ်တရက် သိလိုက်ရသော အကြောင်းအရာအသစ်အတွက် အံ့ဩပြီး ငေးကြောင်နေသည်။ ဒါ မဖြစ်နိုင်ဘူးဟု စိတ်ထဲမှာ အကြိမ်ကြိမ် ငြင်းဆန်နေမိသည်။ စိတ်ကူးယဉ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်နေပြီ၊ သူ့ဘာသာ ညဘက်မအိပ်ပျော်လို့ အိပ်ရေးမဝလို့ နေ့ခင်းဘက် အိပ်နေတတ်တာနဲ့ပဲ Vampire ဖြစ်စရာလား။ ညကျ မအိပ်ဘဲ မနက်မိုးလင်းမှ အိပ်နေတဲ့လူတွေလည်း အများကြီးရှိမှာပါပဲ။ ဝသုန့်ကျမှ ဘာကြောင့် အဲဒီလို စွပ်စွဲချင်ကြတာပါလိမ့်။

"ပြည့်သူ၊ နင် သဘောတူလား၊ ငါတို့ ဝိုင်းစုံစမ်းမယ်၊ တကယ်လို့ အမှန်အတိုင်းသိလာမယ်ဆိုရင် နင် ကျေနပ်မလား"

"အမှန်အတိုင်းဆိုတာ ဘာလဲ"

"ရှုဘီပြောသလို ဝသုန်ဟာ Vampire ဖြစ်နေမယ်ဆိုရင်"

"သူ Vampire မဟုတ်ဘဲ သာမန်လူလည်း ဖြစ်နိုင်တာပဲဆိုတဲ့ အကြောင်းအရာကိုရော ဘာဖြစ်လို့ ထည့်မစဉ်းစားကြတာလဲ"

"အေးလေ . . . ဘာပဲဖြစ်ဖြစ်ပေါ့၊ ဝသုန်ဟာ သာမန်လူထက်တော့ ထူးခြားနေတာပဲလေ၊ Vampire မဟုတ်ရင် သူဟာ mind reader ဖြစ်ရင် ဖြစ်နေမယ်၊ ဒါမှမဟုတ် သူတို့ရဲ့အတိတ်ကို သိပ်လျှို့လျှို့ဝှက်ဝှက် သိသိမ်းဆည်းထားတတ်တဲ့ စုံထောက်တစ်ယောက်လည်း ဖြစ်ရင်ဖြစ်မယ်၊ ဒါမှမဟုတ် magician မျက်လှည့်သိပ်ကျွမ်းကျင်စွာပြတတ်တဲ့ မျက်လှည့်သမားလည်း ဖြစ်ရင်ဖြစ်နေမယ်၊ သူက သာမန်နဲ့တော့ မတူဘူး ပြည့်သူ၊ သူ့ကို သာမန်လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်နေမယ်လို့ ဘယ်လိုမှ သတ်မှတ်ထားချင်လို့ မရဘူး၊ မျှော် လင့်ထားလို့မရဘူး"

"သူ့ကို ဘာကြောင့်များ သာမန်လူမဖြစ်နိုင်ပါဘူးလို့ အတိအကျ ပြောနေကြတာလဲဟယ်"

ခင်ပြည့်သူတစ်ယောက် စိတ်ပျက်လက်ပျက် ပြောနေရှုံကလွဲ၍ ဘာမှမငြင်းဆန်နိုင်။ "သူ့ကို ဘာကြောင့် သာမန်လူတစ်ယောက်ဖြစ် တယ်လို့မထင်ကြတာလဲ" ဆိုသောစကားကိုထပ်ခါတလဲလဲ ရေရွတ်လိုက် ခေါင်းထဲမှာ တွေးလိုက်နဲ့ စိတ်အကြီးအကျယ်ညစ်နေတော့လေသည်။

သို့သော် နောက်ရက်တွေမှာတော့ သူငယ်ချင်းတွေ၏ စုံစမ်း ဖြင့် စိတ်ဝင်စားစရာသတင်းတွေ ဆက်တိုက်ပင်ကြားရတော့သည်။

"သူက သူ့အိမ် ဘယ်မှာရှိလဲဆိုတာလည်း သေသေချာချာ မပြော ဘူး၊ သူ့အိမ်လိပ်စာလည်း မသိရဘူးဆိုတော့ ငါက ဘာရမလဲ၊ သူ့ကား နောက်က နောက်ယောင်ခံလိုက်တာပေါ့၊ နင့်ကို ကွန်ပျူတာသင်တ အဆင်းမှာ လာတွေ့ပြီး နင်တို့ မုန့်ဆိုင်ခဏထိုင်ကြတယ်၊ ပြီးတော့ ကို ကားပေါ်ကိုယ်တက်ပြီး ပြန်ကြတယ်မဟုတ်လား၊ ငါက ဝသုန့်ကားနော ကို နောက်ယောင်ခံလိုက်သွားပြီး ကြည့်လိုက်တာပေါ့"

ရှုဘီက သူ့ရဲ့စွန့်စားခန်းကို ပြောပါသည်။

"နင်နဲ့ လမ်းခွဲတော့ဖြင့် ညခုနစ်နာရီခွဲတောင် ဖြစ်နေပြီ၊ သူ အိ တန်းမပြန်သေးဘဲ လူတစ်ယောက်နဲ့ တွေ့သေးတယ်"

"ဘယ်သူလဲ၊ ယောကျ်ားလား၊ မိန်းမလား"

"ယောကျ်ားတစ်ယောက်ပါပဲ၊ ဒါပေမယ့် အဲဒီလူကလည်း လို ဝက်ဝက်နဲ့ မှောင်ရိပ်ခိုစောင့်နေတာမျိုး၊ သူနဲ့ အချိန်းအချက်ရှိတယ်





တယ်၊ သူ့ကားရပ်လိုက်မှ မှောင်ရိပ်ထဲက အဲဒီလူ ထွက်လာတယ်"

"ပြီးတော့..."

"အဲဒီလူလက်ထဲမှာ ကိုင်လာတဲ့ လက်ဆွဲအိတ်တစ်လုံး ပေးလိုက် တယ်၊ ဝသုန်က အဲဒီလူကို ပိုက်ဆံရှင်းတာ တွေ့တယ်၊ လက်ဆွဲအိတ်က ဘာသားလိုအသားနဲ့ ချုပ်ထားတဲ့ အိတ်မျိုးပဲ၊ အထဲကို မမြင်ရဘူး"

"မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်တဲ့ ပုံစံမျိုးပေါ့"

"အဲဒါတော့ မသိဘူး။ ဝသုန်က အဲဒါယူပြီးမှ အိမ်ပြန်တယ်"

ဒါကတော့ ရှုဘီရဲ့ ထောက်လှမ်းချက်တွေဖြစ်ပြီး ထိုအချက်တွေ ကို အခြေခံကာ နောက်နေ့တွေမှာ အောင်သစ်က ဝသုန့်အိမ်နားမှာ သွား ရောက်ကြည့်အကဲခတ်၊ သတင်းယူကာ သိသမျှကို သတင်းပို့သောအလုပ် ကိုလုပ်လေသည်။

"ဟုတ်တယ်၊ ဝသုန်ဟာ မနက်မိုးလင်းက နေထွက်လာရင် လုံးဝ အိမ်ထဲကမထွက်တော့ဘူး၊ တစ်အိမ်လုံးကိုလည်း လိုက်ကာအထူကြီးတွေ ချ ထားတယ်၊ တစ်နေကုန် လုံးဝ အိမ်ပြင်မထွက်တာ၊ ဘယ်သူ ဘဲလ်လာ တီးတီး သူ ရှိနေရက်သားနဲ့ တံခါးဖွင့်မပေးဘူး။ သူ့ဆီ ဘယ်ဧည့်သည်မှ လည်း အဝင်အထွက်မရှိဘူး၊ နေဝင်သွားရင်တော့ သူ အပြင်ထွက်လာပြီ၊ သူ ထွက်လာပြီဆိုရင် အရမ်းသိသာတယ်၊ သူ့ခြံဘေးမှာရှိတဲ့ တခြားခြံက ခွေးတွေဟာ ထိန်းမနိုင်သိမ်းမရဟောင်ကြ၊ အူကြနဲ့..."

ဟူသော သတင်းအတိအကျကို ကြားရသည်။

"သူ ဘာအလုပ်မှလည်း မလုပ်၊ ဘယ်မှလည်း မသွားဘဲ သူနေ တာတော့ အိမ်နဲ့ခြံကြီးဟာ အကြီးကြီး ဟည်းနေတာပဲ၊ အိမ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးလိုပဲ၊ အိမ်ခေါင်မိုးကို အမြင့်ကြီးဆောက်ထားတယ်၊ သုံးထပ်တိုက် တစ်တိုက်လုံးမှာ သူတစ်ယောက်တည်းနေတာ၊ ဘာအလုပ်သမားမှလည်း မတွေ့ဘူး၊ ဘယ်သူမှလည်း မရှိဘူး၊ တိတ်ဆိတ်နေတာ"

ဆိုသည့် အိမ်ကြီးနှင့်ပတ်သက်သော သတင်းတွေလည်း အောင်သစ်က အတိအကျ ပို့လေသည်။

"အိမ်က အိမ်ကြီးပေမယ့် ဘယ်သူမှ ပြုပြင်ထိန်းသိမ်းထားတာ မရှိတော့ ရေညှိတွေတက်၊ အရောင်တွေ မှိုင်းနဲ့ တိုက်က အက်တဲ့နေရာ အက်လို့ပေါ့၊ ဆေးတွေလည်း ကွာကျနေတယ်၊ ခြံကလည်း အကြီးကြီးပေ မယ့် ချုံနွယ်တွေ၊ သစ်ပင်အကြီးကြီးတွေနဲ့ ရှုပ်ပွနေတာပဲ၊ ဘာပန်းတစ်ပင်မှ မတွေ့ရဘူး၊ ဘယ်သူမှ မပြုပြင်တော့ မြက်ပင်တွေဆိုတာ အရှည်ကြီးဖြစ်နေ တာ၊ ပြည်သူ့အရပ်လောက်ရှိမယ့် မြက်ပင်ကြီးတွေရှိတယ်"

အောင်သစ်က တစ်ပတ်၊ ဆယ်ရက်နီးပါးလောက် သွားပြီးတစ်နေ ကုန် ထိုင်စောင့်လေ့လာ၍ရသော အချက်အလက်တွေကို ဖုန်းဖြင့် မ ဆွေ့ချမပြတ်ပို့ပေးသဖြင့် ခင်ပြည်သူ ရင်မောစွာ သိနေရပါသည်။ စိတ်ထဲ မှာလည်း သူတို့ထင်သလို မဟုတ်ပါစေနဲ့၊ သူတို့ထင်သလို မဖြစ်ပါစေနဲ့ ဝသုန်ဟာ သာမန်လူတစ်ယောက်သာ ဖြစ်ပါစေရယ်လို့ ဆုတောင်းနေ မိသည်။

"သူက ညဘက်ရောက်ရင် အမြဲတမ်းတော့ အပြင်ထွက်တတ် တယ်၊ ငါတို့ နောက်ယောင်ခံလိုက်ရင် ဘယ်တော့မှ မမီဘူး၊ မြင်ကွင်းကနေ ပျောက်ပျောက်သွားတယ်၊ သူ ဘယ်သွားသလဲဆိုတာ လုံးဝမသိရဘူး"

တစ်ရက်တော့ အောင်သစ်ရယ်၊ သီရိခင်ရယ်၊ ရွှေဘိရယ် သုံးယောက် ပေါင်းပြီး ဝသုန့်နောက်ကို နောက်ယောင်ခံလိုက်ပုံရသည်။





"သေချာတယ်၊ သူ သွေးစုပ်ဖို့ လူလိုက်ရှာတာပဲဖြစ်မယ်"

ဟူသော အသုံးအနှုန်းကြောင့် ခင်ပြည်သူ့ရင်ထဲ နင့်သွားပါသည်။

"လူတစ်ယောက်ရဲ့ သွေးကို စုပ်ရမှ အသက်ရှင်ရတဲ့ Vampire ကောင်ဟာ နင့်ကို ချစ်တာရော တကယ်ဟုတ်ပါ့မလား ပြည်သူ၊ သူနဲ့ တူတူသွားမယ်ဆိုရင် သတိသာထားတော့၊ ဘုရားပုံတော်တို့ စိပ်ပုတီးတို့ ဆောင်သွားပေတော့"

ထူးဆန်းတာက သူငယ်ချင်းတွေ ဝသုန့်အကြောင်း စုံစမ်းနေဆဲ ကာလလေးမှာ ဝသုန်ဟာ ခင်ပြည်သူ့ဆီ ရောက်မလာခဲ့ဘဲ တိတ်ဆိတ်နေ ခြင်းဖြစ်သည်။ ခင်ပြည်သူ့ဆီ ညဘက်ကြီး ဖုန်းဆက်တာလည်း မလုပ်။ ဆွေ့ချတွေပို့တာလည်း မလုပ်။ ကွန်ပျူတာသင်တန်းမှာ လာစောင့်နေ တာလည်း မလုပ်ဘဲ ပျောက်နေခဲ့ခြင်းပင်။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

# (၈)

"ခင်ပြည်သူ"

"အမယ်လေး...ဝသုန်"

ခင်ပြည်သူ လန့်အော်မိသလိုဖြစ်သွားတော့ ဝသုန်က ခွင့်လွှတ် ...ပြုံးလေသည်။ရောက်မလာတာကြာပြီဖြစ်သောကွန်ပျူတာသင်တန်း ... သုန် ရောက်လာခဲ့သည်။ အရင်ကဆို သင်တန်းဆင်းပြီးချိန် ခြောက် ...ကျော်မှ ရောက်လာတတ်ပေမယ့် ဒီနေ့တော့ သင်တန်းတောင် မတက် ...အောင် ညနေလေးနာရီကျော်လေးမှာ သူ ရုတ်တရက် ရောက်လာတာမို့ ...ပြည်သူ လန့်သွားတာဖြစ်သည်။

ကောင်းကင်ကို ကြည့်လိုက်တော့ နေရောင် သိပ်မပွင့်တော့ဘဲ ...ိုင်းတိမ်လိပ်တွေက ဖုံးအုပ်နေပြီ။ ဒါကြောင့် သူ ထွက်လာရဲ့သလား။ ...ပြည်သူသည် ထိုအတွေးကို တမင်ပဲ မောင်းထုတ်လိုက်ပါသည်။

www.burmeseclassic.com



သူငယ်ချင်းတွေက ဘယ်လိုပဲစွပ်စွဲ ... စွပ်စွဲ ခင်ပြည်သူကတော့ ဝသုန့်ကို သာမန်လူသားဟုပင် မှတ်ယူထားချင်သည်။

"သင်တန်းမတက်နဲ့တော့၊ ကိုယ်နဲ့ လိုက်ခဲ့ပါ၊ ခင်ပြည်သူ့ကို ပြောစရာရှိတယ်"

နင် သူနဲ့ သိပ်လိုက်မသွားနဲ့၊ နင့်အတွက် အန္တရာယ်ရှိတယ်ဟူသော သူငယ်ချင်းတွေစကားကို ကြားယောင်ကာ ရုတ်တရက် နောက်တွန့်သွားမိ၏။

"ဝသုန် ... ကျုပ် မလိုက်ဘူး"

"လိုက်ရမယ်၊ ဘာလို့မလိုက်ရမှာလဲ၊ ကိုယ် မင်းအနားမှာရှိရင် မင်းအတွက်ဘာအန္တရာယ်မှမရှိပါဘူး၊စိတ်ချ၊ကိုယ်မင်းကိုဘာမှမလုပ်ဘူး"

ဟင် ... ဟု ခင်ပြည်သူ့စိတ်ထဲ ရေရွတ်လိုက်မိသည်။ ဝသုန်ပြောလိုက်ပုံတွေက အားလုံးကို သိနေသလိုလိုပဲ၊ ကိုယ် မင်းကို ဘာမှမလုပ်ပါဘူးဆိုတာဟာ ဝသုန့်အကြောင်းကို ခင်ပြည်သူတို့တစ်တွေ သိနေတယ်ဆိုတာ သူ ရိပ်မိလို့များလား။

ခင်ပြည်သူဟာ သူမရဲ့အမူအကျင့်အတိုင်း တွေဝေဝေးဝေါ်နေစဉ် ဝသုန်ကတော့ လေကဲ့သို့ လျင်မြန်သောအဟုန်မျိုးနဲ့ ခင်ပြည်သူ့လက်ဖဝါးကို ဆွဲခေါ်သွားပါသည်။ ဘယ်လိုကဘယ်လို ဝသုန့်ကားထဲ ပါသွားသည်ပင် ကိုယ့်ဘာသာ ရေရေရာရာ မသိလိုက်။ ဒီတစ်ခါတော့ ခင်ပြည်သူ အသေအချာပင် ပြောရဲသည်။ သူမကချည်း တွေဝေဝေးဝေါ်တတ်သည် မဟုတ်၊ ဝသုန်နဲ့တွေ့ရင် စိတ်ညှို့ခံရသလိုပဲ ခံစားရလျက် မေ့မေ့မြောမြောစီးမျောသွားတတ်တာတော့ သေချာသည်။ တချို့ အဖြစ်တွေဆို အိပ်မက်သလိုတောင် ထင်မိတာလည်း ရှိသွားတတ်သည်။





"ဝသုန် ... အမယ်လေး ... ကား ဖြည်းဖြည်းမောင်းပါ၊ သေကုန်တော့မှာပဲ"

"ကိုယ်ရှိရင် မင်း ဘယ်တော့မှ မသေရတော့ဘူး ခင်ပြည်သူ"

"ဘာ ... ဘာလဲဟင်၊ ဘာပြောတာလဲ"

"ကိုယ့်အိမ်ကို လိုက်ခဲ့"

"အို ... ဟင့်အင်း ... ဘယ်ဖြစ်မလဲ၊ မဖြစ်ပါဘူး၊ မိန်းကလေးတစ်ယောက်ဟာ ရည်းစားယောကျ်ားလေးတစ်ယောက်ရဲ့ အိမ်ကို လိုက်ရောလား"

"မင်း ... သိပ်သိချင်နေတဲ့ ကိုယ့်အကြောင်းတွေသိဖို့ဆို ဘာကြောင့် မလိုက်စရာရှိလဲ"

"ဟင် ... ဟင် ... ဘာလဲ ... ဝသုန် ... ဘာပြောလိုက်တာလဲ"

"ခင်ပြည်သူ့သူငယ်ချင်းတွေကိုယ့်နောက်လိုက်နေတာသိတယ်"

ခင်ပြည်သူ လန့်ပြီး ငြိမ်သွားမိသည်။ ထင်သားပဲ၊ ဝသုန်ဟာ သိပ်အကင်းပါးပြီး မျက်စိရှင်ပါတယ်ဆိုမှ။ ဟိုသုံးယောက် စပိုင်လုပ်ပုံတွေ သူ သိနေပြီ၊ အို ... မဟုတ်သေးဘူး။ အကင်းပါးပြီး မျက်စိဘယ်လောက်ပဲရှင်ဦး၊ သုံးယောက်စလုံး လိုက်စုံစမ်းတာတော့ သူ သတိထားမိစရာလား။ မောင်အောင်သစ်ကားကိုပဲ သူ သိထားတာ။ မောင်အောင်သစ်ကိုပဲ မြင်ရော့၊ ခင်ပြည်သူမှာ အဓိပ္ပာယ်မရှိတာတွေ လျှောက်တွေးနေမိပြန်သည်။

"ဝသုန် ... ဝသုန့်အိမ်မှာ ဘယ်သူရှိလို့လဲ"

"ဘယ်သူမှမရှိဘူး"

"ဒါဖြင့် လိုက်ဖို့ ပိုတောင်မသင့်ဘူး၊ လူကြီးသူမ တစ်ယောက်ယောက်ရှိတယ်ဆိုရင်တောင် လိုက်ဖို့စဉ်းစားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရိုးရာအမူအကျင့်တွေ၊ ထုံးတမ်းစဉ်လာတွေ ခေါင်းထဲမထည့်ပါနဲ့ ခင်ပြည့်သူ၊ မင်း ကိုယ့်အိမ်ကို လိုက်လာတာဟာ ရိုးရိုးသားသားလိုက်လာခြင်းဖြစ်တယ်ဆိုရင် မင်း ဘယ်သူ့ကို လန့်နေစရာလိုလဲ"

ခင်ပြည့်သူ ပြုံးပြင်းလည်း ရမှာမဟုတ်မှန်း သိသဖြင့် ဝသုန်ကို ဆက်ပြောမနေတော့ဘဲ စိတ်ကောက်ပစ်လိုက်ပြီး ပေါင်ပေါ်တင်ထားသော လက်နှစ်ဖက်မှ လက်ချောင်းတွေကို လိမ်ကျစ်နေလိုက်ပါသည်။

ဝသုန့်ရဲ့ကားလေးထဲမှာ တိတ်ဆိတ်နေလေရာ ဝသုန်က စီဒီတစ်ချပ် ရှာဖွေမွှေနှောက်ပြီး စက်ထဲထည့်ကာ ဖွင့်လိုက်သည်။

James Morrison (ဂျိမ်း(စ)မောရစ်ဆင်)၏ သီချင်းတစ်ပုဒ်ကို စတင်ကြားရသည်။ ဝသုန်က သီချင်းကို ခပ်တိုးတိုးလိုက်ညည်းရင်းမှ ...

"If your stay is falling .....

Take my hands in holding ....

You will never be alone ....

I won't let you go ...."

ဟူသော Chorus အပိုဒ်လေးတစ်ပိုဒ်ရောက်လျှင် အသံကို ခပ်ကျယ်ကျယ်လေးပြု အော်ဆိုလိုက်ကာ ခင်ပြည့်သူ၏ လက်ချောင်းတွေပေါ်မှာ သူ့လက်တစ်ဖက်ကို အုပ်မိုးဆုပ်ကိုင်ထားလိုက်ပါသည်။ လက်တစ်ဖက်ဖြင့် ကားစတီယာရင်ကိုထိန်းမောင်းရင်းသူ့ရဲ့ကျန်လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ထားလျှက် ...

"သီချင်းထဲကလိုပဲ ကိုယ့်လက်တွေကိုသာ တွဲထားလိုက်ရင် ကိုယ် မင်းကို ဘယ်တော့မှ သွားခွင့်ပေးတော့မှာမဟုတ်ဘူး ခင်ပြည့်သူ၊ ကိုယ် ရှိနေသရွေ့ မင်းဘဝ လုံခြုံရမယ်၊ မင်းကို ကိုယ် စောင့်ရှောက်မယ်၊ မင်းဟာ





ကိုယ့်ရဲ့ဘဝပဲ၊ ကိုယ့်ရဲ့ကောင်းကင်ပဲ၊ ဘာကြောင့်ပဲဖြစ်ဖြစ် မင်းကို ကိုယ် ခွဲသွားနိုင်ဘူး"

ဟူ၍ အေးစက်သောအသံဖြင့် ပြောသောအခါ ခင်ပြည့်သူမှာ ရင်ထဲတွင် ကြည်နူးရမည့်အစား ကြောက်ရွံ့သလိုလိုတောင် ဖြစ်သွားပါသည်။

သိပ်ကို ချမ်းသာကြွယ်ဝသော သူဌေးတွေသာနေသည်ဟု နာမည်ကြီးသည့်လမ်းတွေကို ရောက်လာတော့ ...

"ကိုယ့်အိမ်က ဒီမှာပဲ၊ ဒါပေမယ့် တခြားအိမ်တွေလိုတော့ မသားဘူး"

ဟု ဝသုန် ပြောပြရင်း ကားကို ချိုးကွေ့ဝင်လေသည်။ တကယ်ပဲ သန့်အိမ်ကြီးက ဟောင်းကာ သားနားကောင်းမွန်သော အိမ်ကောင်းတွေကြားထဲ ထီးထီးကြီးရှိနေတာတွေ့ရသည်။ ခြံတံခါးကတော့ ရီမုဒ်နဲ့ဖွင့်လို့ ရသော တံခါးမျိုးဖြစ်သဖြင့် ဝသုန်က သူ့ကားကီးချိန်းမှာ တွဲထားသော ရီမုဒ် ခလုတ် ကြီးဖွင့်ထားသည်။ ကားကို ခြံထဲ တရှကြမ်းပင် မောင်းဝင်လာစဉ် ခြံတံခါး အလိုအလျောက် ပြန်ပိတ်သွားတာကို ခင်ပြည့်သူ လှည့်ကြည့် လှည့်ကြည့် လုပ်နေမိသည်။ ဘုရားရေ ... ငါ သူ့အိမ်ကို ရောက်လာခဲ့မိပြီ။ သူဟာ ခြံတံခါးကိုလည်း အသေအချာ ပိတ်လိုက်ပြီ၊ ငါ ထွက်ပြေးချင်ရင်တောင် ထွက်ပြေးလို့ မရတော့ဘူး။

အိမ်တံခါးကို သော့ဖွင့်ပြီး တံခါးကြီးကို တွန်းဖွင့်လိုက်ကာ ...

"ဝင်လာခဲ့ပါ၊ ကိုယ် မီးဖွင့်လိုက်မယ်"

သူကတော့ မှောင်နေသောအိမ်ထဲ တိုးဝင်သွားသည်။ ခင်ပြည့်သူ ခြံ့ရှုံ့နဲ့ပင် မှောင်နေသောအိမ်ထဲ ခြေတစ်လှမ်းလှမ်းလိုက်သည်။ ဧည့်ခန်းမှာ မီးလင်းလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြက်အမြင့်ကြီးရှိသော အိမ်ကြီးမှာ အတွင်းကတော့ အပြင်အဆင်တွေ ခေတ်မီနေသည်။ အခန်းပုံသဏ္ဌာန်မျက်နှာကြက်ကြီးနဲ့ အလယ်တည့်တည့်မှာ ချိတ်ထားသော မီးပန်းဆိုင်းကြီးကတော့ ရှေးခေတ်ပုံသဏ္ဌာန်မျိုးဖြစ်သည်။ မီးလုံးတွေက ပွင့်တဲ့မီးလုံးလည်းပွင့်၊ ပျက်တဲ့မီးလုံးလည်း ပျက်နေသော မီးပန်းဆိုင်းကြီးကို မော့ကြည့်နေသော ခင်ပြည်သူ့ကို ဝသုန်က လက်ကမ်းလိုက်ရင်း...

"လာ...အိမ်ထဲလျှောက်ကြည့်မယ်"

"ဝသုန် ဒီအိမ်ကို ဝသုန်ပိုင်တာလား"

"ကိုယ့်မိဘတွေ ဝယ်ထားပေးခဲ့တာ"

"ဝသုန့်မှာ ဘယ်သူမှ မရှိဘူးလား"

"ဒယ်ဒီ၊ မာမီကလွဲရင် ဒီမှာ ဘယ်သူမှမရှိဘူး၊ အင်္ဂလန်မှာတော့ ရှိကြတယ်၊ အိုင်ယာလန်မှာလည်း ရှိတယ်၊ ဒါပေမယ့် ကိုယ် သူတို့နဲ့ အဆက်အသွယ်မရှိဘူး၊ ကိုယ်ရှိနေမှန်းလည်း သူတို့ မသိဘူး"

"ဘာဖြစ်လို့လဲဟင်၊ ဘာကြောင့် မဆက်သွယ်တာလဲ"

"ဟေး...ကောင်မလေး...မေးခွန်းတွေ ခဏရပ်ဦး၊ သိချင်ရင် ခဏသည်းခံဦး၊ ကိုယ် အရင်ပြောပြမယ်"

အိမ်အောက်ထပ်မှာ ဧည့်ခန်းနဲ့ ထမင်းစားခန်း မီးဖိုချောင်သာ ရှိပါသည်။ ဆိုဖာဆက်တီကြီးများက အထီးကျန်စွာ ရှိနေသလိုပင်။ အကောင်းစားလည်သာဆိုဖာတွေပေမယ့် လူသူသိပ်မထိုင်၊ သိပ်မသုံးသဖြင့် ဖုန်တက်နေတာ တွေ့ရသည်။ ထမင်းစားခန်းမှာလည်း ထမင်းစားပွဲအကြီးကြီး ရှိပေမယ့် ထမင်းစားပွဲမှာလည်း ဖုန်တက်နေတာ တွေ့ရသည်။ မီးဖိုချောင်ဟာလည်း ချက်ပြုတ်စားသောက်ဖူးဟန်မပြဘဲ ရှင်းလင်းနေသည်။ ထူး





ခြားတာက ရေခဲသေတ္တာအကြီးကြီးနဲ့ Freezer(ဖရီဇာ)အကြီးကြီးတော့ ရှိနေတာတွေ့ရသည်။ မိသားစုလည်း မများပါဘဲ ဘာကြောင့် ရေခဲသေတ္တာတွေ Freezer တွေ အများကြီးထားသလဲ။ အထဲမှာ ဘာတွေများ သိုလှောင်ထားလို့လဲ။

"အပေါ်ထပ်တက်ကြည့်ရအောင်"

"မတက်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"အပေါ်ထပ်မှာ ဘာရှိမှာမို့လဲ၊ အိပ်ခန်းတို့၊ ရေချိုးခန်းတို့ပဲ ရှိမှာပေါ့"

"ကောင်းပြီလေ၊ မကြည့်ချင်လည်း နေတော့၊ ကိုယ်ပဲ အယ်လ်ဘမ်တွေ သွားယူလာခဲ့မယ်၊ ကိုယ့်ရဲ့ Family (ဖန်မလီ)ဓာတ်ပုံတွေ ပြရမှာပေါ့"

ဝသုန် အပေါ်ထပ်ကို တစ်ခေါက်တက်သွားတော့ ခင်ပြည်သူ တစ်ယောက်တည်း တိတ်ဆိတ်စွာ ဆိုဖာတစ်လုံးပေါ် ခပ်ရှုံ့ရှုံ့ထိုင်ရင်း ကျန်ခဲ့သည်။ အိမ်က ကြီးပြီး ဘယ်သူမှလည်း မရှိရာ တိတ်ဆိတ်ငြိမ်သက်လွန်းသလိုဖြစ်နေသည်။ ဒါပေမယ့် ဘေးဘက်ခြံတွေဆီက ခွေးတွေကတော့ တစ်ဆိတ်ဆူညံလွန်းသည်။ အလကားနေရင်း ဟောင်လွန်းသည်ဟု ထင်သည်။ တဟိန်းဟိန်းဟောင်နေပုံမှာ သည်းကြီးမည်းကြီး ထိုးဟောင်သလို [illegible] ဖြစ်နေသည်။ အောင်သစ်တို့ပြောသလိုပဲ၊ ဝသုန်ပြန်လာလို့ပဲ အဲဒီလောက်တောင် ဟောင်နေသလားမသိ။

"ဖုန်တက်နေလို့ အဝတ်နဲ့သုတ်နေတာကြောင့် နည်းနည်းကြာသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



အယ်လယ်လ်ဘမ်တွေက ထူးထူးခြားခြားပင် ကတ္တီပါအဖုံးအုပ် ခပ်ထူထူ အယ်လ်ဘမ်ကြီးတွေဖြစ်ကာ အနုခေတ်မှာ မတွေ့ရတော့သော ပုံစံမျိုးဖြစ်နေသည်။ ခင်ပြည်သူရဲ့ အမေ့ရဲ့အမေ ခင်ပြည်သူ့အဘွားရဲ့ အဖေ တွေခေတ် (အဘွားတွေခေတ်)ကသုံးသော အယ်လ်ဘမ်ပုံစံကြီးဖြစ်နေ သည်။ ပလတ်စတစ်ခပ်မာမာတစ်ထပ်၊ ဓာတ်ပုံကပ်သော ကတ်ထူပြားကြီး တစ်ထပ်လှန်လှောကြည့်ရသော အယ်လ်ဘမ်ကြီးကြောင့် ခင်ပြည်သူမှာ ဝသုန်ကို အကဲခတ်ကြည့်မိသည်။

"ကြည့်လေ...ဘာဖြစ်လို့လဲ"

"အယ်လ်ဘမ်က ရှေးခေတ်တုန်းက အယ်လ်ဘမ်မျိုးမို့ အံ့ဩ နေတာ"

"ဟုတ်တယ်လေ၊ ရှေးခေတ်က အယ်လ်ဘမ်ပါပဲ"

"ဝသုန်"

"ဟို...ဟို...ဝသုန်က"

"မမေးပါနဲ့၊ အယ်လ်ဘမ်ထဲက ဓာတ်ပုံတွေကို ကြည့်လိုက်ပါ ဓာတ်ပုံတွေက ပြောပြလိမ့်မယ်"

ခင်ပြည်သူ အယ်လ်ဘမ်ကို ဖွင့်ကြည့်လိုက်သည်။ ဝသုန်ကတော့ ဆိုဖာတွေရဲ့အလယ်မှာ ချထားသော အလှစားပွဲပေါ်ထိုင်ရင်း ခင်ပြည်သူ့ကို စောင့်ကြည့်နေလေသည်။

အယ်လ်ဘမ်တွင်းမှ ဓာတ်ပုံတွေမှာ ဟောင်းနွမ်းနေကာ ဆေး သားတောင် ခပ်မှိန်မှိန်ဖြစ်နေသည်။ အင်္ဂလိပ်လူမျိုးတစ်ယောက်၏ ဓာတ်ပုံ ကို စတွေ့ရပါသည်။ အနောက်တိုင်းဝတ်စုံအပြည့်အစုံဝတ်ဆင်ထားသော ထိုလူကြီးမှာ ရှေးခေတ်အင်္ဂလိပ်လူမျိုးပုံစံအတိုင်း ထိပ်ရှည်ရှည်ဦးထုပ်





ဘစ်လုံးဆောင်းထားပြီးတုတ်ကောက်တစ်လက်နှင့် မုတ်ဆိတ်မွေး၊ ပါးမြိုင်း မွေးတို့နှင့် ထူးခြားနေသည်။ ထိုလူကြီးတစ်ယောက်တည်းပုံ သီးသန့်နဲ့ အတူတွဲယှဉ်ပြီး ကပ်ထားသော ဓာတ်ပုံကတော့ ရှမ်းရိုးရာဝတ်စုံဝတ်ထား သည့် အင်မတန်မှ ချောမောလှပသော အမျိုးသမီးတစ်ယောက်ပုံဖြစ်သည်။

"ဒါက ရှင့်မိဘတွေလား"

"ဟုတ်တယ်၊ ဒါက ကိုယ့်ဒယ်ဒီ၊ ဒါက မာမီ၊ သူတို့ ကိုယ့်ကိုမမွေး ခင်က ဓာတ်ပုံပါ"

"ရှင့်အမေက ချောလိုက်တာ"

"ဟုတ်တယ်၊ မာမီက အရမ်းလှတယ်၊ ဒယ်ဒီကလည်း သူ့ခေတ် တုန်းကတော့ လူချောတစ်ယောက်ပါပဲ၊ အနုခေတ်အမြင်နဲ့မို့"

"ဒါက ဘယ်ခေတ်မို့လို့လဲ"

"ခင်ပြည်သူက ဘယ်ခေတ်ထင်လို့လဲ"

"သိပ်ကို ခေတ်နောက်ကျနေတဲ့ ခေတ်ကလို့ ထင်တယ်၊ ပြည်သူ့ အသက် ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်၊ ဒီ့ထက်ပိုပြီး မစဉ်းစားတတ် သေးဘူး"

"ဒါ ဆယ့်ကိုးရာစုအစပိုင်းက ဓာတ်ပုံတွေပါ၊ ဒီမှာလေ ဒယ်ဒီ့ လက်ရေးနဲ့ မှတ်ထားတယ်၊ (၁၉၀၄) နိုင်တီးအိုဖိုးတဲ့"

"ဟင်..."

ဝသုန့်ကို ခင်ပြည်သူ အံ့ဩစွာ မော့ကြည့်လျှင် ဝသုန်က ခင် ပြည်သူ့ကို ပြန်စိုက်ကြည့်နေရင်း ခင်ပြည်သူ့နဖူးပြင်လေးကို ရှပ်ခနဲ သူ့ နှုတ် ခမ်းဖြင့် ထိကပ်နမ်းလိုက်ကာ ခပ်တိုးတိုးအသံဖြင့် ပြောပါသည်။

"ကိုယ့်ကို ၁၉၀၆ (နိုင်တီး အိုးဆစ်)မှာ မွေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝသုန်"

ခင်ပြည်သူ ရုတ်တရက် ထရပ်လိုက်မိလေသည်။ ဝသုန့်နာမည်ကိုလည်း အလန့်တကြား ခေါ်မိသည်။

"ကိုယ့်အသက် တစ်ရာ့ခြောက်နှစ်ပါ ခင်ပြည်သူ"

"ရှင်...ရှင်...တကယ်ပြောနေတာလား"

"ခင်ပြည်သူ့သူငယ်ချင်းတွေ ကိုယ့်နောက်လိုက်ပြီး စုံစမ်းပြီးနေကြပြီလေ၊ ကိုယ်ဟာ ဘယ်သူဆိုတာ ခင်ပြည်သူ သိပြီးသားဖြစ်မှာပါ"

"သိပြီးပေမယ့် ဝသုန့်ကို အဲဒီလိုမထင်ဘူး၊ ဝသုန်ဟာ Vampire ဘာလို့ဖြစ်ရမှာလဲ၊ မဖြစ်ရဘူး၊ မဖြစ်ရဘူး၊ ဝသုန်က သာမန်လူပါ၊ ဟုတ်တယ်မဟုတ်လား၊ ကျုပ်ကို ရှင် နောက်နေတယ်လို့ ပြောလိုက်စမ်းပါ ဝသုန်"

ခင်ပြည်သူ ဝမ်းနည်းစွာပင် မျက်ရည်ကျရင်း...ဗလုံးဗထွေး ပြောနေမိသည်။ ဝသုန်က ခင်ပြည်သူ့ကို ပွေ့ပိုက်နှစ်သိမ့်လိုက်ပါသည်။ ခင်ပြည်သူ့ကိုယ်လေး တသိမ့်သိမ့်ဖြစ်အောင် ငိုလေသည်။

"ဝသုန်...ဝသုန်...ပြောပါ၊ ပြည်သူ့ကို အမှန်အတိုင်း ပြောစမ်းပါ"

"ကိုယ် မညာချင်ဘူး ခင်ပြည်သူ၊ ကိုယ် အမှန်အတိုင်း ပြောနေတာပါ၊ ကိုယ်ဟာ သူများသွေးတွေကို သောက်မှ အသက်ရှင်ရတဲ့ မိစ္ဆာတစ်ကောင်ပါ"

"ဝသုန်ရယ်...ဖြစ်ရလေ"

"ကိုယ့်ကို မကြောက်ဘူးလား"

"မကြောက်လို့ဘဲ ဝသုန့်အိမ်ထဲထိ လိုက်လာခဲ့တာပေါ့"

"ကိုယ် ခင်ပြည်သူ့ကို သွေးစုပ်ပြီး သတ်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ"





"ဝသုန့်မှာ ပြည်သူ့ကို အဲဒီလိုလုပ်ရက်တဲ့နှလုံးသား မရှိပါဘူး၊ ပြည်သူ သိတယ်"

"ဟားဟားဟား ... ကောင်မလေးတော့ အချစ်ကို သိပ်ကိုးကွယ်ယုံကြည်နေပြီ"

"ဓာတ်ပုံတွေပြန်ကြည့်ဦးမယ်၊ ဝသုန်က အနားကနေ ပြောပြ"

ခင်ပြည်သူက ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်ပြီး အယ်လ်ဘမ်ကို ပြန်ကောက်ကိုင်လိုက်သည်။ ဝသုန်က ခင်ပြည်သူထိုင်နေသော ဆိုဖာနံ၏ လက်တန်းပေါ်မှာ တစောင်းထိုင်ရင်း...

"ဒါက ဒယ်ဒီနဲ့မာမီ မင်္ဂလာဆောင်တဲ့ပုံ"

ဟု ညွှန်ပြလိုက်...

"ဒါက ဒယ်ဒီ့မိဘတွေ သူတို့က အိုင်ယာလန်မှာနေကြတာ၊ ဒယ်ဒီ ကျောင်းပြီးမှ အင်္ဂလန်ကိုပြောင်းလာတာ"

ဟူ၍ ပြောပြလိုက်ဖြင့် တစ်ပုံချင်း ရှင်းပြပါသည်။

"မာမီ့မိဘတွေပေါ့၊ မာမီ့အဖေက ရှမ်းစော်ဘွားလို့ ပြောတယ်၊ မာမီ့အမေကမှ နန်းတွင်းမှာခစားရတဲ့ အပျိုတော်ပေါ့၊ အင်္ဂလိပ်လူမျိုးပေမယ့် ဘုရင့်နန်းတွင်းမှာ အပျိုတော်လုပ်ခွင့်ရတဲ့သူပေါ့"

"ဪ...ဒါကြောင့် ရှင့်မာမီက အရမ်းကို ချောမောလှပနေတာ"

"ဒါက ကိုယ်ငယ်ငယ်ကပုံ"

"ချစ်စရာလေး . . . နို့မှုန့်ဘူးကြော်ငြာမှာပါတဲ့ ကလေးပုံလေးနဲ့ တူတယ်"

"ဒါက ကိုယ် ကျောင်းစတက်တဲ့အရွယ်ကပုံ၊ ငယ်ငယ်ကတော့ ဒေး (စ်)ကျောင်းတွေမှာ နေရတော့ ခရစ်ယာန်ဘုန်းကြီးဖာသာတွေ၊ သီလ



www.burmeseclassic.com

www.burmeseclassic.com



ရှင်မာသာတွေ၊ စစ်စတာတွေက စာသင်ပေးတယ်၊ ဘုရားစာလည်း သင်ရတယ်"

"အခုကျတော့ ဝသုန်က ဘာမှမကိုးကွယ်တော့ဘူး"

"ကိုးကွယ်လို့ မရဘူးလေ၊ ကိုယ်က ဘုရားနဲ့ တွေ့မှာတောင်ကြောက်နေရတဲ့ မိစ္ဆာတစ်ကောင်ဖြစ်နေပြီလေ ခင်ပြည်သူ"

"ဝသုန် . . . ဝသုန်ရယ် . . . ဖြစ်နိုင်ရင် ပြည်သူ့ကို အဲဒါ ခဏခဏ မပြောပါနဲ့လား၊ ပြည်သူ မေ့ထားချင်တယ်"

"မေ့ထားလို့မရဘူး ခင်ပြည်သူ၊ ကိုယ်က လူတစ်ယောက်မဟုတ်ဘူး၊ ကိုယ်ဟာ သူများသွေးနဲ့ အသက်ရှင်နေရတဲ့သူ၊ ကိုယ့်အသက်ဟာ ဘယ်လောက်ပဲကြီးသွားသွား ကိုယ့်အသွင်အပြင်ကတော့ ကိုယ် သေဆုံးသွားခဲ့တဲ့ အရွယ်တုန်းကအတိုင်းပဲဖြစ်နေတယ်၊ ဘယ်တော့မှ မပြောင်းလဲဘူး၊ အိုမင်းမသွားဘူး၊ သေဆုံးခြင်းဆိုတာလည်း ကိုယ့်မှာ မရှိဘူး၊ ကိုယ်က Immortal (အင်မ်မိုတယ်လ်) ဖြစ်နေပြီ၊ ဒါဟာ သဘာဝအတိုင်းမဟုတ်ဘူး"

ဝသုန့်အသံက သူ့ကိုယ်သူ မုန်းနေသလိုလို၊ နာကြည်းနေသလိုလို အသံဖြင့် ပြောနေတာဖြစ်သည်။ ဝသုန့်မျက်ဝန်းတွေက မှုန်မှိုင်းနေကာ မေးကြောကြီးတွေ ထောင်နေသည်။ ဝသုန့်မျက်နှာက အနုတလော ဖိုပြီး ဖြူဖျော့နေသည်ဟု ထင်မိသည်။

ခင်ပြည်သူမှာ ဝသုန်ဟာ Vampire ပါလို့ သူကိုယ်တိုင် ဖွင့်ပြောပြီး ဝန်ခံတာတောင်မှ စိတ်ထဲမှာ ထိတ်လန့်ကြောက်ရွံ့သွားတာလည်း မဖြစ်မိ။ ငါ့ကိုများ သတ်ပစ်တော့လေမလားလို့လည်း မစိုးရိမ်မိ။ ဝသုန့်ကို ပိုပြီး တော့တောင် သနားကြင်နာစွာ ချစ်ခင်တွယ်တာမိနေပါသည်။





"ကိုယ် မင်းနဲ့သာ မဆုံခဲ့ရင် ကိုယ့်ကိုယ်ကိုယ် ပိုပြီး သက်တမ်းရှည်အောင် နေရှင်မှနေတော့မယ်၊ ကိုယ့်ရဲ့ဒီဘဝကြီးကို အဆုံးသတ်လိုက်တော့ ကိုယ် ခဏခဏ စဉ်းစားနေခဲ့တယ်၊ မင်းပဲ ခင်ပြည်သူ၊ မင်း ကိုယ့်ဘဝထဲ ခွင့်တောင်းပြီး ရောက်လာခဲ့တာ၊ အဲဒီနေ့က နေထွက်လာရင် နေရောင် ကိုယ် ရပ်နေလိုက်မယ်၊ ကိုယ့်ကိုယ်ကိုယ် နေရောင်ခြည်အောက်မှာ ကျွမ်းခံပြီး အဆုံးသတ်ပစ်လိုက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကိုယ် ထွက်လာတာ။ မိုးရွာပြီး မှောင်နေလို့ နေရောင်ပြန်ထွက်လာမှာကို ရင်းကော်ဖီဆိုင်မှာ ခဏဝင်ထိုင်နေတုန်း မင်းကိုယ့်ဆီရောက်လာတာ . . . ခင်ပြည်သူ၊ မင်းအသံကိုကြားလိုက်လိုက်ချင်း ကိုယ် သိသွားတယ်၊ မင်းဟာ ကိုယ့်ဒီကမ္ဘာထဲက ထွက်သွားလို့မရအောင် ဆွဲထားနိုင်မယ့် တစ်ယောက်ပဲဆိုတာ"

ခင်ပြည်သူမှာ ဝသုန့်လက်ဖဝါးအေးအေးမှာ သူမ၏ ပါးပြင်ကို ကာကပ်ကာ မျက်ရည်ကျမိပြန်သည်။ ဝသုန် ဘာပဲဖြစ်နေပါစေ၊ ဝသုန် မသွားရဘူး၊ ဒီကမ္ဘာထဲကနေ ထွက်မသွားရဘူး၊ ပြည်သူ့အနားမှာ ရှိနေပါလို့ စိတ်ထဲမှာ တတွတ်တွတ်ပြောနေမိသည်။

"ဝသုန် . . . ဘာလို့ သေခဲ့ရတာလဲ၊ ဘာကြောင့် သေပြီးမှ ပြန်ရှင်ရတာလဲဟင်၊ ပြည်သူ့ကို ပြောပြမလား"

ဝသုန် ပြောပြလာမယ့် အတိတ်တစ်ခုဆီကို ခင်ပြည်သူ လိုလိုလားလားပင် လိုက်ပါသွားမိပြန်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

## (၉)

## (ဝသုန် (သို့မဟုတ်) ------)

(၁၉၀၆ ခုနှစ်)

၁၉၀၆ ခုနှစ်၏ ဇန်နဝါရီလဆန်းပိုင်းတွင် Mr.Harry Thompson [illegible]တာဟယ်ရီသွမ်ဆင်(န်))နှင့်Mrs.Nan Kyi Kyi Amber Thompson [illegible](စ်)နန်းကြည်ကြည်အမ်ဘားသော(မ)ဆင်(န်))တို့ဇနီးမောင်နှံမှသားဦး [illegible]တစ်ယောက်ဖွားမြင်လေသည်။

ဖခင်ထံမှပါသော Irish (အိုင်းရစ်(ရှ်))သွေးတစ်ဝက်၊ မိခင်ထံမှ [illegible]သော အင်္ဂလိပ်နှင့်ရှမ်းသွေးတစ်ဝက်တို့ကြောင့် သားကလေးမှာ မွေးခါစလေး [illegible] အသားအရေပန်းရောင်ဖြစ်လိုက် .. ဆံပင်ကောက်လေးတွေက ပျား[illegible]ရောင်ရှိကာ မျက်လုံး၊ မျက်ဆန်တွေကတော့ပြာလဲ့လဲ့နှင့် မီးခိုးရောင်ရော [illegible]အင်မတန်မှချောမော၍ ချစ်စရာကောင်းနေပါသည်။

သားနာမည် Ryan (ရိုင်ယန်)

Synergy Publications

www.burmeseclassic.com

www.burmeseclassic.com



middle name (မစ်ဒယ်လ်နိမ်း)အလယ်နာမည်ကိုတော့ နန်း၏ အဖေနာမည်ဖြစ်တဲ့ စပ်ဝသုန်ထည့်မယ်..."

မိခင်ဖြစ်သူက ကလေးအမည်ကို ရွေးချယ်တော့ ဖခင်ဖြစ်သူကလည်း ဇနီးအကြိုက်လိုက်တတ်လွန်းသူပီပီ (မစ္စတာသော(မ)ဆင်(န်)က ဇနီးကို အင်မတန်မှ ချစ်လွန်းပြီး အလိုလိုက်လွန်းသူဟု နာမည်ကြီးသူပီပီ) ချက်ချင်းသဘောတူကာ သား၏နာမည်ပေးကင်ပွန်းတပ်ကိုပင် အိမ်မှာ ပါတီအကြီးအကျယ်ပေးပြီး ကျင်းပပေးသည်။

"Ryan Sutt Wa Thone Thompson(ရိုင်ယန်စပ်ဝသုန်သော(မ)ဆင်(န်))"အဖြစ်နှင့် ဒေါက်တာသော(မ)ဆင်(န်)ကိုယ်တိုင်သူ့သားဦးကလေး၏ နာမည်ကိုကြေညာကာ ကလေးခြောက်လကျော်သောအခါ ဘာသာသွင်းပြီးမြောက်သည့်အခမ်းအနားကိုလည်း အကြီးအကျယ် ကျင်းပပြန်သေးသည်။

ဒေါက်တာသော(မ)ဆင်(န်)မှာအင်္ဂလိပ်၊မြန်မာစစ်ပွဲအပြီး အင်္ဂလိပ်တို့မြန်မာပြည်ကိုသိမ်းပိုက်ပြီးသည့်နောက်ပိုင်းတွင် အင်္ဂလိပ်စစ်တပ်၏ဆေးလွှတ်ချက်အရမြန်မာနိုင်ငံတွင် ဆေးရုံအုပ်ကြီးတာဝန်ဖြင့် လာရောက်တာဝန်ထမ်းဆောင်ရခြင်းဖြစ်သည်။ ဒေါက်တာသော(မ)ဆင်(န်)၏အဓိက လူနာရှင်များမှာ အင်္ဂလိပ်လူမျိုးအရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စစ်ဘက်အကြီးအကဲများဖြစ်သလို မြန်မာလူမျိုးထဲကဆိုရင်တော့ သူဌေးသူကြွယ်များ၊ မင်းမျိုးမင်းနွယ်၊ စော်ဘွားများသာဖြစ်သဖြင့် ရှမ်းစော်ဘွားကြီးဦးစပ်ဝသုန်နှင့် Elizabeth Stone(အယ်လစ်(ဇ)ဘတ်ထ်စတုန်း)တို့၏သမီးနန်းကြည်ကြည်အမ်ဘာနှင့် ဆုံစည်းရတာဖြစ်သည်။

ဆေးရုံအုပ်ကြီးတာဝန်နှင့် ကလောမြို့မှာ အခြေချပေမယ့် သား Ryan ကိုတော့ ရန်ကုန်မှာ ကျောင်းအိပ်ကျောင်းစား ဘော်ဒါထားတဲ့အထ





ည်း စည်းစနစ်ကကြီးပါသည်။ ရန်ကုန်ရှိ နာမည်ကြီး စိန့်ကျောင်းကြီးကျောင်းတွင် တစ်နှစ်ပတ်လုံးကျောင်းသွားနေပြီး ပြန်လာသောရိုင်ယန်အမေ့အသည်းကျော်ဖြစ်လေသည်။

"မာမီ...သားမြင်းစီးသင်မယ်"

"အိုခေ...အိုခေ...သားသဘော"

"ကြည်ကြည် ကလေးက သိပ်ငယ်သေးတယ်၊ မသင်ပေးသင့်သေးဘူး"

"ဒီသားလေးတစ်ယောက်တည်းရှိတာ၊ သူ စိတ်ပျော်တာ ပေးလုပ်ပါ...၊ ကလေးက ဆယ်လလုံးလုံး မိဘနဲ့ခွဲနေနေရတာ...သူဒီပြန်လာနှစ်လမှာ သူ ပျော်တာလုပ်ပါစေ၊ သူပျော်ရင်ကြည်လည်း...ပျော်တယ်"

"ကလေး မတော်တဆပြုတ်ကျရင် ငါတို့ပဲ အသည်းကွဲရမှာ"

"အို...မဖြစ်စေရပါဘူး...ကြည့် သား ဘာမှမဖြစ်ပါဘူး။ ဘာအန္တရာယ်မှ မရှိစေရဘူး။ ရှင်က ဒေါက်တာကြီးတစ်ယောက်ပဲဟာ သား ထိခိုက်ရာအနာတရဖြစ်ဖြစ် ပျောက်အောင်ကုပေးနိုင်ရမှာပေါ့"

နန်းကြည်ကြည်အမ်ဘာသော(မ)ဆင်(န်)မှာနှလုံးရောဂါအခံရှိသဖြင့် ဒီသားလေးတစ်ယောက်တောင် မနည်းအသက်လုမွေးထားရသောကြောင့် နောက်ထပ်ကလေးယူဖို့ မဖြစ်နိုင်။ အသက်နဲ့ ရင်းပြီးမွေးထားရတဲ့သားအဖြစ်တုန်နေအောင်ချစ်ကြသလိုဖခင်ထက်မိခင်ကမျက်ကန်းအချစ်မျိုးဖြင့်နေရာတကာဖွတ်တရွတ်အလိုလိုက်တတ်တာတွေ များပါသည်။

ဒီတော့ဖခင်နှင့်မိခင် သားကြောင့်မကြာခဏစကားများရပေမယ့် နောက်ဆုံးတော့ မိခင်သာအနိုင်ရကာ ရိုင်ယန်မှာ သူလုပ်ချင်တာ ဘာမဆိုလုပ်ခွင့်ရလေသည်၊ လိုတရနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ခြောက်နှစ်မှာမြင်းစီးသင်သည်။ နောက်တစ်နှစ်ကျော်ပြီး၍ ပြန်လာတော့ ရောဂါတစ်ခုပါလာသည်။ အဲဒါကတော့ စန္ဒရားတီး... ချင်သတဲ့။ လူကလေးက အသက်ခုနစ်နှစ်မှာ အရွယ်နဲ့မမျှအောင် ရှိုင်းယန် ပိုင်ဆိုင်တာက ပဇော်ဖက်ရှင်နယ်သုံး စန္ဒရားအကြီးကြီးတစ်လုံး။ ကလေး စန္ဒရားတီးသင်တဲ့ကိစ္စကျတော့ဒေါက်တာသော(မ)ဆင်(န်)တို့လင်မယား ရန်မဖြစ်ရဘဲနှင့်နှစ်ဦးသဘောတူ လိုလိုလားလားခွင့်ပြုပေးလိုက်တာဖြစ် သည်။ ဒေါက်တာသော(မ)ဆင်(န်)ကိုယ်တိုင်ကလည်းဂီတကိုနှစ်သက်သူ ဖြစ်သည်။

ဒါပေမယ့် နောက်နှစ်ကျောင်းကပြန်လာတော့ အသက်ရှစ်နှစ် အရွယ် ရှိုင်းယန်တောင်းဆိုတာက တစ်မျိုးပြောင်းသွားပြန်သည်။

"သေနတ်ပစ်သင်ချင်တယ်...။ Hunting (ဟန်တင်း)လုပ်ချင် တယ် မာမီ"

"သားကငယ်သေးတယ်..."

"မာမီ ပေးမသင်ရင် သားခုချက်ချင်းပဲ Boarding School(ဘုတ် ဒင်းစကူးလ်)ပြန်မယ်"

ရှိုင်းယန် ချက်ချင်းအဝတ်တွေ ကောက်သိမ်းတော့ ဒေါ်နန်းကြည် ကြည် မျက်ရည်တဝဲဝဲဖြစ်ရသည်။

"သားရယ် သေနတ်ဆိုတာ အန္တရာယ်များလွန်းလို့ပါ"

"သေနတ်အစစ်နဲ့ ဘယ်သူက ...င်မယ်ပြောလို့လဲ၊ ငှက်ပစ် သေနတ်နဲ့သင်မှာပေါ့။ ကျောင်းမှာ သားသူငယ်ချင်းတွေအကုန်လုံး သူ့အဖေ တွေနဲ့ Hunting လိုက်ဖူးကြတယ်။ သားပဲ မလုပ်ဖူးတော့ အခြောက်ခံ





...ပြောခံရတယ် မာမီ။ ယောကျ်ားဆိုတာ အမဲလိုက်ရဲရတယ်၊ သေနတ်ပစ်ရဲရ ...ယ်တဲ့"

ဒီတော့လည်းသားမျက်နှာညှိုးမှာမမြင်ချင်တဲ့ဒေါ်နန်းကြည်ကြည် ...ယောက် စပ်ပွန်းသည်နဲ့ ရန်ပွဲအကြိမ်ကြိမ်နွှဲကာ သားဖြစ်သူ သေနတ်ပစ် ...ခွင့်ရရေးအရေးဆိုရတော့သည်။ နောက်ဆုံးတော့ဒေါက်တာသော(မ) ...(န်)ခွင့်မပြုချင်ပါဘဲ ခွင့်ပြုလိုက်ရပြန်သည်ပဲပေါ့။ အသက်ရှစ်နှစ် ...ယ်မှာသေနတ်ပစ်သင်သည်။ ကိုးနှစ်ရောက်တော့...မြှားပစ်သင်သည်။ ...နှစ်မှာကျတော့ သိုင်းသင်ချင်သည်ဆိုသဖြင့် အဘိုးဖြစ်သူ ဦးစပ်ဝသုန် ...ယ်တိုင်ကြီးကြပ်ပြီး ရှမ်းရိုးရာသိုင်းပညာရော၊ ဓါးသိုင်းပညာရော သင်ပေး ...သည်။

ရှိုင်းယန်က ဘာတစ်ခုကိုမှ စွဲစွဲမြဲမြဲမရှိ။ ဟိုစပ်စပ်၊ ဒီစပ်စပ် လုပ် ...သဖြင့် ဒေါက်တာသော(မ)ဆင်(န်)ကိုယ်တိုင် သူ့သားသူ ပြန်စိတ်ပျက် ...လည်း အခါခါ။

"ကလေးအရွယ်ထဲက ကိုယ်ဘာဖြစ်ချင်သလဲဆိုတာ စွဲစွဲမြဲမြဲရှိရ ...ပေါ့။ ဒါမှ...ထူးချွန်မှာ။ လူဆိုတာ ဘက်စုံမှာ ထူးချွန်နေတဲ့သူ ဘယ်သူမှ ...ဘူး။ ဘက်စုံကိုတတ်အောင်သင်လို့ ရရင်ရမယ်၊ ဘက်စုံစလုံးတော်နေ၊ ...ချွန်နေတာမျိုး Multi Talented (မာလ်တီတဲလန့်တစ်)ဖြစ်နေတာ မရှိ ...ဘူး။ ဒီတော့ တစ်ခုခုကို အာရုံစူးစိုက်မှ ထူးချွန်နိုင်တယ်" ဟု ဒေါက်တာ ...(မ)ဆင်(န်)တစ်ယောက် ရှိုင်းယန်ကို အခါခါဆုံးမပါသည်။ ဒေါက်တာ ...(မ)ဆင်(န်)က သားကို သူ့လိုပဲ ဆရာဝန်ကြီးတစ်ယောက်ဖြစ်စေချင် ...။ ဒေါ်နန်းကြည်ကြည်ကတော့ သားကို စန္ဒရားပညာရှင်ကြီးဖြစ်စေချင် ...။ သို့သော ရှိုင်းယန်ကတော့...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ချင်မှန်းကို မသိဘူး။ အကုန်လုံးလျှောက်လုပ်ကြည့်နေတာပဲ . . .။ အကုန်လုံးကလည်း ဘာမဆို ကြာကြာလုပ်ကြည့်ရင် ပျင်းစရာကောင်းလာတယ်" ဟု ပြောတတ်လေသည်။

အသက်ဆယ်သုံးလေးနှစ်အရွယ် လူပျိုပေါက်လေးဖြစ်လာတော့ ရှိင်ယန်နည်းနည်း တည်ငြိမ်လာသည်။ ကလောကိုပြန်လာတဲ့အခါတိုင်း မိခင်အကြိုက်နားထောင်ဖို့ ညစဉ်စန္ဒရားတီးပြီး ဖျော်ဖြေသည်။ ဂစ်တာလည်း တီးတတ်သဖြင့် ဂစ်တာသံနှင့်လည်း ဖျော်ဖြေသည်။ ဖခင်နှင့်အတူ ဆေးရုံလိုက်ကာ ဖခင်ဆေးကုတာကိုလည်း လိုက်လေ့လာတတ်သည်။

ရှမ်းသွေးနှင့် ဗိုလ်သွေးစပ်သော လူချောလေးရှိင်ယန်သည် သူတို့အသိုင်းအဝိုင်းမှာတော့ အတော့်ကို မျက်နှာပွင့်လှသည်။ ထိုခေတ်က ၁၉၂၀ ကာလအချိန်မှာ ရှိင်ယန်သော(မ)ဆင်(န်)သည် ဆယ်ကျော်သက်တွေကြားနာမည်ကြီးလှသော လူချောလေးဖြစ်လေသည်။

အသက်ဆယ်လေးနှစ်အရွယ်မှာ ရှိင်ယန်သည်စိတ်အဝင်စားဆုံးက ကျောပိုးအိတ်တစ်လုံးလွယ်၊ လေသေနတ်တစ်လက်ကိုင်ကာ တောတွေတောင်တွေထဲ လျှောက်သွားပြီး လေ့လာရတာဖြစ်သည်။ လေ့လာတွေ့သမျှတို့ကို စာအုပ်တစ်အုပ်ဖြင့် မှတ်တမ်းပြုစုသည်။ ဘယ်မှာ တွေ့ခဲ့သည်ဆိုတာကို မြေပုံဆွဲသည်။ တစ်ခါတလေ ပုံတူဆွဲသည်။

ရှိင်ယန် စိတ်အဝင်စားဆုံးက ငှက်တွေပဲဖြစ်သည်။ ငှက်တွေကို လိုက်လံရှာဖွေခြင်း၊ ပုံတူဆွဲခြင်း၊ ဘယ်နေရာမှာတွေ့ရတယ်။ ဘယ်အချိန် ဘယ်ကိုပျံသွားတတ်တယ်။ ဘာတွေစားတတ်တယ် စသဖြင့် လေ့လာရှာဖွေနေရတာကို အတော်ဝါသနာကြီးလာသည်။

"သား . . . အခု ဘာကိုဝါသနာပါလဲဆိုတာ သိလာပြီ ဒက်ဒီ"





"ပြောပါဦး . . . ဘာများလဲ"

"သား တောတောင်ရေမြေအသစ်တွေကို လိုက်ရှာဖွေချင်တယ်။ ရှာဖွေတွေ့ရှိတဲ့ အကြောင်းတွေ မှတ်တမ်းရေးချင်တယ်။ Documentary (ဒေါ့ကူမန်ထရီ) စာအုပ်ထုတ်ချင်တယ်။ အထူးသဖြင့် အဲဒီရှာဖွေတွေ့ရှိသမျှ ရေမြေအသစ်လေးတွေမှာ ကျက်စားတဲ့ ငှက်အမျိုးအစားတွေအကြောင်း လေ့လာချင်တာပဲ။ ဒက်ဒီ . . . ခွင့်ပြုမလား။"

"ဪ . . . သားက explorer (အိပ်(စ)ပလိုရာ) တစ်ယောက်ဖြစ်ချင်တာကိုး"

"ဆောရီး ဒက်ဒီ . . . ဒက်ဒီဖြစ်စေချင်တဲ့ ဆရာဝန်တစ်ယောက်လည်းမဖြစ်ချင်ဘူး။ မာမီဖြစ်စေချင်တဲ့ မြူးဇစ်ရှင်းတစ်ယောက်လည်း မဖြစ်ချင်ဘူး။"

"ဘာပဲလုပ်လုပ် . . . ဝါသနာပါတာကို တစ်ခုထဲစွဲစွဲမြဲမြဲလုပ်ပါ . . .။ အောင်မြင်အောင်လုပ်ပါ။ သား . . . ကျောင်းပြီး ဘွဲ့ရမှ ကမ္ဘာအနှံ့ခရီးထွက်ပြီး သားရဲ့ Project (ပရောဂျက်) ကို စပါမယ် လို့တော့ ဒယ်ဒီကို ကတိပေးရမယ် နော်"

"စိတ်ချပါ . . . ဒက်ဒီ"

ဒေါက်တာသော(မ)ဆင်(န်)က သားဖြစ်ချင်တဲ့ စိတ်ဆန္ဒကို မတားမြစ်ခဲ့ပါ။ ရန်ကုန်မှာ တစ်နှစ်တာကျောင်းသွားတက်ပြီး ပြန်လာတိုင်း ကလောနှင့် အနီးတစ်ဝိုက်ဒေသတွေကို လှည့်လည်သွားလာပြီး လေ့လာရှာဖွေတာကိုလည်း မတားဆီးခဲ့ပါ။ သူကိုယ်တိုင်ပင် လိုအပ်ရင် လမ်းပြတို့ အဖော်တို့တောင် ထည့်ပေးလိုက်တတ်သေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသော(မ)ဆင်(န်)က ကျေကျေနပ်နပ်ခွင့်ပြုပေမယ့် ခွင့်မပြုချင်တာက ဒေါ်နန်းကြည်ကြည်ပဲဖြစ်သည်။

"သားကငယ်ငယ်လေးရှိသေးတာ . . . တောထဲ တောင်ထဲ သိပ်မလွှတ်ပါနဲ့။ တောတွေက နက်ကနက်နဲ့။ ဘာကောင်တွေရှိလို့ရှိမှန်းမသိဘူး သား...တစ်ခုခုဖြစ်သွားမှ...ရင်ကျိုးရချည့်ရဲ့..."

"ဒါကြောင့်လည်း ငါသားကို ငါ့ရဲ့သေနတ်ပေးကိုင်တာပေါ့....။ သားက ယောက်ျားလေးပဲ။ ဒီလိုလှေလှော်ပြီး ခရီးသွားနေရတာလည်း သူ့ဝါသနာပဲ။ ငါကတော့ သဘောကျတယ်။ ပြီးတော့ သားကို စိတ်မချရာဘာမှမရှိဘူး။ သူ့မှာ သူ့အဘိုးသင်ပေးထားတဲ့ ကိုယ်ခံပညာကို ကျွမ်းကျွမ်းကျင်ကျင်တတ်ထားတယ်။ မြားပစ်ကျွမ်းကျင်တယ်၊ သေနတ်ကောင်းကောင်း ပစ်တတ်တယ်။ သားသွားတိုင်းလည်း သူတစ်ယောက်တည်းလွှတ်တာမဟုတ်ဘူး။ အဖော်တစ်ယောက်အနည်းဆုံးပါတယ်။"

"သား...တစ်ခုခုဖြစ်ရင် ရှင်နဲ့ ကျွန်မ သေခန်းပြတ်ပဲ...မှတ်"

"သား . . . ဘာမှမဖြစ်စေရပါဘူးကွာ။ တစ်ခုခုဖြစ်ခဲ့ရင်တောင် သားကိုမရမက ငါကိုယ်တိုင်ပြန်ကယ်မယ်။ ကတိပေးတယ်။"

"တောထဲ၊ တောင်ထဲ ကျားဆွဲသွားပြီး ကျားစာဖြစ်မှ ရှင်ဘယ်လို ပြန်ကယ်မလဲ၊ ကျားကို သတ်ပြီး ဗိုက်ထဲက ပြန်ထုတ်ချင်လို့လား"

"အဲဒီလိုဖြစ်စရာအကြောင်းမရှိပါဘူးကွာ။ သားက...တစ်စုံတစ်ခုကို သူလုပ်တော့မယ်ဆိုရင် သေသေချာချာလေ့လာပြီးမှ လုပ်တာပါ။ တစ်နေရာသွားတော့မယ်ဆိုရင်လည်း ဆောင်ရန်၊ ရှောင်ရန်တွေ သူ...လေ့လာသွားတတ်ပါတယ်။"



BURMESE CLASSIC .com



ဒီသားအရွယ်ရောက်လာသည့်နောက်ပိုင်းမှာတော့ ဒေါက်တာသော(မ)ဆင်(န်)က သားအလိုကိုလိုက်သူ ဒေါ်နန်းကြည်ကြည်က သားအလိုကိုလိုက်သော လင်ယောက်ျားနဲ့ အတိုက်အခံရန်ဖြစ်သူအဖြစ် နေ့စဉ်လိုလိုကျက်ကျက်။ ရှိုင်ယန် ကျောင်းသွားတက်နေသည့် ကာလတစ်ခုပဲ။ ဒေါ်နန်းကြည်ကြည် စိတ်ချမ်းသာရလေသည်။ ရှိုင်ယန်ပြန်လာပြီဆိုတာနဲ့ ဒေါ်နန်းကြည်ကြည် စိတ်တပူပူဖြစ်ပြီး သားမသွားစေချင်တာနဲ့ပဲ နေမကောင်းဖြစ်၊ နလုံးရောဂါထပြရန်င့် ဟန်ဆောင်ပြပါသည်။ သို့သော်လည်း နောက်ဆုံးမှာ ဒေါ်နန်းကြည်ကြည် မျက်ရည်လေးစမ်းစမ်းနဲ့ ကျန်ခဲ့ရတာချည်းပင်။

ရှိုင်ယန်တစ်ယောက်ကတော့ Compass (ကွန်ပက်(စ)) သံလိုက်အိမ်မြှောင်တစ်ခု၊ ကျောပိုးအိတ်တစ်လုံးပြင်ကာ ခရီးထွက်ဖို့ အမြဲတက်ကြွနေခဲ့သူတည်း။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

BURMESE CLASSIC .com

၁၉၂၄ ခုနှစ်တွင် ရှိင်ယန် အသက်ဆယ့်ရှစ်နှစ်ပြည့်လေသည်။ ဆယ့်ရှစ်နှစ်ပြည့်ပြီး အထက်တန်းကျောင်းပြီးကာ ပြန်လာသော ရှိင်ယန်ထံ ချင် မိခင်အတွက် သတင်းထူးပါလာသည်။

"မာမီ...အထက်တန်းပြီးရင် သား...ရန်ကုန်တက္ကသိုလ်မှာ ပညာဆက်သင်ချင်တယ်။ အင်္ဂလန်မသွားချင်ဘူး။"

"ဘာဖြစ်လို့လဲ သားရဲ့...ဒက်ဒီအမျိုးတွေလည်းရှိတယ်၊ ဒက်ဒီက သားကို သူ့နိုင်ငံရေမြေသဘာဝနဲ့လည်း ထိတွေ့နီးစပ်စေချင်တယ်။ အခု တော့ မြန်မာအရမ်းဆန်နေပြီး သားကိုယ်သား အိုင်းရစ်ရှ်သွေးပါတယ်ဆို တာတောင် မေ့နေသလိုပဲ။ ဒက်ဒီက ဒါကြောင့် သားကို သူ့အမျိုးအဆွေ တွေနဲ့လည်း နီးစပ်စေချင်လို့လွှတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ သော(မ)ဆင်(န်)ကိုယ်တိုင် မြန်မာလို ပြောတတ်သလို ဒေါ်နန်းကြည်ကြည်ကိုယ်တိုင်ကလည်း ဖခင်ဦးဗပ်ဝသုန်ဘက်လိုက်ပြီးရှမ်းမြန်မာလူမျိုးဆန်ဆန်နေတတ်လှသဖြင့်ရိုင်ယန်မှာအင်္ဂလိပ်ကျောင်းမှာသာနေပေမယ့် ဗိုလ်မဆန်၊ မြန်မာဆန်နေသည်။ အိမ်မှာဆို မြန်မာလိုပြောသည်။ မြန်မာစာပဲကြိုက်သည်။ မြန်မာလူမျိုးကိုပဲခင်သည်။

ဒါကိုကျတော့ ဒေါက်တာသော(မ)ဆင်(န်) မနှစ်မြို့လှ။ သူ့သားဖြစ်သူကို အင်္ဂလိပ်ဟူသော လူမျိုးကြီးစိတ်မျိုး ထားစေချင်သည်။ မြန်မာလူမျိုးတွေမှာအထင်ကြီးစရာဘာမှမရှိ။ ဘာအရည်အချင်းမှမရှိ။ ဘာအတွေးအခေါ်မှမရှိ။ ဒါကြောင့် သူတို့ကို အင်္ဂလိပ်တွေ အလွယ်တကူနယ်ချဲ့ကျူးကျော်သိမ်းပိုက်တာကို ခံရသည်ဟူသော နိမ့်ချသောအတွေးကရှိ... ရာ သားကို မြန်မာပြည်အရမ်းချစ်ပြီး မြန်မာတွေကို သံယောဇဉ်ရှိနေ... စိုးရိမ်သည်။ ဒေါက်တာသော(မ)ဆင်(န်)က ဆေးကုရင်သာ ကျော... ရင်သားမခွဲခြားဘဲ ဘယ်သူ့ကိုမဆို စေတနာအပြည့်နဲ့ ကုသပေးတတ်... ပေမယ့် လူမျိုးရေးခွဲခြားတတ်သော စိတ်ဓာတ်တော့ရှိပေသည်။ ဒါကြောင့်... သား အထက်တန်းကျောင်းပြီးလို့ အသက်ဆယ့်ရှစ်နှစ်ပြည့်ရင် အင်္ဂလန်... ကြိုတင်စီစဉ်ထားပြီးနေပြီ။

"မာမီ . . . သားအင်္ဂလန်မှာ ကျောင်းသွားမနေပါရစေနဲ့။ ရန်ကု... ယူနီဗာစတီမှာ တက်ကြဖို့ သားရဲ့ကောင်မလေးနဲ့ ကတိအပြန်အလှန်ထား... လို့ပါ"

ထိုသတင်းထူးအတွက်ကြောင့် ဒေါ်နန်းကြည်ကြည် အံ့ဩသွား... ပါသည်။ ကြည့်စမ်း . . . . . ငါ့သားလေးတောင် အရွယ်ရောက်ပါပကော... ရည်းစားတောင်ထားတတ်ပါပကောဟု ချစ်စနိုးတွေးလေသည်။"





"ကောင်မလေး...ဟုတ်လား"

"ဟုတ်တယ်...သူက သားသူငယ်ချင်းရဲ့ညီမတစ်ဝမ်းကွဲပါ။ သား...ငယ်တွေပါပဲ။ သူလည်းကွန်ဗင့်တက်နေတာပါ။ သားက သူငယ်ချင်းအိမ်...လည်ရင်းတွေ့ကြတာ"

ရိုင်ယန်တို့တက်ရသော ကျောင်းကတော့ ယောကျ်ားလေးသီးသန့်ကျောင်းဖြစ်သဖြင့် မိန်းကလေးနှင့်ဆုံစရာမရှိ။ သို့သော် ရန်ကုန်မှာရှိသော သူငယ်ချင်း၏အဆက်အသွယ်ဖြင့် မိန်းကလေးမိတ်ဆွေတွေနဲ့ ဆုံစည်းရ...၊ အဲဒီမိတ်ဆွေတွေထဲကမှ ပထမဦးဆုံးသော ချစ်ရသူမိန်းကလေးကို...ခဲ့ရတာဖြစ်သည်။

"သူ့နာမည်က ဘာလဲ။ ဘာလူမျိုးလဲ၊ မိဘတွေက ဘယ်သူတွေ...ဘယ်မှာနေလဲ။"

ဒေါ်နန်းကြည်ကြည်၏ မေးခွန်းတွေ ဆက်တိုက်သွန်ချလာတော့...က မိခင်ကိုဖက်ပြီး ရယ်မောပါသည်။

"နာမည်က Angel (အိန်ဂျယ်လ်)တဲ့၊ မြန်မာနာမည်က ဝင်းမင်း...တဲ့၊ သူ့အဖေနာမည်က ဦးသိန်းဖေပါ၊ မြန်မာဘုရင်ရှိစဉ်လက်ထက်...ကတည်းက သူဌေးသူကြွယ်ဘွဲ့ချီးမြှင့်ခံရတဲ့ သူကြွယ်မျိုးလို့ ပြောတယ်။ ...ည်း ရန်ကုန်မှာ အိမ်ခြံမြေရောင်းဝယ်တဲ့အလုပ်နဲ့ပဲ ကြီးပွားချမ်းသာ...တာ၊ မြန်မာစစ်စစ်တွေ...မာမီ၊ အမေက ဒေါ်ရီတဲ့၊ သူတို့မှာ ညီအစ်မ...ယောက်ရှိတယ်၊ အိန်ဂျယ်လ်က အငယ်ဆုံးပါ၊ သားသူငယ်ချင်း... (ပက်ထရစ်)နဲ့ မောင်နှမတစ်ဝမ်းကွဲတော်ပါတယ်..."

"ဩော် . . . သူဌေးတွေပဲ၊ ဒါဆိုမျိုးရိုးက မဆိုးပါဘူး၊ သူတို့ ဗုဒ္ဓ...ဝင်တွေပေါ့၊"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မာမီ၊ ဒါပေမယ့် အဲဒါက ပြဿနာမရှိပါဘူး။ သူ့မိ… တွေက နားလည်ပါတယ်၊ ဘာသာမတူတာ ဘာပြဿနာမှ မရှိပါဘူးလို့… သူတို့က ပြောပါတယ်"

"သားက သူ့မိဘတွေနဲ့တောင် တွေ့ပြီးနေပြီပေါ့လေ"

"ပက်ထရစ်ကတစ်ဆင့် သူတို့သိသွားတာနဲ့ ခေါ်ပြီး ခဏစ… ပြောချင်တယ်ဆိုလို့ သားသွားတွေ့တာပါ…။"

"သား…အင်္ဂလန်ကို မသွားချင်တဲ့အကြောင်းက အဲဒါကြောင့်… ရင်တော့ မင်း ဒက်ဒီနဲ့ တော်တော်လေးညှိယူရမယ်…။"

တကယ်လည်း ဖခင်နဲ့ အတိုက်အခံစကားပြောရပါတော့သည်… ရှိင်ယန်ဆယ့်ရှစ်နှစ်ပြည့်မွေးနေ့အပြီး နောက်တစ်ရက်မှာပင် ဒေါက်… သော(မ)ဆင်(န်)က သားကိုနာမည်အကြီးဆုံးနဲ့ ဈေးအကြီးဆုံး Ro… (ရိုးလက်(စ))အိတ်ဆောင်နာရီတစ်လုံးနှင့်လက်မှတ်တစ်စောင်ကိုမွေး… လက်ဆောင်အဖြစ်ပေးလေသည်။

လက်မှတ်ကတော့ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် အင်္ဂလန်… တိုက်ရိုက်စီးနင်းလိုက်ပါမည့် သင်္ဘောလက်မှတ်ဖြစ်ပါသည်။ ရှိင်ယ… လက်မှတ်ကို ကြည့်ပြီး မျက်နှာပျက်နေလေသည်။

"ဒက်ဒီရဲ့ဘတ်ဒေးပရဲဆင့်တွေအတွက် သင့်(ခ)ယူပါ။ ဒါပေ… သား အင်္ဂလန်ကိုသွားမယ့် သင်္ဘောလက်မှတ်ကိုတော့ လက်မခံပါရ… ဒက်ဒီ"

"ဘာကြောင့်လဲ သားသိပြီးသားလေ။ ဘာကြောင့် ငြင်းတ… အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးရင် အင်္ဂလန်သွားရမယ်ဆိုတာ သား … သားပါ။"





"သိပါတယ်။ ဒါပေမယ့် ဒက်ဒီ တစ်ခါမှ သား သွားချင်စိတ်ရှိလား၊ …ရှိလားကိုမမေးဘဲ ဒက်ဒီဖြစ်ချင်တာကိုပဲ ပြောတဲ့သဘောပါ။ တကယ်တော့ …သား ဘယ်တုန်းကမှ မသွားချင်ခဲ့ဘူး။"

…ဘာ…ဘာပြောတယ်…ဘာကြောင့် မသွားချင်ရမှာလဲ"

…သား…ဒီမှာပဲ ပျော်တယ်၊ ဒီက သူငယ်ချင်းတွေနဲ့ပဲ…ယူနီဗာ……တက်ချင်တယ်…။"

"ဟုတ်ရဲ့လား…မင်းသူငယ်ချင်းကိုခင်တာထက် မင်းရည်းစားနဲ့ …ခွဲချင်လို့ မဟုတ်လား။ မင်း မာမီ…ငါ့ကိုပြောတုန်းကတော့ ငါက လူငယ် …စိတ်ယောက်ပီပီ…စိတ်ကူးယဉ်ပြီး အပျော်ရည်းစားထားတယ်ပဲထင်တာ။ …ည်းစားနဲ့ မခွဲချင်တာနဲ့ပဲ ကိုယ့်ဘဝအောင်မြင်တိုးတက်ဖို့ လမ်းကြောင်းကို …နှောင့်အယှက်မဖြစ်စေရဘူး။"

"ရည်းစားကြောင့် မဟုတ်ပါဘူး ဒက်ဒီ။ သား အင်္ဂလန်မသွားချင် …ပါ။ မြန်မာပြည်မှာပဲ ပျော်လို့ပါ။"

"မလိုချင်ဘူး…..ငါစီစဉ်ပြီးသား။ ကျောင်းဝင်ခွင့်ကိုလည်း မင်း …အ အခေါ်တွေ လျှောက်ပေးပြီးသားဖြစ်နေပြီ။ ကျောင်းဝင်ခွင့်တွေ …ည်းသွင်းပြီးပြီ။ သွားကိုသွားရမယ်။"

"မသွားဘူး…မသွားဘူး…လုံးဝမသွားဘူး။ မြန်မာပြည်ကနေ …မသွားဘူး။ ဒက်ဒီ…ကြိုက်သလိုအပြစ်ပေးပါ…။ မြန်မာပြည်ကတော့ …မသွားပါရစေနဲ့…။"

"ကြည့်ကြည့်…ကြည့်ကြည့်…မင်း သားကိုလာခေါ်စမ်း… …ပ်မိတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်ပါတယ်ရှင် ... သား စိတ်ချမ်းသာတာ လုပ်ပါစေလား ... ဘယ်ရှိရယ် ...ရှင်ကလည်း သိပ်အတ္တကြီးလွန်းတယ်။"

"ငါ... ဘာအတ္တကြီးလို့လဲ ...ငါ့သားကို ငါကိုယ်တိုင် သူသွားမယ့် လမ်းကြောင်းကို ဆွဲပေးတာ ... အတ္တကြီးတာလား။ ငါ့အတွက် ဘာတစ်ခုမှ မပါဘူး။ သားအတွက် စီစဉ်တာကွ ...။"

"အတ္တကြီးတယ်ဆိုတာက ရှင့်ရဲ့ ငါသာလျှင် အင်္ဂလိပ်လူမျိုး၊ လူမျိုးကြီး၊ နိုင်ငံကြီးကလူတွေ သူများကို အုပ်စိုးနိုင်တဲ့သူတွေဆိုတဲ့ စိတ်နဲ့ သားကို အဲဒီစိတ်ဝင်သွားစေချင်လို့ မြန်မာပြည်ကနေ အတင်းမောင်းထုတ်နေတာ မဟုတ်လား။ ရှင် ...မြန်မာပြည်မှာနေပြီး မြန်မာသွေးတစ်ဝက်ပါတဲ့မိန်းမကို ယူထားတယ်ဆိုတာလည်း ခေါင်းထဲထည့်ပါဦး ...။"

မိဘနှစ်ပါး သူ့အတွက်နဲ့ အကြီးအကျယ်ရန်ဖြစ်အော်ဟစ်ကြတာ အဆုံးသတ်မှာ မိခင်တစ်ယောက် နှလုံးရောဂါပြန်ထပြီး အိပ်ရာထဲလဲရလျှင် ရှိုင်ယန်သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်တော့ပြီ။ သူ့ကြောင့် မိခင် စိတ်ဆင်းရဲပင်ပန်း ရသည်ဟုတွေးကာ နေ့နေ့ ညည သူလည်း နေရာတာမပျော်။ ဒီကြားထဲ ရန်ကုန်မှာတက္ကသိုလ်တွေ စတက်ရတော့မည့် သတင်းကို ချစ်သူထံမှ ရသောစာကတစ်ဆင့်သိရပြန်သည်။

"ရှိုင်ယန် ...

အိန္ဒိယလ်ကို ကတိပေးထားခဲ့တဲ့အတိုင်း ရန်ကုန်ယူနီဗာစီတီကို လာခဲ့မယ်လို့ ယုံကြည်ပြီးစောင့်နေတယ်။ ကျောင်းတွေဖွင့်ခါနီးပြီ ... ဆက် ဆက်လာခဲ့နော်။" ဟူသော ချစ်သူထံမှ စာကိုကိုင်ကာ ငိုင်တွေနေရလေပြီ။

"အင်္ဂလန်မသွားဘူးဆိုရင် ... မင်းဒီမှာလည်း ... ရန်ကုန်သွားပြီး တက္ကသိုလ်မတက်နဲ့"





ဒေါက်တာသော(မ)ဆင်(န်)၏တစ်ချက်လွှတ်စကားကိုအတိုက် အခံပြောပြီး ရန်ကုန်ကို ထွက်လာခဲ့ရင်ရမှန်းတော့ သိပါသည်။ သို့သော် ရှိုင်ယန်ကလည်း သူ့မာနနဲ့သူပင်။ သူ့ကိုပေးချင်တဲ့အပြစ်ပေးဟု ဖခင်ကို ခေါ်ခဲ့လေရာ ရန်ကုန်မှာတက္ကသိုလ်သွားမတက်နိုင်ခြင်းသည် ဖခင်၏ အပြစ်ပေးခြင်းဟူ၍သတ်မှတ်ပြီး ထိုအပြစ်ကို ခံယူသည့်အနေနှင့် ထွက် သွားခဲ့ခြင်းဖြစ်သည်။

စိတ်လေလေနှင့် နေ့စဉ် အိမ်မကပ်တော့ဘဲ အချိန်ရှိတိုင်း တော ထဲဝင်၊ တောင်တွေတက်လုပ်ကာ စိတ်ဖြေမိသည်။ အစတော့ ...မနက်သွား ညနေပြန်။ နောက်တော့ တစ်ညအိပ်လောက်ပျောက်သွားပြီး နောက်နေ့မှ ပြန်လာတာမျိုးတွေဖြစ်လာသည်။

ဒေါ်နန်းကြည်ကြည်က သား၏စိတ်လေနေမှုကို သတိထားမိပြီး ..

"သားရယ် ... မင်းအက်ဒီပြောလည်း ဂရုစိုက်မနေပါနဲ့ ... မာမီမှာ လည်း အမွေတွေတစ်ပုံကြီးရှိပါတယ်။ ဒက်ဒီပိုက်ဆံမသုံးဘဲ မာမီပိုက်ဆံ သုံးပြီး ရန်ကုန်မှာကျောင်းသွားတက်ချင်ရင်တက်ပါ။ မာနကြီးမနေပါနဲ့ ..." ဟု ဖျောင်းဖျခဲ့ပါသည်။

သို့သော် ... ရှိုင်ယန်ကလည်း လက်မခံ။ သူကလည်း ဒေါက်တာ သော(မ)ဆင်(န်)နှင့်အပြိုင် မာနကြီးကာ မိခင်စကားကို လက်မခံခဲ့ပါ။ သားအဖနှစ်ယောက် မာနပြိုင်ကြသည့်ကြားတွင် ဒေါ်နန်းကြည်ကြည် တစ်ယောက် စိတ်ဆင်းရဲလျက် နေ့ရက်တွေကို ဖြတ်သန်းနေရဆဲ ..... တစ်နေ့ .....။.....။

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၁၁)

"ရှိင်ယန်...

ရှင်...ရောက်မလာခဲ့တဲ့အတွက် အိန်ဂျယ်လ်ကတော့...အရာ [illegible]ုံးကို နားလည်မှုတွေနဲ့ ခွင့်လွှတ်ခဲ့ပါတယ်...။ ဒါပေမယ့် အိန်ဂျယ်လ် [illegible]တွေကတော့ ယူနီဗာစီတီပညာကိုတောင် ဆက်မသင်တော့တဲ့လူတစ် [illegible]က်ကို အထင်မကြီးနိုင်ဘူး။ သဘောမတူနိုင်တော့ဘူးဆိုပြီး အိန်ဂျယ်လ် [illegible] Lawer(လော်ရာ) ရှေ့နေတစ်ယောက်နဲ့ စေ့စပ်ပေးလိုက်ကြပြီး ဒီသီတင်း [illegible]တ်ရင် လက်ထပ်ရမယ်...ရှိင်ယန်...အိန်ဂျယ်လ်ကိုချစ်ရင်...ရန်ကုန်ကို [illegible]လာခဲ့ပါ။ အိန်ဂျယ်လ်ကို လာခိုးလှည့်ပါ...။

ချစ်တဲ့

Angel ဝင်းမင်းသိန်းဖေ"

Synergy Publications

www.burmeseclassic.com

www.burmeseclassic.com



ထိုစာတစ်စောင်ကိုလက်ခံရရှိသောနေ့တွင်ရှိုင်ယန်တစ်ယော
ကြဲရာမရဖြစ်ကာ...

"မာမီ...သား အရမ်းစိတ်ညစ်တယ်...စိတ်ပြေလက်ပျောက်..
တောထဲ လျှောက်သွားလိုက်ဦးမယ်...သုံး၊ လေးရက်၊ တစ်ပတ်ကြာရင်ကြ
မယ်။ စိတ်မပူပါနဲ့"

ဒေါ်နန်းကြည်ကြည်ကတော့ သားပစ်ချထားသည့် စာကိုကော
ဖတ်ရင်း...

"သားရယ်...ဒက်ဒီနဲ့ မာနချင်းပြိုင်မနေပါနဲ့လို့ မာမီပြောသား
ရန်ကုန်ကိုထွက်သွားလိုက်ပါ...သားရည်းစားကောင်မလေးကို သွားခေ
မာမီ...အားလုံးစီစဉ်ပေးပါ့မယ်" ဟု ဖျောင်းဖျမိပြန်သည်။

"ဒက်ဒီက အင်္ဂလန်မသွားရင်...ရန်ကုန်လည်း မသွားရဘူး။ ယူ
လည်းမတက်ရဘူးလို့အပြစ်ပေးထားတဲ့အတွက် သားလည်းယောကျ်ား
ကိုယ်ခံယူနေရတဲ့အပြစ်ကို ခံသင့်ပါတယ်။ မာနချင်းပြိုင်တာမဟုတ်ပါ
မာမီ။ ကတိတည်ပြနေတာပါ"

ရှိုင်ယန်တစ်ယောက် ကျောပိုးအိတ်ပြင်ကာ မနက်စောစော
တောထဲ ဝင်ရောက်ပျောက်ကွယ်သွားသည့် ကျောပြင်ကို ဒေါ်နန်းကြ
ကြည် မျက်ရည်တလည်လည်ဖြင့် ကျန်ရစ်ခဲ့ရပါသည်။ ထို့အတူ ဒေါက်
သော(မ)ဆင်(န်)တစ်ယောက်လည်း သားဖြစ်သူ မမြင်နိုင်သော ပြတ
ပေါက်တစ်နေရာမှ ချောင်းကြည့်ကာ မျက်ရည်ဝဲလျက် ကျန်ရစ်ခဲ့ပါသည
သားဖြစ်သူ စိတ်ဆင်းရဲရသလို သူသည်လည်းပဲ တစ်ရက်မှပျော်ခဲ့ရသည်
သားနဲ့ သူကြားမှာ စိမ်းကားသွားကြသော အခြေအနေကို စိတ်မကောင်း
ရင်ဆိုင်နေရသည့် နေ့ရက်တွေမှာ အင်မတန်မှ ခက်ခဲခဲ့တာ အမှန်ပင်။





ရှိုင်ယန် တောထဲထွက်သွားပြီး ... နှစ်ရက်၊ သုံးရက်ကြာတော့
ဒေါက်တာသော(မ)ဆင်(န်)စိတ်ပူလာသည်။

"ရှိုင်ယန်...ပြန်မလာသေးပါလား"

"ဒီတစ်ခါသွားတာ ကြာရင်ကြာမယ်လို့ ပြောခဲ့တယ်"

"ဟာ ..... ကြာလို့ဖြစ်မလား။ သူတစ်ယောက်ထဲ သွားတာ။
ဘယ်သူမှ အဖော်ခေါ်သွားတာလဲ မဟုတ်ဘူး။"

"ရှင်ပဲ မသိချင်ယောင်ဆောင်နေပြီးတော့...သားက စိတ်လေပြီး
သွားချင်ရာ လျှောက်လုပ်နေတာ ... ရန်ကုန်လည်း မသွားရဘူး။ ကျောင်း
လည်းမနေရဘူး။ အခုတစ်ခါ သူ့ရည်းစားကလည်း တခြားတစ်ယောက်နဲ့
ယူတော့မယ် ... သူ့ခမျာ ဘယ်လောက် စိတ်ဆင်းရဲနေမလဲ ...။ ဒီတော့
သူစိတ်ပျော်ရာလုပ်တော့တာပေါ့။"

"မိဘနဲ့ သားသမီးပဲကွ ... အဖေက ဒါလေးတားမြစ်တာပဲ သူက
အပြန်မာနထားပြီး ဒီလိုနေပြရောလား။ မင်းတစ်ယောက်လုံးရှိတာပဲ ...
သားကို ဖျောင်းဖျနစ်သိမ့်ပြီး ရန်ကုန်သွားခိုင်းပေါ့ ... ကျောင်းသွားနေခိုင်း
ပေါ့။ အရွယ်ရောက်ပြီးတဲ့ ကလေးတစ်ယောက်ကို ငါက ချုပ်ကိုင်ထားစရာ
အကြောင်းမရှိဘူး။"

"ရှင့်သားလေ...ဟယ်ရီ...။ ရှင့်သားက ရှင့်လိုပဲ မာနကြီးမှာပေါ့။
သူ့ကို ဒါမလုပ်နဲ့လို့ အပြစ်ပေးခံထားရရင်...ဒီအပြစ်ကို ခံမယ်ဆိုတဲ့ မာနရှိ
တာပဲပေါ့...။"

မိဘနှစ်ပါးစလုံး စကားထများကြလျက် သားဖြစ်သူပြန်အလာကို
မျှော်မျှော်တစောင့်စောင့်လုပ်နေမိသည်။ ဒေါက်တာ သော(မ)ဆင်(န်)
က မာနလျှော့သောအသံဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ယန် ပြန်လာရင် . . . ငါကိုယ်တိုင် သူ့ကို ရန်ကုန်လိုက်ပို့မယ်၊ ယူနီဗာစီတီတက်ခိုင်းမယ်၊ သူ့ရည်းစားရဲ့ မိဘတွေကို သွားတောင်းပန်ပြီး ငါ့သားနဲ့ပဲ ပေးစားဖို့ ပြောမယ် . . . သူတို့ မက်မောလောက်နိုင်မယ့် ပမာဏနဲ့ မိန်းကလေးကို တင်တောင်းပြီး ဘွဲ့ရရင် လက်ထပ်ပေးဖို့ တောင်းရမ်းပေးမယ်" ဟု သားကိုချစ်စိတ်နှင့် တဖွဖွပြောနေခဲ့သည်။

မိဘတွေ တမျှော်မျှော်လုပ်နေစဉ် တစ်ပတ်အကြာမှာ ရှင်ယန်ပြန်ရောက်လာခဲ့တာဖြစ်ပါသည်။

အိမ်လှေကားကို ကြိုးစားတက်လာရင်း လှေကားရင်းမှာပင် ပုံကျသွားသော ရှင်ယန်ကို အရင်ဆုံးမြင်သူတွေက အိမ်ရှိအလုပ်သမားတွေပင်။ ရှင်ယန်တို့ အိမ်ရှိအလုပ်သမားအများစုကတော့ အင်္ဂလိပ်စစ်တပ်နှင့်ပါလာသော ပန်ဂျာဗီလူမျိုးများ။ ဟင်ဒူများ အများစုဖြစ်ပြီး မြန်မာအနည်းစုသာ ရှိသည်။

"ဒေါက်တာသော(မ)ဆင်(န်)... ဒေါက်တာသော(မ)ဆင်(န်) . . . အရေးကြီးလို့ အိမ်ကိုအမြန်ပြန်ခဲ့ဖို့ ဒေါက်တာအိမ်က ဒရိုင်ဘာ Aron (အာရွန်)ကားနဲ့အတူ လာခေါ်ပါတယ်။

ဒေါက်တာသော(မ)ဆင်(န်)က ထိုအချိန်တွင် ဆေးရုံ၌ လူနာကြည့်ရှုကုသနေချိန်ဖြစ်ပါသည်။

"ဘာလဲ . . . ဘာကိစ္စအရေးကြီးတာလဲ"

"ဒေါက်တာသားရှင်ယန်ပြန်ရောက်လာပြီ . . . အဖျားကြီးပြီး . . . သတိလစ်နေလို့ . . . အသက်အန္တရာယ်တောင် စိုးရိမ်ရတယ်တဲ့ . . ."

ဒေါက်တာသော(မ)ဆင်(န်)တစ်ယောက် ချက်ချင်းထပြန်သွား





သည်၊ ဒေါက်တာကြီးနှင့်ပြသဖို့ စောင့်ဆိုင်းနေကြသော လူနာများက ပွက်လောရိုက်ပြီး ကျန်ခဲ့ပါသည်။

"ဘယ်သူနဲ့ယှဉ်ယှဉ် . . . . . သားသမီးရဲ့ သေရေးရှင်ရေးကတော့ တစ်နေရာမှာထားကြမှာပေါ့ . . . ဒီမှာကလည်း . . လူနာတွေပုံနေတာ"

ကျန်သည့် အနည်းအကျဉ်းသော ဆရာဝန်အုပ်စုမှာ ဒေါက်တာ သော(မ)ဆင်(န်)ကိုမကျေမနပ်ဖြစ်ပြီး ကျန်ရစ်ခဲ့မည်ဆိုတာ ဒေါက်တာ သိပေမယ့် မတတ်နိုင်။ သားဖြစ်သူ၏အသက်အန္တရာယ်က ပိုအရေးကြီး သည်။

အိမ်ရောက်တော့ . . . . . ခုတင်ပေါ်တွင် ဖြူဖျော့ငြိမ်သက်နေသော ယန်ကို ရင်နင့်စဖွယ်တွေ့ရသည်။

"ဘုရားသခင် . . . ငါ့သားလေး ဘာများဖြစ်ခဲ့ပါလိမ့် . . ."

ဒေါက်တာ သော(မ)ဆင်(န်)သည် သား၏ လက်ကောက်ဝတ် သွေးကြောကို စမ်းကြည့်သည်။ သွေးခုန်နှုန်းတိုးတယ်ဆိုရုံလေးသာ ကျန် သည်၊ သွေးပေါင်ချိန်တိုင်းတော့ စိုးရိမ်စရာကောင်းလောက်အောင် အနေ အထားမျိုးမှာ ညွှန်ပြနေသည်။ တစ်ကိုယ်လုံး အေးစက်နေသည်။ အဖျား တိုင်းတော့ အံ့သြစရာကောင်းလောက်အောင် ခန္ဓာကိုယ်၏သာမန်ရှိရမည့် အပူချိန်ထက်ပင် ကျဆင်းနေသည်။

"အဖျားကြီးတယ်ဆို . . . ဘယ်မှာဖျားလို့လဲ၊ တစ်ကိုယ်လုံးအေး စက်နေတာ . . . မဖြစ်နိုင်ဘူး။ Body Normal Temperature (ဘော်ဒီနော် မယ်လ်တန်ပရစ်ချာ)ဟာ 98.6°F (နိုင်တီအိတ်ပွိုင့်ဆစ်ဒီဂရီဖာရင်ဟိုက်) ရှိမယ်အဲဒီထက်ကျော်ရင် ဒါဟာ အဖျားရှိတာပဲ . . . ရှင်ယန်ကတော့ အဲဒီ လောက်တောင်မရှိဘူး။ ဒါစိုးရိမ်ရတယ်။ ကိုယ်အပူချိန်အရမ်းကျနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်ရီ…ဟယ်ရီ…သားကိုရအောင် ကယ်ပါ…ရှင်…ကတိ
ပေးထားဖူးတယ်လေ…သားကို ဘယ်လိုနည်းနဲ့မဆို ရအောင်ကယ်မယ်လို့
ရှင်ကတိပေးထားတယ်။ ရှင့်ကတိကို တည်အောင်လုပ်ပါ . . . . . သား
ရအောင်ကယ်ပေးပါ…သားသေရင် ကြည်ပါ လိုက်သေမယ်…မှတ်"

"စိတ်ချပါ…ကြည်ကြည်။ အခုလောလောဆယ် သားဘာဖြစ်မှန်း
ငါ…စဉ်းစားမရဘူး။ သူ့တစ်ကိုယ်လုံး ဘာဒဏ်ရာမှလဲ မရှိဘဲ…သွေးတွေ
အလွန်ဆုံးရှုံးထားတဲ့လက္ခဏာတွေ့နေရတယ်။ ကိုယ်အပူချိန်တွေ၊ သွေး
ပရက်ရှာတွေဟာ သာမာန်လူတစ်ယောက်ရှိသင့်တဲ့ ပမာဏထက် အရမ်း
ကိုနိမ့်နေတယ် အံ့ဩစရာပဲ . . . ဒါပေမယ့် သူ့နှလုံးက ယဲ့ယဲ့လေးဆက်ခုန်
နေတယ်…"

ရိုင်ယန်တစ်ချက် သတိလည်လာတော့ ပတ်ဝန်းကျင်ကို ကြောင်
လန့်တကြားကြည့်ကာ အော်သည်။

"အား…ဒက်ဒီ…မာမီ…လင်းနို့…အဲဒီလင်းနို့တစ်ကောင်…
သတိထား။ ဂူထဲမှာ…။ အရမ်းကြီးတဲ့ဂူထဲမှာ…"

"သား…သား…သတိထားလေ…သတိထား…ဒက်ဒီရော…
မာမီပါရှိတယ်။ သား . . . အိမ်ပြန်ရောက်နေပြီ . . . မကြောက်နဲ့တော့ သား
မကြောက်နဲ့တော့"

"ရေ…ရေငတ်တယ်…ရေဆာတယ်…ရေသောက်ချင်တယ်"

"ရမယ်…ရမယ်…ရေတဲ့…ဒီမှာ…ဒီမှာ…"

ရေတိုက်ပြန်တော့ အနည်းအကျဉ်းသာသောက်ကာ…

"ရေဆာတယ်…ရေသောက်ချင်တယ်…ရေသောက်ရတာ မ
ဘူး" ဟု ဆက်ညည်းညူနေပြန်သည်။ ရေထပ်တိုက်တော့ မသောက်နိုင်ပြန်





ခံပုံ သောက်ပြီး ရေ . . . . . ရေနှင့် ဆက်ညည်းနေပြန်သည်။ ဒေါက်တာ
သော(မ)ဆင်(န်)မှာ သူ မတွေ့ဖူးသော ရောဂါတစ်မျိုးအတွက် ခေါင်း
ခြောက်အောင် စဉ်းစားနေသည်။

သားတစ်ကိုယ်လုံးကို ထပ်မံစစ်ဆေးသောအခါတွင် လည်ပင်း၌
အရွယ်ကြီးကြီးနှင့် ကိုက်ခံထားရသော သွားစွယ်ရာကြီးနှစ်ပေါက်ကိုတွေ့
လိုက်ရလေသည်။ အနာကကျက်ကာ အကင်းသေတောင်သေတော့မလို
ဖြစ်နေသည်။

"ဒါ . . . အကောင်တစ်ကောင်ကောင် ကိုက်လိုက်တဲ့ဒဏ်ရာပဲ။
ကယောင်ကတမ်းပြောနေတာလည်း . . . လင်းနို့တစ်ကောင်ရှိတယ်
သတိထားလို့ပြောတယ်၊ သူ့ကို လင်းနို့ကိုက်လိုက်တာထင်တယ်…။"

"လင်းနို့ကိုက်လိုက်တာ…ဒီလောက်ထိ…တစ်ကိုယ်လုံး သွေး
ခန်းတော့အောင် ဖြူဖျော့နေစရာလား။ လင်းနို့ထက်ကြီးတဲ့အကောင်ကိုက်
တာများလား…ဟယ်ရီရယ်…"

"လင်းနို့ Bat(ဘတ်ထ်)တွေထဲမှာ Rabies(ရေးဘီး(စ်))ပိုးရှိ
တယ်။ သားကို ခွေးရူးပြန်ပိုးများဝင်သွားတာလား မသိဘူး။ ငါ…ထပ်စစ်
ကြည့်မယ်"

"အခုလောလောဆယ် . . . သားကို သက်သာအောင် လုပ်ပေးပါ
ဟယ်ရီရယ်…။ ကြည်…အသည်းကွဲနေရပါပြီ…။ သားဒီလိုခံစားနေရတာ
ကြည့်ရက်ဘူး…"

ဒေါက်တာ သော(မ)ဆင်(န်)က ဆရာဝန်ပီပီရိုင်ယန်ကို သွေး
သွင်းရန်လိုအပ်သည်ဟု ဆုံးဖြတ်ကာသွေးသွင်းပါသည်။ ဆရာဝန်ကြီးသား
ဖြစ်၍ရှိအလုပ်သမားတိုင်းကလိုလိုလားလားသွေးလှူကြဖို့အဆင်သင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သွေးအုပ်စုတူသော အလုပ်သမားတွေဆီက သွေးသုံးပုလင်းယူကာ သွေး စသွင်းပေးသည်။ အိပ်ဆေးထိုးပေးလိုက်သည်။ ရှိုင်ယန်နဲ့ အတော်ကြီးငြိမ် ကျသွားပါသည်။

တစ်နေကုန် မှိန်းပြီး ကောင်းကောင်းပြန်အိပ်နိုင်သလိုပုံစံဖြစ်သွား သောရှိုင်ယန်ကို ကုသပေးနိုင်မည့် နည်းတွေပြန်ရှာဖတ်ဖို့ ဒေါက်တာ သော(မ)ဆင်(န်)က စာကြည့်ခန်းထဲဝင်ပြီး ဆေးစာအုပ်ကြီးတွေ ပြန်ဖ ပါသည်။ သူကတော့ ရှိုင်ယန်ကို လင်းနို့ကိုက်လိုက်သဖြင့် ခွေးရူးပြ ရောဂါပိုးဝင်သည်ဟုသာ ယူဆပြီး ခွေးရူးပြန်ရောဂါနှင့်ပတ်သက်သည်များ ကို အလောတကြီးရှာဖွေပါသည်။ ဒေါ်နန်းကြည်ကြည်ကတော့ သား ဖြစ်သူနားထိုင်ကာ ဘုရားကိုဆုတောင်းရင်း အိပ်နေရက်နဲ့သွေးရောင်လွှမ်း သွားလိုက်၊ ပြန်ဖြူဖျော့သွားလိုက်နှင့် အရောင်ပြောင်းနေသော ရှိုင်ယန် မျက်နှာပြင်အသားအရေကိုသာ စိတ်မကောင်းချင်းကြီးစွာ စောင့်ကြည့်နေ ရသည်။

သွေးသုံးပုလင်းသွင်းထားသလို အိပ်ဆေးလည်း ထိုးပေးထားခဲ့ ထင်သည်။ ရှိုင်ယန်တစ်နေကုန်အိပ်ပျော်နေရာမှ ညနေစောင်းနေဝင်သော အခါမှာပြန်နိုးထလာပါသည်။ နိုးနိုးချင်း...

"မာမီ...မာမီ...ရေဆာတယ်...ဗိုက်လည်းဆာတယ်..." ဟု ရေရွတ်သဖြင့် ဒေါ်နန်းကြည်ကြည်မှာ ထခုန်တော့မတတ်တောင် ဝမ်းသာ သွားပါသည်။ သား နေကောင်းသွား၍ ဒီလိုပြောတာဟု ထင်သည်။

"ရမယ်...ရမယ်...သားဘာစားချင်လဲ...ပြော..."

ရှိုင်ယန် ရေကို နှုတ်ခမ်းနဲ့ထိရုံသောက်ပြီး...





"ရေက သောက်လို့လည်း မကောင်းဘူး...ရေသောက်နေရင်နဲ့ ရေငတ်မပြေဘူးဖြစ်နေတယ်...ဘာသောက်ချင်မှန်းကို မသိဘူး..."

"ဂျူစ်သောက်မလား..."

ရှိုင်ယန်ခေါင်းညိတ်သဖြင့် လိမ္မော်သီးကို ချက်ချင်းအရည်ညှစ်ယူ လာခိုင်းကာ တိုက်သော်လည်း ဟက်ဟက်ပက်ပက်မရှိ။ နည်းနည်းသောက် ကြည့်ပြီး တဝေါ့ဝေါ့နှင့် ပြန်အန်ထွက်ပါသည်။

"သား...သား...ဘာများဖြစ်လာသလဲကွယ် မင်း...တစ်ယောက် တည်းလျှောက်သွားရင်း ဘာတွေဖြစ်လာတာလဲ"

"အခုဗိုက်ဆာတယ် မာမီ...တစ်ခုခုကျွေးပါ..."

"ဆန်ပြုတ် သောက်နော်"

"ဆန်ပြုတ် မသောက်ချင်ဘူး...အသားစွပ်ပြုတ်လိုမျိုးသောက် ချင်တယ်.....သွေးတွေစင်အောင် မဆေးဘဲ ပြုတ်တဲ့စွပ်ပြုတ်မျိုးရရင် သောက်ချင်နေတယ်"

ဒေါ်နန်းကြည်ကြည်က အလုပ်သမားတစ်ယောက်ကို ချက်ချင်းပဲ ကြက်တစ်ကောင်သတ်ခိုင်းကာ ကြက်သွေးကို စင်အောင်မဆေးဘဲ စွပ်ပြုတ် လုပ်ပေးရန် စေခိုင်းလိုက်သည်။

ဒေါ်နန်းကြည်ကြည် ပြန်ဝင်လာသောအခါ...

"အမယ်လေး...ရှိုင်ယန်...သား...သား...သတိထားလေ" ဟု အလန့်တကြားအော်မိလေသည်။

ရှိုင်ယန်ကတော့ သူ့ကိုသွင်း၍ ကျန်သွားသော သွေးပုလင်းမှ သော်ကျန်သွေးတွေကို မက်မက်မောမော မရမကာစုပ်ယူသောက်နေရှင်း



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကိုယ် မာန်ဖီသလိုဟန်ဖြင့် မျက်လုံးအရဲရဲများနဲ့ ပြန်စိုက်ကြည့်နေသည်။ ဒေါက်တာသော(မ)ဆင်(န်)မှာမြင်တွင်းကြောင့် ကြက်သေသေကာ...

"အိုး...မိုင်ဂေါ့(ဒ်)..." ဟုရှုသာ ရေရွတ်နိုင်တော့သည်။

* * *

# (၁၂)

ရှိုင်ယန် တောထဲဝင်သွားပြီး နှစ်ရက်မြောက်နေ့၏ညနေစောင်း [illegible]ဒွအမှတ်မထင်ပင် လင်းနို့အကြီးကြီးတစ်ကောင် သစ်ပင်တွေကြားက [illegible]ပျံသွားတာကို တွေ့လိုက်ပါသည်။ ထိုလင်းနို့မှာ တွေ့နေကျ လင်းနို့တွေ [illegible] အဆမတန် ပိုကြီးနေကာ ပျံသန်းသွားပုံမှာ မြန်လွန်းသဖြင့် ရှိုင်ယန် [illegible]တော်ကို စိတ်ဝင်စားသွားသည်။

"ထူးဆန်းတာက ထိုလင်းနို့ကြီးထွက်လာချိန်တွင် ကျန်တဲ့လင်းနို့ [illegible]တွေပျောက်ကုန်လျက်ရှာမရအောင်ဖြစ်သွားပါသည်။ လင်းနို့တွေရဲ့ [illegible]ဝကိုက ညဘက်မှာသာထွက်ပြီး အစာရှာတတ်သော သဘာဝမို့ ည [illegible]တွေမှာ လင်းနို့ကိုမတွေ့ရသည့်ည မရှိသလောက်ဖြစ်ပေမယ့် ထို [illegible]နို့အကြီးကြီး စတင်တွေ့ရသောညမှာတော့ မည်သည့်လင်းနို့ကိုမှ [illegible]တွေ့ရတော့တာပင်။



www.burmeseclassic.com

"ဒီအကောင်...ဘာပါလိမ့်။ လင်းနို့ဘုရင်လား။ ဒီလို..မျိုးနွယ်စု
င်းနို့ရှိနေလား...သေသေချာချာ လေ့လာရမယ်...သူ့ အလေ့အထ
တဘာမ်းပြုစုရမယ်..ဟုတ်ပြီ..."

ရှိုင်ယန်တစ်ယောက်တည်းစိတ်ဆုံးဖြတ်ကာလင်းနို့ကြီးကိုတ
တွေ့သည့်အချိန်ကစလို့ ဘယ်ကိုလိုက်သည်။ ဘယ်မှာရှာသည်တွေ
မြေပုံဆွဲသည်။ မှတ်တမ်းရေးသည်။ ညဘက်မို့ သေသေချာချာမမြင်ရ
ရာမြင်ရသလောက် မှန်ပြောင်းအားကိုးဖြင့်သာ ပုံတူစဆွဲရသည်။ (ထိုခေ
က ဓာတ်ပုံကင်မရာပေါ်နေပြီဖြစ်သော်လည်း လူတိုင်းမကိုင်နိုင်သေး)

ထိုလင်းနို့ငှက်၏ထူးခြားချက်က တခြားလင်းနို့တွေလို အသီး
လိုက်လံရှာဖွေစားသုံးတာ မဟုတ်ဘဲ ဘာကိုရှာဖွေစားနေမှန်း မသိရ
ပင်။ ခွန်အားအနေနဲ့ကျတော့ အင်မတန်မှ ကြီးမားကာ သူ့အတောင်
သံမှာ ညဘက်အချိန်တွင် တောတစ်ခုလုံးကြားရလောက်အောင် တ
လောင်လေသည်။

တစ်ညမှာ ရှိုင်ယန် အထိတ်တလန့်သိလိုက်ရသည်မှာ ထိုလ
သည်သူနဲ့မျိုးနွယ်တူလင်းနို့တစ်ကောင်နောက်ကိုသည်းကြီးမည်ကြီးလ
နေတာဖြစ်သည်။ လင်းနို့ငယ်မှာ ကြောက်လန့်တကြား ပျံပြေးပေမယ့်
လင်းနို့ကြီး၏မြန်ဆန်မှုကို မယှဉ်နိုင်ဘဲ ဖမ်းမိခံသွားရသည်။ ထိုအခါ
လင်းနို့ကြီးက လင်းနို့ငယ်လေးအား သွားအစွယ်နစ်ချောင်းဖြင့်ကိုက်
သွေးစုပ်ယူနေသောမြင်ကွင်းကို ရှိုင်ယန်မြင်သောအခါ ရင်ထဲတွင် က
ကယင်ဖြစ်ပြီး သွေးလေချောက်ချားသလိုတောင်ဖြစ်သွားသည်။

"မျိုးတူအချင်းချင်းသွေးစုပ်စားသောက်တဲ့လင်းနို့အမျိုးအ





ဘယ်လိုအမည်တပ်ရမလဲ...ဒီလင်းနို့က အသီးအနှံနဲ့ ပိုးကောင်တွေ စား
သုံးတာမဟုတ်ဘဲ သွေးစုပ်စားသောက်တဲ့ လင်းနို့ပဲ..."

ရှိုင်ယန် မှတ်တမ်းထဲမှာ ရေးလိုက်သည်။ လင်းနို့ကြီးကို ပိုမို
စိတ်ဝင်စားသွားကာ မရမက နောက်ယောင်ခံလိုက်မိသည်။ ထိုအခါမှာ
နေ့က်နေမထွက်မီ အချိန်လေးတစ်ချိန်တွင် လင်းနို့ကြီးသည် ချောင်ကျလှ
သော ဂူကြီးတစ်ဂူထဲ ဝင်ရောက်ပျောက်ကွယ်သွားတာကို လေ့လာသိရှိရ
လေသည်။

ရှိုင်ယန် သိချင်စိတ်ကို မချိုးသိပ်နိုင်ပဲ ထိုဂူကြီးအတွင်းကို ဝင်လိုက်
သွားမိသည်။ ညှိစို့စို့ အောက်သိုးသိုးအနံ့တွေ ကြီးစိုးနေသော ဂူကြီးထဲတွင်
နှီးပိတ်အောင် မှောင်လျက် ကိုယ့်လက်ချောင်းတွေတောင် ကိုယ်မမြင်ရ။
ရှိုင်ယန် အသင့်ပါလာသော မီးအိမ်ကို မီးညှိလိုက်သောအခါမှသာ ဂူအတွင်း
ပိုင်းကိုမြင်ရသည်။ ဂူထဲဆက်ဝင်လာရာ အရင်က ဒီမှာ အသိုက်လုပ်နေထိုင်
ခဲ့ကြဟန်တူသော လင်းနို့ငယ်အများအပြား သေကြေပျက်စီးနေသည့် မြင်
ကွင်းကိုတွေ့ရသည်။

"ဒီရွေးမသား လင်းနို့ကြီးက လင်းနို့လေးတွေရဲ့အသိုက်ကိုလည်း
ယူတယ်။ သူတို့ရဲ့သွေးကိုလည်း စုပ်ပြီးသတ်ပစ်လိုက်တယ်...ဒါကြောင့်
ကောင်ရောက်လာတည်းက လင်းနို့လေးတွေ ညဘက်ဆို မတွေ့ရတော့
သလောက်နည်းသွားတာကို..."

ရှိုင်ယန် ဂူထဲဝင်လာရင်း ဝင်လာရင်း သူ့ကိုယ်သူသတိထားမိ
သည်မှာ တစ်စုံတစ်ယောက်က သူ့နောက်ကိုပြန်ပြီးလိုက်နေသည်ဟူသော
ခံစားချက်ကို ခံစားလာရခြင်းဖြစ်သည်။ သူ့မှာ ကိုယ်ခံပညာအပြည့်အ
သည်းတတ်ကျွမ်းထားသည်။ သေနတ်လည်း ပါသည်။ ဓားမြှောင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။တော်ရုံဆိုသူ ဘာကိုမှမမှု ဘယ်တုန်းကမှလည်းမကြောက်တတ် မကြောက်တတ်လို့ဘဲ သူတစ်ယောက်တည်း လျှောက်သွားနေခဲ့တာ။ အ ကျတော့ ထူးဆန်းတာက ရှိင်ယန်ဟာ သူ့နောက်ကို လိုက်လံချောင်းမြောင်း ပါလာတဲ့ ခြေသံလိုလို၊ မာန်ဖီသံလိုလို၊ အသက်ပြင်းပြင်းရှူသံလိုလို အတောင်ပံခတ်သံလိုလို အမျိုးစုံရောထွေးပြီးကြားနေရသည့် အသံ ကြောက်လန့်လာသည်။ ကြက်သီးမွေးညှင်းတွေထလာတဲ့အထိ တစ်ကိုယ် လုံး အေးစက်တုန်ယင်လာသည်။

ဂူထဲကို ဆက်မဝင်တော့ဘဲ လာရာလမ်းကို လှည့်ပြန်လိုက် သည်။ နောက်က ပါလာဖုသာ အသံကတော့ပျောက်မသွား။ ဂူဝကို လှမ်းမြ နေရပြီ။ နေရောင်ပျပျကိုတောင် မြင်ရပြီမို့ ရှိင်ယန် သုတ်ခြေတင်လိုက်သော အခါ...

"ဂီး...ခွီး..."

ဟူသော အသံကြီးဖြင့် ရှိင်ယန့်နောက်ကျောကို ကုပ်ယူဆွဲ လိုက်ခြင်းကို ခံစားလိုက်ရတော့လေသည်။ တောင်ပံခတ်သံတဖျပ်ဖျ ကိုလည်း ကြားနေရသည်။ ရှိင်ယန် အားကုန်ရုန်းရင်း သူ့ ခါးရှိ ခါးပတ် အိတ်ဖြင့် ချိတ်ထားသော ဓားမြှောင်ကိုဖြုတ်ယူကာ နောက်ပြန်၍ ပြန်လည် ထိုးချလိုက်သည်။ သူ့ စိတ်ထဲမှာ သိနေသည်ကား သွေးစုပ်တတ်သော လင်းနို့ကြီး သူ့နောက်ကျောကို ကုပ်ယူဆွဲဖမ်းနေသည်ဆိုတာပင်။ သူ နောက်ပြန်ဓားမြှောင်ဖြင့် ဆက်တိုက်ထိုးချလိုက်သောအခါ ဓားတစ်ချက်ထိ သွားပါသည်။

"ဂီး...."





လင်းနို့ကြီးကို ဓားချက်ထိသွားသောကြောင့် ရှိင်ယန်လွတ်သွား သည်။ ရှိင်ယန် အားကုန်ပင် ဂူဝကိုဆက်ပြေးပါသည်။ အထိနာသွားသော လင်းနို့ကြီးက ထက်ကြစ်မကျွာလိုက်လာသည်။ ရှိင်ယန် နောက်ကျောကို ခြေသည်းများဖြင့် ထပ်မံကုပ်ယူလိုက်ရုံမက ရှိင်ယန် လည်ပင်းသွေး ကြောရှိရာနေရာကိုပါ သူ့သွားအစွယ်ကြီးဖြင့် ကိုက်ချလိုက်သည်။

"အား....."

ဟူသောရှိင်ယန့်အော်သံသည် ဂူထဲတွင်ပဲ့တင်ရိုက်သွားပါသည်။ လင်းနို့ကြီးက လည်မျိုကို ခဲထားကာ ဆက်လက်ပြီး သွေးစုပ်သလို ရှိင်ယန် လည်းသူ့လက်ထဲက ဓားမြှောင်ကိုမလွှတ်ချဘဲ လင်းနို့ကြီးကိုဆက်တိုက် ဆက်တိုက် တစ္စွတ်စွတ်ထိုးချနေပါသည်။ လင်းနို့နဲ့ ရှိင်ယန် လုံးထွေးသတ် ပုတ်နေရင်း သွေးခြင်းခြင်းနီကုန်ကြသည်။

နောက်ဆုံး လင်းနို့ကြီးမှာ ဓားချက်တွေဖြင့် ငြိမ်ကျသွားချိန်တွင် ရှိင်ယန် ယဲ့ယဲ့သာ အသက်ရှူနိုင်တော့သည်။ ရှိင်ယန့် လည်ပင်းမှာ သွေး များမြင်မကောင်းအောင် စီးကျနေဆဲ။ ရှိင်ယန်သည်...

"ဒီမှောင်မည်းတဲ့ဂူထဲမှာတော့ ငါမသေချင်ဘူး။ အပြင်ကိုရအောင် ထွက်မယ်" ဟု ကြွေးကြော်ရေရွတ်လိုက်သလို...

"ငါ့ကို ကိုက်ပြီး ငါ့သွေးစုပ်တဲ့ လင်းနို့အသေကောင်ကိုလဲ အလင်း ရောင်ထဲမှာ အသေအချာကြည့်ပြီး မှတ်တမ်းတင်ရမယ်"

လင်းနို့အသေကောင်ကိုလည်း သူနဲ့အတူ အရှတ်တိုက်ဆွဲခေါ်ပြီး ခြေလှမ်းမပေးတော့သော ဂူဝကိုရအောင် ထွက်လာခဲ့ပါသည်။

နေရောင်ခြည်များလင်းလက်နေသော ဂူအပြင်ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်ယန်အားပါးတရ အသက်ဝအောင် ရှူလိုက်ပြီး အောင်နိုင်သူတစ်ယောက်ရဲ့ရယ်သံဖြင့် ရယ်လိုက်စဉ်...

"ဝုန်း....."

ဟူသော အသံကြီးဖြင့် မီးတောက်တစ်ခု စတင်လောင်ကျွမ်းသွားပါသည်။ ရှိုင်ယန် တအံ့တသြကြည့်လိုက်သောအခါ လင်းနို့အသေကောင်ကြီးမှာ ချက်ချင်း မီးထတောက် လောင်ကျွမ်းသွားတာကို တွေ့လိုက်ရပါသည်။

"ဟာ...ဟာ...ဘာဖြစ်လို့ မီးလောင်သွားရတာလဲ။...ဟာ...သွားပါပြီကွာ။ ချက်ချင်းပြာဖြစ်သွားပြီ...ဒါ...ဘာလဲ...ဘာဖြစ်တာလဲ...ဘာကြောင့်လဲ..."

*  *  *

# (၁၃)

ရှိုင်ယန်သည် အကြောင်းစုံကို ပြောပြပြီးသောအခါ ဝမ်းပန်းတနည်းငိုကြွေးမိသည်။ ဒေါက်တာသော(မ)ဆင်(န်)နှင့်ဇနီးတို့မှာ ရှိုင်ယန်နဲ့အဖြစ်ဆိုးကြောင့် သူတို့ပါ ငြိုင်တူငိုကြွေးမိကြသည်။ ကြံရာမရဖြစ်စွာ၊ ဝမ်းနည်းကြေကွဲစွာ၊ ယူကျုံးမရစွာ ငိုကြွေးကြသော ငိုကြွေးသံတို့သည် သော(မ)ဆင်(န်)မိသားစုအိမ်ကြီးမှာ ပျံ့လွင့်သွားပါသည်။

"ရှိုင်ယန်...မင်းဟာ...တကယ်တော့ သေသွားခဲ့ပြီးပြီ။ မင်း တစ်ကိုယ်လုံးဟာ လူသေကောင်တစ်ယောက်လိုပဲ ... အေးစက်နေပြီ။ ကိုယ်အချိန်ဆိုတာ မရှိတော့ဘူး။ မင်း ... ကိုယ်ထဲက သွေးတွေကို ဓာတ်ခွဲစမ်းသပ်ကြည့်တဲ့အခါမှာလည်း ... သက်ရှိလူရဲ့သွေးလို ... အောက်စီဂျင်ပါတဲ့သွေးတွေ မဟုတ်ဘူး။ သွေးထဲမှာ အောက်စီဂျင်ဓာတ် မရှိဘူး။ မင်း...ကိုယ်လုံးဟာ နှန်နေတယ်ဆိုပေမယ့် သက်ရှိလူတစ်ယောက်ရဲ့ သွေးခုန်နှုန်း



www.burmeseclassic.com

www.burmeseclassic.com



ထက် အများကြီးလျော့နေတယ် . . . ဒါပေမယ့် . . . မင်းအခုလို အသက်ရှင်နေတဲ့ပုံစံနဲ့ စကားပြောနိုင်သေးတယ် . . . လှုပ်ရှားသွားလာနိုင်သေးတယ်ဆိုတာ . . . အံ့ဩစရာပဲ . . . အဲဒါဘာလဲ . . . ပြီးတော့ . . . မင်းစိတ်ထဲမှာ ရေငတ်ဆာလောင်သလို တောင့်တနေပေမယ့် တကယ်တမ်းကျတော့ ရေငတ်နေတာ မဟုတ်ဘူး။ လူ့သွေးကိုသောက်သုံးချင်နေတာ . . .”

ဒေါက်တာသော(မ)ဆင်(န်)ကတော့ ပညာတတ် ဆရာဝန်ကြီးပီပီ စိတ်ငြိမ်အောင်ကြိုးစားပြီး သားဖြစ်သူ၏ရောဂါလက္ခဏာတွေကို ရှင်းပြကာ အသိပေးလိုက်ပါသည်။

“သားလည်း . . . သိပါတယ် ဒက်ဒီ။ သားကို အဲဒီ လင်းနို့ကြီး ကိုက်လိုက်တာကြောင့် သူ့ နေသလိုပုံစံ သားနေတတ်လာတယ်။ နေ့ခင်းတွေမှာ တစ်နေကုန်အိပ်နေရတာကို ကြိုက်လာတယ်။ နေရောင်ခြည်ကို ကြောက်နေတယ်။ ထိမှာ စိုးရိမ်နေတယ် . . . နေရောင်ထိရင် လင်းနို့ကြီးလိုပဲ . . . မီးလောင်ပြာကျသွားမယ်ဆိုတာ အလိုလိုသိနေတယ်။ ဒါကြောင့် ညဘက်ကျမှအပြင်ထွက်ချင်လာတယ်။ ပြီးတော့ . . . ပြီးတော့ . . . သား . . . လူ့သွေးကို ကြိုက်နေတာပဲ ဒက်ဒီ။ ဒက်ဒီ သွေးသွင်းပေးတာကို မကြိုက်ဘဲ . . . အဲ သွေးတွေကို မက်မက်မောမောသောက်ချင်နေတာ . . .”

ရှိုင်ယန် သူ့ကိုယ်သူ ဝန်ခံလေသည်။

“သား . . . Vampire (ဗန်ပိုင်းယား) တစ်ကောင်ဖြစ်နေပြီ . . . မာမီ သား . . . လူမဟုတ်တော့ဘူး။ သွေးစုပ်တဲ့ Devil (ဒဲယ်ဗဲယ်လ်) ဖြစ်နေပြီ . . .”

“သား . . . သားရယ် . . . ရှိုင်ယန် ဒီလိုမပြောပါနဲ့၊ ဘာပဲဖြစ်ဖြစ် မာမီ သားဟာ မာမီ့ သားပါပဲ . . . သားဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် အသက်ရှင်နေဖို့ လို တယ် . . .”





“မာမီ . . . သား . . . ဒီလိုဘဝနဲ့ မနေချင်ဘူး။ သားကြောင့် . . . လူတွေ ဒုက္ခရောက်ကုန်ကြလိမ့်မယ်။ သား . . . မနက်ဖြန် နေထွက်တာနဲ့ နေရောင်ထဲ ထွက်လိုက်တော့မယ်။ . . . မီးလောင်ပြာကျပြီး အသေခံလိုက်တော့မယ် . . .”

“သား . . . သား . . . ရှိုင်ယန် . . . မလုပ်နဲ့၊ အဲဒီလို မလုပ်ပါနဲ့၊ မာမီ ကွဲပြီး သေလိမ့်မယ်။ ဟယ်ရီ . . . ဟယ်ရီ . . . ရှင်ဒီအတိုင်း ကြည့်နေတော့ မှာလား။ ရှင် ကတိပေးထားတယ်လေ . . .။ သားကို . . . ဘယ်လိုနည်းနဲ့မဆို ကယ်တင်မယ်၊ ရအောင်ကာပါမယ်လို့ ရှင်ကြည့်ကို ကတိပေးထားတယ် . . . အဲဒီကတိကိုတည်ပါ . . .”

ဒေါ်နန်းကြည်ကြည် ငိုရင်း ပြောရင်း ဒေါက်တာသော(မ)ဆင်(န်) ခြသလုံးကိုပြေးဖက်လိုက်ရင်းမှ သတိလစ်မေ့မြောသွားပါသည်။

“မာမီ . . . . .”

ရှိုင်ယန် မိခင်ကို ပွေ့ရင်း ကြံရာမရငိုကြွေးမိပြန်သည်။ သူ ဘာလုပ် ရမလဲ။ သူ့ဘဝသူ အဆုံးစီရင်ပစ်ချင်နေပြီ။ မာမီ့ခမျာ သူ့ကြောင့်ရင်ကွဲရလေ ပြီ။

“ဒက်ဒီ . . . သား ဘာလုပ်ရမလဲ”

ဒေါက်တာသော(မ)ဆင်(န်)ကိုယ်တိုင်ကလည်း သားဖြစ်သူကို အသက်ရှင်နေအောင် ချစ်လေရာ စိတ်ဆုံးဖြတ်ပြီးသော အသံကြီးဖြင့် . . .

“ဒက်ဒီနဲ့ မာမီ အသက်ရှိနေသေးသရွေ့ သားလည်း အတူရှိနေ ရမယ် သား . . . ရှင်သန်နေထိုင်နေဖို့ . . . ဒက်ဒီ တာဝန်ယူတယ် . . .”

ဟု၍ အတ္တကြီးစွာ ရေရွတ်လေသည်။

ရှိုင်ယန် ခေါင်းတယမ်းယမ်းဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီကို…ကတိပေးစမ်း…ရှိုင်ယန်မင်းဟာ ဘယ်ဘဝပဲရောက်နေနေ … ဒက်ဒီတို့ သားပဲ၊ မင်းကို ဒက်ဒီတို့ချစ် ယ် … ဒက်ဒီနဲ့မာမီ စိတ်ချမ်းချမ်းသာသာနဲ့ သားနဲ့အတူ အသက်ထက်ဆုံ သွားတာ မြင်ချင်ရင် ဒက်ဒီ စိစဉ်တာကို နာခံပါ … နာခံမယ်လို့ ကတိပေးပါ … တကယ်လို့ သားမနာခံခဲ့ရင် … မင်းမရှိတော့တဲ့နေ့ဟာ ဒက်ဒီရော မာမီပါ … မင်းနဲ့အတူ လောကထဲက ထွက်သွားတဲ့နေ့ပဲ …"

"ဒက်ဒီ…ဒက်ဒီရယ်…သားကို မကာယ်တင်ပါနဲ့၊ သား ဒီလော မှာ ရှိနေလို့လည်း…"

"တော်စမ်း…ရှိုင်ယန်…မင်း ဒက်ဒီနဲ့ မာမီ အရွယ်မတိုင်သေး သေသွားမှာကို မြင်ချင်လား … မြင်ချင်ရင်တော့ ရတယ်၊ မင်းကိုယ်မင်း အသေခံလိုက်…ငါတို့လည်း လိုက်သေမယ်… ဒါပဲ"

"ဟုတ်တယ် သား…မာမီနဲ့ ဒက်ဒီလည်း အဆိပ်သောက်သေမယ်"

မိဘနှစ်ပါးစလုံးက သူတို့ပါ လိုက်သေမယ် ပြောနေသော ရှိုင်ယန် စိတ်မကောင်းဖြစ်ရသည်။

"မင်း…ဒက်ဒီရော မာမီပါ…ဘာသာတရားကို အင်မတန်မှ ကိုင်းရှိုင်းတဲ့ ကက်သလစ်တွေပါ … ကိုယ့်အသက်ကိုယ် သတ်သေတယ်ဆိုတာ ဘုရားသခင် တားမြစ်ထားတဲ့…ပညတ်တော်တစ်ခုပါ၊ ဘုရားတားမြစ်ထား တာကိုတောင်လုပ်ပြီး သားနောက်ကို လိုက်ခဲ့မယ်ဆိုတဲ့အတွက် ဘုရား သခင် မကြိုက်တာကို လုပ်ရလည်းကျတယ် … အဲဒီလောက်ထိ ဘုရား သခင်ရဲ့အလိုတော်ကိုတောင် ဆန့်ကျင်ပြီး သား … သေရင်လိုက်သေမယ် ဆိုတဲ့အထိ ဆုံးဖြတ်ထားတယ်…"





မာမီက ဝမ်းပန်းတနည်း ငိုပြီးပြောသောအခါမှာတော့ ရှိုင်ယန်ထံ ချေးစရာလမ်းမရှိတော့ချေ။ ရှိုင်ယန် မိဘတွေကိုငဲ့ပြီး သူ့စိတ်ထဲက ဆုံး ချက်ကို ပြန်မျိုသိပ်လိုက်ရတော့သည်။

"ဒက်ဒီနဲ့မာမီလည်း … လိုက်သေစရာမလိုပါဘူး … စိတ်ချပါ … း အက်ဒီနဲ့မာမီအတွက် အသက်ရှင်ပေးနေပါ့မယ် …"

ထိုနေ့ကစပြီး ရှိုင်ယန်တစ်ယောက် နေ့ဘက်တွေဆို အိမ်တွင်း ောင်းနေတတ်ပြီး အိပ်နေတတ်ကာ နေဝင်သွားပြီဆိုရင် နိုးထလာသူဖြစ် သည်။ ညဘက်ဆို နိုးကြားတက်ကြွနေပြီး အပြင်ထွက်ချင်လာသည်။ တွေထဲလျှောက်သွားနေပြီး တစ်ခါတစ်ရံ သစ်ပင်အမြင့်ကြီးပေါ်ကို သယ်လိုက ဘယ်လို ရောက်သွားသည် မသိ။ တက်သွားမိသည်မှာ င်တန်မှ လျှင်မြန်လွန်းနေသည်။

ရှိုင်ယန်စိတ်ထဲမှာ တစ်စုံတစ်ခုကို မှန်းဆကြည့်လိုက်မိပြီဆိုရင် ည်း ထိုးထွင်းမြင်နိုင်စွမ်းရှိကာ ထိုသို့ထိုးထွင်းမြင်ကြည့်နိုင်သောစွမ်းအား ည်း ညဘက်မှာဆို ပိုမိုမြင့်မားနေသည်။

"ရှိုင်ယန်…တောထဲကနေမကောင်းဖြစ်ပြီးပြန်လာပြီးကတည်းက မာရေးမကောင်းတော့လို့…"

ဟူသော သတင်းကိုလည်း လွှင့်လိုက်လေရာ သတင်းကြားရသူ ဆွေများက(အထူးသဖြင့် ဒေါက်တာသော(မ)ဆင်(န်)၏မိတ်ဆွေများ) ည်းကိုယ်စီ၊ မုန့်ကိုယ်စီတို့ဖြင့် သတင်းမေးလာကြလျှင်တော့ ဖြူဖျော ချောင်မဲ့သော အသားအရေဖြင့် အိပ်မောကျနေတတ်သည့် ရှိုင်ယန်ကို ကြရသည်။

"ဘာရောဂါများ ဝင်သွားတာပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာသော(မ)ဆင်(န်)လို ဆရာဝန်ကြီးတောင်မှ သူ့သား သူ ကုမရတာ...တော်တော်ဆိုးတဲ့ရောဂါမျိုးဖြစ်မယ်"

"သူ့အိမ်က အလုပ်သမားတွေပြောတော့ တောထဲက အကောင် တစ်ကောင် ကိုက်လိုက်တာ ခံရတယ်လို့ ပြောတာပဲ"

"ဒေါက်တာသော(မ)ဆင်(န်)ကတော့ အင်္ဂလန်ပို့ပြီး ဆေးကု မယ်ပြောပါရဲ့...ခရီးဝေးကို ခံနိုင်ရည်မရှိမှာ စိုးရိမ်နေပုံပဲ..."

ရှိုင်ယန် ဖခင်ကတော့ သူ့အိမ်က အလုပ်သမားအကုန်ရဲ့သွေးတွေ အလှူခံပြီးသောအခါ ရှိုင်ယန်ဆက်လက်ရှင်သန်ရေးအတွက် လူ့သွေး လိုလာသောကြောင့် တော်တော်အကြံအိုက်နေသည်။ ဇနီးဖြစ်သူနှင့် တိုး တိုးတိုင်ပင်ရတော့သည်။

"လူလူချင်း...မညှာတာလို့တော့ မဟုတ်ပါဘူး...ဆေးရုံမှာ သေ ခါနီးဆဲဆဲ ဝေဒနာသည်တွေရှိတယ်။ သေဖို့ လုံးဝကိုသေချာနေတဲ့ လူနာတွေပေါ့ . . . ပိုက်ဆံတတ်နိုင်ကြလို့ . . . အသက်ကယ်ဆေးတွေနဲ့ အသက်ဆက်ပြီးထားထားတဲ့လူနာတွေလေ။ သူတို့ဆီက သွေးတစ်ပုလင်း ချင်းစီ တိတ်တိတ်ထုတ်ယူရင်တော့ ရတယ်..."

"ဘုရား မကြိုက်တဲ့အလုပ်ကို လုပ်ပါလို့...မတိုက်တွန်းချင်ပါဘူး ဟယ်ရီရယ်...ဒါပေမယ့် သားအတွက်ဆိုတော့..."

"အေးပါ...ငါလည်း...သိပါတယ်...ငါ့သားအတွက် ငါလုပ်ရမယ် ငါဟာ အတ္တကြီးတဲ့လူလို့ မင်းရော သားရော ငါ့ကိုစွပ်စွဲဖူးတယ် . . . ဟုတ် တယ် ငါအတ္တကြီးရမယ်...ငါ့သားအသက်ရှင်ရင်...ငါ စိတ်ချမ်းသာမယ် ငါစိတ်ထဲမှာ စဉ်းစားထားတာကို မနှောင့်နှေးဘဲ လုပ်ကိုလုပ်ရမယ်..."





လင်မယားနှစ်ယောက် တိုင်ပင်ပြီး ဒေါက်တာသော(မ)ဆင်(န်) ၏ဆေးရုံရှိ သေခါနီးဆဲဆဲ လူနာတွေဆီမှ သွေးတွေနည်းနည်းချင်းထုတ် ယူသောပြစ်မှုကို ကျူးလွန်ကြသည်။ ရှိုင်ယန်ကတော့ သူ၏ဆာလောင် မွတ်သိပ်မှုကို မျိုသိပ်လျက် ဘာမှမတောင်းဆို။ သိပ်ဆာလောင်ပြီး ခွန်အား မရှိတော့သလို ခံစားနေရလျှင် အိပ်ရာထဲက မထ။ အိမ်ပြင်ဝတောင်မထွက်။ ဘက်တောင် မနိုးထတော့ဘဲ ဖွတ်ပေတေအိပ်နေတတ်သည်။ ရှိုင်ယန် ဒီလိုဖြစ်လာပြီဆိုရင် ဒေါက်တာသော(မ)ဆင်(န်)တို့ လင်မယား တိုင်ပင် ပြီး ဘယ်လူနာဆီက သွေးတွေထုတ်ယူရင် ကောင်းမလဲ။ ထိုသို့ တိုင်ပင် ပြီးလျှင်တော့ ဒေါက်တာသော(မ)ဆင်(န်)တစ်ယောက် ဆေးရုံမှာ နိုက်(ထ်)ဂျူတီဝင်ကာ သွေးထုတ်ယူခြင်းပြစ်မှုကို ဆရာဝန်ကြီးတန်မဲ့ ကျူး လွန်ရတော့သည်။

"အက်ဒီ...သွေးတွေ ဘယ်က ရလာသလဲ..."

ရှိုင်ယန်ကတော့ ဖခင်လက်ထဲမှာတွေ့ရသည့် သွေးပုလင်းကိုမြင် အာသာငမ်းငမ်းဖြင့် ငေးကြည့်နေပေမယ့် ချက်ချင်းမယူဘဲ...မေးဖြစ် အောင်တော့ မေးလေသည်။

"သား...ရှိုင်ယန် ဘယ်ကရသလဲလို့ မမေးပါနဲ့...ဒက်ဒီနဲ့မာမီ စိတ်ချမ်းသာတာမြင်ချင်ရင် ဒါကိုယူပါ..."

"ဒက်ဒီ ကျေးဇူးတွေ သားအပေါ် သိပ်များနေခဲ့ပြီ စိတ်ချပါ။ ဒက်ဒီ နဲ့မာမီ စိတ်ချမ်းသာမယ်ဆိုရင်...သားအခုလိုဘဝနဲ့ ရှင်သန်နေပါ့မယ်..."

ဒေါက်တာသော(မ)ဆင်(န်)ကတော့ သွေးပုလင်းကို သားအခန်း ထဲထားခဲ့ကာ ကျောခိုင်းထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိင်ယန်ကတော့ သွေးတစ်ပုလင်းကို ရေသောက်သည့်အ
တစ်ချက်တည်းမော့သောက်လိုက်သည်။ အမှန်တော့ တစ်ပုလင်းဟာ
အတွက် မလုံလောက်လှပါ။ သူ အများကြီး သောက်သုံးချင်ပါသည်
သို့သော် ဖခင်ကြီးမှာ ဘယ်ကဘယ်လိုရှာကြံလာရသည် မသိသဖြင့်
ဘူး၊ မလောက်ဘူးလို့ မပြောချင်။ ပြောလျှင် မရမက ရှာဖွေပေးလာမည်
သိသည်။

သွေးတစ်ပုလင်းလောက်သောက်ပြီး ရှိင်ယန်တစ်ယောက်
အားအနည်းငယ်ပြည့်လာလျှင်တော့ ညဘက် တောထဲတိတ်တ
ထွက်သွားတတ်သည်။ တောထဲမှာ ရှာဖွေတွေ့သမျှ တိရစ္ဆာန်တွေရဲ့
တွေကို ဆက်လက်စုပ်ယူခြင်းဖြင့် တတ်နိုင်သလောက် ခွန်အားကိုဖြ
သည်။ ဒီလိုနည်းနဲ့ အသက်ဆက်နေရတော့သည်။

*    *    *

# (၁၄)

ဆေးရုံမှာရှိနေသော အသည်းအသန်လူနာမှန်သမျှ ပြန်ကောင်း
လာသည်မရှိဘဲ ရောဂါအခြေအနေဆိုးလာကာ သေဆုံးခြင်းတွေများလာ
သောအခါ ဒေါက်တာသော(မ)ဆင(န်)တစ်ယောက် တိုင်စာတွေ လက်ခံ
ရရှိလာတော့သည်။ အရင်ကဆို သဘောကောင်း၊ ပညာတော်၊ လူနာတွေ
အပေါ်စေတနာပါပါဖြင့် သေတော့မယ့်လူနာကိုတောင် အပင်ပန်းခံအသက်
ကယ်ပေးတတ်သော ဒေါက်တာကြီး၏ပြောင်းလဲမှုကို ဂျူဘော်တော်များ
များ သတိထားမိလာကြသည်။

ဆေးရုံကို အသည်းအသန်လူနာတစ်ယောက် ရောက်လာပြီဆိုရင်
ညကြီးသန်းခေါင်ဖြစ်နေတာတောင် ဖုန်းဆက်ခေါ်လိုက်လို့ရသည်။ ချက်ချင်း
ထပ်ရောကလာပြီး အပြေးအလွှားလာကုသပေးသည်။ ကြည့်ရှုပေးသည်။
လူနာအခြေအနေ စိတ်ချသွားရသည်အထိ စောင့်ဆိုင်းကုသပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အဲဒီလို မဟုတ်တော့။ အသည်းအသန်လူနာပေါင်းများ စွာကို လျစ်လျူရှုမှုတွေရှိလာသည်၊ သူတပည့် ဆရာဝန်ငယ်များ၊ နာ့(စ်) များနှင့် လွဲထားပေါင်းများလာသည်၊ မျှော်လင့်ချက်မရှိသော လူနာမျိုး လျှင် ဝင်တောင်မကြည့်တော့တာတွေ၊ ဘယ်ဆေးပဲညွှန်းညွှန်း သက်သာ လာသည်မရှိဘဲ လူနာအခြေအနေပိုမိုဆိုးရွားလာတာတွေ များလာသော အခါ တိုင်စာတွေ တက်လာတော့သည်။

"ကလောမှာ နေရတာ အဆင်မပြေတော့ဘူး...ဒီတော့ ငါတို့ ချင်း တောင်တန်းတွေဘက် ပြောင်းကြရအောင်..."

ဒေါက်တာ သော(မ)ဆင်(န်)က ဇနီးဖြစ်သူကို အသိပေး သည်။ ဒေါ်နန်းကြည်ကြည်လည်း ခင်ပွန်းဖြစ်သူ၏အလုပ်မှာ အဆင်မ တော့သည့် သတင်းကို ကြားထားသူပီပီ စောဒကမတက်တော့ပါ။ အိမ် ရာနဲ့ အခြေကျနေပြီဖြစ်သော နေရာတစ်ခုကနေ ပိုမိုဝေးလံသီခေါင်ပြီး လမ်း ပန်းဆက်သွယ်မှု ခက်ခဲလှသော ဒေသတစ်ခုကို သွားနေဖို့အတွက်လည်း စိုးရိမ်သောကဖြစ်မနေတော့ပါ။

"ချင်းပြည်မှာဆို သားအတွက် ပိုတောင်ကောင်းသေးတယ်၊ ရောင်ခြည်လည်း သိပ်မရှိဘူး။ ပြည်မဘက်နဲ့လည်း အဆက်အသွယ်နည်း တော့ သတင်းတွေလည်း သိပ်မပျံ့နှံ့တော့ဘူးပေါ့"

ဒီမြို့မှာက ဒေါက်တာ သော(မ)ဆင်(န်)၏ ဝတ္တုရားပျက်ကွက် သတင်းတွေသာမက ရှိုင်ယန်တစ်ယောက် နာတာရှည်ရောဂါသည်ကြီး အိပ်ရာထဲလဲနေသည်ဟု လွှင့်ထားသောသတင်းကိုသာ မယုံသူတွေရှိ ကြသည်။





"ရှိုင်ယန်ကို မနေ့ညက တွေ့လိုက်သလိုပဲ"

ဟု တစ်ယောက်က သူတွေ့လိုက်တာကိုပြောလျှင်...

"ဟုတ်တယ်... ကျုပ်လည်း မနေ့ညက ဝရန်တာထွက် ဆေးတံ တက်နေတုန်း ဖျတ်...ဖျတ်နဲ့ သစ်ပင်ပေါ်မှာ အရိပ်အကြီးကြီးလိုလို တွေ့ တော့... ဘာများလဲလို့... မီးအိမ်နဲ့ အသေအချာကြည့်မိတာ... သေတော့ ရှိုင်ယန်ဖြစ်နေတာကိုး။ သစ်ပင်အမြင့်ကြီးပေါ် ညဘက် ဘာတက်လုပ်နေသလဲ မသိလို့... ဟေ့... ရှိုင်ယန်လို့အော်တော့ သွားလိုက်တာ ချက်ချင်းပဲ၊ တော်တော်ကို မြန်တယ်၊ နာတာရှည် အိပ်ရာထဲလဲနေတဲ့သူက ဒီလောက်မြန်စရာမရှိဘူး။ သစ်ပင်အမြင့် ကိုလည်း တက်နိုင်စရာမရှိဘူး..."

ဟူ၍ အတိအကျ မြင်လိုက်သူတစ်ဦးကပါ ထောက်ခံသလို ဝင် ပါသည်။

" ရှိုင်ယန်ကို တောထဲမှာ ဘာကောင်ကိုက်လိုက်မှန်းမသိဘဲ ဖျား ပြန်လာတာဆိုတော့ မကောင်းဆိုးဝါးများ ဝင်လာသလား မသိဘူး..။ ကြည့်ရတာ သာမာန်လူနဲ့မတူတော့ဘူး။ ကြည့်လိုက်ရင် လူက အလိုလို က်လာပြီး ကြက်သီးထလာတယ်...ကြောက်လာတယ်..."

ဆိုသော စကားမျိုး ဒေါက်တာသော(မ)ဆင်(န်)၏အိမ်ရှိ အလုပ် သာချို့ကလဲ အပြင်လူတွေကို သတင်းဖြန့်တာတွေ ရှိလာသည်။

" ရှိုင်ယန်ကို သရဲပူးနေပြီထင်တယ်...မစ္စ(စ်)သော(မ)ဆင်(န်) တော်တဲ့ ဆရာနဲ့ ပြကြည့်ချင်လား။ ဒါမှမဟုတ်... Church (ချာ့ချ်)က er Nelson(ဖာသာနယ်လ်ဆင်(န်) )ဆီကို ခေါ်သွားကြည့်ပါလား..."



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အလိုက်မသိသော အလိုလိုနေရင်း သူများကို ကူညီချင်သော မိတ်ဆွေတချို့တို့က ထိုသို့ အကြံပေးလာတာတွေ ရှိလာသည်။

ဒီတော့ ပတ်ဝန်းကျင်ကနေ ရှောင်ပေးခြင်းသည်သာ အကောင်းဆုံးအဖြစ် ဆုံးဖြတ်ကာ အထက်ကိုပြောင်းရွှေ့ခွင့်တင်ပြီး ပြောင်းသွားသည်မှာ တိတ်တိတ်ဆိတ်ဆိတ်။ မည်သူ့ကိုမှလည်း နှုတ်မဆက်။ အသိမပေး နှုတ်ဆက်ပွဲပင်မလုပ်။

မနက်မှာ ပို့စတင်ဝင်နိုင်ကြောင်း အထက်က စာရသည်။ ညဘက်မှာ ရုတ်တရက်ကြီး ပြောင်းချသွားသည်။ စိတ်ချရသော လူယုံအလုပ်သမားလေးလေးယောက်ကိုသာ အပါခေါ်ပြီး ချိုင်းတောင်တန်းတွေဘက် စတ်မြို့ ပြောင်းသွားကြလေသည်။

၁၉၂၅ ခုနှစ်၏ကလောမြို့ဝန်းကျင်မှာတော့ ဒေါက်တာသော(မ)ဆင်(န်)တည်းဟူသောဆရာဝန်ကြီးမိသားစုသတင်းကားပဟေဠိဆန်ဆန် ဖြစ်ကျန်ခဲ့ပါသည်။ ယခင်က ဘာသာတရားကိုင်းရှိုင်းပြီး လူနာတွေအပေါ် စာနာတတ်သော ဆရာဝန်ကြီးဟာ ရိုင်ယန်နေမကောင်းဖြစ်ကတည်းက ချာ့ချလည်း မလာ။ ဘုရားလည်း မရှိခိုးတော့သလို လူနာတွေကိုလည်း ဂရုတစိုက်မရှိ။ သူ့လက်ထဲရောက်ရင် အသည်းအသန်လူနာ တော်တော်များများ နီးပါး အနေးနဲ့အမြန်သေကုန်ကြသဖြင့် တိုင်စာပင်အတက်ခံရသည့် အခြေအပျက်။ ရိုင်ယန်တစ်ယောက် နေမကောင်းဖြစ်ပြီး အိပ်ရာထဲလဲနေတယ် သာဆိုတယ် ညဘက်တွေမှာ တရိပ်ရိပ်သွားလာနေတတ်တယ်ဆိုသော သတင်းများစသည်တို့ဖြင့် သော(မ)ဆင်(န်)မိသားစုကား နာမည်ပျက်စာရင်းဝင်၊ သံသယဖြစ်သင့်သော မိသားစုအဖြစ် သတင်းပြန့်ကျန်ခဲ့သည်။

*    *    *

(၁၅)

၁၉၆၀ ပြည့်နှစ်လွန်ကာလများတွင် ရိုင်ယန် တော်တော်ကိုအထီးကျန်သွားပါသည်။ သူ့အပေါ် အနိုင်းမဲ့မေတ္တာတရားတွေနဲ့ စောင့်ရှောက်ခဲ့သော မိဘနှစ်ပါးမှာလည်း လူကြီးရောဂါတွေဖြင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကုန်ကြပြီ။

မိဘတွေသာ အိုမင်းမစွမ်းဖြစ်ပြီး အသက်အရွယ်ကြီးရင့်သွားကြသော်လည်း ရိုင်ယန်ကတော့ သူ့ဘဝ ဗန်ပိုင်းယားအဖြစ် ပြောင်းလဲသွားခဲ့သည့် အသက်ဆယ်ကိုးနှစ်အရွယ်ပုံစံနဲ့ပင်။ မအိုမင်း၊ ရုပ်မပြောင်းဘဲ ရှိနေသေးသည်။

"ဗန်ပိုင်းယားဆိုတာ ဘုရားသခင်ရဲ့ အလိုတော်နဲ့ ဆန့်ကျင်တဲ့ Devil(ဒဲယ်ဗလ်) တစ်မျိုးပဲ။ သူတို့မှာ အိုမင်းသွားခြင်း၊ သေဆုံးသွားခြင်းတွေ မရှိဘူး။ သူတို့ကို သေအောင် ဘာနဲ့မှ သတ်လို့မရဘူး။ သူတို့ကြောင့်တာ

Synergy Publications

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်တစ်ခုပဲ ရှိတယ်။ နေရောင်ခြည်ထိရင်တော့ ပြာကျပြီး ပျောက်ကွယ်သွားတယ်။ ဒါကြောင့် သူတို့ကို ဘာနဲ့မှ သတ်လို့မရဘူး။ အိုမင်းရင့်ရော်ခြင်းလည်း မရှိဘူးဆိုတော့ ... Immortal (အင်န်မိုတယ်လ်) လို့ သတ်မှတ်ကြတယ်။ သူတို့ဟာ ဘုရားနဲ့ဆန့်ကျင်တဲ့ ဒဲယ်ဗလ်ဖြစ်နေတဲ့အတွက် ... ဘုရားကိုလည်း ကြောက်ကြတယ်။ ဘုရားဆိုတာက ဘယ်ဘာသာရဲ့ဘုရားဖြစ်ဖြစ် ... သူတို့ကြောက်တယ် ...”

ဒေါက်တာသော(မ)ဆင်(န်)က သားဖြစ်သူနှင့်ပတ်သက်ပြီးလေ့လာဖတ်ရှုထားသမျှ ဗန်ပိုင်းယားနဲ့သက်ဆိုင်သည့် စာအုပ်များထဲမှ တွေ့ရှိချက်များကို မှတ်တမ်းတင်ရေးသားခဲ့ပါသည်။ ပြီးတော့ သူ မသေဆုံးခင် သားကို အတန်တန်မှာခဲ့သည်။

“ရှိုင်ယန် ... သား ... လူတစ်ယောက်ရဲ့သက်တမ်းဟာ ပျမ်းမျှခြင်းအရ အသက်(၇၀)ထိ နေရမယ်လို့ တွက်ချက်ကြတယ် ... ဒီတော့ သားလည်း အသက်(၇၀)ရောက်တဲ့အထိ ကိုယ့်အသက်ကိုယ်ရှင်အောင်နေပါ။ သားအသက်ဟာ အခုဆို (၅၄)နှစ်ရှိနေပြီ ... ဖြစ်နိုင်ရင် ဒက်ဒီမရှိတော့ရင်တောင် သက်တမ်းစေ့နေဖို့ ကြိုးစားပါ ... သား ...”

“ဘာဖြစ်လို့လဲ ... ဒက်ဒီ ... သား ... ဒီလောက်ထိ အသက်ရှင်နေရတာလဲ ... ဒက်ဒီနဲ့မာမီ စိတ်ချမ်းသာစေချင်လို့ပါ။ ဒက်ဒီတို့မရှိတော့ရင် ... သားဘဝကြီး အသက်ဆက်ရှင်နေလို့ရော ... ဘာထူးမှာလဲ ...”

ရှိုင်ယန်မိခင်ဒေါ်နန်းကြည်ကြည်ကတော့ လွန်ခဲ့တဲ့နှစ်ကပင် သေဆုံးသွားပြီဖြစ်ရာ ဖခင်တစ်ယောက်သာ ကျန်တော့သည်။

“သား ... ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝပြောင်းခဲ့ရတာကို ဒက်ဒီရင်ထဲမှာ မချိဘူး။ လူ့ဘဝရဲ့သက်တမ်းအကုန် သားကိုနေစေချင်တဲ့ ဆန္ဒ ဒက်ဒီမှာ





ရှိတယ်။ သားဟာ သက်တမ်း(၇၀)ထိတော့ နေကိုနေရစေချင်တယ် ...။ သား ဒီလိုမဖြစ်သင့်ပဲဖြစ်သွားရတာ။ ဒက်ဒီအပြစ်မကင်းဘူး။ ဒက်ဒီ ... သားကိုအလို မလိုက်ခဲ့မိလို့။ ဒက်ဒီနဲ့ သားရဲ့ကြားမှာ စိတ်အခန့်မသင့်မှုတွေဖြစ်ပြီး သားစိတ်လေတယ်။ သွားချင်ရာတွေ အဖော်မပါ၊ ဘာမပါ စွတ်သွားတယ်။ ဒီတော့ အန္တရာယ်ဆိုးနဲ့တွေ့ပြီး ... သား ဒီဘဝရောက်သွားရတာမို့ .. ဒက်ဒီတစ်သက်လုံးပဲ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ခဲ့ဘူး ...”

“ဒက်ဒီရယ် ဒီအဖြစ်တွေလည်း ကြာလှပါပြီ ... ထပ်ပြောမနေပါနဲ့၊ ဒက်ဒီ ... စိတ်ချမ်းသာအောင်သာနေပါ ...။ အသက်လည်းကြီးပြီ ... ဘုရား၊ ဘုရားကိုသာ စိတ်နှလုံးသွင်းပြီး နေပါ”

“ဒက်ဒီ ... ဘုရားနဲ့မတွေ့တာကြာပြီ ... သား ... မတွေ့ချင်တော့ဘူး။ မတွေ့ရဲတော့ဘူး။ ဒက်ဒီကိုယ်တိုင် ဘုရားမကြိုက်တဲ့အလုပ်တွေ လုပ်ခဲ့ပြီး Jesus(ဂျီးဇက်စ်) ဆီမှာ အပြစ်တွေသွားဝန်ခံပြီး ခွင့်လွှတ်ပါလို့ မတောင်းပန်ချင်တော့ဘူး။ သေသွားခဲ့ရင် ဘုရားသခင်ဆီကို ခေါ်ပါလို့လည်း ဆုမတောင်းချင်တော့ဘူး ...။ ဒက်ဒီနဲ့ထိုက်တန်တဲ့ Hell(ဟဲလ်)ကိုပဲ ကျေကျေနပ်နပ် သွားချင်တယ်”

ဘုရား၊ တရားကိုင်းရှိုင်းလှသော မိဘနှစ်ပါးစလုံး ရှိုင်ယန်ကြောင့် ဘုရားနဲ့ဝေးကာ ဘုရားကိုလုံးလုံးမေ့ပစ်လိုက်ရသည့်အဖြစ်ကို ရှိုင်ယန်စိတ်ထောင်းကွာပင် ဖြတ်သန်းခဲ့ရပါသည်။ အခုလည်း အသက်အရွယ်ကြီး၍ ကြီးရောဂါ ခံစားနေရတာတောင် စိပ်ပုတီးတစ်ချက်မကိုင်၊ ဘုရားရှေ့ သွားပြီး တစ်ချက်မှတောင် ဒူးမထောက်တော့သော ဖခင်၏အဖြစ်ကို ရင်နင့်စွာ ကြည့်နေရပြန်သည်။

“ဒီတော့ ... ဒက်ဒီကို ကတိပေးပါ ... သား ။ မင်း ဒက်ဒီနဲ့ [illegible] ဒီ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တွေ ကျူးလွန်ရကျိုးနပ်အောင် မင်းအသက်(၇၀)ထိတော့ ကိုယ့်ကိုယ်ကိုယ်ရှင်သန်အောင်ကြိုးစားနေပေးပါ"

"သား...အသက်ရှင်ဖို့ဆိုလူတော်တော်များများဟာသူတို့ရဲ့ ... တွေပေးဆပ်ပြီး သေကြရလိမ့်မယ် ဒက်ဒီ..."

ဒေါက်တာသော(မ)ဆင်(န်)တစ်ချက်စဉ်းစားလိုက်ပြီးလျှင် -

"လူ့လောကကြီးမှာ လူကောင်းတွေရှိတယ်၊ လူဆိုးတွေလည်းရှိတယ်။ အဲဒီ နှစ်မျိုးနှစ်စားထဲမှာ ဘယ်လိုလူစားမျိုးတွေ လူ့လောကမှာ ရှင်သန်နေရင် ပိုကောင်းမလဲ...သား..."

ဟုပြန်မေးပါသည်။

"လူကောင်းတွေပဲရှိနေရင် ကောင်းတာပေါ့...ဒက်ဒီရဲ့..."

"အေးပေါ့ . . . ဒီတော့ လူကောင်းတွေများများကျန်အောင် ... လူဆိုးတွေကိုဖယ်ရှားပစ်ရမှာပေါ့။ သား...အသက်ရှင်ဖို့လူဆိုးတွေကို စတေး ပစ်လိုက်ခြင်းဟာ လူ့လောကကြီးအတွက် အကျိုးမရှိဘူးလို့ ထင်လား..."

"ဒါပေမယ့်...လူဆိုးတွေလည်း လူသားတွေပါပဲ..."

"လူသားပေမယ့်...လူသားမျိုးနွယ်အချင်းချင်းကို ဒုက္ခပေးနေတဲ့ ကောင်တွေလေ။ ဥပမာ သူတစ်ပါးချွေးနဲ့စာနဲ့ ရှာဖွေထားတဲ့ ဥစ္စာပစ္စည်းတွေကို ခိုးယူမယ်၊ ခိုးမရရင် လုယက်မယ်၊ ဓားပြတိုက်မယ်၊ လူသတ်ပစ်မယ် ဆိုရင် အဲဒီလိုလူမျိုးကို လူ့လောကမှာ ကြာကြာဆက်ထားရင် ကောင်းပါ့ မလား..."

ရှိင်ယန် ဒက်ဒီ့စကားကို နားထောင်နေမိသည်။

"တချို့ကျတော့လည်း တဏှာရာဂစိတ်ပြင်းထန်လွန်းပြီး မိန်းမ တွေကို မတရားအနိုင်ယူပြီး မုဒိမ်းကျင့်မယ် . . . အရွယ်မရောက်သေးတဲ့





ကလေးတွေပါမချန် . . . အဲဒီလိုပြစ်မှုတွေ ကျူးလွန်နေမယ့် လူဆိုးတွေရှိနေမယ်ဆိုရင်ရော လူ့လောကမှာ ဆက်ပြီး ထားလို့ကောင်းပါ့မလား။ သူ... အသက်ရှင်နေတာထက် သူ...သေသွားတာကမှ သူ့အန္တရာယ်ကို ဖယ်ရှားလိုက်နိုင်သလိုဖြစ်မယ်ဆိုရင်ရော..."

ဒက်ဒီ့ အကြံပေးစကားတွေကြောင့် ရှိင်ယန်ဟာ ခေါင်းထဲမှာ စဉ်းစားဆင်ခြင်ချင့်ချိန်လို့ ရသွားခဲ့ပါသည်။

ဒက်ဒီ ကွယ်လွန်သွားပြီးသောအခါ ရှိင်ယန်တစ်ယောက် တစ်နေရာတည်းမှာ အတည်တကျမနေတော့ပဲ တစ်နေရာပြီးတစ်နေရာ ပြောင်းရွှေ့နေထိုင်တော့သည်။ ဒီတစ်နယ်ရောက်ရင် နာမည်တစ်မျိုး၊ နောက်တစ်မြို့ရောက်ရင် နာမည်တစ်မျိုးနဲ့နေထိုင်ပေမယ့် သိုသိပ်စွာပင်နေထိုင်သည်။ ဖခင်မှာကြားအကြံပေးခဲ့သည့်အတိုင်း လူ့ပတ်ဝန်းကျင်မှာ နာမည်ဆိုးနဲ့ သတင်းမွှေးပြီး ကောင်းကျိုးတစ်ချက်မှမပေးသော လူတွေကို လိုက်လံရှာဖွေတာ သူ့အသက်ဆက်ဖို့ ထိုသူတွေ၏သွေးကို သောက်သုံးခြင်းဖြင့် ရှင်သန်ရပါသည်။

ရှိင်ယန့်အတွက် နေရေးထိုင်ရေးကလည်း အလုပ်ထွက်လုပ်စရာ မလိုလောက်အောင် ငွေကြေးပြည့်စုံပါသည်။ ဖခင်က ရှာဖွေခဲ့သော ငွေကြေးများအပြင် မိခင်ဘက်မှ အမွေရလိုက်သော ငွေကြေးပမာဏ အများကြီးတို့က ရှိင်ယန်တစ်သက်စာ ဖူလုံလှပါသည်။

ရှိင်ယန်မှာ ဒီဘဝကြီးကို မပျော်ပိုက်လှပေမယ့် မိဘနှစ်ပါးတို့ကို ကတိပေးခဲ့သည့်အတိုင်း အသက်(၇၀)အထိတော့ ဆက်လက်ရှင်သန်နေ ကြိုးစားရန်းကန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီနဲ့မာမီ အပြစ်တွေ ကျူးလွန်ရကျိုးနပ်အောင် သား . . . ကြိုးစားပြီး အသက်ဆက်ပါ့မယ် . . ."

ဟု မိဘနှစ်ပါး၏ဓာတ်ပုံကိုကြည့်ကာ နေ့စဉ်ကတိပေးမိသည်။

အသက် ၇၀ ပြည့်ဖို့ကို စောင့်နေခဲ့သောရှိုင်ယန်သည် ထိုနေ့ ရောက်မှာကို ကျေကျေနပ်နပ်၊ ပျော်ပျော်ရွှင်ရွှင်နေဆဲ . . . တစ်ရက်တွင် . . .

*　*　*

# (၁၆)

(၁၉၇၅) ခုနှစ် ဒီနေ့ သူ့အသက်(၆၉)နှစ်ပြည့်သောနေ့ဖြစ်သည်။ ရှိုင်ယန်အတွက်တော့ မွေးနေ့တစ်နှစ်ရောက်တိုင်း သူ့အဆုံးသတ်ချင်သည့် နေ့ရက်တစ်ရက်ကိုရောက်ဖို့ နီးလာသည်ဟုပင် စိတ်ချမ်းသာစွာ ခံစားရသည်။

နောက်နှစ် (၁၉၇၆) ခုနှစ်မှာ သူ့အသက်(၇၀)ပြည့်ပြီ။ ဒီတော့ သူ့ဘဝသူပြီးဆုံးပစ်လိုက်တော့မည်။ မပြီးဆုံးဖြစ်ခင်ကာလမှာ မိခင်၏ဇာတိဖြစ်သော ရှမ်းပြည်ဘက်မှာ တစ်ခေါက်သွားဇာတ်မြှုပ်နေထိုင်ပြီး ဘိုးဘွားဘေးဘင်တွေရဲ့အုတ်ဂူတွေကို သွားရှင်းလင်းမည်။

အထူးသဖြင့် သူ့ကိုချစ်သော အဘိုးစပ်ဝသုန်၏ အုတ်ဂူကို တစ်ခေါက်သွားကြည့်ချင်တာကြောင့် ရှိုင်ယန် ရှမ်းပြည်ဘက် ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကားကိုယ်မောင်းကာ ညဘက်မှသာ ခရီးထွက်လာသော ရိုင်ယန် အတွက် ရှမ်းပြည်ကို ညတွင်းချင်းရောက်ဖို့ မိုးလင်းတာနဲ့ အမှောင်တစ် နေရာရာမှာ ဝင်ခိုအောင်း အိပ်စက်နိုင်ဖို့က အရေးကြီးလှသဖြင့် ကားကို မနားမနေမောင်းလာခဲ့သည်။

မနက်ဝေလီဝေလင်းနေမထွက်ခင်မှာမိုင်းပွန်မြို့ကိုဝင်လေသည်။ မိုင်းပွန်ရှိမိုတယ်လ်တစ်ခုမှာဝင်နားလိုက်သည်။တစ်နေကုန်အခန်းအောင်း အိပ်နေပြီးမှ နေဝင်ရှိန်ကျမှ ပြန်နိုးထလာသော ရိုင်ယန်၏ယခုအမည်ကား အဘိုးဖြစ်သူ၏ အမည်ဖြစ်သော စပ်ဝသုန်မှ ဝသုန်ကိုပင် အမည်ယူကာ နာမည်ပြောင်းထားလိုက်ပါသည်။

သူ အိပ်ရာမှ နိုးသောအခါ သူ့တွင် ခွန်အားအတော်နည်းနေ ကြောင်းခံစားရသည်။ သူ့အတွက် အာဟာရကို မဖြည့်တင်းတာ ဘယ် လောက်တောင် ရက်ကြာသွားပြီလဲ။

ရွာသူရွာသားတွေကို မိုက်ကြေးခွဲ ပိုက်ဆံယူ၊ ပိုက်ဆံမရှိရင် အိမ် မှာရှိတဲ့ ဆန်၊ ဆီ၊ ကြက်ဥ၊ ကြက်၊ ဝက် ရှိရင်ယူ မရှိရင် သမီးမိန်းကလေးရှိရင် ကတော့ ဘယ်အရွယ်ပဲဖြစ်နေနေ အတင်းအဓမ္မ သားမယားအဖြစ် သိမ်း ပိုက်ကာ အလိုမရှိတော့ရင် သတ်တဲ့အခါသတ်၊ မသတ်ရင် တစ်လက်ပြီး တစ်လက်ရောင်းစားပြီး မိန်းမပျက်တစ်ယောက်ဖြစ်အောင် လုပ်ပစ်တတ် သောလူမိုက်သူပုန်တစ်ယောက် သတင်းကြီးနေသဖြင့် သူ့ရှာဖွေသတ်ဖြတ် သွေးစုပ်ခဲ့တာ ဘယ်လောက်ကြာပြီလဲ။ လွန်ခဲ့တဲ့ ဆယ်ရက်၊ တစ်ပတ်က ထင်သည်။ ဒီကြားထဲမှာ တိရစ္ဆာန်သွေးတွေကို ဆက်လက်ဖြည့်တင်း စားသုံးလာခဲ့ရတာဖြစ်သည်။ ရိုင်ယန် (သို့မဟုတ်) ဝသုန်အတွက် လူသား တစ်ယောက်ရဲ့သွေးကလွဲရင် တိရစ္ဆာန်သွေးတွေသည် ဘယ်လိုမှ ခွန်အား





ဖြစ်၊ မတင်းတိမ်စေခဲ့ပါ။ သူ့အသက်ဆက်ရှင်ရုံ စားသုံးရတဲ့သဘောမျိုး ဖြစ်နေသည်။

ညမှောင်သောအခါ ဝသုန် အပြင်သို့ထွက်လာလိုက်သည်။ Long coat (လောင်းကုတ်)အရှည်ကြီးဝတ်၊ ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းကာ ထွက်လာသော ဝသုန်သည် လမ်းကြိုလမ်းကြားတွေကို ရွေးပြီးသွားကာ ကြွက်တွေ့ရင်ကြွက်၊ ခွေးတွေ့ရင်ခွေး၊ ကြောင်တွေ့ရင်ကြောင် ဖမ်းယူသွေး စုပ်လျက် ခွန်အားဖြည့်တင်းနေရင်း အဘိုးဖြစ်သူ၏ဟော်နန်းဆီသို့ ဦးတည် နေပါသည်။

တစ်နေရာအရောက်တွင် သူ့ရှေ့မှ ကြောင်တစ်ကောင်ဖြတ်ပြေး သောကြောင့် ဖျတ်ကနဲ ဖမ်းယူကာ လည်မျိုကိုကိုက်ခဲပြီး သွေးစုပ်နေစဉ် ...

"အား...အမယ်လေး"

ဟူသော အော်သံဖြင့် အလန့်တကြားအော်လိုက်သော အသံကို ကြားလိုက်ရသည်။

ဝသုန် အသံလာရာဆီ လှည့်ကြည့်လျှင် အနွေးထည်အထူကြီးနှင့် ခေါင်းစွပ်အထူကြီးဝတ်ထားသော ခပ်ပိန်ပိန် မိန်းကလေးတစ်ယောက် ရင် ဘတ်ကိုဖိရင်း ဝသုန်ကို မြင်တွေ့ထိတ်လန့်နေတာကို တွေ့လိုက်ရသည်။ သွားပြီ...ဒီမိန်းကလေး ဘယ်လိုက ဘယ်လို လမ်းကြိုလမ်းကြားထဲရောက် လာသည်မသိ။ ဝသုန် ကြောင်ကို ကိုက်ခဲပြီး သွေးစုပ်နေသော မြင်ကွင်းကို မြင်သွားလေပြီ။ဝသုန့်မျက်နှာပေါ်မှစူးရှသောမျက်လုံးအရောင်နှင့်ပါးစောင် စီးကျနေဆဲဖြစ်သော သွေးစတွေကိုမြင်ပြီး ထိုမိန်းကလေး လှည့်ပြေး သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝသုန်သည် လျှင်မြန်သောအရှိန်ဖြင့် ဖျတ်ကနဲပြေးသွားကာ... မိန်းကလေးကို ဖမ်းချုပ်ထားလိုက်ပါသည်။

"ဟင်...အိန်ဂျယ်လ်"

ဝသုန် အံ့အားသင့်စွာပင် ခေါ်လိုက်မိသည်။ မိန်းကလေး ကြောက်လန့်တကြားရုန်းကန်နေရင်းမှ...

"အား...အမယ်လေး...ကယ်...ကယ်ကြပါ...ဒီမှာ..."

ဟုစတင်အော်လေရာ ဝသုန် မိန်းကလေး၏ပါးစပ်ကို သူ့လက်ဖြ ပိတ်ထားလိုက်ရသည်။ ပြီးတော့ သတိမေ့သွားအောင်စိတ်ညှို့လိုက်ပြီးလျှ ပျော့ခွေသွားသောမိန်းကလေး၏ကိုယ်ခန္ဓာလေးကို ပွေ့ချီသယ်ဆောင်လ ခဲ့ပါသည်။ အဘိုးဖြစ်သူ၏ဟော်နန်းကြီးမှာတော့ အဘိုး၏ကျန်ရှိသေ သမီးမြေးမြစ်များ ဆက်လက်နေထိုင်နေဆဲမို့ ဝသုန်ဝင်လို့မရပါ။ ဟော်နန်း အပြင်ဘက်ရှိ သစ်ပင်ကြီးတစ်ပင်ဖျော်မှာထိုင်ရင်း မိန်းကလေးကို ပွေ့ ထားမိသည်။

"မဖြစ်နိုင်ဘူး . . . မင်း . . . အိန်ဂျယ်လ်တော့ မဖြစ်နိုင်ဘူး။ အိ ဂျယ်လ်လည်း အခုဆို အသက်(၇၀)နားနီးတဲ့ အဘွားအိုကြီးဖြစ်နေပြီ။ မ အသက်(၁၈)နှစ်အရွယ် ဖြစ်စရာမရှိဘူး...မင်း အိန်ဂျယ်လ်နဲ့ သိပ်တူလှ နေပါလား..."

မိန်းကလေးမျက်နှာကိုငုံကြည့်ရင်းသူ့စိတ်ထဲမှာပြောနေမိသည် သိပ်မကြာပါ။ မိန်းကလေး သတိရ လူးလွန့်လာပါသည်။

သတိရရချင်း...သူမကို မိုးကြည့်နေသော ဝသုန်ကိုမြင်လျှင် -

"အား....."





ဟု အသံကျယ်ကြီးနှင့် အော်ရျမလို ပါးစပ်ဟလိုက်တာမို့ ဝသုန် အလျှင်အမြန်ပင် ချုပ်နှောင်ပြီး ပါးစပ်ပိတ်ထားလိုက်ရသည်။

"မအော်နဲ့...မင်းကို ငါ ဘာမှမလုပ်ဘူး..."

မိန်းကလေး မျက်လုံးပြူးလျှက် မရမကရုန်းပါသည်။ သို့သော် ဘယ်လိုမှလှုပ်မရပဲ ဝသုန်လက်မောင်းတွေကြား ပျော့ခွေနေတော့သည်။

"ဒါပေမယ့် မင်းကို...ငါပြန်လွှတ်လို့ မရတော့ဘူး..."

"အူး...အူး...အား...အား..."

မိန်းကလေးကြောက်ရွံ့မျက်ရည်ဝဲကာ ခေါင်းတခါခါဖြင့် မရမက ထွက်ဖို့ကြိုးစားလေသည်။

"မင်းကို...ငါပြန်လွှတ်လိုက်ရင် မင်း...ငါ့အကြောင်း လူတွေကို ပြောက်မပြောပါဘူးလို့ ကတိပေးနိုင်လို့လား..."

ဝသုန်၏ပျော့ပျောင်းသော အပြောအဆိုနှင့် အမူအရာကြောင့် မိန်းကလေးသိပ်ကြောက်တော့ပုံမရဘဲ မရုန်းကန်တော့ဘဲ ဝသုန့်ကိုသာ ကြည့်ကာ ငြိမ်သက်နေသည်။

"အိုခေ...ငါ...မင်းပါးစပ်ကို မပိတ်ထားတော့ဘူး...လွှတ်လိုက် —မအော်နဲ့နော်...အော်တာနဲ့...ငါ...မင်းကို ဒီသစ်ပင်ပေါ်က တွန်းချ တ်...",

ကြီးမားမြင့်မတ်လှသော သစ်ပင်အကြီးကြီးအောက်ကို မိန်းကလေး မျက်လုံးတွေ ဝေ့ကြည့်သည်။

"မအော်ဘူးနော်..."

မိန်းကလေး ခေါင်းအသာညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဝသုန် သူ၏ပါးစပ်ကို ပိတ်ထားသော သူ့လက်တစ်ဖက်ကို ဖယ်ပေးလိုက်ပါသည်။ ဒီတော့မှ မိန်းကလေးက အသက်ရှူဝပုံဖြင့် လေကိုဟင်းကနဲ ရှူရှိုက်လိုက်ပါသည်။

"ရှင်...ရှင်...ရွှေကျားကို ကိုက်စားလိုက်တယ်...ဘာဖြစ်လို့လဲ ဟင်...ဘာလို့ အဲဒီလိုလုပ်တာလဲ..ရွှေကျားက ကျွန်မရဲ့ကြောင်လေးပါ..။ ကျွန်မမှာ ရွှေကျားလေးပဲ အဖော်ရှိတာပါ...။ ရှင်...ရက်စက်တယ်..."

ဝသုန် အံ့အားသင့်ပြီးမှင်တက်သွားပါသည်။ မိန်းကလေးကတော့ သူမ၏ကြောင်လေးအကြောင်း သတိရပြီး မျက်ရည်ကျနေသည်။

"ရွှေကျား ခုတော့ သေသွားပြီ...ကျွန်မမှာ အဖော်မရှိတော့ဘူး"

"မင်း...ကြောင်လေးမှန်း ငါမသိလို့ပါ...မိန်းကလေးရယ်..."

"ရှင်...ဘာဖြစ်လို့ အဲဒီလို လုပ်တာလဲဟင်...ရှင့်မှာ တခြားစား စရာမရှိဘူးလား..."

ဝသုန်မှာ မိန်းကလေး၏ရိုးသားသော အမေးကို အဖြေရခက်သွားသည်။ တိရစ္ဆာန်တစ်ကောင်၏ သွေးကို စုပ်ယူစားသုံးနေသော သူ့အား တခြားစားစရာမရှိဘူးလားတဲ့။

"ငါ့ကို...မင်း...ဘယ်သူမှန်းမသိဘူးလား..."

"မသိပါဘူး..."

"ငါက သွေးစုပ်ပြီးစားသောက်မှ...အသက်ရှင်တဲ့သူလေ..."

"ရှင့်မှာ...ရောဂါရှိလို့လား..."

"ဟင်...ဘာရယ်...ဘာရောဂါလဲ"

"ကျွန်မလို...ရောဂါမျိုး"





ဝသုန် ခေါင်းရှုပ်သွားပါသည်။ ဘာမှန်းမသိပေမယ့် သစ်ပင်အမြင့်ကြီးပေါ်မှာ ရှမ်းပြည်၏အအေးဓာတ်နှင့် လေတဟူးဟူးတို့ကြောင့် မိန်းကလေး တုန်တုန်တုန်နေလေရာ ဝသုန် သူ့ရဲ့ကုတ်အကျီအကြီးကြီးကို ချွတ်လိုက်ပြီး သူမကို ခြုံပေးလိုက်လျှင်

"ဟင်...ရှင့်အသားတွေက ဖြူလိုက်တာနော်"

"မင်း...ဘယ်မှာ နေတာလဲ...ငါပြန်ပို့ပေးမယ်"

"ရှင်ပဲ...ကျွန်မကို ပြန်လွှတ်လို့ မရတော့ဘူးဆို"

"ဟား...ဟား...ဒီလောက်ကြောက်နေတာတောင် ငါ..ဘာပြောခဲ့တာ မှတ်ထားတယ်ပေါ့"

"ကျွန်မ.....ရှင့်ကို ခဏတော့ ကြောက်တယ် နောက်တော့ မကြောက်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဘဝမှာ ကြောက်တာ တွေ့ခံစားခဲ့ရပြီးပြီဆိုတော့ ရှင်ဟာ သိပ်ကြောက်စရာမကောင်းတော့ဘူး"

"မင်း...အိန်ဂျယ်လ် နဲ့ ဘာတော်လဲ"

"အိန်ဂျယ်လ်..."

မိန်းကလေးက ထိုအမည်ကို သံယောင်လိုက် ရေရွတ်ပြီးမှ တဟစ် ဟစ်ရယ်လိုက်သည်။

"ဪ...မေ့လို့...မေ့လို့...ဘွားဘွားနာမည်ပဲ ဖွားဖွားရဲ့ ချစ်နာမည်က အိန်ဂျယ်လ် ဝင်းမင်းသိန်းဖေပဲ။ အခုတော့ ဒေါ်ဝင်းမင်း တဲ့...နာမည်ပဲသုံးတော့လို့...ကျွန်မ မေ့သွားတာ..."

ဝသုန်ရင်ထဲ လှိုက်ခနဲ လွမ်းသွားပါသည်။ ဪ...အိန်ဂျယ်လ်တောင် အဘွားနေပြီပဲ။ သူဟာ အိန်ဂျယ်လ်နဲ့ ရှယ်တူပါလို့ ဘယ်လိုပြောမလဲ။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ရုပ်မပြောင်းခြင်း၊ အိုမင်းရင့်ရော်ခြင်း မရှိသောဘဝမို့ ဝသုန်ကတော့ အစုအိန်ဂျယ်လ်၏မြေးမနဲ့ပင် ရွယ်တူပုံစံပြန်ဖြစ်နေရပြီ။

"ရှင်က…ဘွားဘွားကို သိလို့လားဟင်"

"မင်းအဘွားနဲ့ငါက…ငယ်သူငယ်ချင်းဆို မင်း…ယုံမလား"

မိန်းကလေးမှာ ယောင်နနဖြင့် ဝသုန်ကို ပြန်ကြည့်၏။

"ရှင်ကလည်း…မဟုတ်တာ လျှောက်ပြောနေပြီ"

"တကယ်ပြောတာ…..ငါက ဗန်ပိုင်းယားလေ…..သွေးစုပ်ဖုတ်ကောင်လေ…"

မိန်းကလေး မျက်လုံးပြူးကြည့်သည်။

"ကျွန်မ…Dracula (ဒရက်ကူလာ)ပဲ သိတယ်…"

"ဟား…ဟား…ဟား…အေးပေါ့…အဲဒါပဲပေါ့…မင်းပြောတဲ့ ဒရက်ကူလာက ဗန်ပိုင်းယားပေါ့။ ဗန်ပိုင်းယားပေမယ့် သူမှာ ကိုယ်ပိုင်နာမည်ရှိတယ်။ သူ့နာမည်က ဒရက်ကူလာ ဖြစ်နေတာ…ဒါပဲ။ ငါ့နာမည်က ဒရက်ကူလာ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ…"

"ဝသုန်…ဝသုန်ပေါ့"

ဝသုန်က သူ့နာမည် ရိုင်ယန်ကို အသိမပေးတော့ဘဲ ဝသုန်အဖြစ်သာ အသိပေးလိုက်သည်။

"ဗန်ပိုင်းယား ဝသုန်ပေါ့…"

"ဟုတ်တယ်"

မိန်းကလေးက တစ်စက်မှ ကြောက်ရွံ့ပုံမပြဘဲ…





"ရှင်က ဘာလို့ လူသွေးမစုပ်ဘဲ တိရစ္ဆာန်တွေရဲ့သွေးကို စုပ်နေတာလဲ…"

ဟုပင်ထပ်မေးလိုက်သေးသည်။ ချမ်းလွန်း၍မေးခိုက်ခိုက်တုန်နေတာတောင် ဖွဲ့မလျှော့ဘဲ ဆက်မေးနေဟန်မှာ ချစ်စရာကောင်းလွန်းသည်။

"လူသွေးလည်း…စုပ်တာပေါ့…ဒါပေမယ့် ငါက လူတိုင်းရဲ့သွေးကို စုပ်ပါဘူး။ ငါကြောင့် အပြစ်မဲ့တဲ့လူတွေ သေကုန်ကြရမှာစိုးလို့ အကြောင်းသိတဲ့ လူတစ်ယောက်ကိုတွေ့ရင် ငါဘယ်လောက်ဆာလောင်နေပါစေ…ရှောင်လိုက်တယ်…"

"ဒါဖြင့် အပြစ်ရှိတဲ့ လူရဲ့သွေးပဲစုပ်တယ်ပေါ့"

"ဟုတ်တယ်…လူဆိုး၊ သူခိုး၊ ဓားပြ၊ မုဒိမ်းကောင်တွေပေါ့…သူတို့လောကကြီးမှာရှိနေတာဟာလူကောင်းတွေကို အနှောင့်အယှက်ဖြစ်စေတယ်…အန္တရာယ်ပိုများစေတယ်လို့…သိထားတဲ့လူတွေကို ဖယ်ရှားပေးတဲ့အနေနဲ့ သူတို့ရဲ့သွေးကို စုပ်တယ်။ အဲဒီလိုလူမျိုးရှာမတွေ့တဲ့အချိန်တွေမှာတော့…ငါသိပ်ဆာလောင်လာရင် ကြွက်တွေလည်း ကြွက်၊ ငှက်တွေလည်း ငှက်၊ ခွေးတွေလည်း ခွေး၊ ကြောင်တွေလည်း ကြောင်ပေါ့…ရသမျှသွေးစုပ်တာပေါ့…ဆောရီးပါ…မင်းရဲ့ကြောင်လေးကို ငါ တမင်ဖမ်းတာ မဟုတ်ဘူး သူက…ငါ့ရှေ့က ဖြတ်သွားတာကိုး…"

မိန်းကလေးက ဝသုန်ပြောသမျှ ငြိမ်နားထောင်ရင်း ဝသုန်မျက်နှာကိုသည်း အသေအချာပင်စိုက်ကြည့် လေ့လာနေပါသည်။ ဝသုန်၏ချောမောသော အသွင်အပြင်နှင့် ဗန်ပိုင်းယားတိုင်းမှာ ရှိတတ်သော လူတစ်ဖက်သားကို ဆွဲဆောင်ညှို့ငင်လွှမ်းမိုးနိုင်သည့် အရှိန်အဝါတို့ပေါင်းထားလေရာ ကောင်မလေးမှာ အလိုအလျောက်ပင် ဝသုန့်ကို နှစ်မြှိုက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က . . . ဘွားဘွားနဲ့ ရှယ်တူလဲဆိုသေးတယ် . . . အဖိုးကြီး

မနေပါလား . . ."

"မင်းမသိဘူးလား...ဝန်ပိုင်းယားတွေက...အသက်ဘယ်လော

ကြီးကြီး မအိုသွားဘူးလေ။ ငါ . . . အသက်ဆယ့်ကိုးနှစ်မှာ ဝန်ပိုင်းယား

သွားတယ် . . . အဲဒီထဲက ငါဘယ်တော့မှ . . . အရွယ်မပြောင်းတော့

ဒီပုံပဲ"

"ရှင့်အကြောင်းတွေ ပြောပြပါလား ဟင် . . ."

"မင်းအကြောင်း ပြောပါဦး"

"ကျွန်မ နာမည်က . . . မြတ်လေးရုံ"

"ကောင်းလိုက်တဲ့နာမည်လေး မြတ်လေးပန်းတွေပွင့်တဲ့

လေးပေါ့"

"ရှင့် နာမည်ကရော . . ."

"ပြောပြီးပြီလေ"

"မဟုတ်ဘူး။ ဝသုန်လေ...ဝသုန်ကို သိချင်တာ...ဝသုန်မိုးနဲ့

မွေးလာလို့ မှည့်ထားတဲ့ နာမည်လား"

"အမှန်တော့ . . . အမေ့ရဲ့အဖေ အဘိုးနာမည်ကို ယူထားတာ"

"ရှင့်အကြောင်းတွေ ပြောပြတော့မလားဟင် . . ."

"ဘာလို့ သိချင်ရတာလဲကွယ် . . . ကိုယ့်အကြောင်းက ဘာမှ

စရာမပါဘူး"

"ကျွန်မအကြောင်းလည်းဘာမှပျော်စရာမပါပါဘူး...ရှင်ကြ

ငိုတောင်ငိုချင်သွားဦးမယ် . . ."





"မင်းလို . . . ချစ်စရာကောင်းပြီး လှပတဲ့ မိန်းကလေးမှာ ငိုချင်စရာ

ကောင်းတဲ့ အကြောင်းတွေရှိသေးလို့လား . . . မြတ်လေးရုံရယ် . . ."

ထိုညက ဝသုန်တစ်ယောက် သတိမရတော့တာ ကြာပြီဖြစ်သော

သူ၏အတိတ်တစ်ခုကို စိတ်လိုလက်ရပင် ပြန်ပြောပြမိလေသည်။

ချမ်းချမ်းစီးစီးဖြင့် နားထောင်ရရှာသော မြတ်လေးရုံဟာ နားထောင်

ရင်း ဝသုန်ရင်ခွင်ထဲ အလိုလိုတိုးဝင်လာကာ ဝသုန်ရင်ဘတ်မှာ မျက်နှာအပ်

ရင်း မျက်ရည်ကျပါသည်။ အေးစက်လှသော ဝသုန်ရင်ခွင်သည် မြတ်လေးရုံ

အတွက်တော့ လုံခြုံနွေးထွေးလှပါသည်။

သူတို့နှစ်ဦးဟာ တွေ့တွေ့ချင်းညမှာပင် တစ်ယောက်နဲ့တစ်ယောက်

ချစ်သွားကြလျက် မခွဲနိုင် မခွာရက်အောင် ဖြစ်သွားကြသည်။

ဤသည်မှာ ဝသုန်ဘက်က သူဆုံးရှုံးခဲ့ရသော ချစ်သူအိန်ဂျယ်လ်

နှင့်ချွတ်စွပ်တူသော အိန်ဂျယ်လ်ရဲ့ မြေးမလေးကို ပြန်လည်ဆုံစည်းခွင့်ရ

လိုက်၍ ချစ်ခြင်းတွေ တစ်ဖန်ပြန်လည်ရှင်သန်လာခြင်းဖြစ်သလို မြတ်လေး

ဘက်ကတော့ ဝသုန်နဂိုပိုင်ဆိုင်သော ချောမောသည့်ရုပ်ရည်နှင့် ညှို့ငင်

ဆွဲဆောင်နိုင်သည့်အရှိန်အဝါပဲ့ကြောင့် မြင်မြင်ချင်းစွဲလမ်းရင်ခုန် နှစ်မြို့က်

ရသောတွေကြောင့်လည်း အဖြစ်အပျက်ဟာ မြန်မြန်ဆန်ဆန်ပြောင်းလဲ

သွားခဲ့တာဖြစ်ပါသည်။

အဲဒီမှာ ဝသုန်ရဲ့အသက်(၇၀)တွင် ကိုယ့်ဘဝကိုယ် အဆုံးသတ်

မယ်ဆိုသော ရည်ရွယ်ချက်လည်း ပျက်ပြားသွားခဲ့တော့တာဖြစ်သည်။

ဘိုးရှိသော မိုင်းပွန်မြို့ကို တစ်ခေါက်ပြန်ရောက်လာခဲ့ခြင်းမှာ ဝသုန်၏

ရည်မှန်းချက်တွေ တစ်မျိုးပြောင်းဖို့ ဖြစ်လာခဲ့တော့သည်တည်း။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

# (၁၇)

"ကိုယ်တို့နေ့တိုင်းဆုံကြမယ်နော်...ဒါပေမယ့်ကိုယ်ကနေ့ဘက် ...ထွက်လို့မရဘူး။ ညကျမှ နေဝင်သွားမှ ထွက်လို့ရတယ်...ဒီတော့ မြတ် ...ထွက်လို့ရပါ့မလား"

"ရပါတယ်...အိမ်က...မြတ်လေး ဘာလုပ်လုပ် လုပ်ခွင့်ပေးထား ...ယ်...မြတ်လေးကို အလိုလိုက်ထားတယ်"

ဟု မြတ်လေးရဲ့ပြောပေမယ့် ဘာကြောင့် အလိုလိုက်သလဲ၊ လွတ် ...ခွင့်ပေးသလဲဆိုတာ ဝသုန်မမေးခဲ့မိပေ။ ဝသုန်က အစုဆိုရင် အဘိုးနှင့် ...ဖြစ်သူ၏အုတ်ဂူတို့ကို ကြည့်ပြီး တိတ်တိတ်ဆိတ်ဆိတ်ပင် ဒီမြို့က ...ထွက်ခွာမည်ဟူသော ဆုံးဖြတ်ချက်ကို ပြင်လိုက်ပါသည်။

ဝသုန် ငယ်ငယ်က ဆုံခဲ့ဖူးသော မိခင်ဘက်မှတော်စပ်သည့် မိခင် ...ကိုကြီးမှမွေးသော သူ၏ဝမ်းကွဲမောင်နှမများ သူတို့၏သားသမီး၊ မြေး



www.burmeseclassic.com

www.burmeseclassic.com



မြစ်များနှင့် ဆွေမျိုးတစ်သိုက်တို့ကို သွားရောက်တွေ့ဆုံနှုတ်ဆက်မိသော အခါ...

"ဒီခေါ လာလည်ပြီးပြန်လို့ ဘယ်ဖြစ်မလဲ...ဒီမှာအေးအေးဆေး ဆေးနေသွား ဦး..."

ဟုဝိုင်းတားသူကတားသည်။ ဩဇာရှိသောအမွေထိန်းသိမ်းထား သူတို့ကလည်း...

"ဦးစစ်ဝသုန်မသေခင်...သားနဲ့သမီးတို့ကို အမွေအားလုံးခွဲပေးခဲ့ ပြီးသား။ နန်းကြည်ကြည်အတွက်လည်း တစ်ပုံခွဲထားတယ် ..... မင်းတို့ မိသားစုကိုဆက်သွယ်လို့မရလို့သာ ... မပေးဖြစ်သေးတာ ...။ အခုတော့ ပြန်ဆုံမယ့်ဆုံတော့လည်း ရိုင်ယန့်ရဲ့ မြေးအလှည့်ကျမှ ပြန်ဆုံရတယ် ...။ ဒီတော့လည်း...နန်းကြည်ကြည်ဘက်ကနောက်ဆုံးအမွေဆက်ခံသူအဖြစ် နန်းကြည်ကြည်ရဲ့သား ရိုင်ယန်ဘက်က မြေးမို့ နန်းကြည်ကြည်ရဲ့ မြစ် ဝသုန်ကိုပဲ အမွေကွေ့ပေးရတော့မှာပေ့ါ..."

ဝသုန်မှာ သူ့ပုံပန်းသွင်ပြင်အရ ဘယ်လိုမှ သူဟာ ဒေါ်နန်းကြည် ကြည်ရဲ့သား ရိုင်ယန်သော(မ)ဆင်(န်)ပါလို့ ပြောဖို့အဆင်မပြေတာမို့ ဒု ကိုယ်သူ ရိုင်ယန်၏သားကမွေးသော မြေးအဖြစ်သာ ဟန်ဆောင်ဝင်တွေ့ ပါသည်။ ထိုသို့ဝင်တွေ့လိုက်ခြင်းကဝသုန်အတွက်အမွေတွေတစ်ပုံတစ်ပင် ရဖို့ဖြစ်လာသည်။ မိခင်ဘက်ကရသောအမွေ၊ ဖခင်ဘက်မှာထားရစ်ခဲ့သော ပစ္စည်းဥစ္စာတို့ဖြင့် ဝသုန်တွင် ဆယ်သက်ထိုင်စားလို့ မကုန်အောင်ပင် ပြီးပြည့် စုံသွားပါသည်။

ဝသုန်မှာ ဆွေမျိုးတစ်သိုက်၏အိမ်မှာ ခဏဝင်တည်းရပေမယ့် ဒု အဖြစ်ကို မသိအောင် တော်တော်လျှို့လျှို့ဝှက်ဝှက်နေရလေသည်။ နေ့ဘက်





မှာဟိုခေါ်ဒီခေါ်လုပ်ချင်သောဆွေမျိုးတွေရန်မှဝေးအောင်အအေးမိပြီး ...ကောင်းချင်ဟန်ဆောင်ကာ အခန်းအောင်းနေရသည်။ ညနေစောင်းမှ ...စ်ဖြတ်ထွက်လာပြီးလူလစ်တာနဲ့မြတ်လေးရုံနဲ့ဆုံရန်ချိန်းထားသော ...လေးကို ပြေးရလေသည်။

"မြတ်လေး ဒီမှာ အကြာကြီးနေရမှာ မဟုတ်ဘူး ... မောင်။ ဒက်ဒီ ...ပ်ပြောင်းတဲ့နေရာရောက်ဖူးချင်လို့ ခဏလိုက်ပါရစေဆိုတာနဲ့ မာမီတို့ ...ကသွားခွင့်ပေးတာ။ တကယ်တော့ ...မြတ်လေးအတွက် ရန်ကုန်မှာပဲ ...ကို့ ပစ္စည်းအပြည့်အစုံရှိတာဆိုတော့ ရန်ကုန်မှာပဲရှိနေရမှာမို့ မာမီက ...ပြင်နေပြီ"

မိုင်းပွန်မှာ တစ်ပတ်မျှနေပြီးသောအခါ မြတ်လေးရုံက ထိုသို့ပြောပြ ...ည်။ ရန်ကုန်ဆိုသော အသံကြားလိုက်တာနဲ့ ဝသုန်ရင်ထဲတွင် လွန်ခဲ့ ...နှစ်ငါးဆယ်ကာလများဆီကို ပြန်သတိရလွမ်းဆွတ်သွားပါသည်။ တ ...တော့ အိန်ဂျယ်လ်နဲ့ ချစ်ခင်ခဲ့ကြရသည်မှာ ခဏလေးပေမယ့် သူ့ရင်ထဲ ...မဆုံးသော ချစ်ရသူမို့ ဘယ်တော့မှ မမေ့ခဲ့။

"မြတ်လေး...မြတ်လေးရယ် မင်း...ကိုယ်နဲ့ တွေ့တိုင်း ပြောပြော ...ယ်...မင်းမှာရောဂါရှိတယ်...ဆေးကုနေရတယ်ဆိုတာကို ကိုယ်... ...သချာချာမမေးမိဘူး။ လျစ်လျူရှုသလို ဖစ်ထားမိတယ် ... ပြောပါဦး ...ဘာရောဂါရှိလို့လဲ...ဘာကြောင့်... မပြတ်ဆေးကုနေဖို့လိုတာလဲ"

မြတ်လေးရုံက သူ၏ဖြူဖွေးအားပျော့လှတဲ့ လက်ချောင်းလေးတွေ ...သုန့်ကိုချစ်ခင်တွယ်တာစွာ ဖက်တွယ်လိုက်ရင်း

"မြတ်လေးမှာ Leukaemia (လူကေးမီးယား)ဖြစ်နေတယ်။ မြတ် ...ည်းမပြတ်သွေးသွင်းပြီး ဆေးကုခံနေရလို့...မောင်နဲ့မထူးပါဘူး...



www.burmeseclassic.com

www.burmeseclassic.com



အတူတူပါပဲလို့ပြောခဲ့တာပေါ့..။ မြတ်လေးအခြေအနေကလည်း သွေးသွင်းနေမှ သက်သာသလိုဖြစ်နေတာ...။ မောင်ကလည်း လူသားတွေရဲ့သွေးကို သောက်သုံးမှ ရှင်သန်ခွင့်ရှိတာ...အတူတူပါပဲ..."

ဟူ၍ ခပ်တိုးတိုးပြောလိုက်လျှင် ဝသုန်အလန့်တကြားပင် မြတ်လေးရှိုကို စိုက်ကြည့်လိုက်မိသည်။

"တကယ်ပြောတာလား"

"တကယ်ပါ...သွေးကင်ဆာဖြစ်နေတယ်လို့ သိရတာ ခြောက်လပဲရှိသေးတယ်။ မြတ်လေးကို chemotherapy (ကီမိုသာရပီ)ဆေးသွင်းပြီးတော့လည်း ကုတယ်..လိုအပ်ရင် သွေးသွင်းရတယ်..ဒီဆံပင်တွေလေ-ဒါ...မြတ်လေးဆံပင်လို့ထင်လား...မဟုတ်ဘူး...မောင်။ ဆံပင်တွေကျွတ်ကုန်လို့ ဆံပင်တုစွပ်ထားတာပါ...မြတ်လေးဆံပင်က ဒီမှာ..."

အိုမီဂါဆံပင်ပုံလေးကို မြတ်လေးရဲ့ အသာချွတ်လိုက်ပါသည်။ ကျိုးတိုးကျဲတဲ ဆံပင်ပါးပါးများပေါ်လာသည် ။ပခုံးကျော်ရှည်မည်ထင်သောဆံပင်တို့ကိုစုစည်းချည်နှောင်ထုံးဖွဲ့ခေါက်ထည့်ထားကာအပေါ်က ခေတ်မီသောဆံပင်ပုံစံ အိုမီဂါဆံပင်လေးစွပ်ထားသည့် မြတ်လေးရဲ့ကို ဝသုန်ယုံကြုံမရစွာ ပွေ့ဖိုက်ထားမိသည်။

"ဒက်ဒီက ပြောတယ်.....မြတ်လေး အခြေအနေပိုဆိုးလာရင် အင်္ဂလန်မှာ သွားပြီး ဆေးကုမယ်လို့တောင် ပြောပါတယ်...။ ဒါပေမယ့် အဲဒီကုထုံးကလည်း မျှော်လင့်ချက်နည်းပါတယ်။ ပြီးတော့...ငွေလည်းအများကြီးကုန်မှာ"

"ဘယ်လိုကုထုံးမျိုးလဲ...ကိုယ်လည်းမြတ်လေးအသက်ရှင်ဖို့ ပုံအောပြီး ကုပေးချင်တယ်။ ကိုယ့်မှာ အမွေတွေအများကြီးရထားတယ်





မြတ်လေး။ ဘာမှမပူနဲ့...ကိုယ့် ပိုက်ဆံတွေ မြတ်လေးဆေးကုဖို့ ယူသုံးပါ"

"ငွေသုံးနိုင်တိုင်း ကုလို့မရတဲ့ရောဂါထဲမှာ လူကေးမီးယားပါတယ် မောင်...။ ဆရာဝန်တွေအကြံပေးတဲ့ကုထုံးက Bone Marrow Transplant လုပ်တာတဲ့...။ ခန္ဓာကိုယ်ထဲက ရိုးတွင်းချဉ်ဆီလဲလှယ်ပစ်တဲ့ ကုထုံးပေါ့။ ဒါပေမယ့် အဲဒါက နောက်ဆုံးကုထုံးပါပဲ...ကုချင်တယ်ဆိုရင်တောင် ကိုယ်နဲ့ DNA (ဒီအင်န်အေ) မျိုးရိုးဗီဇခြင်း ကိုက်ညီမယ့်လူဆီကမှ ယူလို့ရတာ..."

ဝသုန်ကိုယ်တိုင်က ဆရာဝန်တစ်ယောက်ရဲ့ သားဖြစ်ခဲ့တာမို့ မြတ်လေးရဲ့ပြောပြနေသော အကြောင်းအရာတွေကို အကုန်နားလည်နေမိသည်။

"နောက်တစ်ရက်...နှစ်ရက်ဆို...မြတ်လေးတို့ ရန်ကုန်ပြန်ကြရတော့မယ်...မောင်။ မြတ်လေး chemo ယူရမယ့်ရက်လည်း ပြန်နီးလာပြီဆိုတော့ပြန်ဖို့က သေချာနေပြီ...။ မြတ်လေးရန်ကုန်ပြန်ရရင် မောင်နဲ့ခွဲရတော့မယ်...။ ဘယ်လိုလုပ်မလဲ...မောင်ရယ်..."

"မြတ်လေး စိတ်မပူပါနဲ့...မောင် မြတ်လေးရှိမယ့် နေရာတိုင်းကို လိုက်ခဲ့မှာပါ"

"တကယ်ပြောတာလား...မောင်ရယ်။ မောင် ဘယ်လိုလုပ် လိုက်ခဲ့မလဲ...။ မောင့်မှာ ရန်ကုန်နဲ့ပတ်သက်တဲ့ အဆက်အသွယ်ဘာမှလည်း မရှိဘူး"

"မပူပါနဲ့ ကိုယ်က ဝန်ပိုင်းယားလေ...ဘယ်နေရာမှာမဆို ရှင်သန်အောင်နေလို့ရတယ်"

"မောင်က အသက်ဘယ်လောက်ကြီးကြီး ဒီလိုနုပျိုငယ်ရွယ်နေမှာတဲ့ဘဝနဲ့ရှင်သန်လို့ရတယ်။ မြတ်လေးကတော့ နောက်ခြောက်လလား



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်လား မသိနိုင်တဲ့ ကာလမှာ...ဒီလောကကြီးထဲက ထွက်ခွာရဖို့ သေချာနေပြီ...ဒါပေမယ့် မြတ်လေးပျော်ပါတယ်...မောင်နဲ့တွေ့ဆုံပြီး ပျော်ရွှင်ခွင့်ရတဲ့ ဒီကာလလေးအတွက် ကျေနပ်ပါတယ်"

"မဟုတ်တာ...မြတ်လေးရယ်...မြတ်လေး မသေရဘူး...မြတ်လေးမသေရအောင် မောင် လုပ်ပေးလို့ရတယ်"

"မရပါဘူး မောင်ရယ်...မြတ်လေးကို ကုနေတဲ့ Chemo တွေ မတိုးတော့ရင် နောက်ဆုံးကုထုံးဆိုတာကြီးကို မစွန့်စားချင်တော့ပါဘူး။ မျှော်လင့်ချက်တွေ အရမ်းထားပြီး ဖြစ်မလာခဲ့ရင် ဝမ်းနည်းပူဆွေးရတဲ့ ဒဏ်ကို မခံစားချင်ဘူး"

မြတ်လေးရုံတို့ ရန်ကုန်ပြန်သွားသောအခါ

ဝသုန်လည်း သူနည်းသူဟန်ဖြင့် ရန်ကုန်ကိုလိုက်လာခဲ့ပါသည်။ သူတွင်ရှိသော အမွေပုံကြီးကြောင့် ရန်ကုန်မှာ မြို့ကြီးဝန်းကြီး အကြီးကြီးပါသောအိမ်အကြီးကြီးကို ဝယ်လိုက်နိုင်သည်။ ထိုအိမ်ကြီးကလည်း မြတ်လေးရုံတို့အိမ်နှင့် သိပ်မဝေးလှသောကြောင့် ညစဉ်ညတိုင်း မြတ်လေးရုံကို ဝသုန်သွားတွေ့ခွင့်ရခဲ့သည်။

တစ်နေ့ထက် တစ်နေ့ ရောဂါဝေဒနာပိုမိုခံစားလာရပြီး အရိုးပေါ်အရေတင်ပုံလေးဖြစ်နေသော မြတ်လေးရုံဟာ ညစဉ်ညတိုင်း ဝသုန့်ရင်ခွင်ထဲမှာ အိပ်ခွင့်ရခဲ့သည်။ ကင်ဆာအမြစ်များကြောင့် ကိုက်ခဲနာကျင်သည့်ဝေဒနာတွေ ခံစားနေရသော်လည်း ဝသုန်ရင်ခွင်အေးအေးမှာဆိုရင် ကောင်းမွန်စွာ အိပ်စက်အနားယူနိုင်ခဲ့တယ်ဆိုတာ မည်သူမှပင်မသိခဲ့ကြ။ မြတ်လေးရုံလို မိန်းကလေးထံမှာ ဝသုန်လို လျှို့ဝှက်ချစ်သူတစ်ဦးရှိခဲ့ကြောင်း မြတ်လေးရုံ၏မိဘမောင်နှမတွေပင် တစ်ယောက်မှ မသိခဲ့ကြပါ။





မြတ်လေးရုံဟာ တစ်နှစ်ခွဲတိတိ အသက်ရှင် နေထိုင်ခွင့်ရခဲ့သည်။

"ဆရာဝန်တွေက ခြောက်လ အလွန်ဆုံးနေရမှ တစ်နှစ်လို့ ခန့်မှန်း...ဆာ...အခုတော့ မြတ်လေး ပိုနေနေရတယ်။ အဲဒါမောင့်ကြောင့်ပါ...မောင်...မြတ်လေးအနားမှာ ရှိနေတော့ မြတ်လေး...စိတ်ချမ်းသာပြီး အသက်ပိုရှည်နေတယ်"

"မြတ်လေးရယ်...မင်းကိုယ်နဲ့အတူတူ...တစ်သက်လုံး...မခွဲခွာနေချင်ရင် နေလို့ရပါတယ်။ ကိုယ်မင်းကို ကိုယ်လိုပဲ...ဝန်ပိုင်းယားဖြစ်အောင် ပြောင်းလဲပေးလို့ရတယ်..."

"မြတ်လေးသိပါတယ်...ဒါပေမယ့် မောင်ရယ်...မြတ်လေးတစ်...ကောက်ပါအဝိုဖြစ်လာရင် မောင့်အတွက်ပါတာဝန်ကြီးသွားမယ်...။ မောင်...နှစ်ပေါင်းများစွာ ကိုယ့်ဆန္ဒကိုယ် ထိန်းချုပ်ပြီး ရှင်သန်အောင်နေတတ်...ယ့် မြတ်လေးကတော့ နေတတ်ပါ့မလား...။ မြတ်လေးကိုယ့်စိတ်...ကိုယ် မထိန်းချုပ်နိုင်ခဲ့ရင် မြတ်လေးကြောင့် အပြစ်မဲ့တဲ့သူတွေ သေ...ကြလိမ့်မယ်...မြတ်လေး သိပ်ကိုဆာလောင်လာလို့ မောင်ကိုပူဆာမိ...... မောင်ကိုယ်တိုင်လည်း မြတ်လေးအလိုကိုလိုက်ပြီး မရ ရအောင်...ပေးတော့မယ်ဆိုတာ..အလိုလိုသိနေတယ်"

မြတ်လေးကို ဘယ်လိုပဲပြောပြော၊ ဘယ်လိုပဲနားချချ မြတ်လေး...မခံပါ။ ရောဂါဝေဒနာဒဏ်ကိုသာ အလူးအလဲခံရင်း နောက်ဆုံးအချိန်...တောင့်နေခဲ့ပါသည်။

မြတ်လေးရဲ့ နောက်ဆုံးထွက်သက် မထွက်ခင်အချိန်ပိုင်းလေးမှာ...ကြိုးစားအားယူပြီး ဝသုန့်ကို မှာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် . . . မြတ်လေး . . . မရှိတော့ရင်လည်း . . . ဒီလောကထဲက မထွက်သွားပါနဲ့နော် . . ။ မြတ်လေး လူပြန်ဖြစ်ပြီး မောင့်ဆီပြန်လာခဲ့မယ် . . ။ မြတ်လေးရဲ့နောက်တစ်ဘဝကို စောင့်နေပါ . . . မောင်ရယ် . . ."

"မြတ်လေး . . မြတ်လေးရယ် . . ကိုယ် . . . မင်းမရှိတော့ရင် ကိုယ့်ရဲ့ သက်တမ်းကိုလည်း အပြီးကုန်ဆုံးပစ်လိုက်တော့မလို့ ဆုံးဖြတ်ထားတာ . ."

"မလုပ်ပါနဲ့ မောင် . . ။ မောင် . . . ရှိနေတာဟာ လူဆိုးတွေကို ဖယ်ရှားပေးနိုင်ပြီး လူကောင်းတွေအတွက် အကျိုးရှိပါတယ်။ ပြီးတော့ မြတ်လေး နောက်ထပ်လူ့ဘဝအသစ်ကိုပြန်ရပြီးမောင့်ဆီပြန်လာချင်တယ် . . . မောင်နဲ့ အတူတူ ထပ်နေချင်သေးတယ် . . ."

"မြတ်လေးရယ် . . . ."

"ကတိပေးပါ . . . မောင် . . ။ မြတ်လေးကို စောင့်နေပါနော် . . ."

မြတ်လေးရုံ၏တောင်းပန်တိုးလျှိုးခယသော မျက်ဝန်းဖျော့ဖျော့လေးတွေမှာ ဝသုန်ကျဆုံးသွားပါသည်။ ထိုညက ဝသုန်သည် သူလုံးဝမပေးချင်သော ကတိတစ်ခုကို မြတ်လေးရုံကြောင့် ပေးလိုက်ရလေသည်။ ပြုံးပြီး ရောဂါဝေဒနာကိုပင် ဖမ့်သွားသော မြတ်လေးရုံ၏ အပြုံးလေးဟာ ဝသုန့်ရင်ကို နာကျင်ဆွေးမြည့်စေခဲ့သည်။

"မြတ်လေး . . . တကယ်ပြန်လာခဲ့မယ် . . . မောင့်ဆီကို . . . တကယ် ပြန်လာခဲ့မှာပါ . . . မောင် စောင့်နေနော် . . . နှစ်တွေ ဘယ်လောက်ကြာကြာ"

နောက်တစ်နေ့ မနက်မှာတော့ မြတ်လေးရုံတစ်ယောက် လောကကြီးကို နှုတ်ဆက်ထွက်ခွာသွားပြီဖြစ်ကြောင်း သူမအိမ်မှ မိသားစုသိလိုက်ကြရပါသည်။





တကယ်တော့ မြတ်လေးရုံဟာ မနက်ဝေလီဝေလင်းကလေးမှာပဲ ဝသုန်ရင်ခွင်ထဲတွင် မေးစက်ရင်းအသက်ပျောက်ခဲ့တာဖြစ်သည်။ ဝသုန်က ဒါကို သိပေမယ့် ချစ်သူ၏အလောင်းကို ကြာရှည်စွာပွေ့ပိုက်ဆွေးမြည့်ခွင့်မရခဲ့ပါ။ မနက်နေထွက်လာခဲ့ရင် သူ ဘယ်လိုမှ အပြင်ထွက်လို့မရတော့ဘာမို့ မြတ်လေးရုံရဲ့အလောင်းကို အသာရကာ နဖူးလေးတစ်ချက်နမ်းပြီး ကျောခိုင်းခဲ့ရသည်။

အဲဒီအချိန်ထဲကစပြီး ဝသုန်ဟာ ချစ်သူအပေါ်ပေးခဲ့သော ကတိကို ဘည်အောင်ကြိုးစားပြီး ချစ်သူ တစ်ဖန်ပြန်လည်လူဖြစ်လာမည့်နေ့ရက်ကို ယုံကြည်ချက်ကြီးစွာ စောင့်ဆိုင်းနေခဲ့သူဖြစ်နေခဲ့တော့သည်တည်း။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၃)

## (၁၈)

## သက္ကရာဇ်(၂၀၁၂)

ခင်ပြည့်သူသည် အိပ်မက်တစ်ခုမှ နိုးထလာခဲ့သူလိုပဲ ဟင်းကနဲ သက်ပြင်းရှည်ကြီးချလိုက်မိသည်။ ကြည့်စမ်း ပါးပြင်မှာ မျက်ရည်တွေ စိုရွှဲနေခဲ့တာပါလား။ ဝသုန်ပြောပြနေခဲ့သမျှ အကြောင်းအရာတွေကို အခုမှ ပထမဦးဆုံးအကြိမ် ကြားဖူးခဲ့ပေမယ့် ဒီလိုအကြောင်းအရာတွေကို နားထောင်ရင်းဘာပြီးရင် ဘာဖြစ်မယ်ဆိုတာလဲ ကြိုတင်မှန်းဆပြီး သိနေသလိုလို။ သို့သော် ဘာဖြစ်မယ်မှန်းလဲ ရေရေရာရာ မသိသေးသလိုလို ခံစားချက်တွေ ရောပြွမ်းပြီး ကြေကွဲဝမ်းနည်းနေပြန်သည်။

“ကိုယ်...မင်းကို စောင့်နေခဲ့တယ်...နှစ်တွေအကြာကြီးစောင့်ခဲ့ရတယ်...မြတ်လေးရဲ့၊ မင်းမလာတော့ဘူး...ပြန်မလာနိုင်တော့ဘူးထင်ပြီး ကိုယ်...အဲဒီရက်တွေတုန်းကကိုယ့်ဘဝကိုယ်အဆုံးသတ်မလို့အပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာပါ…မင်းရောက်လာခဲ့တယ်..။ မင်းခွင့်တောင်းပြီး ရောက်လာခဲ့ တာပါ…"

ဝသုန်သည် ခင်ပြည်သူကို ထွေးပွေ့လိုက်ရင်း သူ့ ပြောပြထားခဲ့ပြီး သားစကားကို ပြန်ရေရွတ်နေပြန်သည်။

"ဒါပေမယ့် မင်းက အိန်ဂျယ်လ်နဲ့လည်း ရုပ်မတူတော့ဘူး။ မြတ် လေးနဲ့လည်း ရုပ်မတူတော့ဘူး ။ မင်းက . . . သီးသန့်ပုံစံလေးလို ဖြစ်နေ တယ်..။ ဒါပေမယ့် ကိုယ်သိတယ်…မင်းဟာ မြတ်လေးပါပဲ…"

"ပြည်သူဟာ ဝသုန်ရဲ့မြတ်လေးရဲ့ဝင်စားသလား၊ မဝင်စားသလား တော့ မသိဘူး။ ဒါပေမယ့် မြတ်လေးရဲ့ကိုတော့ ပြည်သူနာမည်ကြားဖူး ပါတယ်"

"ဘယ်လို…"

"အဲဒီ မြတ်လေးရဲ့ဟာ ပြည်သူ့အဖေရဲ့ အစ်မကြီး . . . . . ပြည်သူ့ရဲ့ ကြီးကြီးလည်းဖြစ်တဲ့ ဒေါ်ခင်ယမုံရဲ့ ငယ်သူငယ်ချင်းပါ…"

ဝသုန်သေချာစူးစိုက် နားထောင်နေမိသည်။

"ကြီးကြီး ဒေါ်ခင်ယမုံက…သူ့ သူငယ်ချင်းကို သိပ်ချစ်တယ်။ အမြဲ သတိတရပြောပြတတ်တယ်…။ ဆယ်တန်းအောင်ပြီးတော့…သူငယ်ချင်း နှစ်ယောက်အတူတူ တက္ကသိုလ်တက်ဖို့ပြင်ဆင်နေတုန်း…သူ့ သူငယ်ချင်း မြတ်လေးရဲ့ဟာ လူကေးမီးယားဖြစ်ပြီး ကျောင်းတောင် ဆက်မတက်နိုင် တော့ဘူး။ မိဘက ချမ်းသာလို့ ပုံအောကုတာတောင် တစ်နှစ်ခွဲပဲခံပြီး … သေသွားတယ်တဲ့ . . . သေတဲ့အချိန်မှာ အသက်ဆယ့်ကိုးနှစ်လောက် ရှိသေးတယ်တဲ့။ ကြီးကြီး ခဏခဏပြောပြလို့ သိနေပါတယ်..ပြီးတော့…"





ခင်ပြည်သူဆက်မပြောသေးဘဲ…အသက်ကိုခပ်ဖြည်းဖြည်းလေး ရှုလိုက်ရင်း…

"ကြီးကြီးကတော့ ယုံတယ်လေ…။ သူက အပျိုကြီးမို့ သူ့ဆီမှာဝင် စားလို့မရတာနဲ့ သူ့မောင်ဖြစ်တဲ့ ပြည်သူ့ရဲ့ဖေဖေတို့ဆီမှာ လာဝင်စားတယ်။ မေမေ့ . . . ဗိုက်ထဲမှာ သူ့ သူငယ်ချင်းမြတ်လေးရဲ့ လာဝင်စားပြီး ပြည်သူ့ကို မွေးလာတယ်လို့ အသေအချာကို ပြောတယ်။ ဖေဖေနဲ့ မေမေက အဲဒါကို… ကြိုက်ဘူး။ လူဝင်စားတို့ ဘာတို့ကို အယုံအကြည်မရှိတော့…အဲဒီလိုပြော တာ မကြိုက်ဘူး . . .။ ဒါကြောင့် ကြီးကြီးလည်း ပြည်သူအရွယ်ရောက်လာ တော့ ဆက်မပြောတော့ဘူး။ ဒါပေမယ့်…ပြည်သူငယ်ငယ်ကတော့ သူပဲ.. ထိန်းတာဆိုတော့ သူ . . . အမြဲပြောပြလို့ မှတ်မိနေတယ် . . .။ ဘာကြောင့် သူ့အတိအကျပြောနိုင်လဲဆိုတော့ မြတ်လေးရဲ့က ကြီးကြီးကို ခဏခဏ အိပ်မက်ပေးတယ်တဲ့။ သူ . . . ပြန်လာခဲ့မယ် . . . သူ့ကို လက်ခံပါ လို့ . . . ပြော တတ်တယ်တဲ့။ ဒါပေမယ့်မေမေ့မှာကိုယ်ဝန်လည်းရှိရောအိပ်မက်လာမပေး တော့ဘူးဆိုတော့ မေမေ့ဆီမှာ ဝင်စားလိုက်ပြီလို့ သူက ထင်သွားပြီး ပြောတော့တာ"

ဝသုန်က သေသေချာချာ စူးစိုက်နားထောင်နေခဲ့ပါသည်။ နှစ်တွေ အကြာကြီးကြာမှ လူပြန်ဖြစ်ခွင့်ရသောကြောင့် မြတ်လေးရဲ့ခမျာ ဒီဘဝမှာ တော့ အတိတ်ဘဝကို လုံးဝပြန်မမှတ်မိတော့သော သူတစ်ယောက်ဖြစ်နေ လေပြီ။ ခင်ပြည်သူဘဝနဲ့ပင် သူမကိုယ်သူမ ရပ်တည်ပြီး ကတိတောင်းထား သော အတိတ်ဘဝက ချစ်သူကိုလည်း ရှာဖွေခဲ့ပုံမရ။ သို့သော် ဝသုန် ကတော့ စိတ်စွမ်းအင်ကြီးမားတာရော ကတိတစ်ခုကို သေသေချာချာပေးခဲ့ သောကြောင့် သူတို့ပြန်လည် ဆုံစည်းရသည်ဟု ဝသုန်ယူဆပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ပြည့်သူ…မင်းကရော ယုံလား..လက်ခံလား…မင်းဟာ မြတ်လေးရုံဝင်စားတဲ့ မိန်းကလေးလို့ထင်လား"

"ဘာလဲဟင်…ပြည့်သူက မြတ်လေးရုံမဟုတ်ခဲ့ရင် ဝသုန်က လက်မခံနိုင်တော့ဘူးလား ဟင်…"

"မဟုတ်ပါဘူး…အဲဒီသဘောနဲ့ မေးတာမဟုတ်ဘူး။ မင်းကို ကိုယ်တကယ်ချစ်ခဲ့မိပြီးနေပြီ။ မင်းဟာ မြတ်လေးရုံဖြစ်ဖြစ်၊ မဖြစ်ဖြစ် ကိုယ် ချစ်တယ်လေ"

"အကယ်၍ မြတ်လေးရုံ တကယ်ဝင်စားတဲ့ မိန်းကလေးကို ပြ တွေ့ခဲ့မယ်ဆိုရင်ရော…"

ဝသုန် ကတ်သီးကတ်သတ်မေးပြီး သဝန်တိုချင်သလို မျက်လုံး တွေနဲ့မော့ကြည့်နေသော ခင်ပြည့်သူ့ငယ်ထိပ်လေးကို ဖိကိုင်လိုက်ပြီး…

"အဲဒီကျတော့လည်း…နှစ်ယောက်စလုံးကို ချစ်ရမှာပေါ့…"

ဟု၍ ပြုံး၍ ပြောလျှင် ခင်ပြည့်သူတစ်ယောက် "ဝုန်း" ဆို ထရပ်ပြီး ဝသုန်ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဆောင့်တွန်းပစ်လိုက်လေသည်။

"ပြန်မယ်…ပြည့်သူ့ကို ပြန်ပို့ပေးတော့…"

"ဟေး…ကောင်မလေး…ဘာဖြစ်သွားရတာလဲ…"

"ဝသုန်ကို မုန်းတယ်"

"ကိုယ့်ကို…ချစ်ပြီးရင် ဘယ်တော့မှ မုန်းလို့မရတော့ဘူးဆိုတာ ရော မသိဘူးလား…"

"ရှင့်ဘာသာ ဝန်ပိုင်းယားပဲဖြစ်ဖြစ်…ဇွန်ဘီး (Zombie)ပဲဖြစ်ဖြစ် ကျုပ်လုံးဝမကြောက်ဘူး…"





"မကြောက်ပါနဲ့…ရပါတယ်…ကိုယ်ကလည်း…ကိုယ်ချစ်ရတဲ့သူ တွေဆို…ဘယ်တော့မှ အန္တရာယ်မပေးဘူး။ မင်းဟာ…အခုချိန်မှာ ကိုယ့် ဘဝပါပဲ…ခင်ပြည့်သူ…။ ကိုယ်…မင်းကို စတာပါ…မြတ်လေးရုံဝင်စားတဲ့ မိန်းကလေးဆိုတာလည်း ဘယ်တော့မှ ထပ်တွေ့မှာ မဟုတ်ဘူး။ ဘာလို့လဲ ဆိုတော့ မင်းကိုယ်တိုင်က မြတ်လေးရုံဝင်စားတဲ့သူဖြစ်နေလို့ပဲဆိုတာ ကိုယ်သိတယ်။ အသေအချာကိုသိတယ်…ဘာကြောင့်လဲလို့ မမေးနဲ့…။ ကိုယ့်ရဲ့စိတ်အာရုံမှာ ခံစားကြည့်လို့ရလို့ကို သိနေတယ်။ ဒါကြောင့် မင်းကို.. ချစ်ခွင့်ရအောင် ကြိုးစားခဲ့တာပေါ့…"

ထိုအချိန်တွင် ရှေးဟောင်းတိုင်ကပ်နာရီကြီးဆီမှ နှာ ဂိုထိုးသံသဲ့သဲ့ ကြားရသည်။ ည ဆယ်နာရီ။ ဟင်…ဟု ခင်ပြည့်သူ့ရင်သဲ အလန့်တကြား ရှုတ်လိုက်မိလေသည်။ အိမ်က စိတ်ပူနေတော့မှာပဲ။ ဖုန်း…မိုဘိုင်းလ်ဖုန်း ရော။ ကားထဲမှာ ကျန်ခဲ့ပြီဖြစ်ကြောင်း ခင်ပြည့်သူ သတိပြုမိသွားသည်။

"ဝသုန်…ဆယ်နာရီထိုးနေပြီ..ပြည့်သူပြန်မှဖြစ်မယ်…အိမ်က အခုလောက်ဆို…တော်တော်စိတ်ပူနေလောက်ပြီ။ ဖုန်းလည်း ကားထဲမှာ ကျန်ခဲ့တော့ ဖုန်းဆက်မရတာနဲ့ ပိုပြီးစိတ်ပူနေလောက်ပြီ"

"ဆောရီးကွာ…ကိုယ်လည်း မေ့သွားတယ်…ဟုတ်သားပဲ… မင်းအိမ်က စိတ်ပူနေမှာပေါ့"

ဝသုန်ကားသော့ကို ကောက်ကိုင်ပြီး ခင်ပြည့်သူ့လက်ကို ဆွဲခေါ် လိုက်ပါသည်။ ဝသုန့်ကားပေါ်ရောက်တဲ့အထိ ခင်ပြည့်သူ ဘာမှမပြောနိုင် သေးဘဲ အိမ်ကိုစိတ်ရောက်နေသည်။ အိမ်မှာ ဘယ်လောက်တောင်များ ဆိုင်းတောက်အောင် ရှာနေကြပြီလဲ၊ မောင်အောင်သစ်တို့တစ်တွေဆီ ဖုန်း ဆက်ပြီးတော့များ မေးမလား။ မေးလို့ သူတို့ပြောလိုက်ရင် ဒုက္ခ၊ ရှုံးရှုံး



www.burmeseclassic.com

www.burmeseclassic.com



သာမန်လူနဲ့ ရည်းစားဖြစ်တာမဟုတ်ဘဲ ဖန်ပိုင်းယားနဲ့ ရည်စားဖြစ်နေပြီဆိုတာ သိသွားကြရင် ခင်ပြည်သူ့ကို ထားစရာနေရာမရှိအောင် စိုးရိမ်ပူပန်ကြတော့မှာ သေချာတယ်။

ခင်ပြည်သူ ထင်တဲ့အတိုင်းပင် ကွန်ပျူတာသင်တန်းရှေ့မှာ ရပ်ထားဆဲဖြစ်သော ခင်ပြည်သူ့ကားလေးနားမှာ ခင်ပြည်သူ့ အစ်ကိုကြီးဖြစ်သူရောက်နေပြီး ကားကိုကြည့်လိုက်၊ ဖုန်းပြောလိုက်လုပ်နေတာကို တွေ့လေသည်။

"ဟို...ဟိုမှာ...ဝသုန်...ကိုကြီးရောက်နေပြီ...ရောက်နေပြီ--ဒုက္ခပါပဲ၊ ပြည်သူ့ကို သူတို့ လိုက်ရှာနေကြတာ သေချာတယ်..."

"စိတ်မပူပါနဲ့...ကိုယ်ရှင်းပြပေးပါ့မယ်"

"ရှင်းပြတိုင်းလည်း...ဘယ်လိုမှ ဖြေရှင်းလို့ မရတော့တဲ့ အခြေအနေရောက်နေပြီ...ဝသုန်၊ ယောကျ်ားလေးတစ်ယောက်နဲ့ ညဆယ်နာရီထိ...လျှောက်လည်တဲ့...မိန်းကလေးလို့ပဲ...ပြည်သူ့ကို အပြစ်ပြောကြတော့မှာ"

ဝသုန့်ကားလေးထိုးရပ်လိုက်တာနဲ့ ခင်ပြည်သူချက်ချင်းတံခါးဖွင့်ဆင်းပြီး အစ်ကိုဖြစ်သူထံ ပြေးသွားလိုက်ပါသည်။ ခင်ပြည်သူ၏အစ်ကိုကြီး ရန်နောင်မျိုးက ခပ်ပြားပြားကားလေးမှ တံခါးတွေဖွင့်လိုက်ရင် တံခါးရွက်တွေ မိုးပေါ်ထောင်သွားတော့ ပုံစံဆန်းဆန်းကို စူးစမ်းသလို လှမ်းကြည့်ရင်း ထိုတံခါးရွက်များအောက်မှ ထွက်လာသော ညီမဖြစ်သူကို အံ့ဩတကြီး စိုက်ကြည့်နေတော့လေသည်။

သူ့ဆီပြေးလာသော ခင်ပြည်သူ၏နောက်မှာ မြင့်မားသောအရပ်





အမောင်းကြီးနှင့်အေးဆေးတည်ငြိမ်စွာလျှောက်လာသည့်ယောကျ်ားပျိုကိုလည်း အသင့်စောင့်ကြည့်စူးစမ်းနေမိသည်။

"ပြည်သူ...ကြည့်စမ်း...နင်...ဘယ်ရောက်နေတာလဲ...တစ်အိမ်လုံး ဒေါင်းတောက်အောင် လိုက်ရှာနေမယ်ဆိုတာ နင်...မတွေးမိဘူးလား..."

အစ်ကိုဖြစ်သူက အနားရောက်ရောက်ချင်းပင်လက်ကောက်ဝတ်ကိုဆောင့်ဆွဲခေါ်လိုက်ကာ ဟိန်းဟောက်လိုက်လေသည်။ ခင်ပြည်သူမှာ ကိုယ့်အပြစ်နဲ့ကိုယ်မို့ အကြောက်ကြီးကြောက်လျက်

"ဟို...ကိုကြီး...ဟိုဟာပါ...ဟို..."

ဟူ၍ အထစ်ထစ်အငေါ့ငေါ့ဖြစ်လျက် ဘာစကားဖြင့် ရှင်းပြရမှန်း မသိဖြစ်နေသည်။

"ရည်းစားနဲ့ လျှောက်သွားနေတယ်လို့...ငါလုံးဝမထင်မိဘူး...ဒီအချိန်ထိတောင် သွားစရာလား...နင့်ကိုယ်နင် ဘာများထင်နေလဲ၊ ဒါ...မိန်းမကောင်းတွေ အိမ်ပြန်တဲ့အချိန် မဟုတ်တော့ဘူး..."

"ပြည်သူ...ပြည်သူ...မေ့သွားလို့ပါ...ကိုကြီး...နာရီကြည့်ဖို့...မေ့သွား..."

"ဘာ...တောက်...ငါတီးထည့်လိုက်ရ သေတော့မယ်"

ရန်နောင်မျိုးမှာ ညီမဖြစ်သူက ယောကျ်ားတစ်ယောက်ရဲ့ကားပေါ်ကနေဆင်းလာတာကို မြင်လိုက်ရ၍ အလိုလိုရှက်နေသည်ဖြစ်ရာ ဒေါသလည်း ကြီးနေတော့သည်။ ခင်ပြည်သူ့ကို လက်ရွယ်လိုက်ပြီး ဟိန်းဟောက်နေစဉ် ဝသုန်က ခပ်တည်တည်မျက်လုံးရဲရဲတွေဖြင့် စူးစိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်းက ဘာကြည့်တာလဲ ... မင်း ဘာကောင်လဲ"

ယောကျ်ားလေးချင်းမို့ သူ့ကို မကျေနပ်ကြည့်ကြည့်မှန်း ရိပ်မိလေရာ ရန်နောင်မျိုးက လှမ်း၍မေးပစ်လိုက်သည်။

"ခင်ပြည့်သူဟာ ... ငါနဲ့ပါသွားတာပဲ ... ငါ့ကားပေါ်က ဆင်းလာတာ မင်းတွေ့ရင် ဘာကြောင့် ... ရပ်ကြည့်နေတာလဲလို့ မေးစရာမရှိဘူး ..."

"စကားပြောတာ ရင့်လှချည့်လားကွ ..."

"ခင်ပြည့်သူ့ကို မင်းဘာမှ ကိုယ်ထိလက်ရောက် ရိုက်စရာမလိုဘူး။ မင်း . . . သူ့အသားကို နာအောင်လုပ်ရဲလုပ်ကြည့် ငါ . . . ချက်ချင်းရောက်လာပြီး မင်းကို ဒဏ်ခတ်မယ် ... မှတ်"

"ဟား ... ဟား ... ဟား ... ဒဏ်ခတ်မယ်တဲ့ ... စကားကလည်း မြင့်လှချည့်လား။ ကိုယ့်ကိုယ်ကိုယ် ဘာကောင်လဲဆိုတာပဲ ... ငါ့ကိုပြောစမ်းပါဦး"

"မင်း ... သိဖို့ မလိုပါဘူး"

"ငါ့ညီမ ... ငါပိုင်တယ် ... ငါ ဆုံးမပိုင်ခွင့်ရှိတယ်"

"ဘယ်သူကမှ ဘယ်သူ့ကိုပိုင်တယ်ဆိုတာ မရှိဘူး။ မင်းတို့ အမေဗိုက်ထဲကထွက်လာတာတူပေမယ့် တစ်ယောက်တစ်ကိုယ်စီ၊ တစ်ယောက်တစ်ဘဝစီ ... မင်းပဲ မင်းပိုင်တယ် ... သူဟာ ငါ့ညီမမို့ ငါပိုင်တယ်ဆိုပြီး ... ဗိုလ်ကျလို့ မရဘူး"

တစ်ယောက်နဲ့တစ်ယောက် စကားနိုင်လုကာ ထိုးကြ၊ ကြိတ်ကြတော့မလိုရန်စောင်နေသောကြောင့်ခင်ပြည့်သူမှာစိုးရိမ်ထိတ်လန့်လာကာ အစ်ကိုဖြစ်သူ၏နောက်ကျောမှ မရမက ရှေ့တိုးထွက်ရင်း ...





"ဝသုန် ... ဝသုန် ... ပြည့်သူတောင်းပန်ပါတယ်နော် ... ဝသုန်ပြန်လိုက်ပါတော့။ ကိုကြီးက ပြည့်သူ့ကို ဆူရုံပဲဆူတာပါ ရိုက်မှာ မဟုတ်ပါဘူး"

ဟု ဝသုန့်ကိုသာ ဦးတည်ပြီးတောင်းပန်နေမိသည်။ စိတ်ထဲမှာလဲ ပူးရိမ်နေသည်။ ဝသုန်နဲ့ယှဉ်ရင် အစ်ကိုဖြစ်သူဟာ ဘယ်လိုမှမနိုင်နိုင်ဘူး။ ဝသုန်က ဗန်ပိုင်းယားမို့ အစွမ်းပိုရှိတယ်၊ ပိုမြန်ဆန်တယ်၊ ဗန်ပိုင်းယားတွေက စိတ်နှုးညံ့နေတတ်တဲ့အခါလည်းရှိသလို စိတ်ဒေါသကြီးလာရင်လည်း တဟုန်ထိုးဒေါသကြီးပြီး သူတို့စိတ်ကို သူတို့မထိန်းနိုင်ကြတာတွေလည်း ရှိတယ်ဟူ၍ သိထားသဖြင့် ဝသုန်တစ်ယောက် ဒေါသဖြစ်လာလျှင် အစ်ကိုဖြစ်သူ ဒုက္ခရောက်သွားမှာကိုလည်း စိုးရိမ်မိ၍ဖြစ်သည်။

ဝသုန်သည်ခင်ပြည့်သူ့မျက်ဝန်းထဲကစိုးရိမ်သောကကိုမြင်လိုက်လျှင် ရင်ထဲတွင်နာကျင်သွားပါသည်။ ခင်ပြည့်သူဟာ သူ့ကိုချစ်နေသော်လည်း လုံးလုံးယုံကြည်ပုံမရ။ အသွင်မတူ၊ အမျိုးမတူသော သူတစ်ယောက်အဖြစ် မြင်နေသေးလေသည်။ အမှန်တကယ်တော့ ဝသုန့်စိတ်ထဲမှာ ခင်ပြည့်သူ၏အစ်ကိုကို လုံးဝရန်ပြုဖို့မရှိပါ။ သူချစ်သူမိန်းကလေးကိုအသားနာကျင်အောင်လုပ်မှာ . . . စိတ်ဆင်းရဲအောင်ဆူမှာ ပြောမှာစိုး၍သာ ဝင်ရောက်ဟန့်တားနေမိတာသာ ဖြစ်ပါသည်။

"ဘယ်လောက်အခက်အခဲ၊ အတားအဆီးတွေပဲဖြစ်ဖြစ် ... ကိုယ်မင်းကို ... ချစ်နေမယ် ခင်ပြည့်သူ"

ဝသုန်က ခင်ပြည့်သူ့ မျက်လုံးထဲကို အသေအချာစိုက်ကြည့်ပြီး ပြောကာ ချာကနဲလှည့်ထွက်သွားပါသည်။

"အေး ... ငါကလည်း မင်းကို အစကထဲက ပြောလိုက်မယ်။ မင်း ... ဘယ်တော့မှ ငါ့ညီမကို အဆက်အသွယ်မလုပ်ပါနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး...လာပါ...တော်ပါတော့...ပြည်သူ တောင်းပန်ပါတယ်။ ဝသုန် အလျှော့ပေးသွားပြီပဲ"

"အံမာ...ဘာ...ဘာပြောတယ်...ဒီကောင်ကပဲ အလျှော့ပေးသွားရတယ် ဟုတ်လား။ အပြစ်ရှိတာ ဘယ်သူလဲ...အပြစ်ရှိတဲ့သူမို့ သူ့ဘာသာ သေသေချာချာ ရင်မဆိုင်ရဲဘဲ...လစ်ထွက်သွားတာလေ။ သူ တစ်မိသမီးပျို့ကို တန်ဖိုးထားရမှန်းမသိ...ညဥ့်နက်တဲ့အထိ....အပြင်ခေါ်ထုတ်ထားတာကွ သူ့အမှား သူသိလို့...ငါ့ကို ရင်မဆိုင်ရဲလို့ လှည့်ထွက်သွားတာ။ နင်က ဘာအဲဒီကောင်ကို အထင်ကြီးနေတာလဲ"

ခင်ပြည်သူမှာ အစ်ကိုဖြစ်သူ၏ရက်ဒေါသကို ရိပ်မိလေရာ ခပ်မြန်မြန်ပင် သူ့မရဲ့ကားလေးပေါ်တက်လိုက်သည်။

"ကိုကြီး...လာပါ...ကိုယ်ကားပေါ်ကိုယ်တက်လိုက်ပါတော့...ပြည်သူ ပြန်ရောက်လာပြီပဲ အိမ်ပြန်ရအောင်ပါ..."

"နောက်နေ့ကစပြီး နင့်ကို...ကောင်းကောင်းစောင့်ကြည့်ရမယ်"

အစ်ကိုဖြစ်သူက သူကြိမ်းဝါးသည့်အတိုင်းပင် အိမ်ပြန်ရောက်တော့လည်း ဆူပူသောင်းကျန်းပါသည်။ တစ်အိမ်လုံး ထွက်စောင့်နေချိန်မှာ ရှေ့ဆင့်နောက်ဆင့် ပြန်ဝင်လာသော ကားနှစ်စီးကို မြင်တော့မှ တစ်ဝက်ရင်အေးကြရသော မိဘတွေခမျာ ရန်နောင်မျိုး၏ အတိုင်အဖောက်ကြောင့် တစ်ဖန်ပြန်ပြီး စိတ်ပူပန်ကြရလေသည်။

"အရမ်းကို ရိုင်းစိုင်းပြီး စကားပြောရင့်သီးတဲ့ကောင်ပဲ...ဖေဖေကိုယ့်ရည်းစားရဲ့ အစ်ကိုနဲ့တွေ့နေတာပါလားဆိုတဲ့ ရှိန်တာ၊ ပြုတာတောင် မရှိဘူး။ respect (ရက်(စ)ပက်လ်)လည်း မရှိဘူး။ ကျွန်တော် သူ့ထက် အသက်ကြီးမှန်း သိတာတောင် အစ်ကိုဘာညာ တစ်ချက်မခေါ်ဘူး။ မင်းနဲ့..





နဲ့...ပြောတယ်။ သားကိုလည်း မိုက်ကြည့်ကြည့်ပြီး စိန်ခေါ်သေးတယ်...ပြည်သူ့ကိုရိုက်ရင် သူကပဲ တစ်ပြန် သားကို . . . ပြန်တီးမယ်ဆိုတဲ့ပုံစံနဲ့ ခြိမ်းခြောက်ရဲသေးတယ်။ ဒီကောင့်ပုံစံက သူ့ကိုယ်သူ အထင်ကြီးပြီး ဘယ်သူ့ကိုမှ လူမထင်တဲ့ ပုံစံပဲ..."

"ဘယ်သူလဲ...ဘယ်ကလဲ...သမီး...သူ့မိဘတွေကရော...ဘာလုပ်လဲ"

ခင်ပြည်သူတွင် ဖြေစရာမရှိသလို ဖြစ်နေသည်။

"ဟဲ့...သမီးငယ် ပြောလိုက်လေ...ညည်းအကောင်ဘယ်သူလဲ"

မေမေက စိတ်မြန်လက်မြန်ရှိသူပီပီ ခင်ပြည်သူ့ပခုံးတစ်ဖက်ကို မြန်းဆို အသံမြည်အောင် လက်ဝါးဖြင့်ရိုက်ချလိုက်ရင်း မေးလိုက်ပြန်သည်။ ခင်ပြည်သူတို့နဲ့အတူနေနေဆဲဖြစ်သော ကြီးကြီးဒေါ်ခင်ယမုံက -

"ဟဲ့...ယဥ်မေရယ်...ကလေးကို အဲဒီလောက်ကြီး မရိုက်ပါနဲ့ဆိုဘာ...ပြောမရဘူး။ တစ်ခုခုဆို...လက်ပါဖို့ချည်းပဲ။ အေးအေးသက်သာမေးပါတယ်"

ဟု ဝင်ပြောကာ ခင်ပြည်သူ့ကို သူ့ဘက်ဆွဲခေါ်ထိုင်စေပါသည်။ ခင်ပြည်သူ မွေးလာကတည်းက သူ့အချစ်ဆုံး သူငယ်ချင်းမြတ်လေးရဲ့ ခင်တားပါသည်ဟု စိတ်စွဲကာ ခင်ပြည်သူ့ကို အချစ်ပို၊ အလိုလည်းလိုက်လှသော ကြီးကြီးဒေါ်ခင်ယမုံကိုသာ ခင်ပြည်သူ အခုရင်ဆိုင်ကြုံတွေ့ခဲ့ရတာတွေ ပြောပြရင်ဘယ်လိုနေမလဲ။ သူ့ သူငယ်ချင်း လူကေးမီးယားဖြစ်ပြီး သေသွားဘယ်ဟုသာ သိထားပုံရသော ကြီးကြီးဒေါ်ခင်ယမုံခမျာ သူငယ်ချင်းရဲ့ လျှို့ဝှက်ချစ်သူအကြောင်းတော့ သိခဲ့ပုံမရသလား။ သိခဲ့ပေမယ့် မပြော



www.burmeseclassic.com

www.burmeseclassic.com



တော့တာလား။ ခင်ပြည်သူမှာ ဒီလောက်အဆူခံနေရတာတောင် သိချင်နေသည်။

"မမ တူမ . . . ဘာကလေးလဲ . . . ကလေး မဟုတ်လို့ဘဲ ရည်းစားထားတတ်နေပြီ။ မိဘမျက်နှာမှ မထောက် ရည်းစားနဲ့ ညဆယ်နာရီထိ လျှောက်လည်တတ်နေပြီ။ ကိုယ် . . . တစ်ခုခု . . . လုပ်တော့မယ်ဆို . . . နည်းနည်းပါးပါး မိဘကို ခေါင်းထဲထည့်ပါလား။ ကိုယ့်အပေါ်ယောက်ျားလေးက တန်ဖိုးထားအောင်နေမယ်လည်း မစဉ်းစားဘူး။ ဒီကောင်မလေး . . . ငါဘယ်နေရာခေါ်ခေါ် . . . လိုက်တယ် . . . ဘယ်အချိန်ထိပဲဖြစ်ဖြစ် သူ့အိမ်ကပေးလွှတ်တယ် . . . လို့ အထင်သေးခံရအောင် လုပ်တာလေ . . ."

ဖေဖေက လက်သီးကြီးကို သူထိုင်နေသော ဆိုဖာခုံ၏လက်တင်ကို ထုချလိုက်ရင်း ပြောပါသည်။

"ဟုတ်သားပဲ . . . ပြည်သူရယ် . . . သမီးလုပ်ပုံကလည်း လူကြီးတွေစိတ်ပူစရာကနေ အရှက်ရစရာဖြစ်သွားစေတာကိုး . . . ကွန်မျူတာသင်တန်းကပြန်ရင် အိမ်ကိုအလွန်ဆုံး ခြောက်နာရီခွဲ ခုနစ်နာရီဆိုရောက်နေကျ။ တစ်ခါတလေ လမ်းမှာကားပိတ်လို့ နောက်ကျမယ်ဆိုရင်တောင် ဖုန်းကြိုဆက်နေကျ . . . မဟုတ်လား။ အခုကျတော့ ဖုန်းလည်းမဆက် . . . လူလည်းပေါ်မလာ ပေါ်မလာနဲ့ဆိုတော့ . . . ကားအက်ဆီးဒင့်များဖြစ်လားဘာလား . . . အရေးခေါ်ပဲ လိုက်ရမလားနဲ့ အိမ်ကလူတွေ ဘယ်လောက်ပူပန်ကုန်ရလဲ . . . တကယ့်တကယ်အဖြစ်မှန်ကျတော့အဲဒီလိုတွေမဟုတ်ဘဲ . . . ရည်းစားနောက်ပါသွားတယ်ဆိုတော့ . . . ဘယ်လောက် . . . အရှက်ရသွားစေလဲ . . ."

ကြီးကြီးကိုယ်တိုင်က ခင်ပြည်သူလုပ်ပုံမဟုတ်လှတာကို ထောက်ခံပြီး အေးအေးလေးပြောပြီး ဆူပူပါသည်။





"ကောင်လေးက . . . မိကောင်းဖခင်သားသမီးပဲလား . . . ဘယ်လဲ ပြောပါဦး . . . မြဲမနေနဲ့ နင့်ကိုမရိုက်ဘူး။ မဆူတော့ဘူး . . .။ အချိန်တန်အရွယ်ရောက်လို့ ဒီလိုဖြစ်တာ . . . ရှေ့ဆက်မလွှန်အောင်ဘဲ . . . စောင့်ကြည့်ရမယ်"

မေမေက မရမက ဆက်မေးလေသည်။ ခင်ပြည်သူက သက်ပြင်းချရင်း . . .

"ရန်ကုန်ဇာတိတော့ မဟုတ်ဘူး . . . သူတို့ . . . ကလောကပါ"

"အခု . . . ဘယ်မှာ နေလဲ"

"ရွှေတောင်ကြားမှာ . . ."

"အင်း . . . မဆိုးဘူးပဲ"

"ဟာ . . . မေမေကလည်း . . . ရွှေတောင်ကြားလို့ ကြားလိုက်တာနဲ့ဆိုးဘူးတန်းဖြစ်ရသေးတယ် . . . ဒီကောင် . . . ရင့်သီးတာကျတော့ သားကကိုယ်တိုင်ခံခဲ့ရတာဗျ . . . ကိုယ့်ရည်းစားရဲ့အစ်ကိုဆိုပြီး လုံးဝအကြောက်အလန့်မရှိတဲ့ပုံစံ . . ."

ရန်နိုင်မျိုးက မကျေမနပ် ဝင်အော်ပြောလိုက်သည်။

"သူ့မိဘက ဘယ်သူတွေမို့လဲ"

ဖေဖေက မျက်မှောင်ကျုံ့ရင်း ခင်ပြည်သူကို တိုက်ရိုက်လှမ်းမေးလေသည်။

"သူ့အဖေက . . . ဆရာဝန် . . . အမေက . . . ရှမ်းစော်ဘွားမျိုးရိုးလို့ပြောတယ် . . ."

"အံမာ . . . အပျံစားပါလား . . . ဟုတ်ရောဟုတ်ရဲ့လား . . . တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးအထင်ကြီးအောင်များ ဇာတ်လမ်းတွေလုပ်ပြီးပြောတာလား... သေသေချာချာစုံစမ်းဦး"

"သူ...သူမှာ မိဘ မရှိတော့ဘူး...ဆုံးကုန်ကြပြီ ဖေဖေ။ သူ့ မိဘတွေ ထားခဲ့တဲ့ အမွေနဲ့ သူ့ဘာသာ တစ်ယောက်တည်း ရပ်တည်နေတာပါ"

"ဟော...ဖြစ်ရပြန်ပြီ..."

"ဖေဖေ...ပြည်သူ့ပြောတာ ယုံမနေနဲ့...သား ရအောင်စုံစမ်းပေးမယ်..."

"စုံစမ်းမနေပါနဲ့ကွယ်...အိမ်ပဲခေါ်တွေ့လိုက်ပါလား။ မမ အကောင်းဆုံးအကြံပေးမယ်...။ အိမ်ကိုဖိတ်လိုက်...အားလုံးနဲ့မိတ်ဆက်လိုက် ဝင်ပါ ထွက်ပါ၊ သွားပါ၊ လာပါဖိတ်ပြီး...ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံရင်...ကလေးတွေဟာ အမှားလုပ်ဖို့ စိတ်ကူးကြတော့မှာ မဟုတ်ဘူး။ လူကြီးမိဘတွေက သူတို့ရည်းစားဖြစ်တာကို ခေတ်မီစွာ နားလည်ပေးတယ် . . .။ မတားဆီးဘူး . . .။ လွတ်လွတ်လပ်လပ် ဝင်ထွက်သွားလာ တွေ့ဆုံခိုင်းတယ်ဆိုရင်...မမြင်ကွယ်ရာတို့၊ ဆိတ်ကွယ်ရာတို့မှာ နိုးတွေ့ ချိန်းတွေ့တာမျိုး ဘယ်သူက လုပ်တော့မှာလဲ"

ကြီးကြီးဒေါ်ခင်ယမုံကအကောင်းဆုံးအကြံဉာဏ်ကိုပေးလိုက်ပြီး ပြဿနာတွေကို ရှင်းပေးလိုက်သည်။ ဒေါ်ခင်ယမုံ၏အကြံဉာဏ်ဟာ အကောင်းဆုံးဖြစ်နေတာကြောင့် အားလုံးကျေနပ်လက်ခံကြပေမယ့် ခင်ပြည်သူ့အတွက်တော့ တကယ့်ကို ပြဿနာအကြီးကြီးဖြစ်သွားစေပါသည်။ ရင်ထဲမှာတောင် တဒုတ်ဒုတ်ခုန်ကာ ချွေးစေးတွေပြန်လာပြီး စိတ်အကြီးအကျယ်ညစ်သွားရလေသည်။





ထူးဆန်းပြီးလျှို့လျှို့ဝှက်ဝှက်ပုံစံမျိုးနဲ့နေရသော ဝသုန်ကိုဘယ်လိုပုံစံမျိုးနဲ့ ဟန်ဆောင်စေပြီး မိဘတွေရှေ့ ခေါ်လာပြရမလဲ။ သာမန် လူတစ်ယောက်ရဲ့ပုံစံနဲ့ သိပ်မတူလှသော နေထိုင်ပုံကို ဘယ်လိုလုပ် အသိခံရမလဲ။

ထိုညတစ်ညလုံးခင်ပြည်သူ့စိတ်ပူပန်ပြီးအိပ်မပျော်ပါ။ညနစ်နာရီလောက်မှာမှမေးစနဲအိပ်ပျော်သွားလျှင်ခဏချင်းပင်အိပ်မောကျသွားသလိုဖြစ်ပေမယ့် အသံတစ်သံကြောင့် လန့်နိုးသွားပါသည်။ အိပ်ရာဘေးက နာရီလေးကိုကြည့်လိုက်တော့ ညနစ်နာရီခွဲသာရှိသေးသည်။

အိပ်နေတုန်း နားထဲမှာ...

"ခင်ပြည်သူ...ကိုယ်ရောက်နေတယ်"

ဟု ဝသုန်က နားနားလာကပ်ပြောသလို ပြောလိုက်သော အသံကြောင့် လန့်နိုးသွားတာဖြစ်ပါသည်။

အဲဒီအချိန်မှာဖုန်းတွင်မက်ဆေ့ချ်ဝင်လာကြောင်းအသံလေးတစ်ချက်ကြားလိုက်ရသည်။

"come near the window"

ပြတင်းပေါက်နားကိုလာခဲ့ပါဆိုသော စာလေးကြောင့် ခင်ပြည်သူချက်ချင်းပဲ ပြတင်းပေါက်နားပြေးကပ်ကြည့်လိုက်ပါသည်။ ခေါင်မိုးပေါ်ပေါ်ကနေ ရိပ်ကနဲ အရိပ်တစ်ခုပြုကျလာသလို ထင်လိုက်ပြီးလျှင် ဝသုန့်ကိုပြတင်းပေါက်ဘောင်ပေါ် လာရပ်လိုက်တာ တွေ့ရလေသည်။ ပြတင်းပေါက်ဘောင်ဆိုတာ တကယ့်ကို ကျဉ်းကျဉ်းလေး ကြောင်တစ်ကောင် လျှောက်လောက်လေးသာ ကျယ်ပေမယ့် ဝသုန်ကတော့ အေးဆေးစွာပင် ရပ်နေသည်။

"ဝသုန်...ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ပြည်သူ၏ ပြတင်းပေါက်တံခါးက ဆွဲပိတ်ခြင်း၊ တွန်းဖွင့်ခြင်း လုပ်ရတဲ့ မှန်တံခါးမျိုးမဟုတ်ဘဲ အပေါ်အောက် တွန်းတင်၊ ဆွဲချရသော တံခါးပုံစံအဆန်းလေးဖြစ်သည်။ ဖွင့်ချင်လျှင်အပေါ်ကိုတွန်းတင်ဖွင့်လိုက်ရ ပိတ်ချင်လျှင် အပေါ်ကမှန်ကို အောက်ဆွဲချပြီး ပိတ်လိုက်ရုံပုံစံမို့ ခင်ပြည်သူ က မှန်တံခါးကို အနည်းငယ်လေး တွန်းတင်ဖွင့်ပြီး မေးလိုက်တာဖြစ်သည်။

"ခင်ပြည်သူ...စိတ်ညစ်ပြီး ငိုနေမလားလို့...စိတ်ပူတာနဲ့...လာ ကြည့်တာ..."

"စိတ်တော့ညစ်တာပေါ့...ဒါပေမယ့်...မငိုပါဘူး ကိုယ်ဘာသာ လည်းအများလုပ်လိုက်မိတယ်ဆိုပြီး...နောင်တရတယ်လေ...တကယ်ဆို အဲဒီလောက်ကြာရင် အပြင်မှာ ရှိမနေသင့်ဘူး"

"ကိုယ်လည်း...မှားသွားပါတယ်...ခင်ပြည်သူဘက်ကိုလည်း ခေါင်းထဲထည့်တွေးရမယ်ဆိုတာ မေ့သွားမိတယ်။ ကိုယ်က နှစ်တွေအကြာ ကြီး တစ်ယောက်တည်းနေခဲ့ရတော့...အားလုံးနဲ့အံဝင်ခွင်ကျဖြစ်အောင် မစဉ်းစားပေးတတ်တော့ဘူး"

"ဝသုန်...ရှင်ပြုတ်ကျတော့မှာပဲ..."

"ကိုယ်...ပြုတ်မကျဘူး ခင်ပြည်သူစိတ်ချပါ"

"ဝသုန်...အထဲခဏဝင်မလား"

"အဲဒါဆို...အကောင်းဆုံးပေါ့"

ခင်ပြည်သူ တံခါးကို လူတစ်ယောက်ဝင်စာလောက် "ဟ" ပေးပြီး နောက်ဆုတ်ကာရပ်စောင့်နေလိုက်ပါသည်။ သို့သော်...ဝသုန်ကဝင်မလာ ဘဲ ပြတင်းပေါက်ဘောင်မှာ ရပ်နေဆဲ၊ ခင်ပြည်သူကို ပြုံးကြည့်နေ ဖြစ်သည်။





"ဝသုန်...ဘာလုပ်နေတာလဲ..."

"ကိုယ်...ဝင်လာလို့မရဘူး"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ကို မင်းက...ဝင်လာခွင့်ပေးမှ ဝင်လို့ရတယ်...ဝင်လာခွင့် ပေးတယ်လို့ သေသေချာချာ မပြောမချင်း ကိုယ်...ဝင်လာလို့မရဘူး"

"အဲဒီလိုဆို...ဘာဖြစ်မလဲ"

ဝသုန် ခပ်မဲ့မဲ့ပြုံးလိုက်ရင်း သူ့လက်တစ်ဖက်ကို ခင်ပြည်သူ၏ ပြတင်းပေါက်မှ ကျော်ဖြတ်ကာ အခန်းထဲတိုးဝင်ပြလိုက်သည်။

"ဟင်...ဟင်...အိုး...ဝသုန်...ဝသုန်...တော်ပါ မလုပ်ပြပါနဲ့ ပါပြီ...ပြည်သူသိပါပြီ ဝင်လာခဲ့ပါ...ဝသုန်ရယ်၊ ဝသုန့်ကို ဝင်လာခွင့်ပေး ပါတယ်..."

ခင်ပြည်သူ ရင်ထဲမှာ နာကျင်စွာပင် မျက်ရည်တွေဖြိုင်ဖြိုင်ကျ လျက် ဝသုန့်ကို ပြေးဖက်ပြောလိုက်မိသည်။ ဘာကြောင့်လဲဆိုတော့ လက် တစ်ဖက်ကို တိုးဝင်ပြလိုက်လျှင်ပဲ ချက်ချင်းပင် ထိုလက်ဟာ မီးတောက် လောင်ကျွမ်းသွားလျက် ဝသုန်တစ်ယောက် နာကျင်မှုလောင်ပြင်းပြမှုကို အကြီးအကျယ်ခံစားလိုက်ရ၍ ဖြစ်ပါသည်။ ဝသုန့်မျက်နှာပေါ်မှာ ပေါ်လာ သော ခံစားနာကျင်မှုကို ခင်ပြည်သူ လုံးဝကြည့်နိုင်စွမ်း မရှိတော့ပါ။ ဘာ ကြောင့်မှန်းမသိ အစမှဝသုန့်ကို ပိုပိုပြီးချစ်လာလျက် ဝသုန်တစ်ယောက် နာကျင်ထိခိုက်ပျက်စီးရမှာကို မမြင်ရက်ဆုံးဖြစ်နေခဲ့ပါသည်။

အခန်းထဲကို သူဝင်လာသောအခါမှာတော့ ခုနက မီးလောင်သွား သောအက်ရာတွေမှာ တဖြည်းဖြည်းအသားပြန်ပြည့်ပြီး မူလအသားအတိုင်း ပြန်ဖြစ်သွားတာကို ခင်ပြည်သူ အံ့သြစွာပင် တွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ဟာ လူသာမန်တစ်ယောက် မပိုင်ဆိုင်နိုင်တဲ့...စွမ်းအင်တွေရှိတယ်ဆိုပေမယ့် ကိုယ်တို့မှာ အားနည်းချက်တွေ ...ည်းရှိတယ် ... တွေ့ပြီလား ... ခင်ပြည့်သူ။ အိမ်တစ်အိမ်ထဲကို ဝင်ချင်တိုင်းဝင်လို့မရဘူး။ ခွင့်ပြုမှဝင်လို့ရတယ်...ခွင့်ပြုတယ်ဆိုတာကိုလည်း...သေသေချာချာပြော ဝင်လာလို့...ရတယ်..."

"ဝသုန်မှာ ဘာဒဏ်ရာမှ...မကျန်ခဲ့ဘူးနော်..."

"သူ့ဘာသာ အနာပြန်ကျက်ပြီး ချက်ချင်းပျောက်သွားတယ်လေ"

"ဝသုန်..."

ခင်ပြည့်သူက ဝသုန့်လက်မောင်းတွေထဲ တိုးဝင်ရင်း ခပ်တိုးတိုး ခေါ်မိသည်။ ဝသုန်က ခင်ပြည့်သူ၏ခေါင်းကို ခပ်ဖွဖွလေးပွတ်ရင်း...

"စိတ်ညစ်နေပြီလား"

ဟု မေးပါသည်။

"ဝသုန်နဲ့ ချစ်သူဖြစ်ရလို့ စိတ်မညစ်ခဲ့ပါဘူး။ အခု ... ကျွန်မ အကျဉ်းအကျပ်တစ်ခုရင်ဆိုင်နေရပြီ"

"ဘာတဲ့လဲ"

"ဝသုန်ကို...အိမ်ခေါ်လာပြီး...မိဘတွေနဲ့မိတ်ဆက်ပေးရမယ်တဲ့။ ဒါမှ မိဘကွယ်ရာမှာ ချိန်းတွေ့ပြီး လျှောက်လည်တာမျိုးတွေ မလုပ်တော့မှာ တဲ့..."

"မိဘနဲ့ လာတွေ့ဆိုလည်း တွေ့ပါ့မယ်"

"ဖြစ်ရဲ့လား...ဝသုန်ရယ်"

"ဖြစ်ပါတယ်..."

"သူတို့...ဝသုန့်အကြောင်းတွေမေးကြမှာ..."





"မေးတော့လည်း...ဖြေရမှာပေါ့"

"ဟင်...ဘယ်လို...ဘာလဲ..ဝသုန်က ပြောပြမလို့လား..."

"ဟား...ဟား...ဟား...လူတိုင်းကို ကျွန်တော် ဗန်ပိုင်းယားပါလို့တော့ လိုက်ပြောမှာတော့ မဟုတ်ပါဘူး။ မိဘဘိုးဘွား ဘယ်သူ၊ ဘယ်ဝါဆိုတာတော့ ... ပြောလို့ရပါတယ်။ ကိုယ်က ရိုင်ယန်ရဲ့မြေးအဖြစ်နေလာခဲ့ပြီးပြီ၊ အခုချိန်မှာတော့ ရိုင်ယန်ရဲ့မြစ် ဒါမှမဟုတ်...တီ...အဆင့်တော်စပ်မှုနဲ့ နေပြရမှာပေါ့"

"ဖြစ်ပါ့မလား...ဝသုန်ရယ်"

"ဟော့...ကောင်မလေး...မင်းကို ကိုယ်တစ်ခုမှာထားရဦးမယ်"

"ဘာလဲ"

"ကိုယ့်ကို ဝသုန်လို့ မခေါ်ပါနဲ့တော့..."

"ဘာဖြစ်လို့လဲ..."

"ဘာဖြစ်လို့လဲလို့မမေးနဲ့...ချစ်သူတွေဆိုရင်အချင်းချင်းဘယ်လိုခေါ်ကြလဲ"

ထိုအချိန်တွင် ခင်ပြည့်သူ၏အိပ်ခန်းတံခါးခေါက်သံ ပေါ်လာသည်။ ခင်ပြည့်သူ လန့်တုန်သွားပါသည်။

"သမီး...သမီးငယ်...ပြည့်သူ...မအိပ်သေးဘူးလား"

ကြီးကြီးဒေါ်ခင်ယမုံအသံဖြစ်နေသည်။

"ရှင်...ကြီးကြီး"

"တချွတ်ချွတ်နဲ့ ဘာလဲ...မအိပ်သေးဘူးလား...မအိပ်ဘဲ ငိုများနေသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါဘူး..."

"အိပ်တော့...အိပ်တော့...ကြီးကြီးတောင် တစ်ရေးနိုးထလာပြီ ကလေးက မအိပ်နိုင်သေးဘူးဆိုတာ သတိထားမိလို့ပါ။ ခေါင်းထဲမှာ ဘာမှ တွေးမနေနဲ့ .....အိပ်ပျော်အောင်အိပ်လိုက်။ မနက်ကျောင်းသွားရဦးမှာ ခေါင်းကိုက်နေမယ်..."

"ဟုတ်ကဲ့ပါ...ကြီးကြီး"

ဝသုန်က ခင်ပြည်သူ့နဖူးဆံစပ်လေးကို ဖျတ်ကနဲ သူ့နှုတ်ခမ်းနဲ့ထိ ငွေနမ်းကာ ပြတင်းပေါက်အပြင်ကို ပြန်ထွက်သွားလိုက်ပါသည်။

"ကိုယ်...သွားပြီနော်"

"ဝသုန်...ဘာနဲ့လာတာလဲ"

"ကိုယ့်ကားနဲ့ပေါ့"

"ကားရော..."

"လမ်းထိပ်မှာ ရပ်ထားခဲ့တယ်..."

ဝသုန်ဖျတ်ဆို ခုန်ဆင်းသွားပါသည်။ ဝသုန့်ကြည့်ရတာ ခွန်အား တွေပြည့်ပြီး သွက်လက်နေသလိုပင်။ ဘယ်က ဒေသွးကိုရလို့ သောက်သုံး ထားသလဲ...ဆိုသော မေးခွန်းက ခေါင်းထဲဝင်သွားသောအခါ ခင်ပြည်သူ့ အနည်းငယ်တော့ ကြက်သီးထသွားပါသည်။

ဝသုန် အခုချိန်မှာရော လူဆိုးလူညစ်တွေကို ဘယ်မှာလိုက်ရှာ သလဲ။ ဘယ်လိုဖမ်းယူသွေးစုပ်သလဲ။ သွေးစုပ်တဲ့အချိန်မှာ ဝသုန့်ပုံစံ ဘယ်လိုဖြစ်နေမလဲ။

ဝသုန် ဒီဘဝကြီးနဲ့ရှိနေရင် ခင်ပြည်သူနဲ့ ဝသုန်တို့ဟာ ဇာတ်ပေါင်း ပေါင်းဖက်လို့ရပါ့မလား။ ဘုရားမှန်သမျှ ဘယ်ဘုရားနဲ့မှ ထိတွေ့ရှိနိုးလို့မ





ဘုရားနဲ့ရင်ဆိုင်လို့မရ၊ ဘုရားနဲ့ဝေးရာကို ရှောင်ရှားနေရပြီး နေ့ဘက်တွေမှာ နေအောင်း အိပ်စက်နေရသူ၊ ညဘက်မှာသာနိုးထရှင်သန်လာပြီး အပြင် လောကကိုထွက်ရဲသူတစ်ဦးကို ခင်ပြည်သူ လက်တွဲရပါ့မလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၁၄)

"ကိုယ့်ဘဝက . . . လျှို့လျှို့ဝှက်ဝှက်နေမှ ဖြစ်မှာမို့ . . . ဖြစ်နိုင်ရင် . . . ခင်ပြည်သူ...ဘယ်သူ့ကိုမှကိုယ့်အကြောင်းအမှန်မပြောပါနဲ့...သူငယ်ချင်းတွေကိုလည်း...မပြောမိပါစေနဲ့၊ ကိုယ်...အားလုံးနဲ့တော့အဆင်ပြေအောင်နေပြမယ် . . . သူတို့အမြင်မှာ ကိုယ်က သိပ် weired (ဝီးရာ့ဒ်)ဖြစ်တဲ့ . . . ထူးဆန်းတဲ့ လူတစ်ယောက်အဖြစ်ပဲ . . . ရှိချင်တယ်"

ခင်ပြည်သူသည် ဝသုန္ဒအလာကို တမျှော်မျှော်လုပ်ရင် ဝသုန်ကြိုတင်မှာကြားထားတာတွေကိုတွေးနေခဲ့သည်။ ဒီနေ့ညနေမှာမိဘတွေနဲ့တွေ့ပါမည်ဟု ခင်ပြည်သူမှတစ်ဆင့် ဝသုန်ပြောထားလေရာ ခင်ပြည်သူတစ်ယောက်တစ်နေ့လုံးစိတ်အေးလက်အေးနေလို့မရဘဲ အဲဒီညနေအချိန်ကိုတစောင့်စောင့်ဖြစ်နေခဲ့သည်။

Synergy Publications

www.burmeseclassic.com

www.burmeseclassic.com



ဝသုန့်ကို Vampire တစ်ယောက်ဖြစ်မယ်ဆိုတာတော့ ဘယ်ရ ကမှ သံသယဖြစ်မယ်မထင်။ သို့သော် ဝသုန့်အမူအရာ၊ နေပုံထိုင်ပုံတွေ ဖြင့် မိဘတွေ ဘယ်လိုမှ သဘောမတူနိုင်ဘူးဆိုတာ ကြိုသိနေသည်။ ဝသုန်က သူ့အကြောင်းတွေကို လျှို့ဝှက်ထားချင်တာမို့ ခင်ပြည်သူမှာ ဝသုန့် အလိုကျပင်။

"နင်တို့ထင်သလို . . . ဝသုန်က ဖန်ပိုင်းယားလည်း မဟုတ်ဘူး။ မက်ဂျစ်ရှင်းလည်း မဟုတ်ဘူး။ စူပါနက်ထရယ်လ်ပါဝါရနေတဲ့သူလည်း မဟုတ်ဘူး။ မိုင်းထ်ရီဒါလည်း မဟုတ်ပါဘူး။ သူ့မိဘတွေ သူငယ်ငယ် ဆုံးသွားလို့ . . . လူက နည်းနည်းကြောင်နေတာပါ။ သူ့မှာ ဆွေမျိုးသားချင်း လည်း မရှိဘူး။ သူ့ ဆွေမျိုးတွေရှိတဲ့ အင်္ဂလန်ကိုလည်း သူ သွားမနေချင်ဘူး ဆိုတော့ ငယ်ငယ်ကတည်းက . . . သူ့အမွေတွေကို ထိန်းသိမ်းတဲ့ သူ့မိဘ လူယုံနဲ့ပဲ ကြီးပြင်းလာရတော့ မေတ္တာငတ်ပြီး လူက လူတောမတိုးသလို လောကကြီးကို မကျေနပ်သလိုလိုပုံစံဖြစ်နေတာပါ..."

ဟူ၍ပင် အချစ်ဆုံးသူငယ်ချင်းတွေကို အတိုက်အခံပြန်ငြင်းလို့ တဲ့အထိ ဝသုန့်ကို ကာကွယ်ပေးမိပါသည်။ သူငယ်ချင်းတွေယုံတာမယုံ ထားတော့ သူတို့ကို မရမကပင် ပြန်ငြင်းသဖြင့်

"ဒါကြောင့် သူများတွေပြောတာကြားဖူးတယ် လူတွေဟာ . . . အချစ်နဲ့တွေ့ရင် ပြောင်းလဲလာတတ်တယ်တဲ့ . . .။ ငါတို့ရဲ့ ပြည်သူလည်း အရင်က ခပ်အေးအေး မြုံစိစိနဲ့ . . . ဘယ်သူနဲ့မှ အတိုက်အခံမလုပ်ဘဲ . . . ဘယ်သူက ဘာပြောပြော ခေါင်းညိတ်လက်ခံတတ်တဲ့သူအဖြစ်ကနေ အ တော့ သူချစ်သူအတွက် တစ်ခွန်းမခံ ပြန်ရှင်းရဲနေပြီ..."





အောင်သစ်က အခြောက်ပီပီ ခင်ပြည်သူ၏ပြောင်းလဲသွားပုံတွေကို တဖွဲ့တနွဲ့ ဖြစ်နေပါသည်။ သီရိခင်တို့၊ ရွှေဘီတို့ကတော့ ခင်ပြည်သူ ဒီလောက်အသည်းအသန်ဖြစ်နေတာကို အံ့သြလျက်

"နင့်ကိုသဘောကျဖူးတဲ့သူတွေထဲမှာ...ဝသုန်ကထူးထူးခြားခြား ပြီး ရုပ်ချောနေတဲ့သူတော့ မဟုတ်ပါဘူး။ ဒါပေမယ့် . . . နင်က သူ့ကို . . . အရမ်းချစ်သွားတယ်နော်...နင်တို့တွေကြာတာ သိပ်တောင်မကြာသေးဘူး။ ရည်းစားဖြစ်တာလည်း မြန်လိုက်တာ။ ဒါပေမယ့် နင် သူ့ကို . . . အရမ်းချစ် သွားတဲ့ပုံစံက အရင်ထဲက . . . ကွဲကွာနေတဲ့ချစ်သူကို ပြန်တွေ့ရလို့ မခွဲနိုင် လောက်အောင်ချစ်နေတဲ့ပုံစံမျိုး"

သီရိခင်ကတော့ အတိအကျကို အကဲခတ်ဝေဖန်ပါသည်။ ရွှေဘီကတော့ မကျေမနပ်ဖြင့်...

"သူ့ကို ငါက ဖန်ပိုင်းယားလို့ကိုထင်တာ။ ထင်တာတောင် မဟုတ်ဘူး . . .။ သေချာနေတာ ဘာကြောင့်လဲဆိုတော့ . . . သူက နေ့ဘက်မှာဆို အိမ်ထဲပုန်းနေတယ်...ညဘက်မှထွက်တယ် Black Market(ဘလက်(ခ်) မားကတ်) ဆိုတဲ့ တရားမဝင် ရောင်းဝယ်နေတဲ့ ဈေးကွက်နဲ့ ဆက်သွယ်တယ်။ ငွေလိုလို့ ကိုယ့်ရဲ့သွေးတို့ . . . ခန္ဓာကိုယ်ထဲက အစိတ်အပိုင်းတို့ကို . . . ရောင်းစားနေရတဲ့ ဆင်းရဲတဲ့သူတွေဟာ အဲဒီ ဘလက်(ခ်)မားကတ်နဲ့ ဆက်သွယ်ပြီး သူတို့ရောင်းချင်တာတွေ ရောင်းရတယ်လေ။ ဝသုန်က ဘာကြောင့်...ဘလက်(ခ်)မားကတ်နဲ့ ဆက်သွယ်ရလဲ...သူက ဒီလောက် ချမ်းသာနေတာ။ သူဟာ...အဲဒီဈေးကွက်ကနေ...သူလိုချင်တဲ့ တစ်ခုခုကို ဝယ်နေတာပဲဖြစ်မယ်'. . . ငါ့အထင်တော့ သူသောက်ဖို့ ကိုဝယ်ဝယ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ရှဘီဆီက ကြားရသော သတင်းအသစ်ကို ငြိမ်၍နား ထောင်မိကြသည်။ ခင်ပြည်သူ့ရင်ထဲမှာတော့ မုန်တိုင်းထန်သွားပါသည်။ ဝသုန်ဟာ ပိုက်ဆံပေးပြီး လူတွေရဲ့သွေးကိုများ ဝယ်နေသလား။

"ဒါ့ပြင်မဟုတ်...ဝသုန်က...ဘလက်(ခ်)မားကတ်ကို ဦးဆောင်တဲ့...ဂိုဏ်းခေါင်းဆောင်ကြီးလည်းဖြစ်နိုင်တယ်"

ခင်ပြည်သူမှာ ကြံကြံဖန်ဖန်တွေးပြီး ဝင်ပြောသော အောင်သစ်ကိုပင် ကျေးဇူးတင်ချင်သလိုဖြစ်သွားပါသည်။ ဝသုန့်ကို လူဆိုးကြီးပဲထင်ထင် ဂိုဏ်းစတားပဲ ထင်ထင်၊ ဆင်းရဲတဲ့သူတွေကို မတရားအနိုင်ကျင့်ပြီး ရောင်းဝယ်ဖောက်ကားစီးပွားရှာနေတဲ့သူပဲ ထင်ထင်၊ ထင်ချင်သလို ထင်ကြပါစေ အဲဒီလိုထင်တာကိုပင် ဖြစ်စေချင်သည်။ ဇန်ပိုင်းယားလို့ သံသယမဖြစ်ခဲ့ပြီးရော။ ခင်ပြည်သူ့ အချစ်စိတ်ဟာ အဲဒီလောက်တောင် တစ်ဖက်စွန်းရောက်နေတော့သည်။

"တော်တော်တောင် မှောင်နေပြီ...ညည်းအကောင် မလာသေးဘူးလား"

မေမေ့အသံကြောင့် ခင်ပြည်သူ လန့်သွားပါသည်။ ဟုတ်ပါရဲ့။ ခုနစ်နာရီတောင်ထိုးတော့မယ်။ နေဝင်စပြုနေပြီပဲ။ ဝသုန် လာတော့မှာပါ။ ဒါပေမယ့် လူကြီးမိဘတွေအတွက်ကျတော့ မိန်းကလေးအိမ်ကို မှောင်မှ လာရသလားဆိုတဲ့ အပြစ်တင်မှုတွေတော့ ရှိနေမှာပဲ။ ခင်ပြည်သူ ငြိမ်၍နားထောင်နေမိသည်။

"တစ်နေကုန် မအားရအောင်...သူက ဘာလုပ်လို့လဲ...ဘာအလုပ်လုပ်နေလဲ"

"ပြည်သူ...မသိဘူး မေမေ"





"ကောင်းရော...ရည်းစားနဲ့ ညှိနှိုက်တဲ့အထိတော့ လည်တတ်တယ်..။ သူ အခု ဘာအလုပ်အကိုင် လုပ်နေသလဲတောင် မမေးထားဘူး..။ မိဘအမွေတွေထားခဲ့တယ်ဆိုတိုင်း အဟုတ်ကြီးထင်ပြီး ယုံနေ၊ အထင်ကြီးနေတာကိုး"

"ဟော...ဝသုန်လာပြီ"

ခင်ပြည်သူ ဝမ်းသာအားရ ပြောလိုက်မိ၏။ ဝသုန့်ကားလေး ခြံရှေ့မှာ ရပ်လိုက်တာကိုမြင်ရမှ ခင်ပြည်သူ့ရင်ထဲ အေးသွားပါသည်။ ဝသုန် နေဝင်တာကို စောင့်နေပြီးမှ ထွက်လာရတယ်ဆိုတာ ခင်ပြည်သူသိပါသည်။

ပေါ်တီကိုအောက်တွင် ဝသုန့်ကားရပ်သောအခါ ခင်ပြည်သူ တံခါးဝမှာရပ်၍ ကြိုမိသည်။ ဝသုန်က ကားတံခါးကို အပေါ်တွန်းတင်ဖွင့်လိုက်သည်။ ဆံပင်တွေကို နောက်လှန်ဖြီးထားကာ သပ်သပ်ရပ်ရပ်ဖြစ်အောင်ပြင်ဆင်ထားသော ဝသုန့်ပုံစံအသစ်ကို ခင်ပြည်သူငေးသွားပါသည်။ အရင်ကတော့ ဆံပင်ခွေဟာ မျက်နှာတစ်ခြမ်းကို ကွယ်လုမတတ် အီမိုပုံစံဖြစ်နေတာ မဟုတ်လား။ဒီနေ့တော့ ဂျဲလ်များများနဲ့ ပြောင်တင်းနေအောင် နောက်လှန်ဖြီးထားပုံကြောင့် အသွင်တစ်မျိုးဖြစ်နေသည်။

"ဟိဟိ...ပုံစံထူးခြားပါတယ် ထင်နေတာ"

"မလှဘူးလား"

"တစ်ခါမှ...ပုဆိုးပတ်တာ မမြင်ဖူးဘူးလေ"

ဝသုန်က ရှပ်အင်္ကျီအဖြူစင်းနဲ့ ဆိပ်ခွန်ပုဆိုးခရမ်းရင့်ရောင်တို့ကိုသည်း ဝတ်ဆင်လာခဲ့လေရာ ဖြူသောအသားအရေတို့က ပို၍ဖြူဖွေးသွားဘာ သန့်ပြန့်နေသည်။ မီးခိုးရောင် ဖျော့ဖျော့မျက်ဝန်းတွေနှင့် ဝသုန်သည်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်မှာပဲဖြစ်ဖြစ် ခင်ပြည်သူ့ကို အမြဲ ညှိုနှင်ဆွဲဆောင်နိုင်လွန်းလှပါသည်။

"ခဏထိုင်ဦးနော်...ဖေဖေတို့ကို သွားခေါ်လိုက်ဦးမယ်"

တကယ်တော့ ဖေဖေတို့က ဝသုန်ရောက်နေတာမြင်ပြီးနေပေမယ့် လူကြီးပီပီ ထွက်မလာသေးဘဲ ခင်ပြည်သူ လာအခေါ်ကိုသာ စောင့်နေကြတာဖြစ်ပါသည်။

"ဖေဖေ...မေမေ...ဝသုန်ရောက်နေပါပြီ..."

ခင်ပြည်သူနဲ့အတူ ဖေဖေ၊ မေမေ၊ ကြီးကြီးဒေါ်ခင်ယမုံတို့ ဧည့်ခန်းဆီ ပြန်ထွက်လာသည်။ ကိုကြီး ရန်နောင်မျိုးကတော့ အိမ်မှာမရှိပါ။ ရှိရင်လည်း ထွက်တွေ့မယ့်အထဲတွင် သူ ပါမယ်မထင်။ စတွေ့ကတည်းက မျက်နှာကြောမတည့်ခဲ့သောဝသုန့်ကိုမျက်နှာချင်းမဆိုင်ချင်ဟုပြောထားပါသည်။ လူကြီးတွေထွက်လာတော့ ဝသုန် အလိုက်တသိပင် မတ်တတ်ထရပ်လိုက်သည် သူ ဒီလိုလုပ်တာမြင်တော့ ခင်ပြည်သူ ရင်ထဲမှာ အေးသွားပါသည်။ လူ့ပတ်ဝန်းကျင်နဲ့ကင်းကွာပြီး အဆက်အသွယ်သိပ်ရှိခဲ့သူ မဟုတ်လို့ ဝတ္တရားတွေ၊ အလေးထားမှုတွေကို သူ ထိတွေ့ကျွမ်းဝင်ပါ့မလားရယ်လို့ စိတ်ပူနေခဲ့ရတာ။

"ထိုင်ပါ...ထိုင်ပါ"

"ဟုတ်ကဲ့...ခင်ဗျာ"

"ဒီလောက်ညနေစောင်းမှ လာနိုင်တယ်ဆိုတော့...တစ်နေကုန် အလုပ်များနေလို့လား။ ဘာအလုပ်လုပ်သလဲ...။ လူက...သမီးတို့နဲ့ မတိမ်းမယိမ်းအရွယ်လေးဆိုတော့...ပညာသင်နေဦးမယ်ပဲ ထင်တာ"





ဖေဖေက ချက်ချင်းပင် မေးခွန်းတွေ စတင်တော့လေသည်။

"ကျွန်တော်...အဝေးသင်တက်နေဆဲပါပဲ ခင်ဗျာ...။ ဒီနေ့ မအားတာက ကျွန်တော် ပြန်ရောင်းမယ့် အိမ်ကိစ္စအေးဂျင့်နဲ့ချိန်းပြီး...စီစဉ်စရာလေးတွေ စီစဉ်နေရလို့ပါ"

"အိမ် အရောင်းအဝယ်လုပ်တာလား"

"ဟို...အဲဒီသဘောပဲ ဖြစ်မယ်ထင်ပါတယ်။ အိမ်အလုံးလိုက်ဝယ်ပြီး အသေအချာပြန်ပြင်ဆင်...ဆေးသုတ်ပြီးပြန်ရောင်းတဲ့အခါလည်း ရောင်းပါတယ်။ တချို့မြေကွက်အလွတ်တွေ တွေ့လို့ သဘောကျရင်လည်း မြေကွက်ဝယ် ကိုယ့်ဘာသာ အိမ်ပြန်ဆောက်ပြီး ရောင်းတာလည်း ရှိပါတယ်..."

"စီးပွားဖြစ်လုပ်တဲ့ သဘောပေါ့"

"ဟုတ်ကဲ့...ကျွန်တော့်မိဘတွေမရှိတော့တဲ့အခါကျတော့ သူတို့ထားခဲ့တဲ့ အမွေတွေကို မပျောက်ပျက်ပဲ တိုးလာအောင်လုပ်တဲ့ အလုပ်သဘောမျိုးပါပဲ။ တခြားစီးပွားရေးလုပ်ငန်းတွေကျတော့ ကျွန်တော်လည်း သိပ်နားမလည်တာနဲ့ ဝင်မတိုးရဲဘူး။ ဒါကြောင့် ခုလောလောဆယ်...အဲဒီအလုပ်ပဲ လုပ်ကိုင်နေတဲ့ သဘောပါပဲ"

ခင်ပြည်သူမှာ ဝသုန်ဒီလိုမျိုးတွေ စီကာစဉ်ကာပြောတတ်လိမ့်မည်ဟုလည်း မျှော်လင့်မထားလေရာ အဆင်ပြေလှသော ဝသုန့်စကားတွေကြောင့် ဖေဖေ့မျက်နှာကို တကြည့်ကြည့်လုပ်ပြီး အကဲခတ်နေမိသည်။ ယဉ်ကျေးစွာစကားပြောတတ်ပြီး လူငယ်ပေမယ့် စီးပွားရှာကြံတတ်သားပဲဆိုသော အတွေးတွေ ဖေဖေ့မျက်နှာမှာ ပေါ်နေသဖြင့် ခင်ပြည်သူ ဝမ်းသာနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေက ဘယ်လိုဆုံးကုန်တာလဲ"

မေမေက ဝင်မေးတော့ ဝသုန်က အေးဆေးတည်ငြိမ်စွာပင်

"မာမီက ဖွေးရာပါ နလုံးအားနည်းတဲ့ရောဂါအခံရှိပါတယ် . . ။ ကျွန်တော့်ကိုတောင် မနည်းရအောင် မွေးထုတ်ခဲ့တာလို့ ပြောပါတယ် . . ။ နောက်တော့ နလုံးရောဂါအခံနဲ့ပဲ ဆုံးသွားပါတယ်"

"ဩော် . . . ဩော် . . . စိတ်မကောင်းစရာကွယ် . . ။ မင်း အမေကို မင်းမှတ်မိလိုက်ရဲ့လား"

ကြီးကြီးက သနားဂရုဏာသက်ဟန်ဖြင့် မေးပါသည်။

"မှတ်မိပါတယ် . . ."

"ဒါဖြင့် အဖေကရော . . . သမီးပြောတော့ ဆရာဝန်ဆို ဟုတ်လား"

"ဟုတ်ကဲ့ . . . ဒက်ဒီက ဆရာဝန်ပါ . . . ဒက်ဒီကတော့ ကျွန်တော် တော်တော်ကြီးမှ ဆုံးတာပါ"

"ဘာရောဂါနဲ့လဲ"

"အစာအိမ်ရောဂါနဲ့ပါ . . ."

"ဆရာဝန်ကိုယ်တိုင်က . . . ကိုယ့်မှာ အစာအိမ်ရောဂါရှိရက်နဲ့ . . . ဂရုတစိုက်မရှိခဲ့ဘူးလား"

"ဟ . . . ဩော် . . . ယဉ်မေရယ် . . . မင်းပြောပုံကလည်း . . . ဆရာဝန် ပေမယ့်လည်း ရောဂါအခြေအနေက သိပ်ဆိုးနေရင် သူကိုယ်တိုင်လည်း သူ့ကိုယ်သူ ဘယ်ကယ်နိုင်ပါ့မလဲကွယ်"

ဖေဖေက အားနာဟန်ဖြင့် ဝင်ပြောတော့မှ မေမေ့မျက်ခုံးတွေ နည်းနည်းလျော့တော့သည်။

"မင်းက ဒက်ဒီ၊ မာမီခေါ်တယ်နော် . . . မင်းတို့က ဘာလူမျိုးပါလိမ့်





င်းကြည့်ရတာ မြန်မာစစ်စစ်တော့ ဟုတ်ဟန်မတူဘူး။ အသားတော်တော် ဖြူတာပဲ"

"ကျွန်တော် အိုင်းရစ်(ရှ်)သွေးစပ်ပါတယ် . . . ဒက်ဒီဘက်ကပါ . . . မာမီဘက်မှာလည်း . . . အင်္ဂလိပ်(ရှ်)သွေးစပ်ပါတယ် . . . ကျွန်တော့်မိဘတွေ ကတော့ . . . ကက်သလစ်တွေပါ . . ."

"ဩော် . . . ဒါဖြင့် မင်းလည်း ခရစ်ယာန်ဘာသာဝင်ပဲပေါ့"

"အဟင်း . . . အဲဒီလိုတော့ မဟုတ်ပါဘူး . . ."

"ဘယ်လို . . ."

ဝသုန်မှာ ဒီကိစ္စမှာတော့ မညာချင်သလိုဖြစ်ပြီး အသင့်တော်ဆုံး တစ်ခုကိုရွေးပြောဖို့စဉ်းစားထားပါသည်၊ သူဟာ မိဘတွေရှိစဉ်က Sunday ဆန်းဒေးတိုင်း ချာ့ချ်မှန်မှန်တက်သော အစာတစ်ခုခုမစားမီမှာ ဘုရားသခင် ရဲ့ ကျေးဇူးတော်ကို သိတတ်စွာ ရေရွတ်တတ်သော ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးဖို့ မမေ့သော ဘာသာတရားကိုင်းရှိုင်းပြီး စည်းကမ်းကြီးလှတဲ့ အသာတွေ စစ္စတာတွေ လက်အောက်မှာ ကြီးပြင်းခဲ့ရသော ခရစ်ယာန် ဘာသာဝင်ကောင်း တစ်ဦးဖြစ်ခဲ့ရတာကို မမေ့။ သို့သော် သူ့ဘဝဟာ အပြောင်းအလဲတွေကြောင့် ဘုရားသခင်ကို ရင်မဆိုင်ရဲသော ဘုရားနဲ့ ဆန့်ကျင်သော မိစ္ဆာနတ်ဆိုးတစ်ကောင်ဘဝ ရောက်ခဲ့ရသည်မို့ သူ့ဘဝ သက်တမ်းအတော်များများဟာ ဘုရားကိုရှောင်နေခဲ့ရသူ ဖြစ်ခဲ့လေသည်။ ဒီတော့ သူဟာ သူ့ကိုယ်သူ ခရစ်ယာန်ဘာသာဝင် တစ်ယောက်ဆိုတာ လည်း လိမ်လည်မပြောရဲသလိုဖြစ်နေသည်။

"ဒီလိုပါ . . . မိဘတွေမရှိတော့တဲ့အခါကျတော့ ဒက်ဒီ့ လူယုံကြီးက ဲ . . . ကျွန်တော်အသက်ဆယ်ရှစ်နှစ်ပြည့်တဲ့အထိ ခေါ်ယူစောင့်ရှောက်ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်။ အမွေတွေလည်း ထိန်းပေးခဲ့ပါတယ်။ သူကတော့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ။ သူ့အိမ်မှာ နေပြီး သူနဲ့အတူတူပဲ အရွယ်ရောက်တဲ့အထိ နေလာရတော့ ကျွန်တော်လည်း ချာရှုံသွားတာတွေ၊ ဘာတွေ သိပ်မရှိတော့ဘူး။ အဲဒီလိုပဲ သူကိုးကွယ်တဲ့ ဗုဒ္ဓဟာလည်း ကျွန်တော့်အတွက် မသက်ဆိုင်သလိုဖြစ်နေတော့ ဗုဒ္ဓကိုလည်း . . မကိုးကွယ်ဖြစ်ခဲ့ပါဘူး။ ဒါကြောင့် ခုလောလောဆယ် . . . ဘယ်ဘာသာကိုမှ သေသေချာချာ မကိုးကွယ်ဖြစ်သလိုဖြစ်နေတာမို့ပါ"

ဝသုန် ရှည်ရှည်ဝေးဝေး ဇာတ်လမ်းဆင်ပြောရပေမယ့် သူ့စကားထဲမှာ ဗုဒ္ဓလို့ သုံးနှုန်းရတဲ့အခါတိုင်း သူကိုယ်သူ သေးငယ်သိမ်နုပြီး အစပျောက်သွားသလို ခံစားလိုက်ရကြောင်း သတိထားမိလျှင် တော်တော်လန့်သွားပါသည်။ ဘုရားဆိုရင် မည်သည့်ဘုရားနဲ့မှ ရင်မဆိုင်ရဲသော သူ့ဘဝကို သူဝမ်းနည်းလာသည်။ Jesus (ဂျီးဇက်(စ))ကိုလည်း ရင်မဆိုင်ရဲ၊ ဗုဒ္ဓကိုလည်းမော်မကြည့်ရဲသောသူ့ဘဝထဲကိုသူချစ်ရသောမိန်းကလေးကို ဆွဲခေါ်မည်ဆိုလျှင် ဒါဟာ တရားပါ့မလား။ သူကလေးကို ချစ်ရာရောက်ပါ့မလား။ ဝသုန့်ခေါင်းထဲတွင် စဉ်းစားစရာတွေ ပုံလာသောအခါ...

"ဒီလိုလည်း ဘယ်ဟုတ်မလဲ . . .။ လူတစ်ယောက်မှာ ကိုးကွယ်ယုံကြည်စရာ ဘာသာတရားတော့ ရှိရမယ် . . .။ ဘာသာတရားရဲ့အဆုံးအမကြောင့်ပဲ လူတွေဟာ လိမ္မာယဉ်ကျေးပြီး . . . ကောင်းတာလုပ်ဖို့ စိတ်အားသန်လာကြတာ။ ဘာသာတရားမဲ့တဲ့သူဆိုတာဟာ ကမ္ဘာဦးအစက လူသားအရိုင်းတွေပဲရှိတယ် . . . မောင်ဝသုန်ရဲ့ မင်းကို ဗုဒ္ဓပဲ ကိုးကွယ်ပါလို့လည်း မတိုက်တွန်းဘူး။ အဲဒီလိုပဲ မိဘက ခရစ်ယာန်မို့ ခရစ်ယာန်လုပ်ပါလို့လဲ—





အကြံမပေးဘူး။ ကိုယ့်ဘာသာ စဉ်းစားဆင်ခြင်ပြီး ကိုယ်ဘာကို အယုံကြည်ဆုံးလဲ...ဘယ်ဘာသာတရားဟာကောင်းရာမွန်ရာကိုအညွှန်နိုင်ဆုံးဖြစ်ပြီး ကိုယ်နဲ့သင့်တော်မလဲဆိုတာ ရွေးပါ..."

"ဟုတ်ကဲ့...အန်ကယ်လ်"

"ဒါနဲ့... ခုလောလောဆယ်...မင်းက ဘယ်သူနဲ့နေ နေလဲ"

"ကျွန်တော့်မှာ ဆွေမျိုးသားချင်းနည်းပါတယ် အန်တီ၊ ကျွန်တော် ဆယ်ရှစ်နှစ်ပြည့်လို့ အမွေလက်ခံရပြီးကတည်းက ကျွန်တော်တစ်ယောက်တည်းပဲ နေပါတယ်"

"လူယုံဆိုတဲ့...သူကရော..."

မေမေကတော့ မရမကကို စစ်ဆေးမေးမြန်းချင်ဟန်ဖြင့် အငြိမ်နေသည်။

"သူက...လူပျိုကြီးပါအန်တီ...။ ကျွန်တော့်အမွေတွေလွှဲပြီးတာနဲ့ သူ တရားအားထုတ်တော့မယ်ဆိုပြီး စစ်ကိုင်းဘက် ထွက်သွားပါတယ်"

"အေးလေ...ဘာပဲဖြစ်ဖြစ် ကိုယ့်ကို စောင့်ရှောက်ခဲ့တဲ့သူ၊ ကိုယ့်အပေါ်သစ္စာရှိတဲ့သူဆိုတော့ ...စစ်ကိုင်းထွက်သွားပြီဆိုတာနဲ့ အဆက်အသွယ်ဖြတ်မထားသင့်ဘူးပေါ့...။ ခင်ရာဆွေမျိုးဆိုတဲ့စကားလည်းရှိတယ် သေဆွေမျိုးတစ်ယောက်အနေနဲ့ . . . စောင့်ရှောက်သင့်သလောက် စောင့်ရှောက်ပေါ့..."

"ဟုတ်ကဲ့ပါ...ခင်ဗျာ"

ထိုနေ့က တွေ့ဆုံမှုသည် အဆင်ပြေသည်လည်းမဟုတ်၊ မပြေဘူးလည်းမဟုတ်။ လူကြီးမိဘတွေမေးသမျှ ဖြေ၊ ဆုံးမစကားတချို့နားထောင်ရင်းသာအချိန်ကုန်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ကဲ . . . မင်းလည်း ပြန်ချင်ရင် ပြန်လို့ရပြီ ဟုတ်လား . . .။ အချိန်လည်းလင့်နေပြီ . . . သမီးကိုတွေ့ချင်တယ် . . . စကားပြောချင်တယ် ဆိုရင် အိမ်မှာလာတွေ့လို့ရတယ်။ ဟိုခေါ် . . . ဒီခေါ်တာတို့ ညဉ့်နက်တဲ့ထိ အပြင်ခေါ်ပြီး လည်တာတို့မလုပ်နဲ့တော့ပေါ့။ အပြင်ထွက်လည်ချင်ရင် . . . မိဘတွေကိုလဲ လာခွင့်တောင်းပါ...။ ရှေးပင်းမောလ်တို့လိုလူသူစည်ကားတဲ့ နေရာမျိုး အတူတူတွဲသွားတာလောက်တော့ . . . ဦးလည်း ခွင့်ပြုပါတယ် . . .။ မမြင်ကွယ်ရာတွေ လျှောက်သွားတာတော့ မလုပ်ပါနဲ့။ ဒီမိန်းကလေးအပေါ် မေတ္တာရှိတယ်ဆိုရင် သူ့သိက္ခာကို ထိခိုက်စေမယ့် အပြုအမူမျိုး မလုပ်မိပါ စေနဲ့ . . ."

ဟူသော သတိပေးစကားကို နောက်ဆုံးပြောပြီး အိမ်ပြန်နိုင်းလေသည်။ ဝသုန်တစ်ယောက် ချစ်သူ့မျက်နှာကိုတောင် သေသေချာချာကြည့်ပြီး မနှုတ်ဆက်ခဲ့ရဘဲ ပြန်ခဲ့ရလေသည်။

ခင်ပြည်သူ့အိမ်က ပြန်လာပြီးသောအခါ ဝသုန်သည် စိတ်အားငယ်ကြေကွဲစွာပင် မိဘနှစ်ပါး၏ဓာတ်ပုံရှေ့ထိုင်ပြီး မျက်ရည်ကျမိတော့လေသည်။ ဘာကြောင့် စိတ်အားငယ်မိမှန်းမသိ စိတ်အားငယ်ရခြင်းမှာ သူ့လို ဝန်ပိုင်းယားတစ်ယောက်အတွက် ဖြစ်လေ့ဖြစ်ထမရှိသော စိတ်ခံစားချက် ဖြစ်သည်။ ဝန်ပိုင်းယားတွေဟာ အရာရာကိုလွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိသော စိတ်စွမ်းအင်တစ်မျိုးလည်း ပိုင်ဆိုင်သလို ဘယ်အရာကိုမှ အကြောက်အလန့်မရှိ၊ စိုးရွံ့ခြင်းမရှိ ရဲရဲဝံ့ဝံ့ရင်ဆိုင်ရဲသောသတ္တိလည်းရှိသည်။ မည်သည့် အခါမှလည်း စိတ်အားငယ်ဝမ်းနည်းတတ်ခြင်းမရှိခဲ့သော စိတ်ခံစားချက်လည်း ပိုင်ဆိုင်ထားတတ်သည်။





သို့သော်ဝသုန်ကတော့ သူ့ကိုယ်သူစိတ်အားငယ်ခြင်း၊ သူ့ဘဝသူ သိမ်ငယ်ခြင်းတွေဖြင့် မျက်ရည်ကျတွေဝေနေသော ဝန်ပိုင်းယားတစ်ဦးဖြစ်နေခဲ့ပြီတည်း။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

# (၂၀)

ခင်ပြည်သူ အိမ်ထဲဝင်လာသောအခါ အိမ်ရှေ့မှာ ဘယ်သူမှမရှိကြ၍ အပေါ်ထပ်ရှိအခန်းကိုတန်းပြီး တက်မလို့ပြင်လျှင် ထမင်းစားခန်းဆီမှ အသံသဲ့သဲ့ကြားသဖြင့် အသာဝင်လာခဲ့ပြီး နားစွင့်မိသည်။

"ကလောမှာရှိတဲ့...အသိမိတ်ဆွေတွေကိုမေးကြည့်တော့လည်း ဒေါက်တာ ဟယ်ရီသော(မ)ဆင်(န်)နဲ့ ဒေါ်နန်းကြည်ကြည်သော(မ)ဆင်(န်) ဆိုတာ ကြားတောင်မကြားဖူးဘူးတဲ့ . . . လွန်ခဲ့တဲ့ ဆယ်နှစ်၊ အနှစ်နှစ်ဆယ် ထဲက နေခဲ့တဲ့ မိတ်ဆွေတွေကိုလည်း မေးကြည့်ဖူးတယ်တဲ့၊ ဘယ်သူမှ . . . ဒီနာမည်ကို မသိကြဘူး ပြောတယ်၊ ဟိုကောင်လေးရဲ့အမေဟာ ရှမ်းစော်ဘွားအနွယ်ပဲ...ဘာကြောင့် မသိစရာရှိလဲ..."

မေမေ့အသံသဲ့သဲ့ကြောင့်ခင်ပြည်သူမှာအသက်တောင်ရဲရဲမရှူရဲသလိုဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာမစစ်တာလည်း...တစ်ချက်ဖေ့ါလေ။ပြီးတော့...ဘာသာမဲ့နေတာလည်း တစ်ချက်ဖြစ်နေတယ် ...၊ ဘာသာတရားရဲ့အဆုံးအမ မရှိဘူး။ သူ့...ကြည့်ရတာ...ဘုရားအကြောင်းစကားထဲ ထည့်ပြောရတာကိုစိတ်ထဲမှာ မဝံ့မရဲဖြစ်နေပုံဖြစ်နေတယ် ...တစ်မျိုးပါပဲ ...စိတ်ထဲမှာ မသိမသန့်နဲ့ခံစားရတယ်...ဒီကောင်လေးကို ကြိုက်ကိုမကြိုက်ဘူး"

ကြီးကြီးအသံကို ဆက်ကြားရပြန်သည်။

"သားကြီးကတော့ လုံးဝကိုမယုံလို့...အဲ့ဒီကောင်လေးအိမ်နဲ့ပတ်ဝန်းကျင်တစ်ဝိုက်ကို လိုက်စုံစမ်းနေတယ်..။ သူ့ သိရသလောက်ကတော့-အဲဒီကောင်လေးဟာ မကောင်းမှု ဒုစရိုက်တစ်ခုခုလုပ်တယ် ထင်တယ်တဲ့၊ နေပုံထိုင်ပုံက အရမ်းလျှို့လျှို့ဝှက်ဝှက်နဲ့ ပတ်ဝန်းကျင်နဲ့လည်း အဆက်အသွယ် မရှိဘူးလို့ ပြောတယ်။ တစ်နေကုန်လည်း ဘယ်မှ မထွက်ဘူး။ ညကျမှ ...အပြင်ထွက်ထွက်လာတယ်တဲ့ ...ညကျမှ အပြင်ထွက်ရအောင်သူမှာ ဘာအလုပ်လုပ်စရာရှိလို့လဲ"

ခင်ပြည်သူ ပို၍ ရင်ထိတ်သွားပါသည်။

"သူ့အိမ်ကြီးကလည်း ခြံကျယ်ပြီး သစ်ကြီးဝါးကြီးတွေနဲ့ အုပ်ဆိုင်းနေတယ်တဲ့။ တိုက်က အိုပြီး ဟောင်းနေသလို ဘာမှပြုပြင် ပြင်ဆင်ပုံလည်း မရဘူး။ တစ်အိမ်လုံးလိုက်ကာတွေနဲ့ ပိတ်ပြီး ပတ်ဝန်းကျင်နဲ့ အဆက်အသွယ်ဖြတ်ထားတဲ့ ပုံစံမျိုးဆိုတော့ ဘယ်သူပြောနိုင်မလဲ။ အိမ်ထဲမှာ တိုးတိုးတိတ်တိတ်မှူးယစ်ဆေးဝါးရောင်းဝယ်နေတာတို့၊ မကောင်းမှုရှာလုပ်နေတာတို့ဖြစ်နိုင်တာပဲ"

"ဟုတ်တယ် ...ယဉ်မေ ...ဒီခေတ်ကြီးထဲမှာ ဘယ်သူ့ကိုမှ အလွယ်တကူယုံလို့မရဘူး။ ညည်းပြောသလိုဆို သူ့မိဘနာမည်တော





သိတဲ့သူမရှိဘူးဆိုတော့ ...ဒီနာမည်ပိုင်ရှင်တွေဟာ တကယ်ရောရှိရဲ့လား။ ဒုပဲ လုပ်ကြံပြောသလား ...စဉ်းစားစရာ..."

"ကလောမှာ နေခဲ့တယ်ဆိုတာရော ...ဖြစ်နိုင်ရဲ့လား။ စဉ်းစားမယ် မမရဲ့"

"သမီးလေးနယ် ...ကိုယ်နဲ့တန်းတူရည်တူတွေ့နေ၊ မြင်နေကျ...ကောင်လေးတွေထဲက တစ်ယောက်ယောက်နဲ့ ရည်းစားဖြစ်လိုက်ပါတော့ဘား။ အခုတော့ ဘယ်က ဘယ်လိုပေါ်လာမှန်းမသိတဲ့ ကောင်လေးနဲ့ရည်းစားဖြစ်ရသတဲ့။ မောင်အောင်သစ်တို့ကိုမေးတော့ ရည်းစားဖြစ်တာသိပ်တောင်မကြာသေးဘူးပြောတယ် ...ချက်ချင်းတွေ့ ...ချက်ချင်းကြိုက်အဲ့ပုံစံမျိုးမို့ သူတို့တောင် အံ့သြနေကြတယ်လေ"

"ဟုတ်တယ် မမရဲ့...မမ တူမ အကြောင်းလည်း သိသားပဲ။ သူကအသွက်သုံးယောက်ထဲမှာ အအေးဆုံး၊ အထုံဆုံး၊ ဟိုလူတွေက ရှေ့ကတက်ရင် သူကခေါင်းဆောင်နေရာဝင်ယူဖို့ စိတ်တောင်မကူးဘဲ ...ပျော်ပျော်ပါးပါးနောက်လိုက်ဘဝနဲ့ လိုက်နေချင်တဲ့ စပ်အေးအေး Type မျိုး"

"ကြောက်ကလည်း ကြောက်တတ် ...အစိုးရိမ်လည်းကြီးတတ်သေးတာ ငါ့တူမအကြောင်း ငါက ပိုတောင်သိသေး"

"အဲဒီတော့ မမ စဉ်းစားကြည့် ...အဲဒီပုံစံနဲ့လူက ချက်ချင်းရည်းစားတောက်ဖြစ် ...ရည်းစားခေါ်တဲ့နေရာ အချိန်အခါမဟုတ်ပါသွားတယ်ဆိုတာ...ခတော်တော့်ကို ပြောင်းလဲမှုပဲ"

"အဆုံးသတ်ကတော့ ငါ အဲဒီကောင်လေးကို မကြိုက်ဘူး ...။ သူ့လုံးတွေက ရိုးသားချင်ယောင်ဆောင်နေပေမယ့် မရိုးသားဘူးလို့ ...ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကြည့်ရတာ...အဲဒီကောင်ကို သိပ်စွဲလမ်းနေပုံပဲ"

"ဘယ်လို ခွဲကြမလဲ...ညည်းက အမေပါ...ညည်းစဉ်းစားပါ"

"မမလည်း ဂင်ကူစဉ်းစားပေ့ါ... ယဉ်က အမေဆိုပေမယ့် သမီးက... မမလက်ထဲမှာပဲ... ချီးကလူ၊ သေးကလူ ပြုစုစောင့်ရှောက်ပြီး ကြီးပြင်းခဲ့ရတာ။ မမက...မမွေးရုံတမယ် ဒုက္ခခံမွေးခဲ့တဲ့သူပါ"

ခင်ပြည်သူကိုမွေးပြီးမှ မေမေဟာ အသည်းရောင်အသားဝါဖြစ်ပြီး တော်တော်ကုလိုက်ရသဖြင့် မွေးခါစ နီတာရဲလေးဟာ ကြီးကြီးဒေါ်ခင်ယု လက်ထဲမှာ နို့ဘူးနဲ့ကြီးခဲ့ရတာကို ရည်ရွယ်ပြီး မေမေ ပြောနေတာဖြစ်သည်။

ခင်ပြည်သူကတော့ မေမေနဲ့ကြီးကြီးတို့နှစ်ယောက်သား ပွဲပေါင်း ပြောဆိုတိုင်ပင်နေကြသည်များကိုကြားရပြီး ခေါင်းထဲမှာပူထူနေတော့သည်။

"အကောင်းဆုံးက သူ့အဖေစီစဉ်သလို နိုင်ငံခြားပို့ပြီး ကျောင်း သွားနေနိုင်းလိုက်"

"မမရေအဲဒါလည်း...မလွယ်ဘူးထင်တယ်နော်။ ဟိုကောင်လေး ကလည်း မခေဘူး။ အိုင်းရစ်(စ)တို့၊ အင်္ဂလိပ်(ရှ)တို့ အစပ်ကပြားနော်... သူ့အမျိုးတွေဟာ အင်္ဂလန်တို့၊ ဘာတို့မှာရှိရင် ရှိမှာပဲ၊ အဲဒီကိုပို့ရင် သူ လိုက်နေမှာပဲ...စင်ကာပူ၊ မလေးရှားဆိုတာကတော့ ပြောမနေနဲ့၊ လှုတိုင်း အလွယ်တကူ အလည်သွားလို့ရနေတာ... သမီးနဲ့သူ အဆက်အသွယ် မပြတ်ရင် သူကသွားတွေ့နေမှာပဲ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"စဉ်းစားကြတာပေ့ါ...မမရယ်"

ခင်ပြည်သူ တိတ်တဆိတ်လေးပြန်လှည့်ထွက်လာပြီးလျှင် ကိုယ့် အခန်းထဲကိုယ်ဝင်ကာ ငြိမ်နေမိသည်။ ဒါကြောင့် ဝသုန်ကတော့ ပြောသား





"ခင်ပြည်သူ့အိမ်က လူကြီးတွေကြည့်ရတာ...ကိုယ့်ကို သိပ်တော့ နှစ်မြို့ကြဘူးလို့ကိုယ်ခံစားရတယ်...ကိုယ်ဘယ်လောက်ပဲအကောင်းဆုံး နေထိုင်ပြီး ဟန်ဆောင်ပြနေနေ သူတို့ကိုယ့်ကို လက်မခံနိုင်ကြပါဘူး"

ဝသုန်ပြောတော့ ခန့်မှန်းတာ မှန်လိုက်တာရယ်လို့တော့ အံ့သြနေ ရုံမလိုတော့။ ဝသုန်က တစ်ဖက်လူသားတွေရဲ့ စိတ်ခံစားချက်တွေကို ထွင်း ဖောက်မြင်နိုင်စွမ်းလည်းရှိကြောင်း ခင်ပြည်သူ သိထားရှိပြင်။

"မေမေတို့က ဝသုန့်အကြောင်းတွေ စုံစမ်းကြပြီး စိတ်တိုင်းမကျ ဘူးဖြစ်နေကြတယ်...ဝသုန်"

ညကျတော့ ဝသုန့်ဆီတိတ်တဆိတ်ဖုန်းဆက်လျှင် ပြောပြမိသည်။

"ကိုယ်သိပါတယ်...ကိုယ့်ကို ဘယ်လိုမှ လက်မခံချင်ကြဘူး"

"ဝသုန်နဲ့ ခွဲမယ်လို့ ပြောတယ်"

"ခင်ပြည်သူကရော"

"ကျုပ် ဝသုန်နဲ့ မခွဲနိုင်ဘူး"

"စွန့်စားရဲလား"

"ရှင်...ဘာကိုပြောတာလဲ...ကျုပ်နားမလည်တော့ဘူး"

"ကိုယ်နဲ့အတူတူ လိုက်ရဲလားလို့ မေးတာပါ"

အဲဒီ့ကျတော့ ခင်ပြည်သူ တွေဝေသွားပါသည်။ ငါ့အသက်က ငယ် ငယ်လေးရှိသေးတာ။ ဆယ့်ရှစ်နှစ်ဆိုတဲ့အရွယ်ဟာ ယောကျ်ားယူသင့်တဲ့ အရွယ် မဟုတ်သေးဘူး။

"ခင်ပြည်သူ့ သဘောပါ... ကိုယ်မင်းကို... မတိုက်တွန်းပါဘူး။ အတင်းလည်း မဆွဲဆောင်ပါဘူး...။ မင်း စိတ်ပါမှ ဆုံးဖြတ်ပါ... ကိုယ့်လို



www.burmeseclassic.com

www.burmeseclassic.com



သာမန်လူတစ်ယောက်အနေနဲ့မရပ်တည်နိုင်တဲ့သူကိုခင်ပြည့်သူမယုံရဲဘူး ဆိုတာ…ကိုယ်နားလည်ပါတယ်”

“မဟုတ်ဘူး…အဲဒါကြောင့် မဟုတ်ပါဘူး။ ပြည့်သူ…အသက်ဆယ့်ရှစ်နှစ်နဲ့ ဒယောက်ျားမယူချင်သေးလို့ပါ”

“ဟား…ဟား…ဟား…ကောင်မလေး တော်တော်အပျိုလုပ်ချင်သေးတယ်ပေါ့လေ”

“ဝသုန်က ရယ်နိုင်နေသေးတယ်….ဒီမှာ ကျုပ်ကဖြင့် စိတ်ညစ်နေတာ”

“ဘာမှ စိတ်မညစ်ပါနဲ့…။ သူတို့သဘောမကျလို့ အိမ်မှာလည်း… လာမတွေ့ရဘူး၊ အပြင်မှာလည်း မတွေ့ရဘူးဆိုရင် ကိုယ်ကတော့ ခင်ပြည့်သူဆီ…မရောက် ရောက်အောင် လာတွေ့လို့ရပါတယ်…”

“ဘယ်လို လာတွေ့မှာလဲ ဟင်…”

“ကိုယ်…ညတိုင်း ခင်ပြည့်သူအခန်းမှာ လာတွေ့ရင် ရတာပဲ… ညအချိန်တွေလေ…။ ပြီးတော့ ကိုယ်က ဝန်ပိုင်းယားလေ။ ဘယ်လောက်မြင့်တဲ့နေရာဖြစ်ဖြစ် ကိုယ် တွယ်တက်လို့ရတယ်…။ ပြုတ်ကျလို့လည်း မသေဘူး…ခင်ပြည့်သူ့အခန်းဆိုတာ ကိုယ့်အတွက် သိပ်မမြင့်လှပါဘူး”

“ဝသုန်…ဘယ်က ခွန်အားတွေ ရနေလဲ…။ ဘယ်သူ့သွေးတွေ အစုယူနေသလဲ ဟင်”

ဝသုန်ဟာ လူမဟုတ်တာမို့ အစားအသောက်ဆိုလည်း သိပ်မစား နိုင်။ လူရှေ့ သူ့ရှေ့မှာ ဟန်ဆောင်ပြီး စားပြနိုင်ရုံလောက်သာ စားပေမယ့် ဘယ်တော့မှ နေ့စဉ်ပုံမှန်စားသောက်တယ်ဆိုတာမျိုး မရှိဘူးဟု ခင်ပြည့်သူ သိထားပါသည်။





“ကိုယ့်အတွက် ထမင်းဟင်း စားသောက်စရာတွေဟာ ပါးစပ်ထဲမှာ ဘာအရသာ၊ ဘာခံစားချက်မှုကို မရှိဘဲ စားပြနေရတဲ့ သဘောပဲ။ တကယ်တော့…ကိုယ်အိမ်မှာဆို ဘာမှတောင် ချက်မစားဘူး။ ကိုယ့်ပါးစပ်ထဲမှာ တကယ်အရသာရှိတဲ့အရာကတော့ လူတစ်ယောက်ရဲ့သွေးတွေပဲ ဖြစ်နေတယ်”

ဟူ၍ ဝသုန်ပြောပြထားသောကြောင့် ခင်ပြည့်သူ အမှတ်ရနေသည်။

“တိရစ္ဆာန် တစ်ကောင်ရဲ့သွေးကို သောက်ရရင် ကိုယ့်အတွက် အဲဒါဟာ ရေတွေသောက်နေရသလိုပဲ ဘာခွန်အားမှလဲ မဖြစ်ဘူး အရသာလည်းမပြေဘူး။ လူ့သွေးကမှ ကိုယ့်အတွက် အသက်ဆက်ရှင်ဖို့ ခွန်အားဖြစ်စေတယ်”

ဆိုသော ဝသုန် အခုချိန်မှာ ဘယ်ကသွေးတွေရနေသလဲ။ ခင်ပြည့်သူကို သူငယ်ချင်းတွေ စုံစမ်းပေးထားတာ မှန်၊ မမှန် သိချင်၍မေးလိုက်ခြင်းသည်။

“အမြဲတမ်းတော့ လူဆိုး၊ လူယုတ်မာတွေ လိုက်ရှာနေနိုင်မလဲလေ။ လူတစ်ယောက်ဟာ တကယ်ပဲ လူဆိုး၊ လူယုတ်မာလားဆိုတာ မသေချာဘဲနဲ့ ကိုယ်သူ့အသက်ကို မနုတ်ယူချင်ဘူး…။ သေချာအောင် စုံစမ်းပေးလာပြီးမှ ဆုံးဖြတ်ရတာဆိုတော့ ကိုယ့်အတွက် လိုအပ်တဲ့သွေးကို အမြဲမရနိုင်ခဲ့ဘူး ခင်ပြည့်သူ”

“အဲဒီတော့…”

“ခင်ပြည့်သူ သိပြီးသားဖြစ်မှာပါ…။ တရားမဝင် အရောင်းအဝယ်လုပ်နေတဲ့ Black Market နဲ့ ဆက်သွယ်ပြီး ကိုယ်လိုချင်တဲ့သွေးကို ပိုက်ဆံပေးဝယ်မိတယ်…တကယ်တော့ ကိုယ် အဲဒီလို မဝယ်ချင်ပါဘူး…။ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ စားစရာတောင်မဝယ်နိုင်လို့ ဒီတစ်နေ့စားရဖို့ကို ကိုယ့်အသွေးအသားကို ရောင်းချနေရတဲ့ ဆင်းရဲတဲ့ သူတွေအပေါ် အနိုင်ကျင့်ရာ ရောက်တယ်လို့ ခံစားရပေမယ့် . . . ကိုယ့်မှာ အဲဒီနည်းနဲ့ ရှင်သန်ဖို့ကလွဲရင် ဘယ်နည်း မရှိဘူး ခင်ပြည်သူ . . .”

ဝသုန့်အသံမှာ စိတ်မကောင်းဖြစ်သော အသံ၊ သူကိုယ်သူ ခွင့်မလွှတ်သောအသံအဖြစ် ပြောင်းလဲကာ တိုးတိမ်နေသည်၊ ခင်ပြည်သူကို ပြောပြရတာကို သိမ်ငယ်သလို ခံစားနေရသည်။

“ဝသုန် သူတို့ဆီက အတင်းမလုယူဘူး ဗိုလ်မကျဘူးလေ . . .၊ သူတို့ကိုယ်တိုင် ကျေနပ်လို့ ထုတ်ရောင်းတာကို ပိုက်ဆံပေးဝယ်ရတာပဲ၊ ဝသုန် ဘာမှ guilty (ဂေးလ်တီး) မဖြစ်ပါနဲ့ . . . ပြည်သူ နားလည်ပါတယ် . . . ပြည်သူ့ သူငယ်ချင်းတွေက စုံစမ်းလို့ ရတာမို့ ပြည်သူ သိထားတာပါ . . .”

“မင်း . . . သူငယ်ချင်းတွေကိုတော့ တကယ်ချီးကျူးပါတယ်၊ ဖွဲ့ဖွဲ့နဲ့ ကိုယ့်နောက်လိုက်နေကြတာနော် . . .၊ အခုဆို ကိုယ့်နောက်ကို လိုက်နေတဲ့ အထဲမှာ ခင်ပြည်သူ အစ်ကိုကြီးပါ ပါနေပြီ”

ခင်ပြည်သူမှာ ဝသုန်နဲ့စကားပြောလိုက်ရ၍ ခုနက စိတ်ညစ်ညူးခဲ့ရတာတွေ ပြေပျောက်သွားကာ မေ့မေ့ပျောက်ပျောက်ဖြစ်သွားပါသည်၊

သို့သော် သိပ်မကြာသောရက်ပိုင်းအတွင်းမှာတော့ . . . ခင်ပြည်သူ လုံးဝမမျှော်လင့်ထားသော အကြောင်းအရာကို ကြားလိုက်ရသည်။

“အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးရုံဆိုတာ . . . ငယ်တော့ငယ်သေးပေမယ့်လည်း လူကောင်းသူကောင်းလေးတွေ့တုန်း . . . လက်ထပ်ပေးလိုက်တာကောင်းပါတယ်၊ သမီးကြည့်ရတာ ဟိုကောင်လေးကို တော်တော်





ကြီးစွဲလမ်းနေပုံပဲ ဘယ်လိုမှ ခွဲလို့လဲရမှာ မဟုတ်တော့ ဒီနည်းနဲ့ပဲ ခွဲပစ်ရမှာပဲ”

“ဘာလဲ . . . ဘာလဲ မေမေ . . . ပြည်သူက ဘယ်သူနဲ့လက်ထပ်ရမှာလဲ”

“သမီးကိုကြီးရဲ့ သူငယ်ချင်းထဲကပဲ . . .”

ဒီတော့ ခင်ပြည်သူ ဘယ်သူဘယ်ဝါဆိုတာ ပြေးမြင်လိုက်ပါသည်၊ ခင်ပြည်သူထက် အသက်ရှစ်နှစ်ပိုကြီးသော ကိုကြီး၏သူငယ်ချင်းများထဲတွင် ခင်ပြည်သူကို သိသိသာသာပင် သဘောကျကြောင်း၊ ချစ်ခင်မြတ်နိုးကြောင်း အမူအရာတွေနဲ့ ဆက်ဆံတတ်သူဆိုလို့ ကိုညီဇော်ပဲရှိတာ၊ ကိုညီဇော်ပုံစံက လူကြီးမိဘများ သဘောကျလက်ခံချင်စရာကောင်းသော အနေအထားအပြည့်နဲ့ပါ။

ငွေကြေးပြည့်စုံကြွယ်ဝသော မိဘနှစ်ပါးနှင့် တစ်ဦးတည်းသောသား သူကိုယ်တိုင်ကလည်း ကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့ရပြီးသူ၊ မိဘစီးပွားရေးလုပ်ငန်းတွေကို ဆက်လက်ဦးစီးလုပ်ကိုင်နေသူ . . . ဟူသောအချက်တွေအပြင် ခင်ပြည်သူကိုဆို မှတ်မိသလောက် ခင်ပြည်သူ ရှစ်တန်းရောက်ကတည်းက စတင်စိတ်ဝင်စားလာကာ ဘယ်မိန်းကလေးမှလည်း သဘောမကျတော့ဘဲ မျှော်လင့်နေသူဖြစ်နေသည်။ လူကြီးမိဘတွေအတွက်တော့ ဒီအချက်တွေဟာ သိပ်ကို သဘောကျလက်ခံစရာအချက်တွေ ဖြစ်နေတော့သည်၊

“ကိုကို ညီဇော် . . . မဟုတ်လား”

“သူကလွဲရင် . . . ညည်းကို ဘယ်သူနဲ့မှ စိတ်မချနိုင်ဘူး၊ သူလောက် အနွံအတာခံတဲ့သူ ဘယ်သူရှိဦးမလဲ၊ အခုလည်း သားကြီးက သမီး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေပြောပြလိုက်တော့ . . . မောင်ညီဇော်ကိုယ်တိုင် စိတ်မချနိုင်ဖြစ်ပြီး . . . သူကိုယ်တိုင် . . . သားကြီးဆီမှာ ခွင့်တောင်းတာပဲ၊ သားကြီးကတစ်ဆင့် ဖေဖေနဲ့မေမေတို့ကို ပြောပြတယ် . . . သဘောတူတယ် . . . လက်ခံတယ်လို့ အကြောင်းပြန်လိုက်ပြီးပြီ။ သူ့မိဘတွေနဲ့ လာမြန်းပြီးတာနဲ့ မင်္ဂလာကိစ္စစီစဉ်တော့မယ်"

"မေမေ . . . အဲဒီလို မလုပ်ပါနဲ့ . . . ပြည်သူ ငယ်ငယ်လေးရှိသေးတာ အိမ်ထောင်မပြုပါရစေနဲ့ . . ."

"ဟိုအကောင်ကြည့်ရတာ လက်သွယ်ခြေသွက်ပုံစံနဲ့ . . . လူ့ကလည်း လျှို့လျှို့ဝှက်ဝှက်ပုံစံလဲဖြစ်နေသေးတယ် . . သူမြင်ရတာအန္တရာယ်ရှိတဲ့ . . . တစ်ခုခုကို မြင်တွေ့နေရသလို စိတ်ထဲမှာခံစားရစေတာဟာ . . . ကောင်းတဲ့အချက် မဟုတ်ဘူး။ နဂိုလည်း သူ့မိဘဆွေမျိုးဆိုတာ လုံးဝကို စုံစမ်းလို့မရဘူး၊ အဲဒါတွေကို မကြိုက်တာပဲ၊ စတွေ့ကတည်းက လိမ်ညာပြီးပြောဆိုတတ်နေရင် . . . ဘယ်မှာ စိတ်ချရတော့မလဲ"

"ဝသုန် . . . ဝသုန်က နေပုံ၊ ထိုင်ပုံ သီးသန့်ပြီး ထူးခြားနေတာပါ . . . သူ့ မိဘဆွေမျိုးဆိုတာ အမှန်ပါပဲ . . . သူ လိမ်မပြောပါဘူး"

"အံမာ . . . ညည်းနဲ့ အနစ်နစ်၊ အလလ . . . သိကျွမ်းခင်မင်လာတဲ့အတိုင်း အာမခံနေလိုက်တာ . . . အဲဒီဝသုန်ဆိုတဲ့ ကောင်လေးဟာ ရုပ်ဆိုးသော အပုံစားကြီးချောမောနေတဲ့ပုံစံမဟုတ်ပေမယ့် . . . မိန်းကလေးတွေကို ဆွဲဆောင်နေတတ်တဲ့ ပုံသဏ္ဍာန်ပေါက်နေတယ် . . . မေမေ အဲဒါကို စိတ်မချတာ၊ ပုံစံက womanizer (ဝူးမင်းနိုက်ဇာ)ပုံစံမျိုး၊ မိန်းမပွေရှုပ်တဲ့ရုပ်မျိုး"

"မဟုတ်ပါဘူး . . . မဟုတ်ဘူး . . . ဝသုန်က အဲဒီလိုမျိုး မဟုတ်ဘူး"





"အမယ်လေး . . . ကာကွယ်နေလိုက်တာ . . . အပိုတွေ ပြောမနေနဲ့ အားလုံး သူ့ဟာနဲ့သူ စီစဉ်ပြီးနေပြီ . . ။ ဒီတနင်္ဂနွေကျရင် . . . ဘယ်မှထွက်ဖို့ ခေဉ်းစားနဲ့ . . . မောင်ညီဇော်နဲ့ သူ့မိဘတွေ အိမ်လာလိမ့်မယ်၊ မိဘအရှက်ကွဲမျက်နှာပျက်ရအောင်လည်း မလုပ်နဲ့"

ခင်ပြည်သူတစ်ယောက် ဆောက်တည်ရာမရ ဖြစ်သွားပါသည်၊ တခြားလူတစ်ယောက်နဲ့ လက်ထပ်ရတော့မည်၊ ဝသုန့်ကို အပြီးတိုင်ခွဲရတော့မည်ဆိုသောအခါ ခင်ပြည်သူ့ရင်ထဲမှာ ရူးတော့မလို ခံစားလိုက်ရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၂၃)

"Wathone where r u ?"

ဝသုန်သည် သူ့ဖုန်းထဲ ဝင်လာသော မက်ဆေ့ချ်ကို စိတ်မသက်သာစွာ တစ်ချက်ဖွင့်ကြည့်လိုက်ပါသည်။

"I need u wathone"

ဝသုန် ဘယ်မှာလဲ၊ ဝသုန့်ကို လိုအပ်နေတယ် ဆိုသော မက်ဆေ့ချ်တွေ မပြတ်ပို့နေသော ခင်ပြည့်သူ့ကို ဝသုန်မဆက်သွယ်တော့တာ တစ်လပေါက်ရှိပြီ။

ခင်ပြည့်သူ လက်ထပ်ရတော့မည်ဆိုသော သတင်းကိုလည်း သူကြားပြီးနေပြီ။ သို့သော် သူသည် ဆုံးဖြတ်ချက်တစ်ခုဖြင့် ခင်ပြည့်သူ့ဆီသွားသည်းမတွေ့တော့၊ ခင်ပြည့်သူနှင့်လည်း မဆက်သွယ်တော့။ ချစ်ရသောသူကိုမတွေ့ရခြင်း၊ အဆက်အသွယ်ဖြတ်ရခြင်း၊ ချစ်ရသောသူက အခြား



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်သွားမှာကို သိခွင့်ရနေခြင်းစသော နှလုံးသားကြေကွဲစေသော ခံစားချက်တွေ ဝသုန့်ကို နှိပ်စက်နေလေပြီ။

ဒီလိုခံစားချက်မျိုး၊ ဒီလိုကြေကွဲမှုမျိုးကို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတွေက အိန္ဒိယလ်ဆိုသော ချစ်ဦးသူနဲ့ ပတ်သက်ပြီး ခံစားခဲ့ရဖူးပါသည်။ အဲဒီတုန်းကတော့ ဖခင်နှင့်အပြိုင် မာနထားပြီး ချစ်သူချိန်းဆိုသော ရန်ကုန်ကိုသွားပြီး ချစ်သူနဲ့မတွေ့ခဲ့ဘဲ စိတ်လေခဲ့မိ၍ အခုလိုပန်ပိုင်းယားဘက်ရောက်ခဲ့ရသည်။

အခုတော့ ဘယ်သူကမှ သူ့ကိုမတားဆီး မချုပ်ချယ်၊ ဘယ်သူနဲ့လည်း မာနပြိုင်စရာမလိုပါဘဲ သူ့ အသိတရားနဲ့သူ ထိန်းချုပ်ကာ ခင်ပြည်သူ့ကို အဆက်အသွယ်ဖြတ်ရခြင်းမှာ အင်မတန်မှ ခက်ခဲပင်ပန်းလှပါသည်။

"I have to marry Ko Nyi Zaw"

ခင်ပြည်သူ့ထံမှ မက်ဆေ့ချ်လေးတစ်ခု ထပ်ဝင်လာပြန်သည်။ ဖြစ်နိုင်ရင် ဝသုန် ဖုန်းကိုဖွင့်တောင်မကြည့်ချင်ပါ။ ဒါပေမယ့် ဒီမက်ဆေ့ချ်လေးတွေကို ဖတ်လည်းဖတ်ချင်နေသည်။ ခင်ပြည်သူလက်ထပ်ရမည့်သူဟာ ကိုညီဇော်ဟု သိခွင့်ရလိုက်သည်။ သို့သော် သူ ဘာမှ ရှေ့ဆက်တိုးလိုစိတ် မရှိတော့။

သူ စိတ်ဓာတ်ကျလွန်းလှသည်ဖြစ်ရာ ဘာမှလဲ မစားမသောက်၊ သူ့ကိုယ်ကို နှိပ်စက်သည့်အနေနှင့် သူ့အတွက် လိုအပ်သော လူသွေးကိုလည်း ရှာဖွေဝယ်ယူဖို့ မကြိုးစားတော့။ နေ့ဘက်လည်း အပြင်မထွက်၊ ညဘက်လည်း အပြင်မထွက်ဘဲ နေနေမိသည်။ ဘာမှ အာဟာရမဖြည့်တင်းသဖြင့် သူ့ တစ်ကိုယ်လုံးအားအင်ချည့်နဲ့နေကာ ခွန်အားမရှိတော့သလိုဖြစ်





နေသည်။ ဆာလောင်လွန်းလှပေမယ့် တိရစ္ဆာန်တစ်ကောင်ရဲ့သွေးကိုတောင်မှ သူ မသောက်သုံးမတော့ပါ။ သူ့ဘဝသူ အဆုံးသတ်လိုက်ချင်နေပြီတည်း။

တစ်နေ့ကုန်ပင် အိပ်ရာပေါ်မှာ အသေတစ်ကောင်လိုပဲ ငြိမ်သက်စွာ လဲလျောင်းအိပ်စက်နေခဲ့သော ဝသုန့်ထံ မမျှော်လင့်ထားသူတစ်ဦးရောက်ရှိလာခဲ့သည်။ ထိုနေ့ကထုံးစံအတိုင်းပင်၊ ဝသုန်အိပ်စက်နေခဲ့သည်။ ညဘက်လည်း အစာထွက်မစား၊ နေ့ဘက်လည်း အိပ်စက်လဲလျောင်းနေခဲ့သောကြောင့် ဝသုန့်အသားအရေတွေဟာ ဖြူဖျော့နေတော့သည်။ ဝသုန်အိပ်စက်နေသော အိပ်ရာခင်းအဖြူ၊ ခေါင်းအုံးအဖြူတွေနဲ့ မတိမ်းမယိမ်းအရောင်လိုဖြစ်နေသော ဝသုန့်အနီးသို့...

"ဝသုန်...ဝသုန်..."

ဟူသော ခပ်တိုးတိုးခေါ်လာသံက အိပ်စက်နေသော ဝသုန့်ကိုနိုးယူလိုက်သလိုပင်။ ချက်ချင်းပင် သူ့ စိတ်တွေရှုန်းကြွလာသည်။ ဆာလောင်မွတ်သိပ်မှုက သူ့စိတ်အစဉ်ကို စိတ်ရိုင်းဝင်သွားစေသည်။ လူသားတစ်ယောက်ရဲ့အနံ့နှင့် လတ်ဆတ်သောသွေးတွေပါသည့် လူသားခန္ဓာကိုယ်၏အပူဓာတ်က သူ့ကိုဝုန်းကနဲ နိုးကြွလာစေသည်။

"အား...အမယ်လေး...ဝသုန်...ဝသုန်"

ဝသုန်သည် "ဝုန်း" ဆို ခုန်ထလိုက်ကာ သူ့အနီးမှ သားကောင်ကိုဖျတ်ကနဲဖမ်းချုပ်လိုက်သည်။ မီးကဲ့သို့ တဟုန်းဟုန်းတောက်လောင်နေသော သူ့ရင်ထဲက ဆာလောင်မှုကို သူ မထိန်းချုပ်နိုင်။

သူ့မျက်လုံးတွေမှာ အရောင်ပြောင်းသွားသည်။ နက်မှောင်ပြောင်လက်ပြီး မျက်ဆန်မရှိတော့သော မျက်လုံးပုံစံဖြစ်သွားသည်။ သွားရှက်



www.burmeseclassic.com

www.burmeseclassic.com



သိပ်တွေမှာ သာမန်ထက် ပို၍ရည်လျားချွန်ထွက်လာနေကာ လင်းနို့တစ်ကောင်၏ နားရွက်မျိုးဖြစ်နေပါသည်။ သူ့ပါးစပ်ကို အားပါးတရဟလိုက်သောအခါ ရှည်လျားချွန်ထက်သော သွားစွယ်နှစ်ချောင်းက တစ်စုံတစ်ယောက်ရဲ့လည်မျိုကို ကိုက်ခဲပြီး သွေးစုပ်ယူဖို့ အသင့်ဖြစ်နေပြီ။

"ဝသုန်…စိတ်ထိန်းပါ…ခင်ပြည်သူပါ…ပြည်သူပါ ဝသုန်ရယ်…"

ဝသုန့်နားထဲတွင် ထိုအသံသဲ့သဲ့ကို ကြားပေမယ့် သူ့ရင်ထဲက တဟုန်းဟုန်းတောက်နေသော စိတ်အဟုန်က ရုတ်တရက် ထိန်းချုပ်မရဖြစ်နေသည်။

"ဝသုန်…သိပ်လိုအပ်နေတယ်ဆိုရင်လည်း…ပြည်သူ့…သွေးကိုပဲ သောက်လိုက်ပါ . . . ပြည်သူ ကျေနပ်ပါတယ် . . . ဝသုန် ရှင်သန်ဖို့လိုတယ်"

"ဟာ…သွား…သွား…မင်း…ဝေးဝေးသွားနေစမ်း…"

ဝသုန်သည် ခင်ပြည်သူ့အသံလေးကို ကြားလိုက်ရသလို သူ့ရဲ့ သွားစွယ်နှစ်ချောင်းဟာ ခင်ပြည်သူ့ရဲ့ လည်တိုင်မှ အသားနုနုလေးကို ထိရုံထိလိုက်သော အထိအတွေ့ကြောင့် အသိစိတ်က ရုတ်ခြည်းတွန်းလှန်လိုက်သောအခါ. . . ။ ပျော့ခွေပြီး သူ့လက်မောင်းထဲတွင် ရှိနေခဲ့သည့် ခင်ပြည်သူ့ ကိုယ်လေးကို ဝိတ်တွန်းပစ်လိုက်တော့လေသည်။ ခင်ပြည်သူ့ကို တွန်းပစ်လိုက်သလို သူ့ကိုယ်တိုင်လည်း နံရံထောင့်တစ်နေရာကို ပစ်လဲကျသွားပါသည်။

"ဝသုန်…ဝသုန်…ဘာဖြစ်သွားလဲ"

"မလာနဲ့…မလာနဲ့…မင်း…ကိုယ့်နားမလာနဲ့ဦး"

"ဝသုန့်ကို ဒီလိုတွေ့ရမယ်လို့…မထင်ခဲ့ဘူး"





ဝသုန် သူ့စိတ်သူပြန်လျှော့ပစ်လိုက်သောအခါ နဂိုမူလပုံစံပြန်ဖြစ်သွားပါသည်။ မှောင်နေသော အခန်းတွင်းမှာ ဝသုန်နဲ့ခင်ပြည်သူတို့ ထောင့်တစ်နေရာဆီမှာရှိနေရင်းတစ်ယောက်နဲ့တစ်ယောက် စူးစိုက်ကြည့်နေမိကြသည်။

"ဝသုန်…"

"မင်း…ကိုယ့်ပုံစံကိုမြင်ပြီး မကြောက်သွားဘူးလား"

"ကြောက်တာပေါ့…"

"ဒါဖြင့်…သွားတော့လေ"

"အခု . . . မကြောက်တော့ဘူး။ ဝသုန့်ဆီ အကြောင်းမကြားပဲ ရောက်လာခဲ့တယ်။ တစ်ခါမှ မရောက်ဖူးတဲ့ ဝသုန့်အိမ်ထဲမှာရှိတဲ့ ဝသုန့်အခန်းထဲကိုစွန့်စားပြီးဝင်လာခဲ့ရတယ်ဆိုကတည်းက ကိုယ့်ကိုယ်ကို ဘာပဲအဖြစ်ဆိုပြီး အရဲစွန့်ပြီး ဝင်လာခဲ့တာပါ…။ ဝသုန် လိုအပ်မယ်ဆိုရင်…..ပြည်သူ့ရဲ့သွေးကိုတောင်…"

"ဟိတ်…ဟေ့…တော်တော့ အဲဒါထပ်မပြောနဲ့တော့…ကိုယ်အခုလို သတိလက်လွတ်ဖြစ်သွားတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် လုံးဝခွင့်လွှတ်နိုင်ဘူးဖြစ်နေတယ်"

"ဝသုန့်ဆီ…အခု…လာလို့ရပြီလား ဟင်"

ဝသုန်ကပင် အရင်လျှောက်လာလိုက်သောအခါ ခင်ပြည်သူတစ်ယောက် ဝသုန့်ရင်ဘတ်ထဲ ပြေးဝင်မျက်နှာအပ်မိလေသည်။

"လွမ်းလိုက်တာ…ဝသုန်ရယ်"

"ကိုယ်လည်း…မင်းကို လွမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါနဲ့များ…”

“ကိုယ်…မင်းကို…အနှောင့်အယှက် မပေးချင်တော့လို့ပါ”

“ဘာရယ်…ဘာပြောတယ်…”

“ခင်ပြည့်သူနဲ့ ကိုယ်ဘဝက တခြားစီပါ။ ဒီတော့ ကိုယ်က…မင်းကို မဆက်သွယ်မှ ဖြစ်တော့မယ်”

“ဘာပြောတယ် ဝသုန်၊ ရှင်…အခုမှ ဘယ်လိုဖြစ်သွားရတာလဲ ရှင်…ကျုပ်ကိုဘာပြောခဲ့လဲ…စွန့်စားရဲလား…လိုက်ရဲလားလို့ ဘာကြောင့် မေးခဲ့လဲ…”

“အဲဒီတုန်းက အခြေအနေနဲ့…အခုအခြေအနေမတူတော့ဘူး”

ခင်ပြည့်သူ စိတ်ဆိုးပြီး ဝသုန့်ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်ကာ ပြတင်းပေါက်မှာ သွားရပ်နေသည်။ လိုက်ကာအနက်တွေကာထားသော ပြတင်းပေါက်မို့ အပြင်ကို ဘာမှမမြင်ရ။ အပြင်မှာတော့ နေရောင်တောက်ပပြီး နေပူနေပေမယ့် ဒီအခန်းထဲနဲ့ ဒီအိမ်ထဲမှာတော့ ညတစ်ညလို မှောင်မည်းနေခဲ့သည်။ ခင်ပြည့်သူ ရှိနေတာကြောင့် ဝသုန်က အခန်းတွင်း မီးရောင်ဖျော့ဖျော့ကို ဖွင့်ထားလိုက်ပါသည်။

“ခင်ပြည့်သူ”

ဝသုန်မှာ နာကျင်ပုံပေါ်နေသော အသံဖြင့် ခေါ်လိုက်သည်၊ ခင်ပြည့်သူကို သူ့လက်မောင်းတွေကြားမှာ နစ်နေအောင် ထွေးပွေ့ထားချင်ပေမယ့် အဲဒီစိတ်ကို ချုပ်တည်းထားလိုက်သည်။

“ကိုယ်…နှစ်ပေါင်းများစွာမိုက်မိုက်မဲမဲနဲ့ မြတ်လေးရဲ့လူပြန်ဖြစ်ပြီး ကိုယ့်ဆီပြန်လာမှာကို စောင့်နေခဲ့မိတယ်…။ မြတ်လေးရဲ့ လူ့ဘဝမှာပြန်ရှင်သန်ပြီး ကိုယ်နဲ့ပြန်တွေ့ကြရင်…လက်တွဲပြီး အတူတူနေကြမယ်လို့ စိတ်





ကူးနဲ့စောင့်နေခဲ့ဖူးတယ်…။ တကယ်တော့ ဒါတွေဟာ မဖြစ်နိုင်တာတွေပဲဆိုတာ လွန်ခဲ့တဲ့ ရက်တချို့ကမှ ကိုယ်…သိလိုက်ရတယ်”

ခင်ပြည့်သူ အသာလေး လက်ပိုက်မိရပ်ရင်း ဝသုန့်ကို နားမလည်နိုင်သလို ဖြစ်နေခဲ့သည်။ အရင်ကတော့ တက်တက်ကြွကြွနဲ့ ခင်ပြည့်သူနဲ့ တွေ့ ခွင့်ရဖို့၊ ပေါင်းရဖို့၊ ဆုံစည်းရဖို့ကို အမျိုးမျိုးရှာကြံနေတတ်တဲ့ ဝသုန်။ အခုတော့ ဘယ်အရာကများ ပြောင်းလဲလိုက်သလဲ။

“ပြည့်သူက မြတ်လေးရဲ့ ဝင်စားတာ…မဟုတ်ဘူးလို့…ဝသုန်…သံသယရှိလို့လား”

“မဟုတ်ဘူး…အဲဒါကြောင့် မဟုတ်ပါဘူး မင်း မြတ်လေးရဲ့ ဖြစ်ခဲ့ဖူးသည်ဖြစ်စေ၊ မဖြစ်ခဲ့ဖူးသည်ဖြစ်စေ…ကိုယ်က ဂရုမစိုက်ပါဘူး ကိုယ်ချစ်တာမင်းပဲ…ခင်ပြည့်သူ။ ခင်ပြည့်သူကိုပဲ…ချစ်တာပါ”

“ဒါဖြင့်…ဘာဖြစ်လို့ ရှောင်သွားရတာလဲ”

“ကိုယ်နဲ့မင်း…ဘယ်တော့မှ ပေါင်းလို့မဖြစ်နိုင်ဘူး ခင်ပြည့်သူ”

“ဟင်…ဘာဖြစ်လို့လဲ”

“ကိုယ်က ဗန်ပိုင်းယားဖြစ်နေတယ်…မင်းက လူသားစစ်စစ်ဖြစ်နေတယ်…ကိုယ်တို့ ဘယ်လိုမှ ပေါင်းဖက်လို့မရဘူး။ ဘယ်လိုမှ အတူနေလို့မရဘူးဆိုတာ…အခုမှ ကိုယ်သိတာ ကိုယ့်…ဒက်ဒီ ရှာဖွေပြုစုပြီး ရေးသားထားတဲ့ စာတမ်းတွေ၊ ဒိုင်ယာရီတွေ၊ မှတ်စုတွေထဲမှာ ပါတယ်…။ အဲဒါကို ကိုယ်သေသေချာချာ မဖတ်မိခဲ့ဘူး…။ ကိုယ်ဟာ ဘယ်နည်းနဲ့မှ မသေဆုံးနိုင်တဲ့ Immortal ပါ…။ မင်းတို့ လူသားတွေက အိုမင်းရင့်ရော်သေဆုံးခြင်းဆိုတာကို ရင်ဆိုင်ရမယ့် mortal တွေ…အဲဒါဟာ လုံးဝခြားနားတဲ့အချက်ပဲ…ကိုယ်…မင်းကို ကိုယ့်အနားမှာ အမြဲခေါ်ထားဖို့ မဖြစ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် မတရားရာ ကျတယ်။ မင်းအတွက် အန္တရာယ်လည်းရှိတယ်။ ခုနကလိုပေါ့ . . . ခုနကလို အဖြစ်မျိုး တစ်နေ့ကျ ဖြစ်လာခဲ့ရင် . . . ကိုယ် . . . ဘယ်လိုမှ ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်မှာ မဟုတ်တော့ဘူး"

ခင်ပြည်သူ ဝမ်းနည်းစွာ မျက်ရည်ကျမိသည်။

"ဒါ . . . ဒါဖြင့် . . . ပြည်သူက ဘာလုပ်ရမလဲ . . .။ ပြည်သူက . . . ကိုယ် မချစ်နိုင်တဲ့သူကို ယူလိုက်ရမှာလား . . .။ ပြည်သူ အခုရောက်လာခဲ့တာ ဝသုန့်ဆီ အပြီးထွက်လာတဲ့ သဘောပဲ။ ဘာကြောင့်လဲဆိုတော့ . . . တနင်္ဂနွေမှာ လက်ထပ်ရတော့မှာမို့ပဲ။ ဝသုန်နဲ့ ဘယ်လိုမှ ဆက်သွယ် မရလို့ လူကြီးတွေလစ်တုန်း အပြီးထွက်လာခဲ့တဲ့ သဘောပဲ . . ."

ဝသုန် သူ့နှုတ်ခမ်းတွေကို ခပ်တင်းတင်းအံကြိတ်ဖိကိုက်လို့ ရင်း "သူ့ကိုပဲ . . . လက်ထပ်လိုက်ပါ . . . သူနဲ့ပဲ မင်းဘဝကို အကောင်း ဖြစ်အောင် . . ."

"အို . . . မရဘူး . . . မရဘူး . . . ပြည်သူ . . . သူ့ကို မယူဘူး။ ဝသုန် နေမယ် . . . ဝသုန့်နားမှာပဲ နေမယ်။ ဝသုန် . . . လိုအပ်လို့ ပြည်သူ့ဆီက သွေးကိုယူမယ်ဆိုရင်တောင် . . . ပေးဖို့ အဆင်သင့်ပဲ"

ခင်ပြည်သူ ဖြတ်အော်လိုက်ကာ ဝသုန့်ကို ပြေးဖက်တော့ ပြင်လျှင် ဝသုန်လက်ကာထားကာ နောက်ကိုဆုတ်လိုက်သည်။

"ကိုယ်တို့ သံယောဇဉ်ဖြတ်ကြဖို့ . . . ခုထဲက ကြိုးစားရမယ် . . ."

"ဝသုန့်ကို . . . မခွဲနိုင်ဘူး"

"မင်း . . . သွားပါတော့"

"ပြည်သူ့ကို ဝသုန့်လိုပဲ ဗန်ပိုင်းယားဖြစ်အောင် . . . လုပ်ပေး ဘူးလား"





"အဲဒီလို ဘဝကြီးကို . . . ကိုယ်တောင်မလိုချင်တော့တာ။ မင်းကို လည်း မဖြစ်စေချင်ဘူး . . . ဒီဘဝကြီးဟာ ဘယ်တော့မှ . . . မသေဆုံးတော့ သလို . . . အမှတ်ရ လွမ်းဆွေးစရာတွေလည်း ဘယ်တော့မှ မမေ့တဲ့ . . . . မှတ်ဉာဏ်မျိုးရှိနေတာမို့ . . . အမြဲတမ်း လွမ်းဆွေးကြေကွဲနေရတယ်။ ကိုယ် ရှင်သန်နေဖို့ တခြား လူသားတစ်ယောက်ရဲ့ သွေးကိုပဲ မှီခိုနေရတယ်ဆိုတဲ့ အဖြစ်ဟာ အမြဲနောင်တရစရာဖြစ်နေတယ် . . .။ မင်းကိုလည်း . . . ဗန်ပိုင်း ယားအဖြစ် မပြောင်းလဲပေးရက်ဘူး . . ."

"ဒါ . . . ဒါဖြင့် . . . ပြည်သူကတော့ . . . တခြားလူတစ်ယောက်နဲ့ စိတ်ချမ်းသာ ပျော်ရွှင်နေချိန်မှာ ဝသုန်ကတော့ ကြေကွဲဝမ်းနည်းပြီး နေနေရမှာပေါ့ . . .။ ပြည်သူ . . . ဝသုန့်ကို အဲဒီလို မထားရက်ခဲ့နိုင်ဘူး။ ကျုပ် . . . ရှင့်ကို အဲဒီလောက်ထိ ဥပေက္ခာမပြုနိုင်ဘူး"

ခင်ပြည်သူမှာ ကြံရာမရစွာ တသိမ့်သိမ့်ငိုကြွေးနေပါသည်။ ဝသုန် ဒီအတိုင်းကြည့်မနေနိုင်တော့ ခင်ပြည်သူ့နား တိုးသွားလိုက်ကာ ထွေးပွေ့ နှစ်သိမ့်လိုက်မိတော့သည်။ သူကိုယ်တိုင်လည်း ငိုကြွေးမိသည်။

သူတို့ နှစ်ဦး အကြာကြီး တိတ်ဆိတ်စွာ မျက်ရည်ကျမိကြသည်။ ဘာစကားမှ ထပ်ပြောစရာမရှိတော့။ စက္ကန့်ပေါင်းများစွာ၊ မိနစ်ပေါင်းများစွာ၊ နာရီတချို့ကုန်ဆုံးခြင်းများနဲ့အတူ သူတို့ကြားမှာ တိတ်ဆိတ်သွားခဲ့သည်။

ချစ်သူ၏ အထိအတွေ့နဲ့ ရင်ခုန်သံတို့ကို အမှတ်တရဖြစ်စေဖို့ နောက်ဆုံး တွေ့ဆုံခြင်းလည်းဖြစ်ကြောင်း သူတို့ ရင်ထဲမှာ လက်ခံလိုက်ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

ခင်ပြည်သူ ပြန်ဖို့အချိန်သင့်သောအခါမှာ နှစ်ယောက်သား မခွဲချင်ပါဘဲ။ ခွဲရဖို့ ပြင်ဆင်ရလေသည်။ ဝသုန့် အိမ်အပေါက်ဝရောက်တော့ ခင်ပြည်သူက သဝဏ်ပေးသလို လှည့်ပြောသည်။

"ဝသုန် . . . အပြင်မှာ နေပူနေသေးတယ် . . . လိုက်မလာခဲ့နဲ့နော်"

"ဒါဖြင့် . . . မင်းဘယ်လိုပြန်မလဲ . . . ကားလည်း မပါဘူး"

"ကားသော့ကို . . . မေမေတို့က သိမ်းထားတယ်။ ပြည်သူ တက္ကစီနဲ့ ထွက်လာရတာလေ"

"ကိုယ် . . . လိုက်ပို့မယ်"

"ဟင် . . . မဖြစ်ပါဘူး . . . ဝသုန် . . . ပြည်သူ့ကို ကတိပေးထားတယ်လေ။ ဝသုန် . . . ပြည်သူ့ကို အသက်ကြီးပြီး အိုမင်းသေဆုံးသွားတဲ့အထိ





စောင့်နေပါ့မယ်။ ပြည်သူ . . . လူ့လောကထဲကနေ သေဆုံးသွားတဲ့နေ့ကျမှ ဝသုန်လည်း . . . ကိုယ့်ဘဝကိုယ် အဆုံးသတ်မယ်ဆို . . .။ ဒီတော့ . . . အဲဒီ ကတိကိုတည်ပါ"

ဟုတ်သည်။ သူတို့ သဘောတူညီမှုတစ်ခုနှင့် ဝသုန်က ခင်ပြည်သူ့ကို ကတိတစ်ခုပေးခဲ့ရပါသည်။ အဲဒါကတော့ "ခင်ပြည်သူနဲ့အတူတူ သက်တမ်းတစ်လျှောက်လုံး ဝသုန် ရှင်သန်နေရမည်ဖြစ်ပြီး ခင်ပြည်သူ တစ်ယောက်အသက်အရွယ် အိုမင်းရင့်ရော် သေဆုံးမှသာ ဝသုန်လည်းလိုက်၍ သေဆုံးပါမည်" ဟူသော "ကတိ" တစ်ခုပင်။

"ကိုယ့်ကားက နေရောင်လုံတဲ့ မှန်တွေတပ်ထားတယ် . . . မှန်အနက်တွေလေ . . . နေရောင်ထွင်းဖောက်လို့ မရဘူး။ ကားဂိုဒေါင်ထဲကနေ ကားကို တောက်လျှောက်မောင်းထွက်သွားမယ် . . . ခင်ပြည်သူ့ကို လိုက်ပို့ပေးမယ်ဆိုရင် ရပါတယ်။ ပြီးရင် . . . ကားထဲက မထွက်ဘဲ . . . အိမ်ပြန်လာရုံပဲ။ နေရောင်ထိစရာ ဘာအကြောင်းမှ မရှိဘူး။ မပူပါနဲ့ . . ."

"သေချာရဲ့လား"

"သေချာပါတယ်။ ကိုယ် . . . အရင်ကလည်း . . . တခါတလေ အဲဒီလို အပြင်ထွက်ကြည့်ဖူးပါတယ်"

"ပြည်သူ့ အိမ်ရှေ့ထိတော့ လိုက်ပို့မနေပါနဲ့ . . . အိမ်နဲ့ နီးတဲ့လမ်းမှာ ချထားခဲ့ချင်ရတယ်။ ဝသုန့်ကားပေါ်က ဆင်းလာတာ သူတို့ မတွေ့စေချင်ဘူး ပြည်သူ . . . ဘာမှ ရှင်းပြမနေချင်တော့ဘူး။ မောင်အောင်သစ်တို့နဲ့ လျှောက်သွားတယ်ပဲ ပြောလိုက်မယ်"

နှစ်ယောက်သား တစ်ယောက်လက် တစ်ယောက်မြဲမြဲဆုပ်ကိုင်ပြီး ဝသုန်ကတော့ ကားကို လက်တစ်ဖက်ဖြင့်ပင် ကျွမ်းကျင်စွာ မောင်းနှင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီလက်တွေ မြဲမြဲတွဲထားနိုင်ခြင်းဟာ နောက်ဆုံးပဲလို့ သိနေလေ လက်ဖဝါးချင်း၊ လက်ချောင်းချင်း နစ်ဝင်မတတ် ဖျစ်ညှစ်ဆုပ်ကိုင်ထား ပါသည်။

"ရပြီ...ဝသုန်...လမ်းက ဟိုဘက်ထိပ်မှာ ဖြစ်နေတော့ ဒီဘ ခြမ်းပဲ ရပ်လိုက်ပါ။ လမ်းထိပ်တည့်တည့်ဆိုရင် ဝသုန့်ကားကို တစ်ပတ်ကြ ကွေ့နေရမယ်"

"ရပါတယ်"

"ဝသုန့် ...ကြည့်ရတာ...သိပ်အားနည်းနေပြီး နေမကောင်းဖြ နေသလိုပဲ။ အိမ်ပြန်နားလိုက်ပါ...လိုအပ်ရင် ဝသုန့်အတွက် ဆေးကိုည လိုက်ရှာဝယ်လိုက်ပါနော် ...။ ပြည်သူ့ကို ချစ်ရင် ... ဝသုန် ရှင်သန် ပါနော်"

"စိတ်ချပါ...ကိုယ်...ကတိတည်ပါ့မယ်...မင်းကို ချစ်လို့ ဒီက ကို ပေးထားတာပါ"

"ဝသုန်..."

"သွားတော့လေ...ကိုယ် မင်းလမ်းထဲဝင်သွားတဲ့အထိ...စော ကြည့်နေမယ်"

"ဝသုန့်ကို အမြဲချစ်နေမယ်..."

"ကိုယ်လည်း...မင်းကို...အမြဲချစ်နေမယ်..."

ခင်ပြည်သူက ဖျတ်ကနဲ ဝသုန့် နားထင်ကို ရှိုက်နမ်းလိုက်ပါသည် ပြီးတာနဲ့ ချက်ချင်းကားတံခါးကို ဖွင့်ဆင်းလိုက်သည်။ ဝသုန်ကတော့ နားထင်မှာ စွတ်စိုကျန်ခဲ့သော ခင်ပြည်သူ့ရဲ့ မျက်ရည်စတို့ကို လက်ညှိုး တို့ထိရင်း ခင်ပြည်သူ့နောက်ကျောပြင်ကို လိုက်ကြည့်နေခဲ့ပါသည်။





ခင်ပြည်သူကတော့ ဒီဘက်ခြမ်းလမ်းမကို ကူးပြီးလျှင် အလယ် ပိုင်းမှာ ခဏရပ်နေလိုက်သည်။ လမ်းဟိုဘက်ခြမ်းကို ကူးဖို့ရပ်စောင့်နေတာ ဖြစ်သည်။

ထိုအချိန်တွင် လမ်းတစ်ဖက်ခြမ်းမှာ မောင်းနှင်လာသော ကုန် တင်ကားအကြီးကြီးတစ်စီး အရှိန်မလျှော့ဘဲ တစ်ဟုန်ထိုးမောင်းနှင်လာ သောကြောင့် လူတွေ ဝရုန်းသုန်းကား ထွက်ပြေးသူပြေး၊ သတိပေးပြီး အော်သူအော်ဖြစ်လျှက် ပတ်ဝန်းကျင်မှာ ပွက်လောရိုက်ဆူညံသွားပါသည်။

"ကုန်တင်ကားကြီးတစ်စီး ... ဘရိတ်ပေါက်လာတယ်ထင်တယ် ဟိုထိုး ဒီထိုးနဲ့ မောင်းနေတယ်..."

"ဟိုနားမှာ...ကားတစ်စီးကိုဖြတ်တိုက်ခဲ့သေးတယ်...ဒါတောင် အရှိန်လျှော့မသွားဘူး"

"ပြေးကြ...ပြေးကြ...ဒီမှာ ထိုင်မနေနဲ့တော့"

လမ်းဘေးမုန့်ဆိုင်မှာ ထိုင်စားနေသူတွေပင် ကြောက်ကြောက် လန့်လန့် ထပြေးကုန်ကြသလို လမ်းပေါ်မှာလည်း ဟိုဘက်ပြေး၊ ဒီဘက်ပြေး ရှောင်သူတွေကြားတွင် ခင်ပြည်သူတစ်ယောက် ကြောင်တက်ငေးမော လျက် ဘယ်ဘက်ပြေးရမှန်းမသိဖြစ်သွားပါသည်။ လူကရုတ်တရက် သတိ လစ်မှင်တက်နေသလိုဖြစ်နေသည်။

မနီးမဝေးမှာ လာနေသော ကားကြီးက ဘယ်လမ်းကိုဦးတည်နေ မှန်းမသိ၊ ဒရိုင်ဘာခမျာ စတီယာရင်ကို ရအောင်ထိန်းလျက် ဟိုဘက်ယိမ်း ထိုးသွားလိုက်၊ ဒီဘက်ယိမ်းထိုးသွားလိုက်ဖြစ်ကာ မောင်းနေရသည်။ သို့ သော် ကားကတော့ အရှိန်မလျှော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ပြည်သူ...ခင်ပြည်သူ...ဟော့...ဟိုဘက်ကို ပြေး၊ ဟိုဘက်ကိုပြေးလေ။ ဒီဘက်ကို မလာနဲ့...ဟော့...ဟော့..."

ခင်ပြည်သူမှာ ခွတ်ချွတ်ပြီး ဝသုန့်ကားရှိရာ လမ်းဘက်ဆီသာ အားကိုးတကြီး ပြန်လှည့်ပြေးလာပါသည်။ ဖြစ်ချင်တော့ ကားကြီးရဲ့ဦးတည်ရာကလည်း ဒီဘက်လမ်းကြောင်းပင် ဖြစ်သွားသောအခါ ဝသုန် ထိတ်လန့်တကြားသတိပေးအော်ဟစ်မိသည်။ သို့သော်ကားမှန်တွေအပြည့်တင်ထားသောကြောင့် ခင်ပြည်သူမှာ ဝသုန့်အသံကို မကြားရ။ ဝသုန် ဘာတွေပြောနေသလဲမသိ။ အထဲကိုလည်း ထွင်းဖောက်မြင်ရဖို့ ခက်လေရာ . . . ဝသုန့်ဆီကိုသာ ဦးတည်လျှင်..။

"ဟာ...ဟာ...သွားပြီ...ဟိုကောင်မလေးတော့...သွားပြီ...ကားက အဲဒီကို တစ်ဟုန်ထိုးပဲ...ဦးတည်နေပြီ"

ဝသုန်သည် ခင်ပြည်သူနှင့် လုံးဝကို နီးကပ်နေပြီဖြစ်သော ကုန်တင်ကားအကြီးကြီးကြောင့် စိုးရိမ်တကြီးဖြစ်သွားသည့်စိတ်၊ ချစ်သူကိုဘေးလွတ်ရာ ကယ်တင်ချင်သောစိတ်တွေနှင့်။ သူဘာသာပင် ဘာလုပ်ရမှန်း မသိတော့။

"ခင်ပြည်သူ"

ဝသုန် မေ့လျော့ပြီး ကားတံခါးကို ဖွင့်ချလိုက်ပါသည်။

ပြင်းပြသော နေရောင်က သူ့ကို စတင်လောင်ကျွမ်းသွားပါသည်။

"ဝသုန်...ဝသုန်...အမယ်လေး...ဝသုန် အပြင်မထွက်နဲ့လေ"

"ခင်ပြည်သူ...မင်း...ဘာမှ မဖြစ်စေရဘူး"

ဝသုန်သည် ခွန်အားအကုန်သုံးကာ ခင်ပြည်သူထံသို့ လေကဲ့သို့လျင်မြန်သော အဟုန်ဖြင့် ပြေးသွားလိုက်သည်။ ပူလောင်မှု၊ နာကျင်မှုတွေ





ကိုဝကောင်ခံစားရသည်။ ခင်ပြည်သူကလည်း ဝသုန့်ကို မီးစတင်လောင်ကျွမ်းနေသောအခါ ဘာကိုမှ မမှုနိုင်တော့ဘဲ ဝသုန့်ကို စိုးရိမ်တကြီးပင် ပြေး၍ဖက်နိုင်ဖို့ ကားထဲပြန်ဝင်နိုင်းဖို့ကိုသာ ခေါင်းထဲမှာ ရှိနေတော့လေသည်။

"ဝသုန်ရယ်..."

"ခင်...ပြည်...သူ"

"ဝုန်း"ကနဲ ထလောင်သွားသော မီးတောက်ကြီးတစ်ခုက သူတို့နှစ်ဦးကို ဝါးမျိုသွားပါသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဘာမှန်းမသိသောအဖြစ်အပျက်ကို အံ့သြတကြီး မှင်တက်ငေးမောသွားပါသည်။

ဘရိတ်ပေါက်လာသော ကားကြီးမှာလည်း ထိုမီးတောက်ကြီးနားအရောက်တွင် တုန့်ကနဲ အလိုလိုရပ်တန့်သွားခဲ့ပါသည်၊

ဒရိုင်ဘာမှာ ဒရောသောပါး ပြေးဆင်းလာကာ မီးတောက်ကြီးကိုကြည့်ရင်း...

"ကျွန်တော့် ကားနဲ့တိုက်မိတာ မဟုတ်ဘူး . . . ကျွန်တော့်ကားနဲ့တိုက်မိတာမဟုတ်ပါဘူး"

ဟူ၍ သွေးရူးသွေးတန်းအော်ဟစ်ဖြေရှင်းနေလေသည်။

သို့သော် ဘယ်သူကမှ ဘရိတ်ပေါက်သွားသော ကားကြီးကို သတိမရတော့ပဲ လတ်တလောဖြစ်ခဲ့သည့် အဖြစ်အပျက်ကိုသာ မှင်တက်ငေးမောနေကြဆဲဖြစ်ပါသည်။

မီးတောက်ကြီး လောင်ကျွမ်းမှုမှာ သူ့အလိုလို ငြိမ်းသွားသောအခါပြာမှုန့်တွေထဲမှာတော့ အကြွင်းအကျန် အရိုးတချို့ကိုသာ ရှာဖွေ တွေ့ရှိရကြောင်း သတင်းထွက်လေသည်။

www.burmeseclassic.com



"အံ့သြစရာပဲ...ကောင်လေးနဲ့ကောင်မလေးနှစ်ယောက်တွဲရက် မီးလောင်သွားပေမယ့် . . . အရိုးအစအနတွေကို စစ်ကြည့်တဲ့အခါကျတော့ ကောင်မလေးရဲ့အရိုးတွေပဲဖြစ်နေတယ် . . . ကောင်လေးရဲ့အရိုးကို မတွေ့ဘူး..."

မှုခင်းသတင်းဌာနမှ အရာရှိတချို့မှာ ထိုကိစ္စကိုဖြေရှင်းမရသော ပုစ္ဆာတစ်ပုဒ်ပမာ ဖြစ်နေတော့သည်။

"ပတ်ဝန်းကျင်က . . . မျက်မြင်သက်သေ အကုန်လုံးပြောတာက တော့ ကောင်လေးက သူ့ရည်းစားကောင်မလေးကို ကားတိုက်တော့မှာ စိုးလို့ ပြေးသွားပြီး ကယ်တာတဲ့ . . . ဒါပေမယ့် . . . ဘယ်လိုက ဘယ်လို မီးထလောင်သွားသလဲဆိုတာ...ဘယ်သူမှ သေသေချာချာ မသိကြဘူး"

"နှစ်ယောက်စလုံး မီးလောင်သေဆုံးသွားပြီး ဘာကြောင့်...တစ် ယောက်တည်းရဲ့ DNA (ဒီအင်န်အေ)ကိုပဲ...စစ်လို့ရသလဲ၊ တစ်ယောက် တည်းရဲ့အရိုးကိုပဲ...ဘာကြောင့် ရှာတွေ့သလဲ..."

ထိုကဲ့သို့သော ဖြေရှင်းမရသော အမှုတွဲကြီးတစ်တွဲအဖြစ်နဲ့ မှုခင်း ဌာနတွင် နှစ်လကြာရှည်စွာပင် စစ်ဆေးနေရဆဲဖြစ်သွားပါသည်။

* * *

# (၂၃)

BURMESE CLASSIC .com

ထိုကဲ့သို့ ခက်ခဲရှုပ်ထွေးပြီး ဖြေရှင်းမရဖြစ်ခဲ့သော အဖြစ်အပျက်ကို သေသေချာချာ ဖြေရှင်းနိုင်သူ သုံးဦးတော့ရှိကြောင်း မည်သူမှ မသိခဲ့ကြ။

ထိုသူသုံးဦးကတော့ အောင်သစ်၊ သီရိခင်နှင့် ရှုဘီဟူသော ခင် ပြည်သူ၏သူငယ်ချင်း သုံးဦးသာဖြစ်လေသည်။

"ဝသုန်ဟာ . . . နေရောင်ကို ရှောင်ရှားနေရတဲ့ ဗန်ပိုင်းယားပါ။ သူ ခင်ပြည်သူကို . . . ကားတိုက်တော့မှာ စိုးရိမ်ပြီး . . . နေရောင်ထဲထွက်ပြီး ယ်ပို့ကြိုးစားလိုက်တော့...သူ့ကို မီးလောင်သွားတာပေါ့...။ ခင်ပြည်သူ ည်း...ဝသုန့်ကို နေရောင်ထိပြီး မီးလောင်ပျောက်ကွယ်သွားမှာစိုးလို့ မိပြီး ပြေးဖက်လိုက်မိတော့တာပေါ့...အဲဒီမှာ သူတို့နှစ်ယောက်လုံး... လာင်ပြီး သေရတာပဲ။ ဝသုန်ကတော့ . . . သေပြီးတာကြာပြီဖြစ်တဲ့ ဗန် သားမို့လို့ . . . ပြာဖြစ်ပြီး ပျောက်ကွယ်သွားတယ်၊ ခင်ပြည်သူကတော့ စ် . . . မီးလောင်ပြီးသေခဲ့ရတဲ့အတွက် အရိုးအပိုင်းအစတွေ ကျန် ယ်၊ ဒါဟာ အဖြေပါပဲ...။ ဒါပေမယ့်...ဒီအကြောင်းကို ငါတို့ ဘယ်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မှလဲ..ရှင်းပြမနေတော့ဘူး။ ဘယ်သူမှ ယုံအောင်လဲ မပြောပြတော့ပါဘူး... ဒီအတိုင်းပဲ ထားလိုက်ကြရအောင်"

သူတို့သုံးဦး သဘောတူညီစွာပင် အဖြေရှိနေပေမယ့်လည်း ဒီ အကြောင်းကို ထုတ်ဖော်ရှင်းလင်းကြခြင်း မပြုလုပ်ခဲ့တော့ချေ။

ဂျာနယ်တွေနဲ့ facebook (ဖေ့(စ်)ဘုတ်(ခ်))စာမျက်နှာတွေပေါ် မှာတော့ ထူးဆန်းစွာသေဆုံးကြရသော ချစ်သူနှစ်ဦးအကြောင်းဟာ ကာလ အတန်ကြာ နေရာယူသွားနိုင်ခဲ့လေသည်။

* * *

BURMESE CLASSIC .com

# (၂၀၁၂အချစ်ပုံပြင်)

(၂၀၁၂) ခုနှစ်၏ ရေပန်းအစားဆုံးသော အချစ်ပုံပြင်တစ်ပုဒ်ကို ပြောပြပါဆိုလျှင်...ဝသုန်ဆိုတဲ့ကောင်လေးတစ်ယောက်နဲ့...ခင်ပြည့်ဆု ဆိုတဲ့ ကောင်မလေးတစ်ယောက်တို့ရဲ့ဇာတ်လမ်းလေးကိုသာ...လူတော် တော်များများ ပြောနေကြတော့မှာပါ။

ရှင်မိုး(ဆေးတက္ကသိုလ်)

5th September

Wednesday

2012

* * *

www.burmeseclassic.com